
ခမ်ကိုင်းမြို့ ၊ ခမ်ကိုင်းတောင်ရိုး

မြို့ချောင် ပေါ်လမြိုင်သီလရှင်စာသင်တိုက်


# နှစ်တစ်ရာပြည့်ဂုဏ်ပြုစာစောင်



ခမ်ကိုင်းမြို့ ၊ ခမ်ကိုင်းတောင်ရိုး

မြို့ချောင် ပေါ်လမြိုင်သီလရှင်စာသင်တိုက်

# နှစ်တစ်ရာပြည့် ဂုဏ်ပြုစာစောင်



သာသနာနှစ်-၂၅၅၁ ကောဇာသက္ကရာဇ်-၁၃၇၀ ခရစ်နှစ်-၂၀၀၈

စမြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်

# နှစ်တစ်ရာပြည့်ဂုဏ်ပြုစာစောင်


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ဦးထွန်းမြအောင်<br>ဒုတိယ ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန<br>မှတ်ပုံတင်အမှတ်-၀၃၈၄၅ |
| စီစဉ်သူ | ကိုနေလင်းမောင်မောင်(သမ္မာမိကတ္တားဆိုင်) |
| စာအုပ်အပြင်အဆင်နှင့်<br>ကွန်ပျူတာစာစီ | အရှင်ဒေဝိန္ဒ(လ/ထ မော်ကွန်းထိန်း၊ နပသ၊ မန်း)<br>DVD Computer Graphic Design |
| ပုံနှိပ် | မိုးဟိန်းအော့ဖ်ဆက်<br>ဘုရားကြီးစာတိုက်ကွေ့<br>၄၅-လမ်း၊ ၈၄-လမ်းထောင့်၊ မန္တလေး<br>ဖုန်း-၆၃၄၁၁ လိုင်းခွဲ ၁၈၇ |
| မျက်နှာဖုံးနှင့်<br>အတွင်းဒီဇိုင်းဖန်တီးရှင် | အရှင်ဒေဝိန္ဒ(လ/ထ မော်ကွန်းထိန်း၊ နပသ၊ မန်း)<br>DVD Computer Graphic Design |
| အဖုံးဖလင် | Star Colour saparation |
| အတွင်းဖလင် | အောင်တံခွန် ဖလင်ကာလာခွဲ<br>၇၈-လမ်း၊ ၄၁×၄၂-လမ်းကြား၊ မန္တလေး |
| စာအုပ်ချုပ် | Eagle စာအုပ်ချုပ်လုပ်ငန်း<br>ရွှေလောင်းညွှန့်ရပ်၊ မန္တလေး |
| တန်ဖိုး | (မရောင်းရ) |
| ထုတ်ဝေသည့်ကာလ | ၂၀၀၈-ခုနှစ်၊ ဖေဖော်ဝါရီလ |

# မြို့ နှစ်တစ်ရာပြည့်ဂုဏ်ပြုစာစောင်

## မာတိကာ




၁။ ရာပြည့်စာစောင်နှုတ်ခွန်းဆက်စကား ၁
၂။ ကန်တော့ပန်း ၇
၃။ သာသနာ့နွယ်ဝင် သီလရှင်တို့၏နှစ်တစ်ရာ ၁၁
၄။ ဝေဠုဝန်ဆရာတော်၏ ဩဝါဒ ၁၆
၅။ ဖဝါးခြေထပ် ထပ်ချပ်မကွာ လိုက်နိုင်ကြပါစေ ၁၇
၆။ သီလပညာ နှစ်တစ်ရာ ၂၀
၇။ ဘဒ္ဒန္တဇနိန္ဒ၏ ဩဝါဒကထာ ၂၄
၈။ ဒေါ်ဒေါ့ဩဝါဒ မှာတမ်း ၂၈
၉။ ဆရာကြီးဒေါ်ကုမ္မာရီ၏အတ္ထုပ္ပတ္တိအကျဉ်း ၃၉
၁၀။ ဆရာကြီး ဒေါ်ကဥ္စနဝတီ၏အတ္ထုပ္ပတ္တိအကျဉ်း ၄၃
၁၁။ ဒေါ်ဣန္ဒသီဂီ၏အတ္ထုပ္ပတ္တိအကျဉ်း ၄၇
၁၂။ ရာပြည့်ပွဲ ဆင်နွှဲ မြတ်ကုသိုလ် ၅၂
၁၃။ ဗုဒ္ဓဘာသာဝင်တို့၏လူနေမှုနေ့စဉ်ဘဝ ၅၈
၁၄။ သီလရှင် (သို့မဟုတ်) ခေတ်သစ်ဘိက္ခုနီ ၇၉
၁၅။ အေးငြိမ်းလိုသူတို့၏နားခိုရာ (သို့မဟုတ်)မြို့ ၉၂
၁၆။ မြို့ရွှေ ဘော့ရာ ၁၀၀
၁၇။ မြို့ သီလရှင်စာသင်တိုက်ကြီး၏
ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေ ၁၁၁
၁၈။ ကျမ်းပြုဆရာကြီးဒေါ်ကုမ္မာရီနှင့် မြို့ချောင် ၁၂၁
၁၉။ မြို့သာသနာ နှစ်တစ်ရာ ၁၂၄
၂၀။ ဆရာ့ကျေးဇူး မြင်းမိုရ်ဦး ၁၄၁
၂၁။ ကြည်ညို၍ မှီခိုပါသည်၊ ၁၄၅
၂၂။ ဂုဏ်ပေါင်းစုံလင် ရာပြည့်ဥယျာဉ် ၁၄၉

# မြို့ နှစ်တစ်ရာပြည့်ဂုဏ်ပြုစာစောင်

## မာတိကာ


၂၃။ မြို့၏နှစ်တစ်ရာ ၁၅၄

၂၄။ မြို့သာသနာ ၁၅၉

၂၅။ တပည့်တို့၏ မြတ်ဆရာ ၁၆၃

၂၆။ သူငယ်ချင်းသို့ ပေးစာ ၁၆၇

၂၇။ မြို့သာသနာ မြို့ဆရာ ၁၇၅

၂၈။ ဆရာကြီးများ၏ ဩဝါဒ အနုသာသနီ ၁၇၈

၂၉။ သူတော်ကောင်းပုံရိပ် ၁၈၂

၃၀။ နောင်တကင်းဖို့ အလုပ်ကြိုးစားစို့ ၁၈၈

၃၁။ အပူကင်းလို အရိပ်ခို ၁၉၅

၃၂။ အာစရိယပူဇာ ပဋ္ဌာနာဂါထာ ၁၉၈

၃၃။ မြို့ဂုဏ်ရည်တေးထပ် ၂၀၀

၃၄။ မြို့ချောင် အဋ္ဌာပုဂ္ဂိုလ်မြန်မာကမ္ဘာများ ၂၀၁

၃၅။ ခင့်အမိဌာန် ၂၀၆

၃၆။ အောင်ပွဲဆောင်သည့် ချောင်မြို့ ၂၀၇

၃၇။ မြို့ငွေလ သာပါစေ ၂၀၈

၃၈။ ဆရာ့ရိပ်မှာ ခိုဆဲပါ ၂၀၉

၃၉။ ဘေးတို့အောင်ရာမြေ မြို့ချောင်ဌာနေ ၂၁၁

၄၀။ မြတ်ဆရာသို့ ကန်တော့ပန်း ၂၁၃

၄၁။ ဘေးမဆိုတဲ့ မြို့ ၂၁၄

၄၂။ ရာပြည့်ပူဇာ ၂၁၅

၄၃။ မေတ္တာပြည့်လျှမ်း ဧရိပ်စခန်း ၂၁၆

၄၄။ ဒေါက်ကုမ္မာရီ မူလပထမဆရာကြီး
ကိုယ်တိုင်ရေး အဋ္ဌုပ္ပတ္တိအကျဉ်း ၂၁၇

၄၅။ မယ်တော်ကြီးထံသို့ အိတ်ဖွင့်ပေးစာ ၂၃၀

၄၆။ မြို့ချောင် ကျောင်းခွဲသီလရှင်စာသင်တိုက်များ ၂၄၂

၄၇။ မြို့ နှစ်တစ်ရာပြည့်ကုသိုလ်ရှင်များ ၂၄၃







မူလမြို့ချောင်ဆရာကြီး

ဒေါ်ကုမ္မာရီ



မြို့ချောင် ဒုတိယဆရာကြီး
ဒေါ်စန္ဒေရီ



မြို့မော်လမြိုင်သီလရှင်စာသင်တိုက်
လက်ရှိပဓာနနာယက ချောင်ဆရာကြီး ဒေါ်ကဉ္စနဝတီ
သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တိုင်းသီလရှင်အကျိုးတော်ဆောင်အဖွဲ့ အကျိုးတော်ဆောင်



တွဲဖက်ချောင်ဆရာကြီး ဒေါ်ကုန္ဒသိင်္ဂီ
(ပထမကျော်၊ သာ,သီ,ဓ၊ ဝိနယပါဠိပါရဂူ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ



သမ္မာဓိကတ္တားဆိုင် ဦးခင်မောင်လေး + ဒေါ်ကြင်ကြင်မြ



သား ဦးကိုကိုနိုင် + ဒေါ်သင်းသင်းစိုး



သား ဦးနေလင်းမောင်မောင် + ဒေါ်စိုးသီတာလွင်



မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက် စာချဆရာများ



ဒေါ်ကဉ္စနဝတီနှင့်ဒေါ်ကုန္ဒသိင်္ဂီတို့၏ ရုပ်တုကုသိုလ်ရှင်
အောင် အထူးကုဆေးခန်း ပါမောက္ခ ဒေါ်ခင်မိမိလွင်နှင့်ဒေါ်ညိုညို



၁၃၆၉-ခု၊ ပြာသိုလဆုတ်(၁၀)ရက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ဓမြို့ချောင် ရာပြည့်အထိမ်းအမှတ်
သင်းနှံ့အဌှကျောင်းအလှူရှင်များဖြစ်ကြသော မန္တလေးမြို့၊ ၂၉လမ်း၊ ၈၄၊၈၅လမ်းကြား၊ ဝါးတန်းရပ် အမှတ်(၃၀၈)နေ သင်းနှံ့လွှက်ပွဲရုံမှ
(ရှေ့တန်း) ဦးကာ၊ ဒေါ်အုန်းခင်၊ ညီမ ဒေါ်ညိမ်းရင်၊ ဒေါ်ညိမ်းတင် (နောက်တန်း) သား ဦးဘအေး၊ ဦးဘဌေး၊
သမီး ဒေါ်သန်းညွန့်၊ သား- ဦးဘကျင်၊ ဦးချစ်ရီ၊ သမီး ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်ခင်အေး၊ မြစ်-မလမင်းချစ်





စစ်ကိုင်းတောင်ရိုး၊ ဇမြို့ချောင်

# ရာဇဝင်ညီးစာစောင် နှုတ်ခွန်းဆက်စကား

စစ်ကိုင်းတောင်သည် မြတ်စွာဘုရား၏သာသနာတော်၏စည်ပင်ထွန်းလင်းရာ မြေမြတ်မဟာ နေရာဒေသဖြစ်သည်။ "စစ်ကိုင်းတောင် ဖျိုင်းတောင်ပုံအသွင်"ဟု ဆိုရလောက်အောင် စစ်ကိုင်းတောင်သည် စေတီပုထိုးဂူကျောင်းဇရပ်အမျိုးမျိုး၏အရောင်ရောင်ဖြင့် ဖွေးဖွေးလှုပ်၍ သဘာဝအတိုင်းရိုးရိုးယည်ယည် တင့်တယ်လှပနေပါတော့သည်။ အေးချမ်းတိတ်ဆိတ်သည့် စစ်ကိုင်းတောင်ရိပ်ကိုမှီ၍ ခုရနှစ်ပါး ဖြည့်ကျင့်ကြကုန်သော ဘုရားရှင်၏ သားတော် သမီးတော် ရဟန်းသာမဏေ သူတော်သီလရှင်တို့ကြောင့် စစ်ကိုင်းတောင်၏ ဂုဏ်သတင်းသည် လေဆန်လေညာသို့ ကူးလူးယှက်သန်းပျံ့နှံ့လှိုင်ကျူနေပါတော့သည်။

မြတ်စွာဘုရားရှင်သည် ဝါတော်(၂၀)အရတွင် နောက်ပါညီတော် အရှင်အာနန္ဒာနှင့်အတူ မဇ္ဈိမဒေသမှ စစ်ကိုင်းတောင်သို့ ဒေသစာခရီး ကြွချီတော်မူခဲ့ဘူးပါ

သည်။ ထိုအချိန်မှစ၍ စစ်ကိုင်းတောင်သို့ မြတ်စွာဘုရားရှင်၏ သာသနာတော်စတင်ရောက်ရှိခဲ့သည်ဟုဆိုနိုင်ပါသည်။ မြတ်စွာဘုရား အလောင်းတော်ယုန်မင်း၏မျက်ကွင်းတော်ခာတ်ကို ဌာပနာသော ဆွမ်းဦးပုညရှင်စေတီ၊ မြတ်စွာဘုရား၏ရေသနုပ်တော်ကို ဌာပနာသော ဇေတဝန်စေတီတော်များသည် ထင်ရှားသောအမှတ် အသားများဖြစ်ပါသည်။

ပုဂံခေတ်တွင် အနော်ရထာမင်းနှင့်အရှင်အရဟံတို့သည် စစ်ကိုင်းသာသနာကို စောင့်ရှောက်တော်မူခဲ့ကြပါသည်။ ဇေတဝန်စေတီ တော်အနီး အရှင်အရဟံသိမ်တော်နှင့်အနုရုဒ္ဓါရုံချောင်တို့သည် ထင်ရှားသော သာဓကများဖြစ်ကြပါသည်။ ပင်းယခေတ်တွင် ပရက္ကမရဟန်း ညီနောင်တို့သည် ပင်းယမှ စစ်ကိုင်းတောင်သို့ ကြွရောက်၍ တောရ ဆောက်တည်တော်မူခဲ့ကြပါသည်။ ပင်းယစကားခုနစ်ပင်ကျောင်းမှ စာတတ်အကျော် အရှင်အရိယဝံသသည်လည်း စစ်ကိုင်းချောင်သို့ ကြွရောက်၍ ရေငုံဆရာတော်အထံ ပညာဆည်းပူးတော်မူခဲ့ပါသည်။ ပရက္ကမချောင်၊ ရေငုံချောင်နှင့်အရိယဝံသချောင်တို့သည် ယနေ့တိုင် အထင်အရှားတည်ရှိပါသည်။

စစ်ကိုင်းခေတ်တွင် စစ်ကိုင်းမင်း(၇)ဆက်တို့သည် စစ်ကိုင်း သာသနာကို အစွမ်းကုန် ချီးမြှောက်တော်မူခဲ့ကြပြီး အင်းဝနှင့်ညောင်ရမ်း ခေတ်တို့တွင်လည်း စစ်ကိုင်းဒေသသည် မင်းနှင့်ပြည်သူတို့ ကြည်ဖြူစွာ ကောင်းမှုမှတ်တိုင်များ စိုက်ထူရာ နေရာဒေသမွန်ဖြစ်ခဲ့ပြန်သည်။ ကောင်းမှုတော်၊ ငါးထပ်ကြီး၊ ဆင်များရှင်၊ တောင်ဖီလာ၊ ထူပါရုံစေတီ ပုထိုးများသည် ထိုခေတ်က မင်းနှင့်ပြည်သူတို့၏သာသနာ့မော်ကွန်း မှတ်တိုင်များပင်ဖြစ်သည်။

အင်းဝခေတ်စာဆိုကျော် အရှင်မဟာရဋ္ဌသာရသည် ငယ်စဉ် ကာလက စစ်ကိုင်းတောင်၌ နေထိုင်ခဲ့ပြီး သီဟိုဠ်ရောက်ဘုန်းတော်ကြီး

ထံ၌ စာပေပညာများ သင်ယူခဲ့သည်။ စစ်ကိုင်းတောင် ဝတ်ရုံတော်ကျောင်း၌ သီတင်းသုံးတော်မူ၍ ဝတ်ရုံတော်ဘွဲ့မော်ကွန်းစာကိုလည်း ရေးသားတော်မူခဲ့သည်။ စာဆိုကျော်အရှင်မဟာသီလဝံသသည်လည်း စစ်ကိုင်း ထူပါရုံဘုရားအနီး ရတနာ့ဗိမာန်ကျောင်းတိုက်၌ အသက်ထက်ဆုံး သီတင်းသုံးနေထိုင်၍သာသနာပြုတော်မူခဲ့သည်။ အင်းဝခေတ်စာဆိုကျော် အရှင်မဟာသီလဝံသ၏အုတ်ဂူသင်္ချိုင်းကို ဆင်များရှင်စေတီတော်၏အရှေ့တောင်ယွန်းယွန်း၌ ယနေ့တိုင် မြင်တွေ့နိုင်သေးသည်။

အင်းဝခေတ်လယ်ပိုင်းတွင် အားနည်းသွားသော သာသနာတော်ကို စစ်ကိုင်းအရပ်မှ အရှင်တိသာသနစသော ရဟန်းတော်များသည် ပြန်လည်ဦးမော့ကောင်းမွန်လာအောင် ပြုစုပျိုးထောင်ပေးတော်မူခဲ့ကြသည်။ ဝိနယာလင်္ကာရကျမ်းပြု တောင်ဖီလာဆရာတော်၊ ပရိတ်ကြီးဋီကာကျမ်းပြု တိလောကဂုရုဆရာတော်တို့သည် အရှင်တိသာသနဓဇ၏ ဓမ္မတပည့်ရင်းများ ဖြစ်ကြသည်။ လောကမှန်ကင်းချောင်၊ တောင်ဖီလာတောရချောင်၊ တိလောကဂုရုချောင်တို့သည် ထင်ရှားသောသမိုင်းမှတ်တိုင်များဖြစ်ကြသည်။

အမရပူရနှင့်ကုန်းဘောင်ခေတ်တို့တွင်လည်း စစ်ကိုင်းသာသနာသည် မှေးမှိန်ကျဆင်းသွားခြင်းမရှိဘဲ တရှိန်ထိုးတိုးတက်၍စည်ပင်ထွန်းကားခဲ့ပြီး အမျိုးသမီးတို့၏ ထွက်ရပ်လမ်းဖြစ်သော သာသနာ့နွယ်ဝင်သီလရှင်သာသနာတော်ကို စစ်ကိုင်းအရပ်တွင် စတင်ထူထောင်နိုင်ခဲ့ကြသည်။ သီလရှင်သာသနာသည် မင်းတုန်းမင်းတရားကြီးနှင့်သားတော်သီပေါမင်းသားတို့၏မြှောက်စားချီးပင့်ခဲ့မှုကြောင့် မန္တလေးရတနာပုံခေတ်တွင် တရှိန်ထိုးတိုးတက်လာခဲ့ပြီးယနေ့ထက်တိုင် အရှိန်အဟုန်မပျက်ဆက်လက်၍ ချီတက်နိုင်ခဲ့ကြခြင်းဖြစ်သည်။

"သီလရှင်အစ မယ်ကင်းက"ဆိုသည့်အတိုင်း သီလရှင်သာသနာကို အစအဦးစတင်ပြုစုပျိုးထောင်ခဲ့သောသီလရှင်ဆရာကြီး မယ်ကင်းခေါ်

ဒေါ်ခေမာသည် စစ်ကိုင်းတောင်ရိုး ဝါးချက်ရွာအနီးဂူတစ်လုံးချောင်၌ အသက်ထက်ဆုံးနေထိုင်၍ သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူခဲ့သည်။ သီလရှင်ဆရာကြီးဒေါ်ခေမာနှင့်တပည့်ကြီးများ သည် ထိုခေတ်က နန်းတွင်းအပျိုတော်များနှင့်မိဖုရား မောင်းမမိဿံ များကို ဗုဒ္ဓစာပေများကို သင်ကြားပေးရသော မင်းကိုးကွယ်ခံသာသနာ့ အာဇာနည်အမျိုးသမီးကြီးများဖြစ်ခဲ့ကြသည်။ သီလရှင်ဆရာကြီး မယ်ကင်းခေါ် ဒေါ်ခေမာ၏အုတ်ဂူတော်ကို ဝါးချက်ဆေးရုံအနီး ဂူတစ်လုံးချောင်တောင်အတွင်း၌ ယနေ့တိုင် မြင်တွေ့နိုင်ပါသေးသည်။

ရှေးယခင်က ချောင်ကြီးကိုးချောင်ဖြင့် စတင်ခဲ့သောစစ်ကိုင်း တောင်သည် ယခုအခါ ချောင်ပေါင်းကိုးရာကျော်ရှိ၍ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့်သူတော်သီလရှင်များ ပျော်မွေ့ရာ အဝါရောင်လွှမ်း သော သာသနာ့စံပြမြို့တော်အဖြစ် မြန်မာသာမက ကမ္ဘာသို့တိုင် ထင်ပေါ်ကျော်ကြားလျက်ရှိသည်။ စစ်ကိုင်းတောင်၌ ရိုးရာစာသင်တိုက် ကြီးများ၊ ကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်များအပြင် ခေတ်နှင့်လျော်ညီ စွာ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးတစ်ခုလည်း ငွားငွားစွင့်စွင့်ပေါ်ထွက် ခဲ့ပါသည်။ ရေအလှူတော် ၂-ခု၊ ဆေးရုံတော် ၂-ခု၊ ဆန်အလှူတော် ၁-ခု၊ ဆီအလှူတော် ၁-ခုစသည်ဖြင့် အလှူဝတ်များကလည်း တောင်ရိုး ပျော်များအတွက် ပစ္စည်းလေးပါး မနွမ်းပါးရအောင် အားပေးထောက်ပံ့ ပေးလျက်ရှိပါသည်။

စစ်ကိုင်းတောင် မြို့ချောင်သည် မြန်မာနိုင်ငံ၌ ထင်ရှား သော သီလရှင်ကျောင်းတိုက်တို့တွင် တစ်တိုက်အပါအဝင်ဖြစ်သည်။

၁၂၇၀-ခုနှစ်မှစတင်တည်ထောင်ခဲ့သော မြို့ချောင်သည် ယခုအခါ နှစ်တစ်ရာပြည့်၍ ရာပြည့်ပွဲသဘင် ဆင်ယင်ကျင်းပရန် အချိန်အခါကျရောက်လာခဲ့ပြီဖြစ်ပါသည်။ ယခုအခါသမယသည် နှစ်တစ်ရာကာလအတွင်း မြို့ချောင်ဆရာတပည့်အဆက်ဆက်တို့၏

သာသနာတော်နှင့်တိုင်းပြည်နှင့်လူမျိုး အတွက် စွမ်းနိုင်သည့်ဘက်မှ စွမ်းနိုင်သလောက် ဆောင်ရွက်ခဲ့သော သာသနာတော်ရေးရာ စွမ်းဆောင်ချက်အမတကုသိုလ်ကောင်းမှုများကို စာဂါနုဿတိဖြစ်စေရန်နှင့် အများသူငါ ဝမ်းမြောက်နုမော်သာဓုခေါ်နိုင်ရန်အတွက်မှတ်တမ်းပြုသင့်သောအချိန်အခါ သမယဖြစ်သည်ဟု မှတ်ထင်ပါသည်။ ထို့ကြောင့် ဧမြို့ချောင် ဆရာတပည့်တို့၏နှစ်တစ်ရာတိုင် ဆင်နွှဲခဲ့သောကောင်းမှုများကို အကြောင်းပြု၍ဝမ်းမြောက်ဝမ်းသာဥဒါန်းကျူးရင့်သောအားဖြင့် ဤမည်သော ချောင်တည်နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင်ကို ထုတ်ဝေလိုက်ပါသည်။


ဤရာပြည့်စာစောင်၌ စာကဗျာအများစုသည် ကလောင်ကိုင်ပညာရှင်များ မဟုတ်ပါ။ ဧမြို့ချောင်ဆရာတပည့်ကြီးငယ်တို့၏ အေးရာအေးကြောင်း ဝမ်းမြောက်ကြည်သာကျူးရင့်သံများသာဖြစ်၍ ချွတ်ချော်တိမ်းပါးမှု၊ အားနည်းမှု

"သီလရှင်အစ မယ်ကင်းက"ဆိုသည့်
အတိုင်းသီလရှင်သာသနာကို
အစအဦးစတင်ပြုစုပျိုးထောင်ခဲ့သော
သီလရှင် ဆရာကြီး မယ်ကင်းဒေါ်
ဒေါ်ခေမာသည် စစ်ကိုင်းတောင်ရိုး
ဝါးချက်ရွာ အနီးဂူတစ်လုံးချောင်၌
အသက်ထက်ဆုံးနေထိုင်၍
သာသနာ့တာဝန်များကို
အားသွန်ကြိုးပမ်း
ထမ်းရွက်တော်မူခဲ့သည်။
သီလရှင်ဆရာကြီးဒေါ်ခေမာနှင့်
တပည့်ကြီးများသည်
ထိုခေတ်က
နန်းတွင်းအပျိုတော်များနှင့်မိဖုရား
မောင်းမမိဿံများကို
ဗုဒ္ဓစာပေများကို
သင်ကြားပေးရသော
မင်းကိုးကွယ်ခံသာသနာ့
အာဇာနည်အမျိုးသမီးကြီးများ
ဖြစ်ခဲ့ကြသည်။

များတွေ့ရှိပါက စာပေပညာရှင်များအနေဖြင့် နားလည် ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ဤရာပြည့်စာစောင်ဖြစ်မြောက်ရေးအတွက် ဩဝါဒကထာများကို ရေးသားချီးမြှင့်တော်မူကြသောဩဝါဒါစရိယဆရာတော်ကြီးများ၊ စာမူများကိုရေးသား ချီးမြှင့်ကြသော စာပေပညာရှင်များ၊ စာမူကောင်းများဖြစ်အောင် စိစစ်တည်းဖြတ်ပေးကြသည့် စာရေးဆရာကြီး သပြူးမြသောင်းနှင့် တိပိဋကဓရ အရှင်အဘိဇာတာဘိဝံသ (သုဗောဓာရုံ ပထမစာချ) အရှင်ဝိသုတ(ဘီအေဓမ္မာစရိယ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ စာစောင် ဓမ္မဒါနကုသိုလ်ရှင် မန္တလေးမြို့၊ သမ္မာဓိကတ္တားဆိုင်ပိုင်ရှင် ဦးခင်မောင်လေး+ ဒေါ်ကြင်ကြင်မြမိသားစု၊ ရုပ်တုကုသိုလ်ရှင် မန္တလေးမြို့၊ "အောင်"အထူးကုဆေးရုံပိုင်ရှင် ပါမောက္ခဒေါ်မိမိလွင်၊ ဒေါ်ညိုညိုလွင်တို့အားလည်းကောင်း၊ မြို့ချောင် စာပေစိစစ်ရေးအဖွဲ့ဝင်ဆရာကြီး၊ ဆရာလေးများအားလည်းကောင်း၊ စာစောင်ကိုမူကြမ်းမှ မူချော၊ မူချောမှ စာအုပ်ရိုက်ပြီးလှူဒါန်းနိုင်သည့်အထိစေတနာသဒ္ဓါတရားထက်သန်စွာဖြင့်ကြိုးစားအားထုတ် ဆောင်ရွက်ပေးသောမန္တလေးမြို့၊ သမ္မာဓိကတ္တားမှ ဦးနေလင်းမောင်မောင်နှင့် ရာပြည့်ပွဲတော်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်အားပေးကြသူတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မြို့ချောင်
ဆရာကြီးနှင့်ဆရာလေးများ
၁၃၆၉-ခုနှစ်၊
တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်
၂-၁၂-၂၀၀၇



# ကန်တော့ဝန်း

လူ့ဘဝလူလာဖြစ်သောအခါ သူဌေးကြီးကမွေးလျှင် ယခုချက်ချင်းသူဌေးသား၊ သူဌေးသမီးဖြစ်လာနိုင်၏။ ဘုရင်မင်းမြတ်က မွေးလျှင် ယခုချက်ချင်း မင်းသားမင်းသမီးဖြစ်နိုင်၏။ သို့သော် ပညာတတ်တက္ကသိုလ်ပါမောက္ခဆရာကြီးကမွေးလျှင် ချက်ခြင်းပညာတတ်ပါမောက္ခလေးဖြစ်မလာနိုင်။ အဘယ့်ကြောင့်ဆိုသော် ဆရာ့ထံမှ မည်သည့်ပညာမှ မသင်ယူရသေးသောကြောင့်ဖြစ်သည်။ ပညာဆိုသည်ကား (ရော့အင့်လို့)ပေးလို့ရစကောင်းသောအရာမျိုးမဟုတ်။ ကိုယ်တိုင်သင်ယူမှ ရသောအရာမျိုးဖြစ်သည်။

ရွှေပုံငွေပုံပေါ်မှာ ခံစားစံစားနေရသည့်သူဌေးသား၊ သူဌေးသမီး၊ မင်းသား၊ မင်းသမီးဖြစ်စေကာမူ ဆရာသမားတို့ထံမှ ပညာအမွေပေးမှု၊ သွန်သင်ပြသမှု၊ ပံ့ပိုးစောင့်ရှောက်မှုတို့ကို မခံရသေးပါမူ အဓိပ္ပါယ်မရှိ။ အနှစ်သာရကင်းမဲ့အချီးအနှီးသောသူဌေးသား၊ သူဌေးသမီးဘဝမျိုး၊

မင်းသား၊ မင်းသမီးဘဝမျိုးသာဖြစ်ပါလိမ့်မည်။ ဆရာသမားတို့ထံမှ ပညာအမွေပေးမှု ထိန်းသိမ်းစောင့်ရှောက်မှုမျိုး ခံယူရရှိပြီးမှသာ လူ့ဘဝ အနှစ်သာရရှိပြီး လှပသည့်ဘဝပိုင်ရှင်လေးများဖြစ်လာပါလိမ့်မည်။ ဘဝ တစ်ခုတွင် ဆရာသမားသည် ဤမျှအရေးအကြီးဆုံးကဏ္ဍမှပါဝင်နေ ပေသည်။

ဆရာတပည့်ဟူ၍ လောကမှာဆိုရိုးစကားရှိပေရာ ဆရာဟူသည် သွန်သင်ဆုံးမနည်းလမ်းပြသောပုဂ္ဂိုလ်၊ ပညာပို့ချသင်ပေးသောပုဂ္ဂိုလ်ဟု တက္ကသိုလ်မြန်မာအဘိဓာန်ဆရာက ဖွင့်ဆိုသည်။ ထို့ကြောင့် ပန်းပု ရုပ်ကလေးများကို မြင်သူတိုင်းစွဲမက်အောင် ပုံဖော်ဆေးရောင်ခြယ် အသက်သွင်းပေးသော ပန်းချီပညာရှင်ကြီးများနှင့်တူကြောင်း ပညာရှင် များက မိန့်ဆိုကြလေသည်။

မှန်ပါသည်။ ပန်းပုရုပ်ကလေးများ ပန်းချီဆရာစိတ်တိုင်းကျ အနုစိတ်အသေးစိတ်ဆေးရောင်ခြယ်မှုန်းမှုခံရပါမှ ထိုအရုပ်လေးများမှာ (လက်ရာမြောက်)အသက်ဝင်လာမှုအတွက် တန်ဖိုးမြင့်မားလာရပေ သည်။ ထို့အတူ ဆရာများ စိတ်ကြိုက်သွန်သင်ဆုံးမပြီးအနီးကပ် ပညာသင်ပေးမှုခံရပါက ထိုသူမှာ ထိပ်တန်းရောက်အဖိုးတန် တပည့် တစ်ယောက်ဖြစ်လာရပေသည်။

မြန်မာပြည်မှာ ပရိယတ်ပဋိပတ် စွယ်စုံတတ်အကျော်အမော် ဆရာတော်သံဃာတော်တွေ သီလရှင်ဆရာကြီး ဆရာလေးတွေ များစွာ ရှိပေသည်။ ထိုဆရာတော်သံဃာတော်တွေ သီလရှင်ဆရာကြီးဆရာလေး တို့သည် ငယ်ရွယ်စဉ်က ဆရာသမားများထံ ချဉ်းကပ်ပြီးဆရာသမား တို့၏ သွန်သင်ပြသသင်ပေးမှုတို့ကို ခံယူခဲ့ရသောကြောင့်သာ အဖိုးတန် ဘဝရောက်လာရပြီး အကျော်အမော်ပုဂ္ဂိုလ်တွေဖြစ်လာရပေသည်။

အကယ်၍သာ ဆရာသမားတို့၏ပြုပြင်ထိန်းသိမ်းစောင့်ရှောက်

မှု၊ ပညာသင်ကြားပေးမှုမျိုး မခံယူဘဲ ဆန်ကုန်မြေလေး အချိန်ကုန် ပိတ်ဖြုန်း မောင်ကတုံး၊ မယ်ကတုံးဘဝမျိုးနှင့်သာ နေခဲ့မည်ဆိုပါလျှင် အဘယ်မှာ အဖိုးတန်တပည့်ဘဝမျိုးရောက်နိုင်ရနိုင်ပါတော့မည်နည်း။

ပြီးတော့ လူ့ဘဝမှာ မိမိတို့လုပ်ဆောင်ချက် အောင်မြင်မှုက ကြီးလျှင် ကြီးသလောက် အဆင့်အတန်းမြင့်လျှင် မြင့်သလောက် ဆရာသမားတို့၏ ကျေးဇူးတရားတွေကလည်း မြင့်လာလေ ကြီးလာလေ ဖြစ်ရပေသည်။ ထို့ကြောင့် ဆရာ့ကျေးဇူး မြင့်မိုရ်ဦးဟု ဆိုရိုးပြုကြ ပြီး ဆရာသမားတို့၏ ကျေးဇူးများပုံကို မြင့်မိုရ်တောင်ကြီးနှင့်နှိုင်းယှဉ် ပြီးပြောလေ့ပြောထရှိကြပေသည်။ ထိုသို့ပြောဆိုရခြင်းမှာလည်း ထင်လွယ် မြင်လွယ်သိလွယ်အောင်သာ နှိုင်းယှဉ်ပြောခြင်းဖြစ်ပေသည်။

အမှန်စင်စစ်မှာ မြင့်မိုရ်တောင်ကြီးက အလွန်ကြီးမားသော်လည်း အလျားအနံထုထည်ပမာဏ လက်သစ်တောင်ထွာ တိုင်းတာလို့ ရနိုင် ဖွယ်ရာရှိပေသေးသည်။ ဆရာများ ကျေးဇူးတွေကတော့ တိုင်းထွာလို့ ရစကောင်းသည့်အရာမျိုးမဟုတ်ပေ။ အာစရိယဂုဏော အနန္တောဟု ဆိုရိုးစကားရှိသည်မဟုတ်ပါလော။

မြို့ချောင်ကို မွေးဖွားပေးလိုက်သောအနန္တဂိုဏ်းဝင် မြို့မိခင် ကျေးဇူးရှင်ဆရာကြီး ဒေါ်ကုမ္မာရီ၏တပည့်တိုင်း လိုက်နာရမည့် နည်းစနစ်၊ လက်တွေ့ကျင့်သုံးနေထိုင်ကြသည့် လမ်းစဉ်တွေက ပန်းခင်း လမ်းလို ချောမွေ့ကောင်းမွန်လှသောကြောင့် ဆရာဘုရားလက်ထက် တုန်းကဲ့သို့ အရှိအဟုန်ပြင်းပြင်းနှင့်ပင် ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်နိုင်ကြပေသည်။

ယခုအခါ မြို့သမီးပျိုတို့သည် အောင်မြင်မှုပန်းတိုင်ကြီးကို စွဲကိုင်လျက် အနှစ်တစ်ရာခရီးရှည်ကြီးကို ဂုဏ်ယူဝင့်ကြွားစွာ လျှောက် လှမ်းနိုင်ခဲ့ပေပြီ။ သို့သော် ငါတို့မှာ အောင်မြင်မှုကြီးရနေပြီဆိုပြီး

ဤမျှဖြင့် ရပ်နား၍နေကြရမည်မဟုတ်။ ဆရာဘုရားသည် ပညာရှိသူတော်ကောင်းတိုင်း မြတ်နိုးသည့်အအေးမြဆုံး နိဗ္ဗာန်အထိရောက်နိုင်ဖို့ ရည်မှန်းချက်ရှိခဲ့ရာ မြို့သားငယ် သမီးငယ်တပည့်တွေကလည်း ဆရာဘုရားကြီး၏ စေတနာဆန္ဒတော်တွေကို လေးစားလိုက်နာသောအားဖြင့် နိဗ္ဗာန်ရွှေမြို့တော်အထိ ရောက်နိုင်ရနိုင်အောင်-

(က) မြို့ဘာသာရေး

(ခ) မြို့သာသနာရေး

(ဂ) မြို့ပညာရေး

(ဃ) မြို့အမျိုးသား အမျိုးသမီးရေး

ဤအရေးလေးပါးကို ရှေ့တန်းတင်ဦးစားပေးစနစ်ဖြင့် ကိုယ်စီကိုယ်စီဟန်ချက်ညီညီ ကြိုးစားဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဆရာဘုရားကို အမှတ်တရဂုဏ်ပြုပူဇော်ပွဲကြီးသုံးရက်တိုင်တိုင် ကျင်းပခြင်းဖြင့်လည်းကောင်း ရာပြည့်ပူဇော်ပွဲမှတ်တမ်းတင် ရာပြည့်စာစောင် ထုတ်ဝေခြင်းဖြင့်လည်းကောင်း ကျေးဇူးရှင်ဆရာဘုရားကို လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပန်ဆင် ဦးတင်ကန်တော့ကြပါကုန်သည်ဘုရား. . .။

တပည့်ကြီး ဒေါ်ကဥ္စနဝတီ

အမှူးပြု

ဆရာကြီး ဆရာလေးများ

မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်



## စစ်ကိုင်းတောင်ရိုး၊ ဓမ္မိ(မြို့)ချောင် သာသနာ့နွယ်ဝင်

# သီလရှင်တို့ဓမ္မိ(၁၀၀)

ဓမ္မိ(မြို့)ဟုဆိုအပ်သောစကားသည် မြန်မာလိုအခေါ်အဝေါ်အားဖြင့် အေးချမ်းခြင်းတို့စုဝေးတည်နေရာဖြစ်ခြင်းကို ဆိုလိုသည်။ လောကရှိလူသားတို့သည် စိတ်အေးချမ်းမှု ကိုယ်အေးချမ်းမှုကို တောင့်တကြမျှော်လင့်ကြသည်။ ထိုလောကီလူသားတို့ မျှော်လင့်တောင့်တသောအေးချမ်းမှုသည် စည်းစိမ်ဥစ္စာရွှေငွေရတနာတို့နှင့်ပြည့်စုံခြင်းပင်ဖြစ်၏။ စည်းစိမ်ဥစ္စာရွှေငွေရတနာတို့နှင့်ပြည့်စုံလျှင် အေးချမ်းသာယာလိမ့်မည်ဟု ထင်နေကြ၏။

လောကမှလွတ်မြောက်လိုသောသူတော်စင်ကြီးများသည် ထိုစည်းစိမ်ဥစ္စာရွှေငွေရတနာတို့နှင့်အတူတကွယှဉ်တွဲနေရခြင်း၊ စောင့်ရှောက်ရခြင်း၊ ဝေဖန်ရခြင်းသည် စည်းစိမ်ဥစ္စာရတနာတို့ကြောင့် သံသရာလည်စေတတ်၊ ဆင်းရဲစေတတ်သော လိုချင်ခြင်းလောဘ၊ စိတ်ဆိုးခြင်းဒေါသ၊ မသိမိုက်မဲမှု မောဟတရားတို့နှင့်ယှဉ်တွဲနေရ၍ အမြဲတမ်းစိုးရိမ်ပူပန်မှုသောကမီးတွေ အလောင်ခံနေရသောကြောင့် မိမိ၏ခန္ဓာကိုယ်သည်မီးတွေတဟုန်းဟုန်းတောက်လောင်နေသော အဆောက်အဦးကြီးထဲတွင်နေရ သကဲ့သို့ဖြစ်နေခြင်းကြောင့် အေးချမ်းသောနေရာကိုသာ ဦးအောင်

နေလိုစိတ်,အပူ၏ဆန့်ကျင်ဘက် အေးချမ်းသောနေရာတွင်သာ နေထိုင်လိုမှုကိုတောင့်တ၍ အေးချမ်းသောနေခြင်းဖြင့်သာ နေလိုကြပါသည်။

အေးချမ်းလိုသောစိတ်ဓာတ်တွေ ပြင်းပျလာလျှင် ရှိသမျှပစ္စည်းဥစ္စာရတနာတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေအပေါင်းအသင်းရောင်းရင်းတွေကို စွန့်ခွါရမည်။ စွန့်လွှတ်ရမည်။ သူတော်ကောင်းကြီးများသည် ပစ္စည်းဥစ္စာရတနာ ဆွေမျိုးအပေါင်းအသင်းမိတ်သင်္ဂဟတို့သည် အာရုံအားဖြင့် လောဘဒေါသမောဟမီးတို့ လောင်စရာဟု အမြဲတမ်းထင်မြင်ယူဆကြသည့်အတိုင်း ထိုလောဘဒေါသမောဟမီးတွေနှင့်ဝေးအောင် ရှောင်ရားလိုစိတ်၊ လွတ်မြောက်လိုစိတ်တွေ ပြင်းထန်နေကြရ၍ လွတ်မြောက်အေးချမ်းသောအရပ်အာရုံဆိတ်ငြိမ်သောအရပ်ဒေသကိုသာ ရှာမှီးကြသကဲ့သို့ စစ်ကိုင်းတောင်ရိုး မြို့ချောင်ကြီးကို တည်ထောင်ခဲ့သော ချောင်ဆရာကြီး ဒေါ်ကုမ္မာရီ၏စိတ်သန္တာန်၌ အေးချမ်းစွာနေလိုစိတ်ဖြင့် အေးချမ်းသောနေရာကို ရှာမှီးသည်ရှိသော်-

၁။ ပညာရှိသူတော်ကောင်းနှင့်အမြဲ ပေါင်းသင်းမှီဝဲ ဆည်းကပ်နေရခြင်း။

၂။ ပညာရှိသူတော်ကောင်း၏အနီးအနားမှ မခွဲခွါဘဲ နည်းနာနိသျှည်းတို့ကို ယူရခြင်း။

၃။ ပညာရှိသူတော်ကောင်းတို့၏အဆုံးအမကောင်းတို့ကို အမြဲတမ်းနာယူ၍ နေရခြင်း။

၄။ ထိုအဆုံးအမတို့ကို နာယူ၍ မိမိကိုယ်ကို သူတော်ကောင်းစိတ်တည်နေအောင် အမြဲကျင့်ကြံအားထုတ်ရခြင်း။

၅။ ပညာရှိသူတော်ကောင်းတို့နှင့်လက်တွဲနေထိုင်၍ ကိုယ်နှုတ်စိတ်သုံးမျိုးတို့ကို ကောင်းသောတရားတို့နှင့် အတူတကွယှဉ်တွဲ နေထိုင်နိုင်အောင် ထိမ်းသိမ်းစောင့်ရှောက်ကျင့်ကြံရခြင်း။

၆။ မိမိကိုယ်၌ သူတော်ကောင်းတရားများ အမြဲတမ်း ကိန်းဝပ် တိုးပွားအောင် ထက်ထက်မြက်မြက်ကြိုးစား အားထုတ်၍ နေရခြင်း။

အစရှိသောသူတော်ကောင်းတို့၏နေနည်း၊ ထိုင်နည်း ကျင့်ကြံ ပွားများအားထုတ်နည်းတို့ကို ရရှိရန်ဌာနကို ရှာသည်ရှိသော် သစ်ပင် တောတောင်ရေမြေဆိတ်ငြိမ်ရာဖြစ်သော စစ်ကိုင်းတောင်ရိုး ပဌမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာဌာနဖြစ်သော စစ်ကိုင်းတောင်ရိုးသို့ လာရောက်၍ ကျော်ကြားထက်ပြက်တင်ရှားတော် မူသော ပဌမမဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ပရိယတ္တိ ပဋိပတ္တိ ဂုဏ်တော်အရိပ်ကို ခိုမှီး၍ကျင့်ကြံအားထုတ်လိုသော စိတ်အကြံအစည် ဖြင့် ပထမမြို့ချောင်ဆရာကြီးသည် ပဌမမဟာဂန္ဓာရုံဆရာတော် ဘုရားကြီး၏ဩဝါဒကိုခံယူကာ ဆရာတော်ဘုရားကြီးပေးတော်မူသော အမည်ရှိမြို့ချောင်ကြီးကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ပြည့် မြောက်ခဲ့လေပြီ။

ထိုသို့တည်ထောင်နှစ်တစ်ရာပြည့်အောင် ဆောင်ရွက်နိုင်ခြင်း သည် ရေစီးအလွန်သန်သော နက်လည်းနက် ရေပြင်လည်းကျယ်သော မြစ်တစ်ဖက်ကမ်းသို့ ကူးလိုသောသူသည် ရေ၏အနေအထားကို သိခြင်း၊ မြစ်အတွင်း၌ရှိသောအန္တရာယ်တို့ကို တွေးတောနိုင်ခြင်း၊ ကူးရန် လှေ, ဖောင်,တက်,ရွက်အသုံးအဆောင်တို့နှင့်ပြည့်စုံခြင်း၊ တစ်ဖက်ကမ်းရောက် အောင် ကူးခတ်စွမ်းနိုင်သော အတတ်ပညာရှိခြင်း၊ လုံ့လဝီရိယအားထုတ် မှုရှိခြင်းတို့နှင့်ပြည့်စုံမှသာ ကူးမြောက်နိုင်သကဲ့သို့

မျက်ခြေမပြတ် စောင့်ရှောက်တတ်သော သတိတရားရှိခြင်း၊ အမြဲတမ်းလှမ်းမြော်တတ်သော အတိတ်ပစ္စုပ္ပန်ကာနှစ်တန်တို့နှင့်ပြည့်စုံ ၍ မှန်ကန်သော အသိဉာဏ်ပညာရှိခြင်း၊ မကောင်းသော အကုသိုလ် တရားတို့မှ လွတ်မြောက်ရာကို မှန်မှန်ကန်ကန်ကြံစည်တတ်ခြင်း၊ ယဉ်

ကျေးမှန်ကန်လိမ္မာစွာသောစကားတို့ကို ပြောဆိုတတ်ခြင်း၊ မိမိဆောင်ရွက်မည့်ကိစ္စမှန်သမျှကို မှန်မှန်ကန်ကန်ဆောင်ရွက်တတ်ခြင်း၊ သာသနာတော်နှင့်ဆန့်ကျင်သော အသက်မွေးဝမ်းကြောင်းမပြုမူဘဲ သာသနာတော်နှင့်လျော်ညီသော ကောင်းသောအသက်မွေးဝမ်းကြောင်းပြုခြင်း၊ မိမိစိတ်ဓာတ်ကို မှန်ကန်သောလမ်းကြောင်းပေါ်၌ တည်တံ့အောင်ထားနိုင်ခြင်းဂုဏ်တို့နှင့်ပြည့်စုံသော စစ်ကိုင်းတောင်ရိုး၊ မြို့ချောင်ဆရာကြီးသည် မိမိကိုယ်တိုင် ဝိပဿနာဘာဝနာဓမ္မတို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့၍ နိဗ္ဗာန်နှင့်စပ်သော နိဗ္ဗာနပစ္စယသိကျမ်းကို ပြုစုနိုင်ခဲ့ပါသည်။

ဆက်လက်၍ စစ်ကိုင်းတောင်ရိုး၊ မြို့ချောင်ဆရာကြီးဒေါ်ကုမ္မာရီတည်ထောင်ခဲ့သည့် စစ်ကိုင်းတောင်ရိုး မြို့ချောင်ကြီးကိုအမျိုးသမီးသာသနာတည်တံ့တိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြသော သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာကြီးဒေါ်ကဥ္စနဝတီသည် အုပ်ချုပ်ထိမ်းသိမ်းတော်မူခဲ့ရာ ပထမကျော်သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တူမ ဒေါ်ဣန္ဒသိင်္ဂီနှင့်အတူလက်တွဲပြီးမြို့ချောင်ကြီးကို နှစ်တစ်ရာတိုင်တိုင် ရှည်ကြာအောင် အုပ်ချုပ်ထိမ်းသိမ်းနိုင်ခဲ့၍ စာပေပရိယတ္တိကျမ်းဂန်တို့ကို သင်ကြားပို့ချ၍ မိမိတို့အားကိုးအားထားပြုအပ်သော စစ်ကိုင်းတောင်ရိုးနေ သီလသမာဓိပညာတို့နှင့်ပြည့်စုံတော်မူသော အဆက်အဆက်သောဆရာတော်ဘုရားကြီးများ၏ ဩဝါဒတော်များကိုခံယူခြင်း၊

ပထမမြို့ချောင်ဆရာကြီး၏ စိတ်ဓာတ်မျိုးကို မွေးမြူခြင်း၊ ဆရာကြီးဩဝါဒနှင့်လမ်းစဉ်တို့ကို လိုက်နာပါမည်ဟူသော သစ္စာဓိဋ္ဌာန်ကိုဖြင့် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြ၍ ဘွဲ့ထူးဂုဏ်ထူးရရှိကြသော သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများ ထွန်းတောက်ပေါ်

ပေါက်လာအောင် မိမိတို့ကိုယ်တိုင် စည်းကမ်းဥပဒေတော်တို့ကို လိုက်နာကျင့်သုံး၍နေခဲ့ အနာဂတ်သာသနာတော်အတွက် မြို့ချောင်ကြီးကို ထိန်းသိမ်းနိုင်ရန် စည်းကမ်းဥပဒေတော်ကြီးများကို ရေးသားပြုစုတော်မူကြ၍ သာသနာတော်တည်သရွေ့-

မြို့ချောင်ကြီး တည်တံ့တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုများ၊ အုပ်ချုပ်မှုနာယကများအဆင့်ဆင့်ဖွဲ့စည်းခဲ့၍ အားထုတ်တော်မူခဲ့ကြသကဲ့သို့-

နောင်မြို့ချောင် အနာဂတ်သာသနာတော်ကြီးကို ဆောင်ရွက်နိုင်စေရန် လမ်းညွှန်မှုများပေးခဲ့ကြသော အဆင့်ဆင့်သော ဆရာကြီးများ၏သီလသမာဓိပညာ သမ္မာဆန္ဒဝီရိယတို့ကို ကြည်ညိုလေးစားအတုယူကာ အားထုတ်နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

ဘဒ္ဒန္တနန္ဒဝံသ
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)
ဟံသာဂီရိပရိယတ္တိစာသင်တိုက်
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့
(၂၇-၁၁-၂၀၀၇)အင်္ဂါနေ့

# ဝေဠုဝန်ဆရာတော်၏
# သြဝါဒ

မြို့ချောင်နှစ်တစ်ရာပြည့်ပွဲအတွက် နာယကဆရာတော်အဖွဲ့ဝင်ဖြစ်သော ဝေဠုဝန်ချောင်ပဌမဆရာတော်၏တူတပည့်ဖြစ်သော ဆရာတော် ဉးမာဃိန္ဒာစာရအား သြဝါဒပေးရန် ဒေါ်ဥမ္မာဝတီနှင့် ဆရာလေးတစ်ပါးတို့ လာရောက်လျှောက်ထားကြပါသည်။

ဝေဠုဝန်ချောင် ပဌမဆရာတော် ဉးပညာစက္က၏ကျောင်းအစ်မ ရဟန်းအစ်မ မြို့ချောင်ပထမဆရာကြီးနှင့်အစ်မ သီတာချောင်ဆရာကြီး သမီး ဒေါ်နန္ဒသီတို့က ဝေဠုဝန်ချောင်ကို စတင်တည်ထားကိုးကွယ်ခဲ့သော ပထမဝေဠုဝန်ဆရာတော် ဉးပညာစက္ကနှင့် မြို့ချောင်ဆရာကြီးများ၊ ယခုဘုန်းကြီးလက်ထက်နှင့် ဆရာ ဒေါ်ကဥ္စနဝတီတို့လက်ထက်တိုင်အောင် နှစ်ဦးတစ်ကြိမ်၊ ဝါဝင် ဝါထွက်တစ်ကြိမ် တစ်နှစ်လျှင် သုံးကြိမ်သြဝါဒခံယူခဲ့ကြပါသည်။ သြဝါဒလဲ အထူးပေးစရာမလိုတော့ပါ။ ရှေးဆရာကြီးများ၏ စည်းကမ်းအတိုင်း လိုက်နာပြီး ဆရာအစဉ်အဆက် တပည့်အဆက်ဆက် ပရိယတ္တိပဋိပတ္တိတို့ကို ကြိုးစားအားထုတ်လျက် သာသနာအစွန့်ရှည်အောင် ဆောင်ရွက်နိုင်ကြပါစေလို့ သြဝါဒပေးလိုက်သည်။

ဉးမာဃိန္ဒာစာရ(ဝေဠုဝန်)
ဓမ္မာစရိယဆရာတော်

# ဘဝါးခြေထပ် ထပ်ချပ်မကွာ
# လိုက်နိုင်ကြပါစေ

ဇေယျသိန်ဆရာတော်

သဗ္ဗာဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။

နေတ္တေ-ရှေ့ဆောင်နွားလားသည်၊ ဥဇုံ-ဖြောင့်မတ်စွာ၊ ဂတေ-သွားသည်၊ သတိ-ရှိသော်၊ သဗ္ဗာဂါဝီ-နောက်လိုက်စုပေါင်း နွားအပေါင်းတို့သည်၊ ဥဇုံ-ဖြောင့်စွာ၊ ယန္တိ-လိုက်ပါကြကုန်၏။

ဟူသောဥပမာစကားရပ်အရ "ရှေ့ဆောင်နွားလား၊ ဖြောင့်စွာသွားသော်၊ နောက်နွားတစ်သိုက်၊ ဖြောင့်စွာလိုက်၏"ဟု ရှေးဆရာစဉ်ဆက်ပြောစမှတ်ပြုထားတော်မူကြသကဲ့သို့ မိမိတို့သည် မိမိတို့ရှေ့က ဦးဆောင်လမ်းပြကြွသွားတော်မူခဲ့ကြသည့် ဆရာ့ဆရာတို့ကိုကြည့်ပြီး မျက်ခြေမပြတ် ထပ်ချပ်မကွာ လိုက်နေကြရသူများသာဖြစ်ကြပါသည်။

ထို့ကြောင့် မိမိတို့၏ရှေ့က ဦးဆောင်လမ်းပြကြွသွားတော်မူခဲ့ကြသည့် ဆရာ့ဆရာတို့ကို လှမ်းမျှော်ကြည့်ပြီး ဘဝါးခြေထပ် ထပ်ချပ်မကွာ လိုက်နေကြရမည့်ပုဂ္ဂိုလ်များဖြစ်သည်အားလျော်စွာ-

ဘာသာသာသနာ၏မီးရှူးတန်ဆောင် ဦးဆောင်လမ်းပြ ဆရာ့ဆရာတို့၏သွားနည်း၊ လာနည်း၊ ကျင့်ကြံနည်းတို့ကို လှမ်းမျှော်ကြည့်ရှု၍ မျက်ခြေပြတ်မခံ လမ်းမှန်အတိုင်းလျှောက်လှမ်း၍ ကျင့်ကြံကြိုးကုတ်အားထုတ်နေကြရမည်သာဖြစ်ပါသည်။

သို့ဖြစ်၍ ရှေးရှေးသော ပညာရှိသူတော်ကောင်းတို့က ရိုးရိုးရှင်းရှင်းနှင့်တိုတိုကျဉ်းကျဉ်း အဆုံးအမဩဝါဒစကား မိန့်ကြားတော်မူခဲ့ကြပါ၏။

"အနေချောင်လျှင် အသေကြပ်၍ အနေကြပ်မှ အသေချောင်မည်"ဟူ၏။

မှန်ပါသည်။ မိမိအကျင့်သီလကိုမျှ ဂရုမစိုက်အလေးမထားပေါ့ပေါ့နေ ပေါ့ပေါ့စား၍ တစ်ဘဝစာ တစ်နပ်စာတစ်ခဏတာလေးမျှသာ ငဲ့ကွက်ပြီး ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဟု ငါးဝအာရုံကာမဂုဏ်တို့နှင့်ပျော်ပိုက်ပြီး ကြည့်ဖွယ်ရာ ရှုဖွယ်ရာ နားထောင်ဖွယ်ရာစသည်တို့ကိုသာ ခံစားလျက် ချောင်ချောင်နေကြလျှင်ကား အချိန်ရှိသရွေ့ အကုသိုလ်ကိလေသာတို့ ပွားသည်ထက်ပွား များသည်ထက်များနေကြလျှင်ကား -

"အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ"ဟူသော ဗုဒ္ဓ၏ဒေသနာတော်အရ အကုသိုလ်တရားတို့၏သဘာဝအတိုင်း အပြစ်နှင့်တကွဖြစ်၍ ဆင်းရဲဒုက္ခမကောင်းသောအကျိုးကိုသာဖြစ်စေမည်ကေန္တဖြစ်၍ ချမ်းသာသုခကင်းဝေးရာအပါယဘေးဒုက္ခမှ လွတ်နိုင်တော့မည်မဟုတ်ရကား အသေကြပ်ရတော့မည်ကေန်ပင်ဖြစ်ပါတော့၏။

မိမိကျင့်ဝတ်သိက္ခာကို ရိုသေလေးစားအရေးထား၍ လိုက်နာကျင့်သုံးရခြင်းသည် အသိအလိမ္မာနည်းပါး၊ ပညာဉာဏ်ပါးရှားသည့်သူမိုက်တို့အဖို့ အလွန်တရာကျဉ်းကြပ်၍ မနေတတ်မထိုင်တတ် ဖြစ်ကြသည်ကား ပုထုဇဉ်အများတို့၏သဘာဝဓမ္မတာဟုပင် ဆိုရတော့မည်ဖြစ်၏။

အသိအလိမ္မာဉာဏ်ပညာရှိကြသည့်သူတော်ကောင်းတို့ကား မိမိကျင့်ဝတ်သိက္ခာကို ရိုသေလေးစားအရေးထား၍ လိုက်နာကျင့်သုံးရခြင်းသည် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းစသော ချမ်းသာသုခအဝဝကို ကိုယ်တိုင်ခံစားသိမြင်ကြ၍ အနေကြပ်သည်ဟု မထင်မြင်ကြပါ။ သို့ကြောင့်လည်း မိမိ၏အကျင့်သိက္ခာကို ရိုသေလေးစားကာလောကီအာရုံကာမဂုဏ်တို့ကို ရှောင်ရှားတော်မူကြ၍ ကျင့်ကြံကြိုးကုတ်

အားထုတ်တော်မူကြလျက် မွေ့လျော်ပျော်ပိုက်တော်မူခဲ့ကြပါသည်။

ဤသို့လျှင် မိမိတို့၏ရှေ့သွားဦးဆောင် သာသနာ့ဦးသျှောင်တို့၏ သီလဖြူစင် ဓုတင်ပဋိပတ်အကျင့်မြတ်တို့ကို လိုက်နာကျင့်သုံး၍ လူ့ရွာနတ်ထံ နိဗ္ဗာန်ထိ အကျိုးထူးတို့ကို ခံစားတော်မူခဲ့ကြရပေပြီ။

“ကုသလ အနဝဇ္ဇသုခဝိပါကလက္ခဏာ”ဟူသည့် ဗုဒ္ဓဒေသနာတော်နှင့်အညီ အပြစ်ကင်းစင် ကောင်းကျိုးချမ်းသာအဖြာဖြာကိုသာ ပေးမည်ကေန်ဖြစ်၍ အနေပင်ကြပ်သော်လည်း အသေချောင်ကြရသည်ကား မလွဲနိုင်သော သဘာဝဓမ္မတာ ကေန်သာဖြစ်ပါတော့သည်။

သို့ဖြစ်ရကား မိမိတို့ရှေ့က နည်းညွှန်လမ်းပြလျက် မားမားမတ်မတ်ရပ်တန့်တော်မူကြ၍ သွားတော်မူခဲ့ကြသည့် ဆရာ့ဆရာစဉ်ဆက်မြတ်ဗုဒ္ဓတိုင်အောင် မျှော်ရှုလျက် ဘဝါးခြေထပ် ထပ်ချပ်မကွာ မျက်ခြေပြတ်မခံဘဲ ဒိဋ္ဌာနုဂတိ ကောင်းစွာလိုက်ဘိ၍ သီလ သမာဓိ ပညာသိက္ခာသုံးရပ် အကျင့်မြတ်တို့ကို လိုက်နာကျင့်သုံးနိုင်မှသာ ဘုရားမြတ်စွာသာသနာတော်တွေ့ရကျိုးနပ်၍ ဆရာ့ဆရာတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို လေးမြတ်ကော်ရော် ပူဇော်ရာရောက်မည်ကို စိတ်တွင် စွဲကပ် သတိချပ်လျက် ဖဝါးခြေထပ် ထပ်ချပ်မကွာ ဆရာ့ဆရာစဉ်ဆက်တို့၏ကျင့်ပုံကျင့်နည်း အသီးသီးကို ဒိဋ္ဌာနုဂတိ လှမ်းမျှော်ကြည့်လျက် အစဉ်လိုက်ကာ ကျင့်ကြံတော်မူနိုင်ကြပါစေ. . . .။

ဘဒ္ဒန္တပညာသီရိ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယက
ဇေယျသိန်ပါဠိတက္ကသိုလ်
စစ်ကိုင်းတောင်ရိုး





...ထွန်းကားပြန့်ပွားရေး ဦးစီးဌာန
အမှတ် ...
ရက်စွဲ ...
...စာကြည့်တိုက်

# သီလပညာ နှစ်တစ်ရာ

## သူတော်စုံဆရာတော်

ဗုဒ္ဓမြတ်စွာသာသနာတော်၏အစမှာ ကိုယ့်ကျင့်သီလဖြစ်၏။ သီလသည် သမာဓိ၏အခြေခံဖြစ်ပြီး သမာဓိသည် ပညာကို ပွင့်လင်းစေသည်။ သီလနှင့်ပညာတို့သည် သူတော်ကောင်းဖြစ်ရန်အတွက် အဓိကလိုအပ်သော အရည်အသွေးနှစ်ရပ်ဖြစ်ပေသည်။ အပြန်အလှန် ဆက်စပ်လျက်ရှိရုံမျှမက အတူတွက်ပူးပေါင်းကာ ထူးခြားသောအကျိုး တစ်ရပ်ကို ဖြစ်ပေါ်စေနိုင်ကြ၏။

ကိုယ်ကျင့်သီလမရှိဘဲ အဆင့်မြင့်အသိပညာကို မရနိုင်သလို အသိပညာကင်းမဲ့သူမှာလည်း ကိုယ်ကျင့်သီလခိုင်မြဲရန် ဆက်ခံပေးသည်။ ကိုယ်ကျင့်သီလပြည့်ဝသူမှာ စိတ်ဓာတ်တည်ငြိမ်မှု သမာဓိအလွယ်တကူ

၂၆၈၁၈

ရနိုင်၏။ စိတ်ဓာတ်တည်ငြိမ်သူ သမာဓိရှိသူမှာ မှန်ကန်စွာ သုံးသပ်ဆင်ခြင်တတ်မှု သဘာဝအမှန်ကို သိမြင်တတ်မှု အသိပညာပွင့်လင်းလာစမြဲဖြစ်သည်။ ဤသည်မှာ သီလအခြေခံ၍ ပညာရရှိပုံဖြစ်၏။

အသိဉာဏ်ရှိသူ စဉ်းစားတတ်သူများသည် မိမိတို့အသိပညာဖြင့် လုပ်သင့်မလုပ်သင့်သော အရာနှစ်မျိုးခွဲခြားသိတတ်၏။ သိသောကြောင့် မလုပ်သင့်သည်ကို ရှောင်၍လုပ်သင့်သည်ကို လုပ်ဆောင်ကြ၏။ ဤ၌ မလုပ်သင့်သောအရာဟူသည် ဝါရိတ္တသီလဖြင့် ရှောင်ကြဉ်ရသော အရာမျိုးဖြစ်ပြီး လုပ်သင့်သောအရာဟူသည် စာရိတ္တသီလဖြင့် လုပ်ဆောင်ရသောအရာမျိုးဖြစ်သည်။ ဤသည်မှာ ပညာကို အခြေခံ၍ ကိုယ်ကျင့်သီလပြည့်စုံနိုင်ပုံဖြစ်သည်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အတွက်ဖြစ်စေ၊ သာသနာ့နွယ်ဝင်သီလရှင်တို့အတွက်ဖြစ်စေ သီလနှင့်ပညာသည် မရှိမဖြစ်သော အရည်အချင်းနှစ်ရပ်ဖြစ်၏။ ဤအရည်အချင်းနှစ်ရပ်တွင် တစ်ခုခု ချို့ယွင်းသည်ဖြစ်စေ နှစ်ခုလုံးပျက်သုဉ်းသည်ဖြစ်စေ လူကောင်း၊ ရှင်ရဟန်းကောင်း၊ သီလရှင်ကောင်းမဖြစ်နိုင်ပေ။

လူကောင်းဖြစ်ရန်၊ ရှင်ရဟန်းကောင်းဖြစ်ရန်၊ သီလရှင်သူတော်စင်ကောင်းပီသရန် ကိုယ်ကျင့်သီလကို အပ္ပမာဒသတိဖြင့် ဖြည့်ကျင့်ရမည်။ တရားဓမ္မသင်ယူလေ့လာခြင်းဖြင့် ပညာကိုတိုးပွားစေရမည်။

ကိုယ်ကျင့်သီလကိုဖြစ်ပေါ်စေသည့်အကြောင်းများအနက် ဟိရီနှင့်ဩတ္တပ္ပတို့ အနီးကပ်အကြောင်းတရား၊ အရေးပါသောအကြောင်းတရားများဖြစ်ကြ၏။ ဟိရီဆိုသည်မှာ မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ ရွံမုန်းခြင်းဖြစ်၍ ဩတ္တပ္ပဆိုသည်မှာ မကောင်းမှုကိုကြောက်ခြင်းဖြစ်၏။ ထိုဟိရီနှင့်ဩတ္တပ္ပ အရှက်နှင့်အကြောက်တရားနှစ်ပါးတို့သည် ကိုယ်ကျင့်သီလကိုထိန်းပေးနိုင်ကြ၏။ အရှက်နှင့်အကြောက်ကင်းမဲ့သူတို့သည်

ကိုယ်ကျင့်သီလကို ဂရုမစိုက်ကြပေ။ ကိုယ်ကျင့်တရားပျက်ပြားကြ၏။

တရားဓမ္မကို လေ့လာလိုက်စားခြင်း၊ တရားဓမ္မကို နာယူခြင်း သမာဓိထူထောင်ခြင်းများသည် ပညာတိုးပွားစေသည့်အခြေခံအကြောင်း တရားများဖြစ်ကြ၏။

ဗုဒ္ဓမြတ်စွာသာသနာတော်ကို မှီခိုနေထိုင်သူတိုင်း ကိုယ်ကျင့်သီလပြည့်ဝမှသာကောင်း၏။ ကိုယ်ကျင့်သီလပြည့်ဝသူတိုင်းအသိပညာ အရည်အသွေးထပ်ပိုးပါက ပို၍ပင်ကောင်း၏။

သီလပညာထွန်းပြောင်ရာဖြစ်သော စစ်ကိုင်းတောင်ရိုး မြို့ချောင်ကို (၁၂၇၀)ပြည့်နှစ်တွင် ဆရာကြီး ဒေါ်ကုမ္မာရိက စတင်တည်ထောင်ခဲ့ရာ (၁၃၇၀)ပြည့်နှစ်တွင် နှစ်တစ်ရာပြည့်ခဲ့လေပြီ။ မြို့သာသနာသည် သီလပညာသာသနာဖြစ်သဖြင့် မမေ့သောသတိ၊ ခိုင်မာသော ဝီရိယ၊ စူးရှထက်မြက်သောပညာတို့ဖြင့် သီလပညာဂုဏ်ရောင် ဆက်လက်ထွန်းပြောင်အောင် စွမ်းဆောင်ကြပါဟု ဩဝါဒစကားပြောကြား အပ်ပါသည်။

သီလမေဝ ဣဓအဂ္ဂံ၊ ပညာဝါ ပန ဥတ္တမော။
မနုဿေသု စ ဒေဝေသု၊ သီလပညာဏတော ဇယံ။

(ထေရဂါထာ)

ဒေါက်တာနန္ဒမာလာဘိဝံသ
သာသနဓဇဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ
အဂ္ဂမဟာပဏ္ဍိတ M.A, Ph.D
ရန်ကုန်မြို့၊ ထေရဝါဒကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့်စစ်ကိုင်း
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးနှစ်ခု၏ပါမောက္ခချုပ်
တိုက်အုပ်ဆရာတော်
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့




စစ်ကိုင်းတောင်ရိုး

တိုက်ဝါကြီးကျောင်းတိုက်

**ဘဒ္ဒန္တဇနိန္ဒ ၏ ဩဝါဒကထာ**

စစ်ကိုင်းတောင်ရိုး၊ မြို့ချောင်ကြီးရဲ့ ပဓာနနာယကဆရာကြီး ဖြစ်သော ဒေါ်ဒေါ်ကြီး(ဒေါ်ကဥ္စနဝတီ)က ဘုန်းကြီးထံကို လက်ထောက်နာယက ဒေါ်ဥမ္မာဝတီနဲ့ဒေါ်ထေရိမာတို့ကို စေလွှတ်လိုက်ပါတယ်။ ဆရာလေးတို့က "ဘုန်းကြီးဘုရား. . . . ဘုန်းကြီးမှာ မြို့ချောင်ရဲ့ ဩဝါဒါစရိယဆရာတော်တစ်ပါးဖြစ်သည့်အတွက် မြို့ချောင်မှာ နေထိုင်ကြတဲ့ဆရာကြီး ဆရာလေးများရဲ့ ကောင်းကျိုးဆိုးပြစ်တို့ကို တွေ့မြင်ပါက ကြောင်းကျိုးပြသဆိုဆုံးမဩဝါဒများ ပေးတော်မူပါရန်နှင့်မြို့ချောင်ရဲ့ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် စာအုပ်ထုတ်ဝေမှာဖြစ်တဲ့အတွက် ဩဝါဒကထာလဲ ချီးမြှင့်ရေးသားပေးပါရန် ဒေါ်ဒေါ်က လျှောက်ထားခိုင်း၍ လာရောက်ကြကြောင်း လျှောက်ထားကြပါတယ်။ သို့ဖြစ်၍ ဘုန်းကြီးရေးပေးတတ်သလို ဩဝါဒရေးပေးလိုက်ပါတယ်။

ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

လောကမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်

ပေါက်လာခြင်းဟာ သတ္တဝါများအတွက် အကျိုးစီးပွားတွေဖြစ်ထွန်းစေဖို့ သို့မဟုတ် သတ္တဝါတွေ ချမ်းသာသုခရကြစေဖို့အတွက် ပွင့်ထွန်းခြင်း ဖြစ်တယ်လို့ ဆိုလိုပါတယ်။

ဒီတော့ သတ္တဝါတိုင်း အကျိုးစီးပွားတွေ ဖြစ်ထွန်းကြမှာလား၊ ဘယ်လိုသတ္တဝါတွေ အကျိုးစီးပွားဖြစ်ထွန်းကြမှာလဲ၊ ဘယ်လို သတ္တဝါတွေတော့ အကျိုးစီးပွားမဖြစ်ထွန်းကြဘူးလဲလို့ မေးဖွယ်ရာရှိပါတယ်။ သတ္တဝါတိုင်းတော့အကျိုးစီးပွားဖြစ်ထွန်းကြမှာမဟုတ်ပါဘူးလို့ ဖြေရမယ်။ ဒါကို ပိုပြီးရှင်းသွားအောင် ဥပမာလေးတစ်ခုနဲ့ပြောပြပါမယ်။

အများသွားလာနေတဲ့ခရီးလမ်းတစ်ခုမှာ ခရီးသွားတွေ ချမ်းချမ်းသာသာတည်းခိုနားနေနိုင်ရန် အပူဒဏ်၊ အအေးဒဏ်ဆင်းရဲဒုက္ခတွေ ပျောက်နိုင်ရန်ရည်ရွယ်ပြီး စေတနာရှင်တစ်ဦးဦးက ဇရပ်ကောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းထားတယ်ဆိုပါစို့။ အဲဒီ ဇရပ်ကြီးက ဘယ်လောက်ပဲကောင်းကောင်း၊ ဇရပ်ကြီးအတွင်း ဝင်ရောက်တည်းခိုနားနေမှုမပြုကြတဲ့ ခရီးသွားတွေအတွက်တော့ ချမ်းသာသုခရကြမှာမဟုတ်ပါဘူး။ ဝင်ရောက်တည်းခိုပြီး နားနားနေနေပြုကြသူတို့သာ ချမ်းသာသုခရကြမှာပါ။

ထို့အတူပါပဲ လောကမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းဟာ သတ္တဝါတွေ အကျိုးစီးပွားဖြစ်ထွန်းကြဖို့ဖြစ်ပေမယ့် ဘုရားရှင်ရဲ့အရိပ်အာဝါသလို့ခေါ်တဲ့ အဆုံးအမတရားတော်တွေအောက် ဝင်ရောက်ခိုနားပြီး လိုက်နာကျင့်ကြံပွားများအားထုတ်နေဖို့တော့ လိုကြမှာအမှန်ပါပဲ။

ဒါမှလဲ ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်တော်မူခြင်းဟာ မိမိတို့အတွက် အဓိပ္ပါယ်ရှိပြီး အကျိုးရှိကြမှာပါ။ ဒီလိုမဟုတ်ဘဲ ဘုရားရှင်ရဲ့အရိပ်အာဝါသအဆုံးအမတွေအောက်ဝင်ရောက်တည်းခိုနားနေခြင်း၊

လိုက်နာခြင်း၊ ကျင့်ကြံခြင်းမပြုလုပ်သူတွေမှာတော့ ဘယ်လို စီးပွား ချမ်းသာမှ ဖြစ်ထွန်းကြမှာမဟုတ်ပါဘူး။

ပြီးတော့ ဘုရားအဆုံးအမတရားတော်တွေအတိုင်း လိုက်နာ ကျင့်ကြံရမယ်ဆိုရာမှာလဲ ဘုရားဟော တရားတော်တွေက များစွာရှိနေ တယ်။ တပည့်တော်တို့သင်ယူကျက်မှတ်ထားတာတွေလဲ တော်တော် များများလေးရှိနေတယ်။ ဒီတော့ ဘယ်တရားတွေကို ဦးစားပေးလိုက်နာ ရမှာပါလဲလို့ ဆရာကြီးဆရာလေးတွေအနေနဲ့ ဝေခွဲမရသလိုမျိုး တွေးတောပူပန်ဖွယ်ရာ လိုမှာမဟုတ်ပါဘူး။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ-ဟူ၍ဘုရားရှင် ဟောတော်မူထားတဲ့တရားတော်အတိုင်း အကုသိုလ်တရားတွေကို ရှောင်ကြဉ်၊ ကုသိုလ်တရားတွေကို တိုးပွားအောင်နေကြမယ်ဆိုရင် ဘုရားရှင်ရဲ့ အဆုံးအမဩဝါဒအရိပ်ကို ခိုတာဖြစ်ပြီး ဘုရားရှင်ပွင့်ထွန်း ခြင်းဟာ မိမိတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းကြမှာပါပဲ။

မိမိမှာအကျိုးစီးပွားတွေဖြစ်ထွန်းပြီဆိုရင် တန္တယ်ငင် တစ်စင်ပါ ဆိုတဲ့စကားပုံအတိုင်း မိမိနှင့်အတူနေကြတဲ့ သီတင်းသုံးဖော်တွေ၊ မိမိကို လေးစားကြည်ညိုသူတွေ၊ မိမိနှင့်ဆက်စပ်သူတွေပါ အကျိုးစီးပွားတွေ ဖြစ်ထွန်းကြမှာသေချာပါတယ်။

အကုသိုလ်ရှောင်ရှား၊ ကုသိုလ်ပွားဆိုပြီး စကားနှစ်ခွန်း ဖြစ်နေပေမယ့် အကုသိုလ်ကိုရှောင်နေရင် ကုသိုလ်ဟာ အလိုလိုဖြစ် နေပါတယ်။ ကုသိုလ်ကိုပွားနေရင်လဲ အကုသိုလ်ကို အလိုလို ရှောင် ပြီးသွားဖြစ်သွားတော့တာပါပဲ။ ဘာ့ကြောင့်လဲဆိုရင် ပုဂ္ဂိုလ်တစ်ယောက် ရဲ့သန္တာန်မှာ တရားနှစ်မျိုးတစ်ပြိုင်နက်ဖြစ်ရိုးထုံးစံမရှိလို့ပါပဲ။

အဲဒီရှောင်ကိစ္စ၊ ဆောင်ကိစ္စ၊ ကိစ္စနှစ်ခုပြီးဖို့ဆိုရင် ဘုရားရှင်က အစ၊ အလယ်၊ အဆုံးသုံးပါးလုံးမှာ အရေးတကြီးမှာတော်မူခဲ့တဲ့


အပွမာဒေန သမ္ပာဒေထဆိုတဲ့စကားအတိုင်း သတိတရားကို အမြဲလက်ကိုင်ထားနေကြမယ်ဆိုရင် အကုသိုလ်မဖြစ်တော့ဘဲကုသိုလ်တွေသာ ဖြစ်နေကြတော့မှာပါ။ ဘာ့ကြောင့်လဲဆိုရင်သတိတရားဟာ အသောဘန တရားတွေမှာမယှဉ်ဘဲ သောဘနတရားတွေမှာသာယှဉ်သောကြောင့် ဖြစ်ပါတယ်။

မြို့ချောင် ဆရာကြီး၊ ဆရာလေးများအနေဖြင့် သတိတရားကို အမြဲလက်ကိုင်ထားနိုင်ပြီဆိုရင် ဘုရားရှင်ရဲ့စကားတော်ကို လိုက်နာပြီးသား၊ ဘုရားရှင်ရဲ့တရားတော်အရိပ်အောက် အလိုလိုခိုဝင်ပြီးသား ဖြစ်သွားပြီဖြစ်သည့်အတွက် ဘုရားရှင်ပွင့်ထွန်းခြင်းဟာ မိမိနှင့်မိမိ ချောင်အတွက်ပါ အကျိုးစီးပွားတွေဖြစ်ထွန်းမှာ ဧကန်ဖြစ်ပါတယ်။

ဒါ့ကြောင့် ဘုရားရှင်ပွင့်ထွန်းခြင်းသည် မိမိတို့အတွက် အကျိုးရှိအောင် ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြသဖြင့် ပစ္စုပ္ပန်သံသရာအကျိုး နှစ်ဖြာကိုပြီးစေနိုင်သော နောက်ဆုံးနိဗ္ဗာန်ဆိုတဲ့ စီးပွားချမ်းသာအစစ်ကြီးကို လက်ဝယ်ပိုင်ပိုင်ရရှိနိုင်သော ပုဂ္ဂိုလ်ထူးများဖြစ်ကြပါစေသော်ဟူ၍ ပတ္ထနာအောင်ဆုပြုရင်း ဘုန်းကြီး၏ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ပါသတည်း။

မိမိအကျိုးအမျိုးဘာသာ သာသနာအကျိုးကို ဆထက်တိုးအောင် ဆောင်ရွက်နိုင်ကြပါစေ။ ။

ဘဒ္ဒန္တဇနိန္ဒ
ပဓာနနာယက
တိုက်ဝါကြီးဆရာတော်
စစ်ကိုင်းတောင်ရိုး



# ဒေါ်ဒေါ်
# ပြဿနာများ

ဒေါ်ဒေါ် စကားအနည်းငယ်ပြောကြားလိုတယ်။ ဒေါ်ဒေါ်တို့ ငယ်ရွယ်စဉ် စာကိုစသင်ပြီဆိုကတည်းက ငါစာပြန်ချမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့သင်ယူခဲ့တာ။ အလွန်စာတတ်ချင်တာပဲ။ ဧသီတာချောင် ဆရာဘုရားက စာချပေးတယ်။ နေ့(၁)နာရီ ဂလိုင်လှုပ်လိုက်ရင် ဝမ်း သာအားရနဲ့ ပြေးသွားတာပဲ။ မအားလို့ စာချဂလိုင်မလှုပ်တဲ့အခါဆို ရင် ငိုချလိုက်တာပဲ။

နောက်တော့ ဧသီတာချောင်ဆရာဘုရားက ရွှေဘိုမြို့နယ် လုံးတော်ရွာမှ အသက်လေးဆယ်ကျော် ငါးဆယ်လောက်ရှိတဲ့ လူပျို တော်ကြီးကိုပင့်ပြီး စာချခိုင်းတယ်။ ဦးမင်းမောင်တဲ့။ သူ့မှာ သမီးငယ်လေး (၂)ယောက်နဲ့မိသားစုလေးယောက်ရှိတယ်။ တစ်လ(၁၅)ထောက်ပံ့ရတယ်။ ဆရာကြီး (ဦးမင်းမောင်)ကိုတော့ သီးသန့်စာတက်တဲ့သီလရှင်တွေက အလှည့်ကျဆွမ်းချိုင့်ပို့ပေးရတယ်။ (၁၈)ပါးလောက်ရှိတယ်။

ဘုရားကျောင်းပေါ်မှာ လိုက်ကာအခန်းလုပ်ပေးထားတယ်။ အဲဒီမှာ အားလုံးစာတက်ကြရတယ်။ ဒေါ်ဒေါ်ကစာဆိုရတယ်။ ဆရာကြီး က စာလဲတတ်၊ တရားလဲဟောတတ်တယ်။ တစ်ခါတရံ စာချရင်း တရားဟောတတ်တယ်။ ဒေါ်ဒေါ်ကလဲ စာဆိုမှစာပဲ။ စာကိုပဲလိုချင် နေတာ။ တစ်ရက်တော့ ညဝါဆိုရင်း တရားဟောနေတာ အကြာကြီး

ပဲ။ စာဆိုခိုင်းတော့ အိပ်ပျော်ဟန်ဆောင်ပြီး အိပ်ချင်သံနဲ့ဆိုလိုက်တော့ ဆရာကြီးက မကဥ္စန မင်းအိပ်နေတာလားတဲ့။ တင်ပါဘုရားလို့ပြော လိုက်တော့ မင်းစာသင်တာက ကုသိုလ်ကိုလိုချင်လို့လား၊ ဂုဏ်ကို လိုချင်လို့လားလို့မေးတယ်။

ဒေါ်ဒေါ်ကလဲ ဂုဏ်လိုချင်လို့ပါ၊ ကုသိုလ်လိုချင်ရင် ရိပ်သာမှာ နေမှာပါဘုရားလို့ပြန်ပြီး လျှောက်လိုက်တယ်။ ဆရာကြီးက စိတ်ဆိုး သွားတယ်။ အဲဒီအချိန်က စာတတ်ချင်တဲ့စိတ်က လွန်လွန်ကဲကဲကြီး ဖြစ်နေတော့ ဆရာကိုအရွဲ့တိုက်သလို ပြန်ပြောမိတယ်။ နောက်မှ ကိုယ့်ရဲ့ပြောဆိုမှု မှားမှန်းသိတယ်။

နောက်ပိုင်းမှာတော့ ဗြို့ဆရာဘုရားကြီးက သထုံမြို့၊ ပိဋ္ဋ ကတ္တယပါရဂူစာမေးပွဲအောင်မြင်ထားတဲ့ တူတော်သူ ဘုန်းကြီး ဦးသုဝဏ္ဏ ဇောတိကိုပင့်ထားပြီး မြို့ချောင်အလယ်ထပ်မှာ ကျောင်းဆောက်၍ အဲဒီကျောင်းမှာနေစေပြီး စာချခိုင်းတယ်။ တိုက်ထဲမှာစာချရတယ်။ နေ့ပိုင်းစာချ၍ ညပိုင်းစာပြန်ခိုင်းတယ်။ ပုဒ်စစ်၊ သုတ်စစ်၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာ၊ သဒ္ဒါ၊ သင်္ဂြိုဟ် ပါဠိတွေကို အလှည့်ကျပြန်ဆိုရ တယ်။ ဒေါ်ဒေါ်နှင့်ဒေါ်ဒေါ်မိုးတို့က ဒိုင်ခံပဲ ပြန်ဆိုရတယ်။

ဒေါ်ဒေါ်တို့က အခုခေတ်လို အလျှုခံလဲမထွက်ရ။ ဘယ်မှလဲ မသွားရ၊ ဧည့်ဝတ်လဲမပြုရဘူး။ အခုခေတ်နဲ့ကွာတယ်။ အားမလို အားမရဖြစ်ရတယ်။ အဲဒီအချိန်က လူငယ်တွေလဲနည်းသေးတယ်။ တရား အားထုတ်တဲ့သူက များတယ်။ မြို့ချောင်အပေါ်ထပ်မှာ ကမ္မဋ္ဌာန်း ကျောင်း(၁၀)လုံးလောက်ရှိတယ်။ နေ့စာစားအပြီး အပေါ်ထပ်တက် ကမ္မဋ္ဌာန်းအားထုတ်ပြီး ညနေမှ အောက်ထပ်ပြန်ဆင်းလာကြရတယ်။

လူငယ်တွေက တတ်နိုင်သလောက် ဝါဝင်ရင် ကမ္မဋ္ဌာန်း အားထုတ်ဖို့(၇)ရက်(၁၀)ရက် အဓိဋ္ဌာန်ဝင်ရတယ်။ ဝါဆိုပြီးရင်း ပရိယတ်

ပဋ္ဌာန်းပတ် စာရင်းကောက်ယူပြီး ဆရာဘုရားကြီးက မဟာဂန္ဓာရုံသို့ပို့ရတယ်။ စာသင်သားကလွဲရင် အားလုံးတရားအားထုတ်ကြရတယ်။

ဆရာဘုရားကြီးကတော့ အထူးအဓိဋ္ဌာန်ဝင် ဝစီပိတ်ကျင့်နေတာပဲ။ သီတင်းနေ့တိုင်း တရားဟောတယ်။ ဒေါ်ဒေါ်တို့က ငယ်တော့ သိပ်စိတ်မဝင်စားလှပါဘူး။ မိမိကိုယ်တိုင် လူကြီးတစ်ယောက်ဖြစ်လာတော့မှ ရှေးလူကြီးတွေ အလွန်တော်ကြတာပဲ၊ ဒို့နဲ့များ ကွာခြားလိုက်တာ၊ ဆရာဘုရားကြီးတို့ရဲ့ (၁၀)ပုံ(၁)ပုံတောင် ဒို့မမီပါဘူးလို့ တွေးမိပြီး ဒေါ်ဒေါ်တို့နှမြောလိုက်တာ၊ လွမ်းလိုက်တာအမောပါပဲ။

ဆရာဘုရားကြီးက ဝါဝင်ခါနီး စစ်ကိုင်းပြန်လာပြီး တပို့တွဲ တပေါင်းကျရင် မော်လမြိုင်ပြန်သွားတယ်။ တစ်လှည့်စီပဲနေတယ်။ မော်လမြိုင် တောင်ဝိုင်းကြီးပုဗ္ဗာရုံကျောင်းမှာ ဆရာဘုရားကြီးရဲ့ ဇရပ်ကြီးတစ်ဆောင်ရှိတယ်။ အဲဒီမှာ သီလရှင်တွေ ဒါယကာ ဒါယိကာမတွေ တရားအားထုတ်ကြရတယ်။ ဆရာဘုရားကြီးက တရားပြတယ်။

ဆရာဘုရားကြီးက အသားအရေနုတယ်။ အပူဒဏ်မခံနိုင်ဘူး။ ၁၃၁၆-ခုနှစ်မှာ တောင်ငူမြို့က ဆရာဘုရားကြီးရဲ့တူ ဆန်စက်ပိုင်ရှင် ဦးဝင်းဖေက သားတွေရှင်ပြုလာမယ်ဆိုလို့ စောင့်ဆိုင်းနေစဉ် အပူမိပြီး ဖျားနာသွားတယ်။

အဲဒီလို ဆရာဘုရားကြီးနေထိုင်မကောင်းဖြစ်နေချိန် ဓမ္မာစရိယတန်းအောင်ဂေဇက်ထွက်လာတော့ ဒေါ်ဒေါ်လဲ ဝမ်းသာအားရနဲ့ ဆရာဘုရားကြီးအား တပည့်တော် ဓမ္မာစရိယအောင်ပါတယ်ဘုရားလို့ လျှောက်လိုက်တော့ ဆရာဘုရားကြီးကလဲ ဝမ်းမြောက်ဝမ်းသာပြုံးပြီး ဒါဖြင့် ငါ့တပည့် ဘုန်းကြီးကျောင်းစာမတက်ရတော့ဘူးပေါ့၊ ချောင်ထဲမှာပဲ စာချတော့နော်တဲ့။ မှန်ပါဘုရားလို့လျှောက်လိုက်ရတယ်၊ ဒါတွေတွေးပြီး ဒေါ်ဒေါ်ဝမ်းသာနေမိတယ်။

အဲဒီခေတ်က ဓမ္မာစရိယတန်းစာဝါများကို ပို့ချပေးနေကြတဲ့ ပါဠိတက္ကသိုလ်နှစ်ခုရှိတယ်။ အတိသုဒ္ဓါရုံပါဠိတက္ကသိုလ်နဲ့ ဇေယျသိန် ပါဠိတက္ကသိုလ်တို့ဖြစ်တယ်။ သမိဒ္ဓေါ၊ ဇေယျသိဂီ၊ ခေမေသက၊ ဂူနီ စတဲ့ချောင်တွေက သီလရှင်ဆရာလေးတွေလဲ ဓမ္မာစရိယတန်း ဖြေရန် ဇေယျသိန်ပါဠိတက္ကသိုလ်မှာ စာတက်ကြတယ်။ ဒေါ်ဒေါ်လဲ ဇေယျသိန် ပါဠိတက္ကသိုလ်မှာပဲ ဆရာဘုရားကြီးထံ ခွင့်ပန်ပြီး စာတက်ခဲ့တယ်။ အဲဒီလိုနဲ့ ဓမ္မာစရိယအောင်ခဲ့တာ၊ မမိုးကလဲ အဲဒီနှစ်မှာပဲ အကြီးတန်း အောင်ပြီး ပထမကျော်ရခဲ့တယ်။

ဖျားနာနေတဲ့ဆရာဘုရားကြီးကို သမားတော်များနဲ့ကုသနေ သော်လဲ ရာသီဥတုပူပြင်းမှုဒဏ်မခံနိုင်တော့ဘဲ ၁၃၁၆-ခု တန်ခူးလပြည့် ကျော်(၁)ရက်နေ့ ကွယ်လွန်အနိစ္စရောက်သွားပါတယ်၊ အားလုံးက နှမြောလို့မပြီး ဝမ်းနည်းလို့မဆုံးဖြစ်ကြရတယ်။

ဆရာဘုရားကြီးမရှိတဲ့နောက် အရွယ်လွန်မှ သီလရှင်ဝတ်ပြီး ဆရာဘုရားကြီးကိုပြုစုခဲ့တဲ့ တူမသီလရှင်ဒေါ်စန္ဒေရီနဲ့အတူ ဒေါ်ဒေါ် တို့ တူအရီးစာချနေကြတယ်။ ၁၃၂၄-ခုနှစ်ရောက်တော့ ဒေါ်စန္ဒေရီ လဲ လေငန်းရောဂါနဲ့အနိစ္စရောက်သွားပြန်တယ်၊ အဲဒီအချိန်ကစပြီး ဒေါ်ဒေါ်တို့လဲ လူကြီးဖြစ်မှန်းမသိ ဖြစ်လာတော့တာပဲ။

အဲဒီအချိန်ကစ၍ ဒေါ်ဒေါ်တို့တူအရီးတွေ ကိုယ်တတ်နိုင် သလောက် အင်တိုက်အားတိုက် သာသနာပြုခဲ့ကြတယ်။ (၁၀)ရက် တရားစခန်းပွဲလဲ (၇)နှစ်၊ ပြီးတော့ နှစ်စဉ်ပဋ္ဌာန်းပူဇော်ပွဲ၊ အဘိဓမ္မာ ရွတ်ပွဲ၊ မဟာသမယရွတ်ပွဲစတဲ့ သာသနာ့အလုပ်တွေကိုလဲ နိုင်သလောက် ကြိုးစားပြုလုပ်ခဲ့ပါတယ်။

တပည့်တွေကို စာချပေးရ၊ အမေကိုလဲ ပြုစုရမို့ လူပင်ပန်းသော် လဲ ဒေါ်ဒေါ်က ပျော်တယ်၊ ဒေါ်ဒေါ့်အမေလဲ (၉၇)နှစ်အရွယ်မှာ

အနိစ္စရောက်သွားတယ်။ လိုလေသေးမရှိ ပြုစုခဲ့ရလို့ ဝမ်းသာတယ်။

၁၃၆၂-နှစ်ရောက်တော့ အသက်လဲ(၈၀)ပြည့်ပြီဖြစ်လို့ အနားယူတော့မယ်၊ မမိုး(ဒေါ်ဣန္ဒသီရိ)နဲ့တပည့်တွေကို အပ်တော့မယ်လို့ ဆုံးဖြတ်ချက်ချထားခဲ့တယ်။ သီတင်းကျွတ်လရောက်တော့ ဒေါ်ဒေါ်ရော ဒေါ်မိုးပါ နှစ်ယောက်လုံး ပြိုင်ပြီးနေမကောင်းဖြစ်လိုက်ကြတယ်။ မန္တလေးဆေးရုံနဲ့ အိမ်မှာ ဒေါ်ဒေါ်က တစ်လခွဲ၊ မမိုးက (၅)လလောက်နေခဲ့ရတယ်။

မမိုးက လေငန်းရောဂါဖြစ်လိုက်တော့ ဒေါ်ဒေါ်စိတ်တွေ ထိခိုက်ပြီး စိတ်ဓာတ်တွေကျ၊ ဘာလုပ်ရမှန်းမသိ၊ ဘယ်လိုနေရမှန်းမသိဖြစ်သွားတယ်။ ငါတို့အသုံးမကျတော့ဘူးလို့ စိတ်ဓာတ်တွေ ကျဆင်းနေတယ်။

နယုန်လရောက်တော့ ဇေယျသီရိချောင်ဆရာက တယ်လီဖုန်းဆက်ပြောတယ်။ မကန္တနရေ. . . သီတဂူဗုဒ္ဓတက္ကသိုလ်က ဦးဇင်းတစ်ပါးက သီလရှင်သာသနာအောက်တန်းကျနေလို့ သာသနာတိုးတက်အောင်မြှင့်တင်ရေးတရားဟောချင်လို့တဲ့၊ လက်ခံလိုက်ပါ။ ညနေ(၄)နာရီလောက်ကြွလာလိမ့်မယ်။ ပြင်ဆင်ထားပါတဲ့။

ဒါနဲ့ သီလရှင်တွေ ဘာတွေများဖြစ်ကုန်ကြပါလိမ့်လို့ ပထမစိတ်ပူသွားတာပေါ့၊ ချောင်ထဲက သီလရှင်တွေရော၊ အနီးအနားက သီလရှင်တွေပါ စုစည်းပြီး ဘုရားကျောင်းမှာပြင်ဆင်ပြီး နေရာယူထားကြရတယ်။

ညနေကြတော့ သီတဂူမှ ဦးဒေဝိန္ဒာလင်္ကာရာဘိဝံသ၊ ဦးပညာသီဟာလင်္ကာရတို့နဲ့အတူ အမေရိကန်အမျိုးသမီးတစ်ယောက်ပါလာတယ်။ သူတို့ကို နိဗ္ဗိန္ဒချောင်ဒေါ်ဇဝနက လိုက်ပို့ပေးတယ်။ တရားကတော့ သီလရှင်သာသနာအားနည်းနေတဲ့အကြောင်း၊ ခရစ်ယာန်သီလရှင်များလို ပရဟိတလုပ်ငန်းတွေနဲ့တွဲပြီး အမျိုးသမီးတွေကို ဆွဲ

ဆောင်ကြဖို့လိုကြောင်း၊ အင်္ဂလိပ်စာလဲ သင်ကြဖို့လိုသေးကြောင်း စတဲ့အားတက်ဖွယ်ရာတွေ ဟောတာပါပဲ။ အရှင်ဘုရားတို့ သင်ပေးမလား၊ အရှင်ဘုရားတို့တက္ကသိုလ်က အပင်ကြီးတွေစိုက်တာ တပည့်တော်တို့ သီလရှင်တွေက အပင်ငယ်လေးတွေဟု လျှောက်လိုက်ပါသည်။

ဒေါ်ဒေါ်လဲ တရားတွေနာပြီး သဘောတွေပေါက်၊ စိတ်ဓာတ်တွေတက်၊ အားတွေတက်ကြွလာတယ်၊ အမရပူရ ဆရာတော် ဦးဇနကာဘိဝံသတောင် ပျံလွန်တော်မူခါနီးအထိ စာချသွားသေးတာပဲ။ ငါလဲကိုယ့်လမ်းစဉ်ကို ကိုယ်ပြန်လျှောက်ပြီး သာသနာပြုမယ်၊ သေမှပဲရပ်တော့မယ်လို့ ဆုံးဖြတ်ပြီး သီလရှင်လေးတွေကိုအားပေး၊ စာချဆရာတွေကိုလဲ စာဝါတွေ ဂရုတစိုက်ပို့ချပေးကြဖို့ ပြောရ၊ မိမိတို့ တက်ချင်တဲ့စာဝါကိုလဲ ချပေးနိုင်တဲ့ပုဂ္ဂိုလ်များထံ စာတက်ကြဖို့ ခွင့်ပေးပြီးပြန်ထိန်းသိမ်းရတယ်၊ ကိုယ်တိုင်လဲ အားပြန်တင်းလိုက်တယ်။

ခုတော့ အရွယ်က ရှစ်ဆယ်ကျော်၊ ကိုးဆယ်နားနီးလာတော့ကိုယ့်ကိုယ်ကိုလဲ အားမရ၊ သူများကိုလဲ အားမရ၊ အရွယ်ကအို၊ စိတ်ကပျို အလိုမကျနိုင်ဖြစ်ရတယ်။ နောက်တော့ ငါနေရေးထက်သေရေးကပိုပြီး အရေးကြီးပါလားလို့ တွေးပြီး စိတ်ကိုပြန်ထိမ်းရတယ်။

ဒေါ်ဒေါ် မူလရည်မှန်းထားတဲ့အတိုင်း အခုတော့ နာယကတွေ အနုနာယကတွေကို ချောင်အပ်ပြီးပါပြီ။ ဘုရားသာသနာတည်သမျှကာလပတ်လုံး မြို့သာသနာကို အာစရိယပရမ္ပရ၊ သိဿာနုသိဿ အဆက်ဆက်လက်ဆင့်ကမ်းပြီး ဆောင်ရွက်ကြပါ၊ မြို့ချောင်သည် ကိုယ်ပိုင်ချောင်မဟုတ်၊ အများပိုင်ချောင်ဖြစ်တယ်၊ ကိုယ်စွမ်းနိုင်တဲ့ဘက်က ကိုယ်ဆောင်ရွက်ကြပါ၊ တည်တန့်အောင်၊ တိုးတက်အောင် စာရိတ္တကောင်းကို မူတည်ပြီး ပညာရေးကို ဦးစားပေးကြပါ၊

ပြီးတော့ နာယကတွေ မျက်စိဖွင့်နားစွင့်ပြီး အမြဲနိုးကြားကြပါ။ သာသနံ ပုညဝန္တဿ စတဲ့ဂါထာအရ ဘုန်းကံကြီးမားတဲ့မြတ်စွာဘုရား သာသနာတော်ကို ဘုန်းကံကြီးမားသူတို့သာ ထမ်းဆောင်နိုင်ပါတယ်။ ဆောင်ရွက်နိုင်ပါတယ်၊ ဘုန်းကံနည်းသူတွေ မဆောင်ရွက်နိုင်ပါဘူး၊ ကိုယ့်ဘဝကို တန်ဖိုးထားကြပါ၊ အဂတိအလိမ္မာ ပညာဗဟုသုတတွေ ရှာမှီးကြပါ၊ အရာရာ စိတ်ကောင်းထားကြပါလို့ တိုက်တွန်းပါတယ်။

စိတ်ကောင်းထားကာ မိတ်ကောင်းရှာ ကောင်းစွာကရားနာ

(သီတဂူဆရာတော်ဩဝါဒ)

ဆုံးမသမျှ နားထောင်၊ ကျန်းမာအောင် သတိပြု
သိမှုအတွက် ကြိုးစား၊ ဝတ္တရားကြေပါစေ
ကွက်လပ်တွေ မရှိစေနဲ့

(သုဓောဓာရုံဆရာတော် ဩဝါဒ)

ပညာလည်းတတ်၊ စိတ်ထားမြတ် လိုအပ်သာသနာ။
ပညာမတတ်၊ စိတ်ထားမြတ် လိုအပ်သာသနာ။
ပညာကားတတ်၊ စိတ်မမြတ် ပိုအပ်သာသနာ။
ပညာမတတ်၊ စိတ်မမြတ် ပိုအပ်သာသနာ။

(ဝိဇိတာရုံဆရာတော်ဩဝါဒ)

လုပ်သာလုပ်၍ မပြောသောသူ
ပြောသာပြော၍ မလုပ်သောသူ
လုပ်လည်းမလုပ် ပြောလည်းမပြောသောသူ
လုပ်လည်းလုပ် ပြောလည်းပြောသောသူ

(သုဗောဓာရုံဒေါက်တာနန္ဒမာလာဘိဝံသ ဩဝါဒ)

ဒီလေးယောက်ထဲက ငါဘယ်သူလဲလို့ စဉ်းစားပါ၊ သာသနာတော်မှာ လိုအပ်တဲ့သူ ဟုတ်၊ မဟုတ် စိစစ်ပါ၊ ဆရာတော်တွေရဲ့ ဩဝါဒတွေက သိပ်ကောင်းတာပဲ၊ လိုက်နာကြပါ၊ သာသနာပြုလုပ်ငန်း

ဆိုတာ အလွန်ပျော်စရာကောင်းပါတယ်၊ စိတ်လဲချမ်းသာပါတယ်၊ အချင်းချင်းညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ရှိကြပါ။ ညီညွတ်ခြင်းသည် အောင်မြင်ခြင်းအကြောင်း၊ ကြီးပွားခြင်းအကြောင်းရင်းပါပဲ။

ဘယ်သူမကောင်းကောင်း ကိုယ်ကကောင်းပါ၊ ဘယ်သူဝတ္တရားမကျေကျေ ကိုယ်ကကျေပါ။ အဂတိလိုက်စားမှု လုံးဝရှောင်ကြဉ်ပါ။ လိုက်စားတဲ့ပုဂ္ဂိုလ်ကို ဖယ်ထုတ်ပါ။ ပညာရှိပုဂ္ဂိုလ်ကြီးတွေ၊ ဆရာသမားတွေ စီစဉ်ထားတဲ့ စည်းမျဉ်းဥပဒေတွေကို ကိုယ့်လိုသာမညပုဂ္ဂိုလ်တစ်ယောက်ကြောင့်မပျက်စီးပါစေနဲ့။ မထိခိုက်ပါစေနဲ့။ ထိန်းသိမ်းစောင့်ရှောက်ကြပါ၊ ရိုသေကြပါ။

တစ်ဦးနဲ့တစ်ဦး ဂါရဝထားကြပါ၊ ရိုသေကြပါ၊ ဒါလဲ အချင်းချင်းသာရိုသေကြရမှာမဟုတ်ပါဘူး။ အဂ္ဂိတ္တိုရ်ကျမ်းလာ ရိုသေထိုက်သော တရားအားလုံးကိုပါ ရိုသေကြရမှာပါ၊ "သုံးရတနာ သိက္ခာသမာဓိ ပဋိသန္ထာ အပ္ပမာဒ ဟိရိပြလျက် သြတ္တပ္ပနှင့် အညမညာ ပေါင်းဆယ်ဖြာသည် ရိုသေထိုက်ရာ ဝတ္ထုတည်း"တဲ့။ ဒါတွေလဲ လေးစားရိုသေပါ။ တပည့်တော်တို့ ဇေယျသိန်ဆရာတော် အမိန့်ရှိသလို တင့်ပါတင့်ပါနဲ့ နင်တို့ တင်ပါးက ခါးအောက်ကတင်ပါးချည်းပါတဲ့၊ လိုက်နာကျင့်သုံးမှု တင့်ပါဖြစ်ပါစေတဲ့။

ပြီးတော့ သီတဂူဗုဒ္ဓတက္ကသိုလ်က ဦးပဥ္စင်းလေးတွေကိုလဲ ကျေးဇူးတင်တဲ့အကြောင်း ဒီနေရာကနေ လျှောက်ထားလိုပါတယ်။ ဦးပဥ္စင်းတို့တရားတွေနာ၊ ဦးပဥ္စင်းတို့ပေးတဲ့စာအုပ်တွေဖတ်ရလို့ သဘောပေါက်ပြီး ဗဟုသုတတိုးလိုက်တာ လွန်ပါရော။ သာသနာပြုကြတဲ့ ဆရာတော်သံဃာတော်တွေရဲ့ သာသနာပြုအလုပ်ကိုကြည့်ပြီး အားရမဆုံး၊ ကြည်ညိုလို့မဆုံးပါဘူး၊ ကုသိုလ်တွေလဲ ပွားရပါတယ်။ သာသနာကြီးစားပြုတော်မူကြပါဘုရား။

ဦးဇင်းလေးတွေ၊ သီလရှင်ငယ်ရွယ်သူတွေ သာသနာပြုကြပါ။ ဒေါ်ဒေါ်တို့ကတော့ အရွယ်လွန်ပြီ။ ကိုယ်ကထင်သလောက်မလုပ်နိုင်၊

စိတ်ပဲ ရှိတော့တယ်၊ တပည့်တွေကလဲ ငါတို့ဆရာ(၂)ပါးထဲက (၁)ပါးပဲရှိတော့ တယ်ဆိုပြီး ဒေါ်ဒေါ်ကို ပိုဂရုစိုက်ကြပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ဆွေမျိုးတွေကလဲ ဒီလိုပဲ၊ ကိုယ့်အမျိုးထဲ အကြီးဆုံးဆိုပြီး ဂရုစိုက်ကြပါတယ်၊ စိတ်လဲချမ်းသာပါတယ်။

ဒေါ်ဒေါ်အထူးပြောချင်တာက ဒေါ်ဒေါ်သေရင် ပိုကြမယ့်အစား ဒေါ်ဒေါ်လိုလားတဲ့ ဆန္ဒပြင်းပြတဲ့ ဘုရားသာသနာ၊ မြို့သာသနာကို အရှည်တည်တန့်ပြီး တိုးတက်အောင် ထမ်းဆောင်နိုင်ကြပါစေ၊ ရည်မှန်းချက်ဆုံးခန်းတိုင်အောင် အထက်တန်းကျကျပြုစုဆောင်ရွက်နိုင်ကြပါစေ။ ထောက်ပံ့လှူဒါန်းနိုင်ကြပါစေ၊ လမ်းဖြောင့်လမ်းမှန်လျှောက်လှမ်းနိုင်ကြပါစေ၊ ဒေါ်ဒေါ့်ကို စိတ်ချမ်းသာမှုဆန္ဒပြည့်ဝမှုတို့ဖြင့် ကျေးဇူးကို ဆပ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း သံဝေဂဂါထာလေးနဲ့ နိဂုံးချုပ်ပါတယ်၊

သမိဒ္ဓါ နိဒ္ဓနာ ရူပါ၊ အရူပါနိ ဂုဏာဂုဏာ။

မရန္တိ မစ္စုသလ္လေန၊ သာယံ လောကဿ ဓမ္မတာ။

လောကေ-မရဏာအဆုံးတရားနဲ့ သတ္တဝါတွေ တပြုံးပြုံးကြွ နေကြတဲ့ ကမ္ဘာအလုံးအပြားတည်းဟူသော လောကကြီးထဲ၌၊

သမိဒ္ဓါစ- ဘောဂသမ္ဘာ ကံမဟာနှင့်ကြုံရာပြည့်စုံ ရွှေပုံပေါ်မှာ ခံစားလို့ စိန်သား ကိုတိုက်တည် အကြိုက်နယ်အလိုညီကြတဲ့ မီလျံနာခေါ် သူဌေးကျော်ကြီးတို့သည်လည်းကောင်း။

နိဒ္ဓနာစ- ဇာရာဏာပြည်နယ်က ရေသယ်နဲ့မဟာမိတ် မွဲတံဆိပ် ချန်ပီယံ မဟာဒုဂ်အိမ်နောက်ဖေးမှာ စွယ်ကလေးချကာ နေရ အင်မတန် အလွန်မွဲ ငတိခေါ်တဲ့ သူဆင်းရဲတို့သည်လည်းကောင်း

ရူပါစ- ကောင်းခြောက်ဆယ်လေးရပ်နှင့် သွေးထပ်ထပ်ရုပ် ဖုဿတီအရှင်မတို့လို မြင်ရသူမောရအောင် ချောအလှဂုဏ် ပြောပြ မကုန်နိုင်တဲ့ မြကြေးမုံတို့သည်လည်းကောင်း။

အရူပါနိစ-ပိန်ရတဲ့အထဲ ဝဲချောက်ကစွဲသေးရဲ့ အမဲက သပိ ရောင် မျက်ဆံချောင်ကုပ်ကိုင်းနှင့် လုပ်တိုင်းကလက်မခံ ဖက်မတ

အောင် စုပ်ညှိုးလှတဲ့ ရုပ်ဆိုးမတို့သည်လည်းကောင်း။

ဂုဏာစ- အိုင်အေဘီအေ အမ်အေနှင့် ဂျီအေအိုင်စီအက် ဘီဘီအက်ဒေါက်တာ ဆာအော်နာနှင့်မော်စရာအစားစား ပါဝါဂုဏ်တွေ ကြွားကြတဲ့ ဂုဏ်ကြီးရှင်များကို့သည်လည်းကောင်း။

အဂုဏာစ-ပညာကကင်း အဆင်းကစုတ်ချာ ဥစ္စာကနတ္ထိ ဉာတိ ကပါးရှား သူတောင်းစားရိပ်အနွယ်မှာ အလွယ်ငှားကာစားရတဲ့ လူမွဲ လူနုပ် လူစုပ်ဗလချာ လူမသတီစရာတို့သည်လည်းကောင်း။

တေ- ထိုဆိုတဲ့သွယ်သွယ်၊ ဂုဏ်မဲ့ကြွယ်တို့သည်။

ပစ္စုသလ္လေန- စိန်ရည်စိန်သွား သေမင်းမြှားဖြင့်။

မရန္တိ- ဂုဏ်ထူးတွေကိုပြစ် အချစ်တွေကိုခွါ ဥစ္စာတွေပါ ကွေကွင်း၍ သေခြင်းမလှ သေကြရလေကုန်၏။

အယံ-ဤသို့ သေကြကျေကြ သေကျေကြနှင့်ကွေရကွင်းဆိုး သေခြင်းဆိုတဲ့တရားမျိုးသည်။

လောကဿ- သောကနှင့်မျောရတဲ့ လောကကြီး၏ ဓမ္မတာ သဘောရိုးရာ မှန်လှပါပေ၏။ (ဝါ) ရှောင်သော်လည်း မရတဲ့ လောက သဘောမျိုး မှန်လှပါပေ၏။(ဝါ)ဘယ်ဘုရားနှင့် ဘယ်သိကြား ဘယ်ပြဟ္မာ ဘယ်ဆရာတွေ အစွမ်းမတိုးနိုင်တဲ့ လမ်းရိုးစဉ်လာ ဓမ္မတာကြီးပါပေ တည်း။

ဒေါ်ကဥ္စနဝတီ
သာသနဓဇသိရီပဝရဓမ္မာစရိယ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တိုင်းသီလရှင်အမှုဆောင်အဖွဲ့အကျိုးတော်ဆောင်
ပြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်
စစ်ကိုင်းတောင်၊ စစ်ကိုင်းမြို့





မူလအာဒိကမ္မိက

စစ်ကိုင်းတောင်၊ ဧမြို့ချောင်တည်

## ဆရာကြီးဒေါ်ကုမ္မာရီ အတ္ထုပ္ပတ္တိအကျဉ်း

စစ်ကိုင်းတောင်ရိုး၊ ဧမြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးကို စတင်တည်ထောင်ခဲ့သူမှာ မော်လမြိုင်သူ ဆရာကြီးဒေါ်ကုမ္မာရီ ဖြစ်ပါသည်။ ဧမြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီကို မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း ထန်းကုန်းရပ်နေ ဦးထွန်းပေါ် ဒေါ်နှင်းအေးတို့မှ (၁၂၃၄) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက် တနင်္လာနေ့တွင် မိဖျူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

ဦးထွန်းပေါ်+ဒေါ်နှင်းအေးတို့၏သမီးရတနာ ဧမြို့ချောင်ဆရာ လောင်းလျာသည် နေကွမ္မစသည် ရှေးရှေးပါရမီစုံညီပြည့်ဝ အကြောင်းလု ခဲ့သောကြောင့် (၁၂၅၆)ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်နေ့တွင် သံလျှင် မြို့၊ ကျိုက်ခေါက်ဘုရားကြီးခြေရင်း သီလရှင်ကျောင်း၌ သီတင်းသုံး

နေထိုင်သော အမရပူရမြို့၊ အောင်မြေရွှေဘုံသီလရှင်ဆရာကြီးဟူ၍ ထင်ရှားကျော်စောသူ သီလရှင်ဆရာကြီးထံတော်၌ ဆည်းကပ်ခစား ဝပ်တွားလျက် သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ မကုမ္မာရီဖြစ်ပါသည်။

သာသနာ့နွယ်ဝင် သီလရှင်ဘဝအဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာသာသနာ တော်တွင်းသို့ ချဉ်းနင်းဝင်ရောက်သည်မှစ၍ သမ္မပ္ပဓာန်လေးပါး လက် ကိုင်ထားပြီးလျှင် ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတည်းဟူသော အဓိပတိ လေးပါးဦးစီးလျက် ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ကို အပတ်တကုတ် ကြိုးစား အားထုတ်တော်မူပါသည်။

မြို့ချောင်ဆရာလောင်းလျာ မကုမ္မာရီသည် မော်လမြိုင်မြို့ တောင်ဝိုင်းဆရာတော် ဦးပဒုမထံတော်၌လည်းကောင်း၊ သန်လျင်မြို့ ကျိုက်ခေါက်ဘုရားကြီး ခြေရင်း ထန်းဦးကျောင်းဆရာတော်၏မြေး ဘုန်းတော်ကြီးထံ၌လည်းကောင်း၊ တွံတေးမြို့ မဂ္ဂရာဆရာတော် လူပျို တော်ဆရာကြီးထံ၌လည်းကောင်း၊ ရန်ကုန်မြို့ ကြားတောရ ရွှေကျင် တိုက်၊ ဂန့်ဂေါကျောင်းဆရာတော် ဦးဇောတိက ထံတော်၌လည်းကောင်း မိုင်းလုံဆရာတော် ဦးဂုဏဝါ၏ခမည်းတော် လူပျိုတော် ဆရာကြီး ဦးပုထံ၌လည်းကောင်း နေ့ဝါညဝါပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို ကျွမ်း ကျင်တတ်မြောက်သည်အထိ ပြည့်စုံလုံလောက်အောင် သင်ကြား ဆည်းပူးခြင်းပရိယတ္တိသာသနာ ဂန္ထဓုရတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

သက္ကရာဇ်(၁၂၆၇)ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး(အရိယာဟု ကျော်ကြားတော်မူသော) မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးထံတော်၌ ပဋိပတ်အကျင့်မြတ်ကို နည်းခံယူကာ ဝိပဿနာဓုရတာဝန်ကို ကျေပွန် အောင်ကြိုးပမ်းအားထုတ်ခဲ့ပါသည်။

မြို့ချောင်ဆရာလောင်းလျာ မကုမ္မာရီသည် (၁၂၇၀)ပြည့်နှစ်တွင် မဟာဂန္ဓာရုံကျောင်းဆရာတော်ဘုရားကြီး ညွှန်ကြားပေးရာ စစ်ကိုင်းတောင် ရှင်ပင်နံကိုင်းဘုရားကြီးမြောက်ဘက် ချမ်းသာကြီးချမ်းသာရဘုရားကို ဦးထိပ်ရွက်လျက်ရှိသော ညီညာကောင်းမွန်သော မြေပြန့်နေရာဝယ် မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ဟူ၍ ချောင်အမည်ကမွည်းတင်ကာ မြို့သာသနာကြီးကို စတင်ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ မြို့ချောင်ဆရာ ဒေါ်ကုမ္မာရီဟု ထင်ရှားလာခဲ့ပါသည်။

မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးသည် သီလရှင်များ စနစ်တကျသာသနာတော်မြတ်ကြီး၌နေထိုင်စေရန် ရည်သန်၍ ရေးသားသည့် သီလရှင်ကျင့်ဝတ်စည်းကမ်းဥပဒေကြီးကို မြို့ချောင် ဆရာကြီး ဒေါ်ကုမ္မာရီအား ဖြန့်ဝေစေခဲ့ပါသည်။

ယခုအခါ မြန်မာပြည်တွင် မြို့တိုင်းနယ်တိုင်း သီလရှင်သာသနာ၌ နေထိုင်ကြသော ကျောင်းတိုက်အသီးသီးမှ ဆရာကြီးဆရာလေးများသည် မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီထုတ်ဝေထားသော သီလရှင်ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးလျက် ရှိကြပါသည်။ သာသနာပြုကျမ်းစာဖြစ်ပါသည်။

မြို့ချောင်ဆရာကြီးဒေါ်ကုမ္မာရီသည် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ရေးသားပြီးဖြန့်ဝေစေခဲ့သော သီလရှင်ဥပဒေစည်းကမ်းနှင့်အညီ စနစ်တကျအုပ်ချုပ်၍ မြို့သာသနာကြီးကို တိုးတက်စည်ပင်စေခဲ့ပါသည်။

သမထဝိပဿနာ နှစ်ဖြာသောကမ္မဋ္ဌာန်းတရားတို့ကို အဖန်ဖန်ပွားလျက် လေးပါးသော မဂ်ဉာဏ်တို့ကို လျှင်မြန်စွာရကြပြီးလျှင် သုခအမှန် ပြည်နိဗ္ဗာန်ကို အမြန်ထုတ်ချောက် ရောက်ကြစေရန် စိတ်ရည်

သန်၍ မိမိတို့နှစ်သက်ရာ ကမ္မဋ္ဌာန်းတရားတို့ကို ပွားများလိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အတွက် "နိဗ္ဗာနပဝေသနီကျမ်း" ကိုလည်း ရေးသားပြုစုပြီး ထုတ်ဝေခဲ့ပါသည် အဆိုပါကျမ်းစာကို လေးကြိမ်တိုင်တိုင် ရိုက်နှိပ်ထုတ်ဝေပြီးဖြစ်ပါသည်။

၁၂၈၁-ခုနှစ်တွင် သာသနာပြန့်ပွားစည်ပင်စေရန် ရည်သန်ပြီးလျှင် သေီတာချောင် မြေချောင်တို့ကို ချောင်သစ်တည်ထောင်ကာ တူမ ဒေါ်နန္ဒေသီနှင့်တပည့်ကြီး ဒေါ်သီရိတို့ကို လွဲအပ်ပြီး စာသင်တိုက် ပရိယတ္တိသာသနာပြုချောင်အဖြစ် ဖွင့်လှစ်ပေးခဲ့ပါသည်။

မြို့ချောင်ဆရာဖွားဘုရားကြီး ဒေါ်ကုမ္မာရီသည် အသက်အရွယ်ကြီးရင့်လာသောအခါ သာသနာတော်ကြီး၏ အဓိကတည်တံ့ပြန့်ပွားကြောင်းဖြစ်သည့် ပရိယတ္တိသာသနာ့တာဝန်ကို ကိုယ်တိုင်မထမ်းဆောင်နိုင်သည့်အတွက် သာသနာ့ဇေသိရီပဝရဓမ္မာစရိယနှင့်သုဝဏ္ဏာဘူမိပိဋကတ္တယပါရဂူဘွဲ့တော်ရ တူတော်သူ ဘုန်းတော်ကြီး ဦးသုဝဏ္ဏဇောတိကို ၁၃၁၀-ခုနှစ်တွင် မြို့ချောင်သို့ပင့်၍ တပည့်ငယ်များအား ကိုယ်ဝိုင်ကြပ်မတ်စောင့်ရှောက်လျက် စာပေကျမ်းဂန် အတန်တန်တို့ကို ပို့ချစေခဲ့ပါသည်။ မိမိကိုယ်တိုင်ကမူ ပဋိပတ်ကိုသာ အလေးထားပြီးပွားများအားထုတ်နေပါတော့သည်။

ဖွားဘုရားကြီး ဒေါ်ကုမ္မာရီသည် သီလရှင်ဥပဒေစည်းကမ်းနှင့်အညီ အုပ်ချုပ်စေ၍ ပရိယတ်ပဋိပတ်တို့ကို အပြည့်အဝအလုံအလောက်ပေးထားပြီးဖြစ်သောတပည့်ကြီး တပည့်ငယ် အသွယ်သွယ်တို့လက်သို့ မြို့သာသနာကြီးကို အပ်နှင်းပြီးလျှင် ၁၃၁၆-ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက်နေ့ သက်တော်(၈၂)နှစ်အရတွင် ဘဝနတ်မကျောင်း ရွှေပြောင်းသွားခဲ့လေပြီတည်း။



# ပဓာနနာယကချုပ်
# စစ်ကိုင်းတောင် မြို့ချောင်ဆရာကြီး
# ဒေါ်ကဥ္စနဝတီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ရွှေဘိုမြို့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင် ဘိုးနက်သည် သူကြီးရာထူးဖြင့် အမှုထမ်းခဲ့သည်။ သူကြီးဘိုးနက်တွင် ဘိုးလှော်ကက်ဟူသော သားတစ်ယောက်ထွန်းပေါက်ခဲ့သည်။ ဘိုးလှော်ကက်မှ စလေမင်းကြီး ဦးလူညိုနှင့်ကျောက်ပန်းတောင်း မင်းကြီး ဦးရွှေကြည်ဟူ၍ သားနှစ်ပါးထွန်းကားခဲ့သည်။

တစ်ဖန် ကျောက်ပန်းတောင်းမင်းကြီး ဦးရွှေကြည်မှ နောင်အခါ လင်းဇင်းဗိုလ်ကလေးဟုထင်ရှားလာသည့် ဦးငွေပုံဟူသော သားတော်တစ်ပါးထွန်းကားသည်။ (လင်းဇင်းဗိုလ်ကလေး) ဦးငွေပုံသည် အသက်(၁၄)နှစ်အရွယ်တွင် ဗိုလ်ကလေးဟူသောရာထူးဌာနန္တရကို ရရှိခဲ့သည်။

အသက်(၁၆)နှစ်အရွယ်ရှိသောအခါ သက္ကရာဇ်(၁၂၁၄)ခုနှစ် အင်္ဂလိပ်မင်းနှင့်မြန်မာမင်းတို့ တိုက်စဉ်အခါက ပုသိမ်မြို့နယ်တွင်းရှိ ရွာတစ်ရွာ၌ တပ်စွဲနေရာ ထိုရွာကို ဗိုလ်ကလေး(ဦးငွေပုံ) အချိန်တာရှည်စွာ တပ်စွဲထားသောနေရာဖြစ်၍ ဗိုလ်ကလေးမြို့ဟူ၍ ယခုထက်တိုင် ထင်ရှားလျက်ရှိပေသည်။

လင်းဇင်းဗိုလ်ကလေးဦးငွေပုံသည် မြင်းတပ်ဗိုလ်ချုပ်ဦးထွန်းဦး၏သမီးအကြီးနှင့်ထိမ်းမြားလက်ထပ်၍ မောင်မောင်ဟူသောသားကို ဖွားမြင်ခဲ့သည်။ ထိုမောင်မောင်ဆိုသူမှာ စစ်ကိုင်းတောင်ရိုး၊ မြို့ချောင်နာယကချုပ်ဆရာကြီး ဒေါ်ကဥ္စနဝတီ၏ဖခင် ဦးမောင်မောင် ဖြစ်လာပါသည်။

ဦးမောင်မောင်သည် မိမျိုးဖမျိုးဘေးဘိုးစဉ်လာ ရာထူးဌာနန္တရ မနှစ်သက်၊ မင်းခယောက်ျားကမ်းနားသစ်ပင်ဘဝမျိုးမှ ထွက်၍ကုန်သည်ဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက် မန္တလေးတိုင်း အမရပူရမြို့နယ် မုံတောတောင်ကျေးရွာတွင် နေထိုင်ခဲ့သည်။

ဦးမောင်မောင်မှာ မုံတောတောင်ရွာတွင် နေထိုင်၍အိမ်ထောင်ဆက်သုံးဆက်ရှိခဲ့ရာ ဒေါ်လှခင် ဦးဘမောင်၊ ဦးဘအောင်၊ ဦးဘသောင်း၊ မကျင်မေဟု သားသမီးငါးယောက်ထွန်းကားခဲ့ပါသည်။ သမီးအထွေးဆုံး မကျင်မေကို ဦးမောင်မောင် ဒေါ်ဒေါ်တော်တို့မှ (၁၂၈၂)ခု၊ နယုန်လဆန်း(၈)ရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပါသည်။

ကုန်သည်ကြီး ဦးမောင်မောင်သည် အထွေးဆုံးသမီးငယ် မကျင်မေ (၉)နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသည်။ အမကြီးအမိအရာဆိုသကဲ့သို့ အမကြီးဒေါ်လှခင်သည် မောင်နှင့်ညီမများကို မိခင်မေတ္တာမျိုးအပြည့်အဝထား၍ စောင့်ရှောက်ခဲ့ပါသည်။

အမကြီး ဒေါ်လှခင်သည် (၁၂၉၁)ခု၊ တန်ခူးလတွင် သူ၏တစ်ဦးတည်းသောသမီး (၁၂)နှစ်ရှိ မခင်မြင့်ကြည်နှင့်အတူ (၉)နှစ်အရွယ်ရှိညီမငယ်လေး မကျင်မေကို စစ်ကိုင်းတောင်ရိုး၊ မြို့ချောင်မော်လမြိုင်သီလရှင်စာသင်တိုက်ကို ပထမတည်ထောင်တော်မူသောနာယကဆရာကြီး ဒေါ်ကုမ္ဘာရီထံအပ်နှံ၍ ဆရာကြီး ဒေါ်ကုမ္ဘာရီကိုဥပဇ္ဈာယ်ပြုပြီးလျှင် မြင့်မြတ်သောသာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ သွက်သွင်းပေးပါသည်။ ဆရာကြီးက မခင်ကြည်ကို မစန္ဒဝတီဟုဘွဲ့အမည်ပေး၍ မကျင်မေကို ဆရာလေး မကဥ္စနဝတီဟု ဘွဲ့အမည်ပေးခဲ့ပါသည်။

သမီးလေး မကဥ္စနဝတီ သာသနာ့ဘောင်မှာဝင်ရောက်နေထိုင်ပျော်မွေ့နေသည့်အတွက် မိခင်ဖြစ်သူ ဒေါ်ဒေါ်တော်သည်လည်း ထို

နှစ်ဝါဆိုလမှာပင် သမီးလေးရှိရာ မြို့ချောင် မြို့ဆရာကြီးထံလာရောက်ပြီး သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့ပါသည်။ သက်တော်(၉၇)နှစ်အရွယ်မှာ လူ့ပြည်ငြီးပြီး နတ်ထီးနတ်နန်း စံမြန်းသွားခဲ့ပါသည်။

ဆရာလေး မကဥ္စနဝတီသည် သဒ္ဒါဆန္ဒဝိရိယဓာတ်တွေ ပြင်းထန်သူဖြစ်သဖြင့် ၁၃၁၅-ခုနှစ်၊ အစိုးရဓမ္မာစရိယတန်း၌ ဂုဏ်ထူးဆောင်ကျမ်းများဖြင့် အောင်မြင်သောကြောင့် သာသနဓဇသိရီပဝရဓမ္မာစရိယဟူသောဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့ပါသည်။

၁၃၁၆-ခုနှစ်၌ ပထမချောင်ဆရာကြီး ဘဝနတ်ထံ စံလွန်သွားသည့်အခါ တူမဖြစ်သူ ဒေါ်စန္ဒေရီက ဒုတိယမြောက် ချောင်ဆရာအဖြစ်ခံယူ၍ မကဥ္စနဝတီက လက်ထောက်ချောင်ဆရာအဖြစ်ဖြင့်လည်းကောင်း၊ ပထမစာချအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ပါသည်။ ၁၃၂၄-ခုနှစ်၊ ဒေါ်စန္ဒေရီကွယ်လွန်အနိစ္စရောက်သွားသောအခါ ဒေါ်ကဥ္စနဝတီ တတိယမြောက် ချောင်ဆရာအဖြစ် ခံယူပြီး တူမဖြစ်သူ ပထမကျော် ဓမ္မာစရိယ ပါဠိပါရဂူဘွဲ့ရ ဒေါ်ဣန္ဒသိင်္ဂီက လက်ထောက်ချောင်ဆရာ၊ ပထမစာချတာဝန်များကိုယူလျက် မြို့သာသနာတော်ကြီးကို တိုးတက်အောင် အားကြိုးမာန်တက်ဆောင်ရွက်ကြပါသည်။

ဆရာကြီး ဒေါ်ကဥ္စနဝတီသည် သာသနာစိတ်ဓာတ်ပြင်းထန်သည့်အလျောက် စာပေစိတ်လည်း ထက်သန်လှသည်။ လူတိုင်းစာပေမှာ ပျော်မွေ့စေချင်သည်။ ထို့ကြောင့် ယနေ့သက်တော်(၈၈)နှစ်ရှိသည့်တိုင်အောင် စာချပေးနေတုန်းရှိပါသေးသည်။ စာပေကိုမြတ်နိုးသူဖြစ်၍ ၁၃၅၃-ခုနှစ်၌ နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ထူးဖြင့် ချီးကျူးပူဇော်မှုခံရပါသည်။

ယခုအခါ စစ်ကိုင်းတိုင်း သီလရှင်အမှုဆောင်အဖွဲ့ အကျိုးတော်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ မန္တလေးမြို့၊ မလွန်ဆန်လှူအသင်းကြီးမှ ဆန်များကို စစ်ကိုင်းတောင်ရိုးရှိ သီလရှင်များသို့ လှူဒါန်းမှုတွင် အကျိုးတော်ဆောင်(အတွင်းရေးမှူး)အဖြစ်ဖြင့်လည်းကောင်း ဆရာကြီး ဒေါ်ကဥ္စနဝတီက ဆောင်ရွက်လျက်ရှိပါသည်။

## နာယကချုပ်ဆရာကြီး
## ဒေါ်ကဥ္စနဝတီ

သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တိုင်းသီလရှင်အမှုဆောင်အဖွဲ့အကျိုးတော်ဆောင်၏
ဩဝါဒသာရဏီယကထာ

၁။ အောင်မြင်လိုလျှင် စွမ်းအားတင် လုပ်ခွင့်မပျင်းနဲ့။
၂။ မြင့်ထက်နေချင် ကြိုးစားနှင့် ရောက်လျှင်မဆင်းနဲ့။
၃။ အနေမဟန် ကျင့်မမှန် သူ့ထံ မချဉ်းနဲ့။
၄။ ယဉ်ကျေးလှပ ရိုင်းမလှ ဒေါသမတင်းနဲ့။
၅။ ပြောဆိုအတင်း ကုန်းချောခြင်း ခံတွင်းမသွင်းနဲ့။
၆။ မုဒိတာခြုံ မေတ္တာလုံ သူ့ဂုဏ်မထွင်းနဲ့။
၇။ ကြီးငယ်မျက်နှာ မွဲချမ်းသာ လိုက်ပါမပင်းနဲ့။
၈။ တရားတော်နာ ဝတ်တက်ရာ ရှောင်ခွါမကွင်းနဲ့။
၉။ ဆရာဆုံးမ တပည့်က နှုတ်ဟာမငြင်းနဲ့။
၁၀။ မိဝတ်ဖဝတ် ဆရာ့ဝတ် မချွတ်မယွင်းနဲ့။
၁၁။ အသက်ထက်ဆုံး မ,ဆယ်လုံး စွဲသုံးမမေ့နဲ့။



# ဒေါ်ကုဏ္ဍသိဂီ

(ပထမကျော်)

သာသနဓဇသီရိပဝရဓမ္မာစရိယ
သာသနဓဇဝိနယပါဠိပါရဂူ
မဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

## အတ္ထုပ္ပတ္တိအကျဉ်း

စစ်ကိုင်းတောင်ရိုး၊ ဓမ္မြို့ချောင်၊ လက်ထောက်ချောင်ဆရာကြီး ဒေါ်ကုဏ္ဍသိဂီသည် မန္တလေးမြို့၊ ၈၄-လမ်း၊ ၃၇-လမ်းထောင့်၊ သမာဓိပွဲရုံ ပွဲစားကြီး ဦးဘမောင် + ပွဲကတော် ဒေါ်စကာ တို့မှ ၁၂၉၁-ခု၊ ကဆုန်လပြည့်ကျော်(၆)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။

ငယ်မည်မှာ ထိုစဉ်အချိန်ကမိုးအကြီးအကျယ်ရွာသွန်းနေပြီးမိုးတွေ စွေနေခိုက် မွေးဖွားခဲ့သောကြောင့် မိဘတွေက သူမကိုတစ်သက်တာလုံး မှတ်မှတ်ရရဖြစ်နေစေဖို့ မခင်မိုးတီဟုခေါ်တွင်စေခဲ့ကြောင်း သိရသည်။

မမိုး၏ဖခင် ပွဲစားကြီး ဦးဘမောင်ဆိုသူမှာ ဓမ္မြို့ချောင် ပဓာန နာယကဆရာကြီး ဒေါ်ကဥ္စနဝတီ၏အစ်ကိုကြီးအရင်းဖြစ်သည်။ ယခု လက်ရှိသမာဓိပွဲရုံပိုင်ရှင် ဦးခင်မောင်လေးနှင့်ဒေါ်ကုဏ္ဍသိဂီတို့မှာ မောင်နှမအရင်းအချာဖြစ်၍ ဦးခင်မောင်လေးက မောင်ငယ်ဖြစ်သည်။

မမိုးသည် အတန်းပညာကို (၅)တန်းထိ သင်ယူခဲ့သည်။ အရီးလေးဖြစ်သူ ဒေါ်ကဋ္ဌနဝတီက သာသနာတော်မှာ ဝင်ရောက်ပြီး သာသနာ့အလုပ် အားထုတ်လျက်ရှိသောကြောင့်လည်းကောင်း၊ သူမကိုယ်တိုင်က ပါရမီဓာတ်ခံရင့်သန်နေသူဖြစ်၍ သူတော်ကောင်းဓာတ်တွေက စေ့ဆော်တိုက်တွန်းနေမှုကြောင့်လည်းကောင်း မမိုးသည် (၁၂) နှစ်အရွယ် (၁၃၀၃)ခုနှစ်မှာ အရီးလေးများ နေထိုင်ရာ မြို့ချောင်သို့ ရောက်လာခဲ့ပေသည်။

မမိုး၏မိဘတို့က မမိုးကို မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီ ထံအပ်နှံပြီးလျှင် ဒေါ်ကုမ္မာရီကို ဥပဇ္ဈာယ်ပြု၍ သာသနာ့ဒွယ်ဝင် သီလရှင်ဘဝသို့ ရောက်စေခဲ့သည်။ ဆရာကြီးကိုယ်တိုင်က မဏ္ဍသီဂီဟု ဘွဲ့အမည်ရွေးချယ်ပေးခဲ့သည်။

သာသနာတွင်းသို့ ဝင်ရောက်လာချိန်မှစ၍ မဏ္ဍသီဂီသည် ဆရာသမားကောင်းတို့နှင့်ပေါင်းသင်းနေထိုင်ရမှု၊ အရီးလေး၏ အနီးကပ်ကူညီစောင့်ရှောက်ခြင်းခံရမှု၊ သူမကိုယ်တိုင်က လိမ္မာယဉ်ကျေးစွာ နေထိုင်ပြီး စာပေကို ကြိုးစားအားထုတ်နေမှုတို့ကြောင့် များမကြာခင် အခြေခံပရိယတ်စာတွေ သင်ပြီးဖြစ်သွားခဲ့သည်။ သို့ဖြစ်၍ ပထမငယ်တန်းဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံးတွင် သီလရှင်ပထမဆုရရှိခဲ့သည်။

မဏ္ဍသီဂီသည် တာထွက်ကောင်းခဲ့သည်ဟုဆိုရမည်။ တောက်မည့် မီးခဲ တရဲရဲဆိုသလို ထိုပထမဆုက မဏ္ဍသီဂီ၏ သဒ္ဓါ ဝီရိယတွေကို နှိုးဆွပေးခဲ့သည်။ အောင်စရှိလျှင် အောင်ချင်ချင်တည်း ဆိုသည့်စကားသည် ငါ့အတွက်ဖြစ်စေရမည်ဟူသော ယုံကြည် ချက်ဖြင့် ဆက်လက်ကြိုးစားအားထုတ်ခဲ့သည်။

ထိုယုံကြည်ချက်အတိုင်းပင် ပထမလတ်တန်းတွင် တစ်နိုင်ငံလုံး ပထမဆုနှင့်ပထမကြီးတန်းတွင်လည်း တစ်နိုင်ငံလုံးတွင် သီလရှင်ပထမ

ဆုပင်ရ၍ ပထမကျော်ဘွဲ့ရရှိခဲ့ပေသည်။ ငယ်လတ်ကြီး ပထမရဖို့ ဆိုသည်မှာ တစ်ထောင်တစ်ယောက်မရှိပါ။ အလွန်ရှားပါးလှပါသည်။

ဆရာလေး မဏ္ဍလတ္ထိဂီသည် ရည်ရွယ်ချက်အချို့ အောင်မြင်ခဲ့သော်လည်း လိုရာပန်းတိုင်ခရီး မပြီးဆုံးသေးကြောင်း၊ ဓမ္မာစရိယတန်း ကျန်ရှိနေသေးကြောင်း သိရှိနားလည်ရသဖြင့် စာချတန်းဆိုင်ရာ စာပေများကို ဆက်လက်ကြိုးစားရပြန်သည်။ သို့ဖြစ်၍ ကျန်ရှိသော စာချတန်းကိုဝင်ရောက်ဖြေဆိုရာ ဂုဏ်ထူးပါအောင်မြင်သောကြောင့် သိရီပဝရဂုဏ်ထူးဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ ရရှိခဲ့လေသည်။ ထိုအချိန်မှစ၍ ပထမစာချဖြစ်ခဲ့လေသည်။

တဟုန်းဟုန်းတောက်လောက်နေသောမီးသည် လောင်စာတို့ကို အားရတင်းတိမ်ရိုးမရှိ။

သဒ္ဓါတတ်၊ ဝီရိယဓာတ်ရှိသူတို့သည်လည်း ကုသိုလ်အရာ ပညာအရာ၌ အားရတင်းတိမ်ရိုးမရှိချေ။

စာချဆရာ ဒေါ်ကြွန္တသိဂီသည် သာမန်ယောက်ျားတို့ပင် ဖြေဆိုရန်မစွမ်းနိုင်သည့် ပါဠိပါရဂူတန်းကို ဆက်လက်ဖြေဆိုပြန်ရာ သာသနဓဇဝိနယပါဠိပါရဂူဘွဲ့ကို ထပ်ဆင့်ရပြန်သည်။

ဒေါ်ကြွန္တသိဂီသည် သမာဓိရင့်ကျက်သူဖြစ်၍ အနေအထိုင် ခန့်ညားတည်ကြည်သည်။ လောဘစွန်း၊ ဒေါသစွန်းမထင်အောင် မထွက်အောင် ချုပ်တည်းနိုင်သည်။ တပည့်များအား လူရှေ့သူရှေ့ ငေါက်ငမ်းပြောဆိုခြင်းမျိုး အထူးရှောင်ကြဉ်သည်။ တပည့်များအား ဆုံးမစကားပြောဆိုရာ၌ ပြေပြေပြစ်ပြစ်ပြောတတ်သည်။ သနားငဲ့ညှာတတ်သည်။ သို့သော် ပြတ်ပြတ်သားသားလုပ်ဆောင်ရမည့်ကိစ္စမျိုးကြုံလာခဲ့သော် တိကျပြတ်သားသည်။ ဆရာ့ဘက် တပည့်ဘက်(သူ့ဘက်ကိုယ့်ဘက်)မျှမျှတတမြင်တတ်သည်။ တပည့်တို့၏ချစ်ကြောက်ရိုသေမှု လေးစားမှုကို များစွာခံရသူဖြစ်သည်။

ပထမစာချတာဝန်ကို လုံးလုံးလျားလျားယူလိုက်ချိန်မှစ၍ လက်ထောက်ချောင်ဆရာ ဒေါ်ဣန္ဒသိင်္ဂီသည် သာသနာအရှည်ဟည် ကြောင်းမှာ ပရိယတ်သာအဓိကဖြစ်တယ်ဟု ခံယူထားသူဖြစ်သဖြင့် မြို့သာသနာတည်ရေးအတွက် အစဉ်တစိုက် ပရိယတ်ကို ဦးစားပေး ခဲ့သည်။

ကပည့်တွေအပေါ် တွန်းအားပေးခဲ့သလို ဒေါ်ဣန္ဒသိင်္ဂီကိုယ် တိုင်ကလည်း စာဝါတွေ များများပို့ချပေးခဲ့သည်။ စာပေဝါသနာပါသူ၊ စာတော်သူများကို အထူးဦးစားပေးခဲ့သည်။ အနီးအနားမှာ ခေါ်ထား ပြီး အချိန်ပြည့်နီးပါး စာပေကို ကြိုးစားစေသည်။ ထိုစနစ်သည် များစွာ အောင်မြင်သည်။ မြို့မော်လမြိုင်သီလရှင်စာသင်တိုက်မှ အကျော်ရ သူတွေ များစွာပေါ်ထွက်ခဲ့သည်။

သူ့အကျိုး ကိုယ့်အကျိုး ဤနှစ်မျိုးယှဉ်လာခဲ့သော် သူ့အကျိုး ကိုသာ ရှေ့တန်းတင်ဦးစားပေးဆောင်ရွက်ကြသည်မှာ ဆရာသမား ကောင်းတို့၏ ကျင့်ဝတ်တစ်ခုပင်ဖြစ်သည်။ မြို့ချောင် လက်ထောက် ချောင်ဆရာ ဒေါ်ဣန္ဒသိင်္ဂီသည် ကိုယ်ကျိုးစီးပွားကို စွန့်ပြီး နှစ်ပေါင်း (၅၀)ကျော်တိုင်အောင် စာပေပို့ချခဲ့သည်။

ဒေါ်ဣန္ဒသိင်္ဂီသည် အချိန်၏တန်ဖိုးကို နားလည်သူဖြစ်၍ အချိန် ကို တန်ဖိုးရှိအောင် သုံးလေ့ရှိသည်။ အားလပ်ချိန်ရခိုက် အလကား မနေ၊ ငယ်လတ်ကြီး သုံးတန်းအတွက် စာသင်သားတိုင်း လက်ကိုင် ထားကြရသည့် စွယ်စုံဓမ္မပဒကျမ်းစာကို ပြုစုရေးသားပြီး ထုတ်ဝေဖြန့် ချိခဲ့သည်။ ထိုကျမ်းစာသည် သီလရှင်ဆရာလေးများအား များစွာ ကျေးဇူးပြုခဲ့သည်။

ဤသို့ဖြင့် ဒေါ်ဣန္ဒသိင်္ဂီသည် နှစ်ပေါင်း(၅၀)ကျော် စာချနေ ခြင်းဖြင့်လည်းကောင်း၊ ငယ်လတ်ကြီး သုံးတန်းအတွက် စာသင်သား

ကိုင် စွယ်စုံဓမ္မပဒကျမ်းစာကို ရေးသားထုတ်ဝေခြင်းဖြင့်လည်းကောင်း သာသနာတော်အရှည်တည်တန့်ခိုင်ခန့်ရေးအတွက် အစဉ်တစိုက် ကြိုးစားဆောင်ရွက်နေခြင်းကြောင့် နိုင်ငံတော်အစိုးရမင်းက ပထမ အကြိမ် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ ဒုတိယအကြိမ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တို့ဖြင့် (၂)ကြိမ်တိုင် ဆက်ကပ်ပူဇော်မှုခံခဲ့ရပေသည်။

စစ်ကိုင်းတောင်ရိုး မြို့ချောင် လက်ထောက်ချောင်ဆရာ ဒေါ်ဣန္ဒသီဂီသည် -

(၁) ပထမကျော်ဘွဲ့
(၂) သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့
(၃) သာသနဓဇဝိနယပါဠိပါရဂူဘွဲ့
(၄) မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့
(၅) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့

ငါးခုတို့ဖြင့် ပူဇော်ခံထားရသူဖြစ်သည်။

မြို့ချောင် လက်ထောက်ချောင်ဆရာ ဒေါ်ဣန္ဒသီဂီသည် ထူးထူးခြားခြား (ဖော်ပြပြီး) ဘွဲ့ထူးဂုဏ်ထူးငါးခုတို့ဖြင့် ချီးမြှင့်ပူဇော်မှုခံ ယူရသည့် မြို့ချောင်သာသနာ့ကျက်သရေဆောင် သီလရှင်ဆရာကြီး အဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပေသည်။

ယခုအခါ သာသနာ့ကျက်သရေဆောင် သီလရှင်ဆရာကြီး ဒေါ်ဣန္ဒသီဂီသည် ၁၃၆၇-ခုနှစ်၊ နတ်တော်လဆုတ် (၆)ရက် ည(၁၀) နာရီ အချိန်တွင် ဆရာကြီး ဒေါ်ဣန္ဒသီဂီ အလွန်ချစ်မြတ်နိုးသော စာပေပို့ချခြင်းစသော သာသနာပြုအလုပ်တွေလုပ်နေရာမှ အနားယူကာ နတ်တို့ရွာ နဟ်တို့ကျောင်းသို့ ရွှေ့ပြောင်းသွားခဲ့လေပြီ။

# ရာပြည့်ပွဲဆင်နွှဲ မြေတော်သို့

## အရှင်ဇဋ္ဋာသဃရိယာဘိဝံသ



## မိတ်ဆက်စကား

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် ဒေါ်ကုမ္မာရီ၏အရည်အချင်းကို သိရှိတော်မူသဖြင့် ဆရာတော်ကြီးကိုယ်တိုင် ချောင်နေရာ ရှာဖွေရွေးချယ်၍ ချောင်တည်စေပြီးလျှင် မြို့ချောင်ဟု သမုတ်တော်မူသည်။ မြို့ချောင်တည်ထောင်သည့်ခုနှစ်ကား ၁၂၇၀-ပြည့်နှစ်ဖြစ်သည်။



ဤမိတ်ဆက်စကားသည် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့်စစ်ကိုင်း သီတဂူကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ်ကြီးနှစ်ခု၏ပါမောက္ခချုပ်ဖြစ်သော ဒေါက်တာနန္ဒမာလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တင်ပြခဲ့သော နိဗ္ဗာနပဋိသံယုတ္တဝေသနီကျမ်းမှ မိတ်ဆက် စကားဖြစ်ပါသည်။

## ရွှေမြို့သိုက

ယန္တ သန္တံ ပဒံ အဘိသမေစ္စ= သန္တံ-ဖြစ်ပျက်မစပ် အငြိမ်းဓာတ် ဖြင့် မပြတ်ပုံသေ ဧမြဲပေထသော။ ယံပဒံ- ရောက်သင့်ရောက်ထိုက် ဉာဏ်အမြင်ဆိုက်က တိုက်ရိုက်သိရန် အကြင်နိဗ္ဗာန်သည်။ အတ္ထိ- ပရမတ်တရား၊ မြတ်တစ်ပါးဖြင့်၊ ထင်ရှားမသွေ ရှိပါပေ၏။ တံပဒံ- ရောက်သင့်ရောက်ထိုက် ဉာဏ်အမြင်ဆိုက်က တိုက်ရိုက်သိရန် ထိုနိဗ္ဗာန် ကို၊ အဘိသမေစ္စ-ရှေ့ရှုမြော်ထောက် ကောင်းစွာရောက်၍။

ဗုဒ္ဓမြတ်စွာသည် မေတ္တာပို့သသည့်အခါ အဖြစ်အပျက်ကင်းစင်၍ မြေချမ်းသာခြင်းနှင့်ပြည့်စုံတဲ့နိဗ္ဗာန်ကို အာရုံပြုရန် တိုက်တွန်းခဲ့ပါသည်။

နတ္ထိ ဇာတိ ဇရာ ဗျာဓိ၊ မရဏဉ္စ မဟာမုနေ။

အဇရာမရဏံ ပုရံ၊ ဂမိဿာမိ အသင်္ခတံ။

(မိထွေးတော်ဂေါတမီအပဒါန် အလင်္ကာဘာသာဋီကာ ၂၂၄-မှလာသည့်အတိုင်း)

အကြောင်အရပ်၌ ဇာတိ,ဇရာ,ဗျာဓိ,မရဏမရှိ။ ထိုဇာတိ,ဇရာ,ဗျာဓိ,မရဏမရှိရာ အသင်္ခတမြို့တော်သို့ သွားပါတော့အံ့။

ဤသို့မြေခြင်းနှင့်ပြည့်စုံတဲ့ နိဗ္ဗာန်ကိုဖြစ်,အို,နာ,သေ ကင်းတဲ့မြို့တော်ကြီးသဖွယ် တင့်တယ်ကြောင်းပါဠိတော်နှစ်ရပ်ပေါင်းစပ်ပြီး နိဗ္ဗာန်ကို မြို့တော်ကြီးတင်စားတော်မူ၍ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက မြို့ချောင်ဟု မှည့်ခေါ်စေခဲ့ပါသည်။ (အသင်္ခတ ပုရ-အသင်္ခတမြို့၊ သန္တပုရ-မြေမြို့၊ အမရပုရ-မသေမြို့)

**၁၀နှစ်ခရီး**

ဒေါ်ကုမ္မာရီ၏စနစ်တကျ အုပ်ချုပ်ဦးစီးနိုင်မှုကြောင့် ၁၀-နှစ်အတွင်းမှာပင် သီလရှင်ဦးရေ (၉၀)ခန့် လာရောက်ပညာသင်ကြ၍ ပရိယတ်ပဋိပတ် စွယ်စုံအရည်အချင်းရှိသည့်သီလရှင်များ ထွက်ပေါ်လာခဲ့သည်။

**ကျမ်းပြုခြင်း**

နွေရာသီအခိုက် အပူရာသီဒဏ်ရှောင်လို၍ မော်လမြိုင် တောင်ဝိုင်းကြီးပုပ္ဖာရုံကျောင်းမှာနေစဉ် နိဗ္ဗာနပဝေသနီ(နိဗ္ဗာန်စံဝင် ကျင့်လမ်းစဉ်)ကျမ်းကို ရေးသားခဲ့သည်။

## တပည့်များ ထွန်းကားခြင်း

ဒေါ်ကုမ္မာရီ၏တပည့်များဖြစ်ကြသော-

၁။ ဧသီတာချောင်ဆရာကြီး ဒေါ်နန္ဒေသီ

၂။ ကျိုက်လပ်ချောင်ဆရာကြီး ဒေါ်သီလဝတီ

၃။ ဗျာဒိတ်ပေးချောင်ဆရာကြီး ဒေါ်ဝဏ္ဏဝတီ

၄။ ကောလင်းချောင်ဆရာကြီး ဒေါ်စာရီနှင့်ဒေါ်ဉာဏစာရီ

၅။ ဧမြချောင်ဆရာကြီး ဒေါ်သီရိ

၆။ သန္တိသုခချောင် အောင်မင်္ဂလာတိုက်၊ ဒေါ်ပုညာသီတို့ ပေါ်ထွန်းခဲ့ကြသည်။

## တူတော်ဘုန်းကြီးအား အကူအညီထား

၁၃၁၀-ခုနှစ်ရောက်သောအခါ ဒေါ်ကုမ္မာရီသည် အသက်အရွယ်ထောက်လာ၍ တူတော်ဘုန်းကြီး ဦးသုဝဏ္ဏဇောတိ(ဓမ္မာစရိယ ပိဋကတ္တယပါရဂူ)ဆရာတော်ကို ပင့်ဆောင်၍ မြို့ချောင်မှ သီလရှင်များအား စာပေပို့ချစေခဲ့သည်။

## ဘဝနတ်ကျောင်း ပြောင်းရွှေ့ခြင်း

၁၃၁၆-ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက်နေ့တွင် မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီသည် မရဏမင်း၏ခေါ်ဆောင်ရာသို့ လိုက်ပါရမည့် ဆဲဆဲတွင် ဝိုင်းဝန်းပြုစုနေကြသည့်တပည့်များအား ရုပ်နာမ်အနိစ္စ၊ ရုပ်နာမ်ဒုက္ခ၊ ရုပ်နာမ်အနတ္တဟု ပွားများရစ်ကြပါလို့ အသံသဲ့သဲ့ဖြင့် မှာကြားပြောဆိုပြီးနောက် ဘဝနတ်ကျောင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။

## ၆-နှစ်ပြည့်က ရွှေဟင်္သာကြွ

ဆရာတော် ဦးသုဝဏ္ဏဇောတိသည် ၆-နှစ်ပြည့်သည့်နောက် ၁၃၁၅-ခုနှစ်တွင် ရွှေဟင်္သာတိုက်သစ်မှာ ကြွရောက်ပြီး သီတင်းသုံးခဲ့သည်။ ထိုစဉ် ဤစာရေးသူဘုန်းကြီးလည်း ကိုရင်ဘဝဖြင့် ရွှေဟင်္သာ

တိုက်သစ်၌ ဒေါ်ကဥ္စနဝတီ၊ တူမ ဒေါ်ဣန္ဒသီဂီ၊ ဒေါ်စန္ဒာတို့နှင့်အတူ ပဋ္ဌာန်းကျမ်း ဆန်းကျမ်းများကို အတူတက်ခဲ့ကြသည်။ ထိုစဉ်က ဒေါ်ကဥ္စနဝတီ အကြီးအောင်ပြီးချိန်ဖြစ်သည်။ ဒေါ်ဣန္ဒသီဂီ၊ ဒေါ်စန္ဒာ တို့နှင့်အတူ တက်ရောက်ခဲ့ကြသည်။

## ဘွဲ့တွေရကြ လုပ်သမျှအောင်မြင်

ဒေါ်ကဥ္စနဝတီသည် ဓမ္မာစရိယနှင့်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့၊ ဒေါ်ဣန္ဒသီဂီသည် ပထမကျော်နှင့်ဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူ ဘွဲ့၊ တူမအရင်း မဇ္ဈဝနဉာဏီလဲပဲ ဓမ္မာစရိယဘွဲ့တို့ကို အသီးသီးရရှိခဲ့ ကြသည်။ ယခုအခါ ဒေါ်ကဥ္စနဝတီသည် ပဓာနနာယကကြီးအဖြစ် တူမရင်း ဒေါ်ဣန္ဒသီဂီအား ဒုတိယနာယကအဖြစ်၊ တူမရင်း မဇ္ဈဝန ဉာဏီ(ဓမ္မာစရိယ)အား ပထမစာချအဖြစ်ခန့်အပ်၍ ဓမ္မာစရိယဘွဲ့ရ သီလရှင်(၁၈)ပါး၊ ကျောင်းဆောင်(၂၅)ဆောင်၊ စာသင်သား(၁၇၁)ပါး တို့ဖြင့် စည်းကားသိုက်မြိုက်စွာ ရာပြည့်ပွဲဆင်နွှဲပူဇော်ကြ၍ နှစ်တစ်ရာ တိုင်အောင် ဆောင်ရွက်ခဲ့ကြသော ကုသိုလ်ကြီးများကား နန္ဒမာတာ သုတ် အင်္ဂုတ္တရဆက္ကနိပါတ်လာ မရေမတွက်နိုင်သော ကုသိုလ်စု ကုသိုလ် ပုံကြီးများဖြစ်၍ ပင်လယ်သမုဒ္ဒရာကြီးမျှ ကြီးမားပုံကို စိတ်အာရုံတွင် ထင်မြင်လာခဲ့ကြပါသည်။

## ရာပြည့်ပွဲ ဆင်နွှဲမြတ်ကုသိုလ်

ဒေါ်ကုမ္မာရီ၏လက်ရုံးတပည့်ကြီးများလည်းဖြစ်၊ အကျင့်လဲ မြတ် စာလဲတတ် နှစ်ရပ်ပြည့်စုံစေရန်နှင့်အညီ အင်္ဂါနှစ်ရပ်နှင့်လည်း ပြည့်စုံခဲ့ကြသောကြောင့် ဒေါ်ကုမ္မာရီ၏အရိပ်အရာကို ခံယူနိုင်သော အရည်အသွေးရှိသော ဆရာကြီးများဖြစ်သော ဒေါ်ကဥ္စနဝတီ၊ ဒေါ်ဣန္ဒ သီဂီတို့သည် နှစ်ပေါင်း ၅၄-နှစ်နှင့် ဒေါ်ကုမ္မာရီ၏သာသနာပြုနှစ်

၄၆-နှစ်နှင့်ပေါင်းနှစ်တစ်ရာပြည့်မြောက်သဖြင့် နှစ်တစ်ရာပြည့်ကုသိုလ်ပွဲဖြစ်သော ရာပြည့်ပွဲဆင်နွှဲမြတ်ကုသိုလ်ဟုဆိုအပ်သော ရာပြည့်ကုသိုလ်ကြီးကို ကျင်းပပူဇော်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

## မြေမြို့သာသနာနှစ်တစ်ရာ ရှည်ကြောင်း(၅)ပါး

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သိက္ခာ၊ သမာဓိတရား လွန်လေးစားက ဘုရားသာသနာ ဤကမ္ဘာ ရှည်စွာတည်လိမ့်မည်။ (ကဿပသံယုဂ်) ဆိုသည့်အတိုင်း ၁။ ဘုရားကိုရိုသေခြင်း၊ ၂။ တရားတော်ကို ရိုသေခြင်း၊ ၃။ သံဃာတော်ကို ရိုသေခြင်း၊ ၄။ သီလသိက္ခာကို ရိုသေခြင်း၊ ၅။ သမာဓိကို ရိုသေခြင်းဖြင့် အနှစ်တစ်ရာပြည့်သည်အထိ မြေမြို့ချောင်စာသင်တိုက်ကြီး ဒေါ်ကုမ္မာရီအစ ဒေါ်ကဥ္စနဝတီစသည်တိုင်အောင် သီလရှင်ဆရာကြီး၊ ဆရာလေးတို့ အားထုတ်ကြိုးစားခဲ့ကြသော မဟာသမုဒ္ဒရာကြီးပမာ များစွာသော မဟာကုသိုလ်စုကြီး ပါရမီကုသိုလ်စုကြီးအဖြစ် ရပ်တည်ခဲ့လေပြီ။

## အားပေးပူဇော်ကြသူများ

အားပေးပူဇော်ခဲ့ကြသည့် ပါမောက္ခ ဒေါ်ခင်မိမိလွင်၊ ဒေါ်ညိုညို၊ ဦးခင်မောင်လေး၊ ဒေါ်ကြင်ကြင်မြ-စသော ကျောင်း ဒကာကျောင်းဒါယိကာမအပေါင်းတို့ကိုလည်း မှတ်တမ်းတင်ခဲ့ပါသတည်း။

ဘဒ္ဒန္တက္ကဿရိယာဘိဝံသ
ပဓာနနာယကဆရာတော်
ဝိသုဒ္ဓါရုံရေဉူးကျောင်းပရိယတ္တိစာသင်တိုက်
အမရပူရမြို့၊ မန္တလေးတိုင်း





ဗုဒ္ဓဘာသာဟူသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ၄၅-နှစ်တာကာလပတ်လုံး ဟောကြားတော်မူသော တရားတော်များကိုဆိုပြီး ဗုဒ္ဓဘာသာဝင်ဟူသည် မြတ်စွာဘုရားတရားတော်များကို သက်ဝင်ယုံကြည်၍ လိုက်နာကျင့်ကြံသူများကို ဆိုသည်။ ဗုဒ္ဓဘာသာဦးရေသည် ယနေ့ကမ္ဘာ၌ သန်း(    )ခန့်မျှရှိရာ ကမ္ဘာ့လူဦးရေ၏လေးပုံတစ်ပုံဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့စဉ်လူနေမှုဘဝများကိုကြည့်လျှင် မြတ်စွာဘုရား၏တရားတော်များကို အခြေခံထားသည်ကို တွေ့ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဗုဒ္ဓတရားတော်များ၌ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်စသည်တို့ကို ပြဆိုထားရာ ဗုဒ္ဓဘာသာဝင်တို့ကလည်း ၎င်းကျင့်ဝတ်များကို ဘဝကောင်းတစ်ခု၏ စံချိန်စံညွှန်းများအဖြစ် သတ်မှတ်ခံယူထားကြပြီး လိုက်နာကျင့်သုံးနေထိုင်ကြသည်။

မိဘ(သို့) သားသမီးတစ်ဦးဦး၏ဂုဏ်သိက္ခာသည် သူကျင့်ဆောင်ရမည့် ကျင့်ဝတ်ကို မည်မျှလောက်လိုက်နာဆောင်ရွက်မှုရှိသည်နှင့် များစွာ သက်ဆိုင်လေသည်။ အကယ်၍ ဆိုင်ရာကျင့်ဝတ်တို့ကို လိုက်နာမှု နည်းပါးလျှင် နည်းပါးသည့်အလျောက် လူကျင့်ဝတ်မကျေပွန်သူအဖြစ် သတ်မှတ်ကြပြီး ကျင့်ဝတ်ပြည့်စုံသူများကိုမူ လူ့ဝန်တာကျေပွန်သူအဖြစ် ချီးမွမ်းကြသည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓတရားတော်များ ကို မိမိတို့၏ နေ့စဉ်လူနေမှုဘဝတွင်းသို့ သွင်းဆောင်၍ ကျင့်သုံးကြ သည်။ ကာလကြာလာသည်နှင့်အမျှ ဘဝနှင့်သာသနာသည် တစ်သား တည်းဖြစ်ကာ ယဉ်ကျေးသိမ်မွေ့သော ငြိမ်းချမ်းသော လူတန်းစား တစ်ရပ်အဖြစ် ထွက်ပေါ်လာခဲ့သည်။

မြတ်စွာဘုရားတရားတော်များသည် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး စိတ်ဓာတ်တည်ကြည်ဖြောင့်မတ်ရေး အမှားအမှန်ခွဲခြားသိနားလည်ရေး ဆိုင်ရာတို့ကို အားပေးညွှန်ပြသော တရားဥပဒေသများဖြစ်၍ လိုက်နာ ကျင့်သုံးနိုင်သည်နှင့်အမျှ မြင့်မြတ်အထက်တန်းကျသော ဘဝကောင်း တစ်ခုကို ပိုင်ဆိုင်ရမည်မှာ ယုံမှားစရာမရှိချေ။ ထိုတရားတော်များသည် မြတ်စွာဘုရားကိုယ်တော်တိုင် လက်တွေ့ကျင့်ကြံအားထုတ်ရာမှ ဖြစ်ပေါ် လာသောတရားတော်များဖြစ်၍ ဘဝငြိမ်းချမ်းရေး၊ လောကငြိမ်းချမ်း ရေးကို အမှန်တကယ်ပေးစွမ်းနိုင်သည်မှာလည်း အမှန်ပင်ဖြစ်ပေသည်။ မြတ်စွာဘုရားသည် သူ၏တရားတော်များ၏ မှန်ကန်မှုနှင့်အနှစ်သာရ ရှိမှုတို့ကို လက်တွေ့ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ သိနိုင်ကြောင်း မိန့်မှာ တော်မူခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အမှန်တရားကို သိနား လည်ဖို့ရန်အတွက် စာအုပ်စာပေဖတ်ရှုခြင်း၊ ဆင်ခြင်ကြံဆတွေးတော ခြင်းမျှ ရပ်တန့်မနေကြဘဲ လက်တွေ့ကျင့်သုံးမှုဆီသို့ မလွဲမသွေ ချီတက်သွားကြရမည်ဖြစ်သည်။

## လာခြင်းကောင်းသောမိတ်ဆွေ

မြတ်စွာဘုရားသည် လောကသားအားလုံးတို့အတွက် လာခြင်းကောင်းသော မိတ်ဆွေမြတ်ကြီးတစ်ဦးဖြစ်သည်။ လောက၌ မိတ်ဆွေကောင်းတို့သည် လက်ချည်းသာမကဘဲ လက်ဆောင်ပဏ္ဏာများ ယူဆောင်လာတတ်သကဲ့သို့ မြတ်စွာဘုရားသည်လည်း လောကသားအားလုံးတို့အတွက် ကောင်းကျိုးအနန္တလက်ဆောင်များကို ယူဆောင်ပေးလာခဲ့သဖြင့် လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် မိတ်ဆွေတစ်ဦးပင်ဖြစ်သည်။ လောကသားတို့အတွက် မြတ်စွာဘုရား ယူဆောင်လာသောလက်ဆောင်မွန်တို့ကား အခြားမဟုတ်ပါ။ ကမ္ဘာသားတို့ ငြိမ်းချမ်းစွာ နေနိုင်ရေးနည်းလမ်းကောင်းများပင်ဖြစ်သည်။ ယင်းနည်းလမ်းတို့ကား အရေအတွက်အားဖြင့် မည်မျှပင်များပါစေ အကျဉ်းချုပ်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။ ထိုမှာ-

၁။ မကောင်းမှုမှန်သမျှ မပြုလုပ်ရန်။

၂။ ကောင်းမှုမှန်သမျှ ပြုလုပ်ရန်နှင့်

၃။ စိတ်ဓာတ်ဖြူစင်သန့်ရှင်းရန်တို့ဖြစ်သည်။

ဤစကားသုံးခွန်းသည် မည်မျှလှပ၍ မည်မျှကောင်းမွန်မှန်ကန်ပါသနည်း။ နေရာဒေသ အချိန်ကာလလူတန်းစားမရွေး မှန်ကန်မှုရှိသည်မှာ မြတ်စွာဘုရားစကားတော်များ၏ထူးခြားချက်တစ်ရပ်ဖြစ်သည်။ စင်စစ် ကျွန်ုပ်တို့ကမ္ဘာအတွက် ငြိမ်းချမ်းရေးနည်းလမ်းသည် ကျွန်ုပ်တို့လက်တစ်ကမ်းမှာပင် ရှိနေခဲ့သည်။

## ဘဝပြဿနာများ၏ ရေသောက်မြစ်များ

ကျွန်ုပ်တို့ ယနေ့ကြုံတွေ့နေရသော ဘဝပြဿနာမျိုးစုံတို့၏ ဇာစ်မြစ်ကို သေချာတူးဖော်ကြည့်လျှင် အဓိကကျသော အချက်နှစ်ချက်ကို မြင်တွေ့ရမည်ဖြစ်သည်။ ယင်းမှာ ကိုယ်ချင်းစာတရား နည်းပါး

မှုနှင့်တာဝန်မယူလိုမှုတို့ဖြစ်ကြသည်။ အကယ်၍ ကျွန်ုပ်တို့သည် လူမှုဆက်ဆံရေးနယ်ပယ်၌ ကိုယ်ချင်းစာနာမှုနှင့်တာဝန်ယူတတ်မှုတို့ရှိခဲ့ပါလျှင် ကျွန်ုပ်တို့ကမ္ဘာသည် ဤမျှလောက် ဆူပွက်နေစရာအကြောင်းမရှိချေ။

ကျွန်ုပ်တို့သည် အများနှင့်လုပ်ကိုင်ရသော လုပ်ငန်းဘိုင်း၌ အတ္တစိတ်များ လွန်ကဲစွာပါဝင်နေတတ်ကြ၏။ အရာရာကို အနိုင်ယူလိုမှု အနာမခံအသာစံလိုမှုတို့သည် ထိုအတ္တစိတ်၏ပြယုဂ်များပင်ဖြစ်၏။ ထိုအတ္တစိတ်များကြောင့်ပင် လူသားအကျိုးပြုပရဟိတလုပ်ငန်း၌ဖြစ်စေ လွယ်ကူချောမွေ့ခြင်းမရှိဘဲဖြစ်နေကြရသည်။ မြတ်စွာဘုရားရှင်သည် အတ္တလောကကြီးထဲ၌ အနတ္တဝါဒကို တည်ထောင်တော်မူခဲ့သည်။ ဆိုလိုသည်မှာ ပြုလုပ်ဆောင်ရွက်သော လုပ်ငန်းတိုင်း၌ မိမိကိုယ်ရှေ့တန်းမတင်ဘဲ လောကကိုသာ ရှေ့တန်းတင်လုပ်ဆောင်ကြရန်ဖြစ်သည်။

## ကိုယ်ချင်းစာနာ ဤငါးဖြာ

ဤလောက၌မည်သည့်သက်ရှိသတ္တဝါမဆို အသက်ရှည်အနာမဲ့၍ ဘေးကင်းလုံခြုံ အေးချမ်းစွာနေထိုင်လိုကြသည်။ မည်သူမျှအသက်တိုချင်သည်၊ အနာများလိုသည်၊ ဘေးရန်ပွားလိုသည်ဟု မတောင့်တစကောင်းချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူ့ဝန်းကျင်က လက်မခံနိုင်သော သတ်ဖြတ်ခြင်းလုပ်ရပ်တို့ကို မည်သို့သောအကြောင်းကြောင့်မျှ မပြုလုပ်သင့်ပေ။ ဤသည်မှာ သဘာဝကပေးသော အမှန်တရားဖြစ်သည်။ ထိုအမှန်တရားကို သွေဖီ၍သတ်ဖြတ်ခြင်းအမှုပြုခဲ့လျှင် သဘာဝစည်းကမ်းကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်သည်။ ကိုယ်မကြိုက်သည်ကို တစ်ပါးသူအပေါ် ပြုကျင့်သဖြင့် ကိုယ်ချင်စာတရားကင်းမဲ့ရာလည်း ရောက်သည်။ ထို့ကြောင့် သတ်ဖြတ်ညှဉ်းဆဲခြင်းအမှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ယင်းကဲ့သို့ အမှုများဖြစ်ပေါ်

အောင် တွန်းအားပေးသော ဘာသာဝါဒများကို တစ်လောကလုံးက လက်မခံဘဲ ဝိုင်းဝန်းရှုတ်ချကြရမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ကိုယ်ချင်းစာတရားလက်ကိုင်ထား၍ သက်ရှိသတ္တဝါမှန်သမျှကို မည်သည့်နည်းနှင့်မျှ သတ်ဖြတ်ခြင်းမပြုရန် မိန့်တော်မူခဲ့သည်။

သူတစ်ပါးပိုင် ပစ္စည်းဥစ္စာများကို ပိုင်ရှင်က ကိုယ်ဖြင့်၊ နှုတ်ဖြင့် တရားဝင်မပေးဘဲ ကိုယ်ပိုင်အဖြစ်ယူငင်သုံးစွဲဖို့ မသင့်ချေ။ ပိုင်ရှင်က မပေးသောဥစ္စာကို တိတ်တဆိတ်ဖြစ်စေ၊ လူသိရှင်ကြား ဖြစ်စေ ယူခြင်း၊ ယူစေခြင်းသည် ခိုးခြင်းပင်ဖြစ်သည်။ ခိုးယူခြင်းသည် ရုံးလုလင် အချိန်ပြည့်အလုပ်မလုပ်ခြင်းမှစ၍ ကျူးကျော်စစ်ဆင်နွှဲခြင်းများအထိ ပါဝင်သည်။ ထို့ကြောင့် အခွန်ရှောင်ခိုခြင်း၊ လုပ်ငန်းပေါ့ဆခြင်းတို့ကို လည်း ခိုးယူခြင်း၌ထည့်သွင်းရမည်ဖြစ်သည်။ ခိုးယူခြင်းမှန်သမျှသည် ကောင်းကျိုးမှန်သမျှကို ဖျက်ဆီးတတ်သဖြင့် လောကငြိမ်းချမ်းသာယာရေးအတွက် လုံးဝရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း မြတ်စွာဘုရား မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

သူတစ်ပါး၏ တရားဝင်ဇနီးမယားကို ကျူးလွန်စော်ကားတတ်သူကို မည်သူကမျှ ကြည်ညိုလေးစားနိုင်မည်မဟုတ်ချေ။ လူ့ကျင့်ဝတ်ကို ဆိုးဝါးစွာချိုးဖောက်သူအဖြစ် တစ်သက်တာကာလပတ်လုံး နောင်တရစေမည့်လုပ်ရပ်ဖြစ်သည်။ အခန့်မသင့်ပါက ဆိုးဝါးသော ကပ်ရောဂါများကိုပင် ရရှိနိုင်သည်။ နိုင်ငံရေးဇာတ်ခုံပေါ်၌ ယင်းကဲ့သို့သော လိင်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် အရှက်တကွဲအကျိုးနဲဖြစ်ရသည့် မြင်ကွင်းများကို စိတ်မကောင်းစွာ မြင်တွေ့နိုင်သည်။ ယင်းသို့သော ပြဿနာများသည် လူမှုရေး၊ အိမ်ထောင်ရေး ထိုမှတဆင့် စီးပွားရေး အဆင်မပြေမှုများကို ဖြစ်ပေါ်စေသည်။ လူ့ဝန်းကျင်ငြိမ်းချမ်းသာယာရေးကို များစွာအနှောက်အယှက်ဖြစ်စေသော ယင်းကဲ့သို့သော ဖောက်

ပြန်မှုများကို မပြုလုပ်ရန် မြတ်စွာဘုရားသည် တားမြစ်တော်မူခဲ့သည်။

သူတစ်ပါးကို လိမ်ညာရဲ့သူအတွက် မည်သို့သော ကြီးမားသည့် ဒုစရိုက်အမှုဖြစ်စေ ပြုလုပ်ဖို့ဝန်မလေးတတ်ကြောင်း မြတ်စွာဘုရား မိန့်တော်မူဖူးသည်။ ဒုစရိုက်နှင့်လိမ်ညာမှုသည် ခွဲခြား၍ မရသော လင်မယားဖြစ်သည်။ ဆိုလိုသည်မှာ လိမ်ညာမှုများ ရှိနေသရွေ့ ဒုစရိုက်မှုများလည်း ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ လိမ်ညာသည် ဆိုရာ၌ တစ်ဖက်သားအကျိုးမဲ့သွားအောင် လိမ်ညာပြောဆိုခြင်းကို ဆိုသည်။ ဥပမာ တရားရုံး၌ မမှန်မကန် သက်သေထွက်ဆိုခြင်းမျိုး များဖြစ်သည်။ စည်းလုံးညီညွတ်မှုပြိုကွဲအောင် သပ်လျိုပြောဆိုမှုများ ကြမ်းတမ်းရိုင်းပြစွာ ခြိမ်းခြောက်မောင်းမဲမှုများ အကျိုးမဲ့ပြောဆိုမှုများ ကိုလည်း မုသာဝါဒစာရင်း၌ ထည့်သွင်းရမည်ဖြစ်သည်။ ထို့ကြောင့် မှန်ကန်စွာပြောဆိုခြင်း၊ သွေးစည်းညီညွတ်မှုရှိအောင်ပြောဆိုခြင်း၊ အကျိုး များအောင်ပြောဆိုခြင်းတို့ဖြင့် လောကအလှကို ဆင်ကြရမည်ဖြစ်သည်။

အရက်သေစာသောက်စားခြင်းသည် ဒုစရိုက်မြစ်ပွားများ ဖြာဆင်းရာ ပင်မရေသောက်မြစ်ကြီးတစ်ခုဖြစ်သည်။ အရက်သေစာသောက်စား၍လူမှန်းမသိအောင် မူးရစ်နေသူအတွက် မပြုရဲသောဒုစရိုက်မှုဟူ၍ ရှိမည်မဟုတ်ချေ။ ထိုအချိန်၌ သတ်ဖြတ်ညှဉ်းပန်းမှု၊ ခိုးဆိုးလုယက်မှု၊ လိမ်ဖောက်ပြန်မှု၊ လိမ်ညာပြောဆိုမှုတို့သည် အလွယ်တကူဖြစ်စေနိုင် သော အနေအထားတွင် တည်ရှိသည်။ သေရည်သောက်စားမှု၊ မေထုန်မှီဝဲမှု၊ အိပ်စက်အနားယူလိုမှုတို့သည် တင်းတိမ်ရောင့်ရဲမှုမရှိခြင်း၌ တူညီသောသဘောရှိသည်။ အစ၌အရက်ကို လူကသောက်သော်လည်း နောက်ဆုံး၌ အရက်က လူကိုပြန်သောက်သွားသည့်အဖြစ်မျိုးကို တွေ့ဖူးကြလိမ့်မည်ဖြစ်သည်။ ဤအချက်မှာ အရက်သောက်ခြင်း၌ တင်းတိမ်ရောင့်ရဲမှုမရှိနိုင်ခြင်းကို ပြဆိုသည်။ အရက်မူးနေသောက်နေသူအတွက်

ပြောဆိုပြုလုပ်မှုမှန်သမျှသည် ကောင်းကွက်မရှိအောင် လွှဲချော်နေမည် သာဖြစ်သည်။ စိတ်ကိုပြောင်းလဲစေတတ်သော ခေတ်ပေါ်မူးယစ်ဆေးဝါး မှန်သမျှကိုလည်း အရက်နှင့်ထပ်တူ ဆိုးကျိုးကိုဖြစ်စေတတ်သဖြင့် ဤ အရက်သေစာစာရင်း၌ သွင်းမှတ်ထားရမည်ဖြစ်သည်။ မြတ်စွာဘုရား သည် အရက်သေစာသောက်စားမှုနှင့်မူးယစ်ဆေးဝါးသုံးစွဲမှုတို့ကို လုံးဝ ရှောင်ကြဉ်ကြရန် မိန့်တော်မူခဲ့သည်။

## တာဝန်ဝတ္တရားများ

ကျွန်ုပ်တို့လူမှုဝန်းကျင်သည် ကျေးဇူးတရားတို့ဖြင့် ဖွဲ့စည်းချည် နှောင်ထားသော လူမှုအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ ထိုကျေးဇူး တရားများကို အပြန်အလှန်သိနားလည်ခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ ဖြင့် လူမှုတာဝန်ကျေပြွန်ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ဝန်းကျင်ကို ကြည့်မည်ဆိုလျှင် ကျွေးမွေးပြုစုသော မိဘဆွေမျိုးများ၊ ပညာသင်ကြားပေးသော ဆရာဆရာမများ လေးစား ထိုက်သော ဘာသာရေးနိုင်ငံရေးနှင့်လူမျိုးရေးခေါင်းဆောင်များ မိတ်ဆွေ သူငယ်ချင်းများကို အနီးစပ်ဆုံးတွေ့ရမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် မိမိဘဝအတွက် အမှန်တကယ်ကျေးဇူးရှိသော ပုဂ္ဂိုလ်များပင်ဖြစ်သည်။ ထိုကျေးဇူးတရားတို့ကို ပြန်လည်ပေးဆပ်ခြင်းဖြင့် လူမှုဝန်းကျင်သာယာ စိုပြည်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

## မိဘတာဝန်

မိဘတို့သည် သားသမီးတို့အပေါ်၌ ရေတွက်၍မကုန်နိုင်သော ကျေးဇူးတရားရှိသူများဖြစ်သည်။ စဉ်းစားကြည့်လိုက်လျှင် မိဘတို့သည် သားသမီးတို့ကို အသက်နှင့်လဲ၍ လူ့လောကကြီးထဲရောက်အောင် ပို့ဆောင်ပေးခဲ့ကြသူများဖြစ်သည်။ ဘဝတစ်လျှောက်လုံး သားသမီးတို့ အတွက် အစဉ်အမြဲပေးဆပ်လာကြသူများဖြစ်သည်။ ဥပမာ စားစရာ

နေစရာ ဝတ်စရာများကို ဖန်တီးပေးသည်။ အသိပညာအတတ်ပညာတို့ကို တတ်ကျွမ်းအောင် သင်ကြားပေးသည်။ လောကထဲဝင်ဆံ့အောင် တွန်းပို့ပေးသည်။ ဤသို့ဖြင့် မိဘတို့သည် သားသမီးတို့အပေါ်၌ ကျေးဇူးများသူများဖြစ်လာရသည်။

တကယ်တမ်းလည်း မိဘတို့သည် သားသမီးများကို စောင့်ရှောက်မွေးမြူရမည့်တာဝန်များရှိလေသည်။ လောကကို ကောင်းကျိုးပြုသော သားကောင်းသမီးကောင်းများဖြစ်လာစေဖို့ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည်။ မကောင်းသောအမူအကျင့်များကို တားမြစ်၍ ကောင်းသောအမူအကျင့်များပြုတတ်အောင် သွန်သင်ဆုံးမကြရမည်ဖြစ်သည်။ အတတ်ပညာသင်ယူစေခြင်း၊ အရွယ်ရောက်က သင့်တော်သူနှင့်လက်ထပ်ထိမ်းမြားစေခြင်း၊ စီးပွားရေးဖြစ်ထွန်းစေရန် အရင်းအနှီးနှင့်နည်းလမ်းများပေးခြင်းတို့ကိုပင် တာဝန်ယူဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ပညာမတတ်လျှင် လူမှုဝန်းကျင်ငြိမ်းချမ်းသာယာရေးကို များစွာအနှောက်အယှက်ပြုတတ်ရာ သားသမီးတို့ကို ပညာသင်ယူစေခြင်းသည် မိဘတို့အတွက် အရေးကြီးသောတာဝန်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် လောကနီတိဆရာတို့က "ပညာသင်ကြားမပေးသော မိဘသည် သားသမီးတို့၏ရန်သူမည်ကြောင်း"မိန့်ဆိုကြသည်။

## သားသမီးတို့တာဝန်

သားသမီးတို့သည် မိဘတို့ကို အမှီသဟဲပြု၍ လူလားမြောက်ကြီးပွားလာကြသူများချည်းဖြစ်ကြသည်။ ထို့ကြောင့် သားသမီးတို့ဘဝသည် အကြွေးယူ၍ စီးပွားလုပ်သူနှင့် ပမာတူလှသည်။ ၎င်းအကြွေး (ကျေးဇူး)တို့ကို မဖြစ်မနေလည်း ပေးဆပ်ရမည့် တာဝန်များရှိလေသည်။ လူလားမြောက် ကြီးပြင်းလာသူအတွက် တာဝန်နှစ်ရပ်သည် ထပ်ချပ်မကွာလိုက်ပါလာသည်။ ထိုမှာ ကြွေးဟောင်းဆပ်ခြင်းနှင့်ကြွေးသစ်ချ

ခြင်းတို့ဖြစ်သည်။ ကြွေးဟောင်းဆပ်ခြင်းဆိုသည်မှာ မိဘတို့၏ မွေးကျေးဇူးများကို ပြန်လည်ပေးဆပ်ခြင်းဖြစ်ပြီး ကြွေးသစ်ချခြင်းဟူသည်မှာ မိသားစုတစ်ခု တည်ထောင်မိသောအခါ မိမိမှပေါက်ဖွားလာသော သားသမီးများကို ကျွေးမွေးစောင့်ရှောက်ရခြင်းတည်း။

မိဘတို့သည် သားသမီးတို့အား မွေးမြူထိန်းကျောင်းရာ၌ ရည်ရွယ်ချက်များထားရှိလေသည်။။ ယင်းရည်ရွယ်ချက်တို့သည်ပင် သားသမီးတို့အတွက် ဖြည့်ဆည်းကျင့်ဆောင်ရမည့် တာဝန်ဝတ္တရားများ ဖြစ်လာရသည်။

မိဘများသည် သားသမီးတို့လူလားမြောက်ချိန်၌ အသက်အရွယ်အိုမင်းသောအရွယ်သို့ရောက်လာကြပေပြီ။ ထိုအချိန်၌ သားသမီးတို့သည် မိဘတို့၏လုပ်ငန်းဆောင်တာများကို ပခုံးပြောင်းတာဝန်ယူ၍ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိဘများကွယ်လွန်သောအခါ၌လည်း ဘာသာရေးထုံးတမ်းစဉ်လာများအတိုင်း ဝတ်ကျေအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထို့အပြင် အရေးပါသော တာဝန်တစ်ရပ်မှာ မိဘမျိုးနွယ်တို့၏ အစဉ်အလာဓလေ့ထုံးစံတို့ကို မပျောက်မပျက်အောင် စောင့်ရှောက်ထိန်းသိမ်းခြင်းပင်ဖြစ်သည်။ စောင့်ထိန်းရမည်ဆိုသော်လည်း ကောင်းမြတ်သောအစဉ်အလာဓလေ့ထုံးစံတို့ကိုသာ ဆိုလိုပြီး ဆိုးဝါးသောအစဉ်အလာဓလေ့ထုံးစံတို့ကို မဆိုပေ။ ဤသို့ဖြင့် မိဘနှင့်သားသမီးတို့ အပြန်အလှန်တာဝန်ယူမှုသည် ကျွန်ုပ်တို့လူမှုဝန်းကျင်ကို များစွာသက်သာရာရစေသည်ကို တွေ့နိုင်သည်။

ထိုနည်းတူ လူမှုဝန်းကျင်တွင် အမြဲတစေ ထိတွေ့နေရသော လင်နှင့်မယား၊ အလုပ်သမားနှင့်အလုပ်ရှင်၊ ဆရာနှင့်တပည့်စသူတို့၏ အပြန်အလှန် နားလည်မှု တာဝန်ယူမှုများသည်လည်း လူ့လောက ငြိမ်းချမ်းသာယာရေးကို များစွာအထောက်အကူဖြစ်စေသည်။ ဗုဒ္ဓဘာသာ

ပျံ့နှံ့သက်ရောက်ရာ နေရာတို့၌ ဤကျင့်ဝတ်များသည် စည်ပင်ထွန်းကား လျက်ရှိသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာပုခက်တွင် ကြီးပြင်းလာကြသော အာရှတိုက်သားတို့၏ လူနေမှုဘဝများသည် ယင်းကဲ့သို့သော တာဝန်ယူမှုများနှင့်ထုံမွမ်းထားသည်ကို တွေ့နိုင်သည်။ ဤကျင့်ဝတ်ထုံးများကို လွန်ခဲ့သော ၂၅၀၀ကျော်က မြတ်စွာဘုရားသည် လူ့ဝန်းကျင်ငြိမ်းချမ်းသာယာစိုပြေစေရေးအတွက် ညွှန်ပြတော်မူခဲ့သည်။ ၎င်းကျင့်ဝတ်များကို သိင်္ဂါလလုလင်အား ဆုံးမပြောကြားသော သိင်္ဂါလောဝါဒသုတ်၌ အပြည့်အစုံလေ့လာတွေ့ရှိနိုင်သည်။

## မြတ်သောဘဝနေထိုင်နည်းများ

မြတ်စွာဘုရား၏တရားတော်များသည် ကိုယ့်ကျင့်သိက္ခာတည်ရှိရေးကို များစွာအလေးပေးညွှန်ပြထားသော တရားတော်များဖြစ်သည်။ ကိုယ်တရားရှိမှသာလျှင် ဘဝငြိမ်းချမ်းရေးနှင့်လောကငြိမ်းချမ်းရေးကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ကိုယ်ကျင့်သိက္ခာကို ကြဉ်ထား၍ မည်သည့်ငြိမ်းချမ်းရေးကိုမျှ တည်ဆောက်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်တိုင်းသည် အကောင်းဆုံးသော ဘဝနေနည်းထိုင်နည်းများပင်ဖြစ်သည်။ ဤ၌ ဗြဟ္မဝိဟာရဖြင့် နေထိုင်နည်းလေးမျိုးကို ညွှန်ပြလိုသည်။ ဗြဟ္မဝိဟာရဟူသည် ဗြဟ္မာကြီးများကဲ့သို့ ပြုမူနေထိုင်ခြင်း သို့မဟုတ် မြင့်မြတ်စွာနေထိုင်ခြင်းဟု အဓိပ္ပါယ်ရသည်။ ထိုမှာ-

၁။ မေတ္တာ

၂။ ကရုဏာ

၃။ မုဒိတာ

၄။ ဥပေက္ခာတို့ဖြစ်ကြသည်။

## မေတ္တာဖြင့်နေထိုင်ခြင်း

မေတ္တာဟူသည် လူမှုဆက်ဆံရေးနယ်ပယ်၌ တစ်ဦးနှင့်တစ်ဦး ခြောက်သွေ့မသွားစေဘဲ စွတ်စိုစေးကပ်တတ်သော သဘောတရား ဖြစ်သည်။ မေတ္တာ၏ဆန့်ကျင်ဘက်သည် ဒေါသဖြစ်သည်။ ဒေါသသည် ပူလောင်ကြမ်းတမ်းသော သဘောရှိပြီး မေတ္တာသည် အေးမြသော သဘောရှိသည်။ မေတ္တာသည် ရေနှင့်တူပြီး ဒေါသသည် မီးနှင့်တူ ကြောင်း မိန့်ဆိုကြသည်။ ဒေါသသည် ကမ္ဘာစစ်ကိုဖြစ်စေ၍ မေတ္တာ သည် ကမ္ဘာစစ်ကို ငြိမ်းအေးသွားအောင်ပြုလုပ်နိုင်သည်။ ဤသို့ဖြင့် မေတ္တာနှင့်ဒေါသတို့၏ဖြောင့်ဖြောင့်ဆန့်ကျင်ပုံကို သိနိုင်သည်။ မေတ္တာ၏ သဘောကို မိခင်တို့၌ အထင်အရှားတွေ့နိုင်သည်။ မေတ္တာသည် အနီ ရောင်သွေးကို ဖြူဖွေးသွားအောင် ပြုလုပ်နိုင်စွမ်းရှိသည်။ အဖြူရောင် သည် မေတ္တာ၏သင်္ကေတဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် အဖြူရောင်အလံတံခွန်များကို နေရာအနှံ့စိုက်ထူ ထားကြရမည်ဖြစ်သည်။ မေတ္တာခြုံလျှင် လုံသည်ဆိုသည့်အတိုင်း ကျွန်ုပ် တို့နေသောကမ္ဘာကြီးကို မေတ္တာဖြင့် လွှမ်းခြုံထားရမည်ဖြစ်သည်။ မေတ္တာ သည် ကမ္ဘာကြီးအတွက် ကောင်းစွာအိပ်စက်အနားယူနိုင်သော အိပ်ဆေး ကောင်းတစ်လက်လည်းဖြစ်သည်။ လူသားချင်းစာနာထောက်ထား၍ လုပ်ဆောင်အပ်သော လူသားအကျိုးပြုလုပ်ငန်းဟူသရွေ့ ဤမေတ္တာ၏ အသွင်သဏ္ဌာန်များကို မြင်တွေ့နိုင်သည်။

### ကရုဏာ

ကရုဏာဟူသည် ကြင်နာသနားခြင်းကိုဆိုသည်။ ဆင်းရဲအတိ ဒုက္ခရောက်သည်ကို မြင်သောအခါ ဖြစ်ပေါ်လာတတ်သော စိတ်သဘော ဖြစ်သည်။ သနားကြင်နာခြင်း၏ဆန့်ကျင်ဘက်သည် ရက်စက်ကြမ်း ကြုတ်ခြင်းဖြစ်သည်။ ရက်စက်ကြမ်းကြုတ်မှုမှန်သမျှသည် ကမ္ဘာကြီးကို

မည်မျှရုပ်ပျက်ဆင်းပျက်ဖြစ်စေသည်ကို မြင်တွေ့နိုင်သည်။ ထို့ကြောင့် သနားကြင်နာစိတ်ကို လူတိုင်းမွေးမြူကြရမည်ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဤကရုဏာစိတ်ဖြင့် နိဗ္ဗာန်ဆုမြတ်ကို လက်လွှတ်ခဲ့၏။ ဆင်းရဲဒုက္ခအမျိုးမျိုးကို သည်းခံခဲ့၏။ ဘုရားဖြစ်သောအခါ၌လည်း လူနာရဟန်းတော်တစ်ပါးကို ကိုယ်တော်တိုင်ပြုစုကုသခဲ့ဘူး၏။ ထို့ကြောင့် ဆေးရုံဆေးခန်းများတည်ထောင်ခြင်း၊ သက်ကြီးရွယ်အိုတို့အတွက် ရိပ်သာများတည်ထောင်ခြင်း၊ ပရဟိတဂေဟာများ တည်ထောင်ခြင်းတို့သည် ကရုဏာ၏ပြယုဂ်များပင်ဖြစ်သည်။

## မုဒိတာ

မုဒိတာသည် အများသူငါ ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းတည်း။ ဥပမာအားဖြင့် မိဘတို့သည် စားဝတ်နေရေး ကျန်းမာရေးစသည် အဆင်ပြေသော သားသမီးတို့ကို မြင်တွေ့ရသောအခါ စိတ်ထဲမှ နှစ်နှစ်ကာကာ ဂုဏ်ယူဝမ်းမြောက်နေခြင်းမျိုးတည်း။ ဤစိတ်သဘောသည် လွယ်မယောင်နှင့်ထားရှိဘို့ ခက်ခဲသောသဘောရှိ၏။ ဆင်းရဲနေသူတစ်ယောက်ကို သနားကြင်နာစိတ်ဖြစ်ဖို့ လွယ်ကူမည်ဖြစ်သော်လည်း အောင်မြင်မှုရှိသော လူတစ်ယောက်ကို ကိုယ်နှင့်တန်းတူထား၍ ဝမ်းမြောက်နိုင်ဖို့ဆိုသည်မှာ လွယ်ကူလှသည် မဟုတ်ပေ။ ဤသည်မှာ အတ္တကိုရှေ့တန်းတင်တတ်သော လူတို့၏ သဘောဖြစ်သည်။ မုဒိတာ၏ဆန့်ကျင်ဘက်သည် မနာလိုငြူစူခြင်းဖြစ်သည်။ ထိုစိတ်သည် တစ်ဖက်သား၏ ကြီးပွားတိုးတက်မှုမှန်သမျှကို မတွေ့မမြင်လိုဘဲ အရာရာကို ကိုယ့်ဩဇာခံချည်းသာဖြစ်လိုသော စိတ်မျိုးတည်း။ ကျဉ်းမြောင်းသောထိုစိတ်ဓာတ်ဖြင့် ကမ္ဘာ့ငြိမ်းချမ်းသာယာတိုးတက်စည်ပင်ရေးမှန်သမျှကို မပြုလုပ်နိုင်ပေ။ ထို့ကြောင့် မကြီးပွားသေးသည်ကို ကြီးပွားအောင် ကြီးပွားပြီးသည်ကို ဆက်လက်တည်တံ့အောင် မုဒိတာတရားဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ဥပေက္ခာ

ဥပေက္ခာဟူသည် လျစ်လျူရှုခြင်းသဘောတရားဖြစ်သည်။ အဆိုးလောကဓံများနှင့်တွေ့ကြုံရသော်လည်း စိတ်ဆိုးစိတ်ပျက်ခြင်းမရှိ။ အကောင်းလောကဓံများနှင့်တွေ့ကြုံရသော်လည်း သာယာနှစ်သက်ခြင်းမရှိ။ လောဘဒေါသအစွန်းနှစ်ဘက်တို့ကို ရှောင်ရှား၍နေခြင်းမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် ဆင်းရဲဒုက္ခရောက်နေသူကို မြင်တွေ့နေရသော်လည်း ကရုဏာစိတ်မဖြစ်၊ ချမ်းသာသူကို မြင်တွေ့ရသော်လည်း မုဒိတာမဖြစ်။ သူတို့စွမ်းဆောင်မှုအတိုင်းသာဖြစ်သည်ဟု နှလုံးသွင်း၍ မိမိကိုယ်ကိုသက်သာအောင် နေထိုင်ခြင်းမျိုးဖြစ်သည်။ ယနေ့ခေတ်နိုင်ငံရေး၊ စီးပွားရေးစသည် အားပြိုင်ပွဲများ၌ ပါဝင်ပတ်သက်ခြင်းမရှိဘဲ မြွေမသေ တုတ်မကျိုး ဘက်မလိုက်ဝါဒကျင့်သုံးခြင်းမျိုးကဲ့သို့တည်း။ ဤဥပေက္ခာသည် အစွန်းနှစ်ဖက်ကို ရှောင်ရှားသဖြင့် မိမိလုပ်ငန်းစဉ်များ၌ အောင်မြင်မှုကို ဖြစ်စေသည်။ သနားခြင်း၊ ဝမ်းမြောက်ခြင်းတို့သည် ကောင်းမွန်သော သဘောတရားများပင် ဖြစ်သော်လည်း မိမိ၏လုပ်ငန်းစဉ်များ၌ အဟန့်အတားတစ်ခုဖြစ်နေတတ်သည်။ ထို့ကြောင့် အောင်မြင်မှုများစွာကို အထွတ်အထိပ်ရောက်ပိုင်ဆိုင်ရာ၌ ဤဥပေက္ခာ၏ စွမ်းရည်ကို မြင်တွေ့နိုင်သည်။

ကျွန်ုပ်တို့ကမ္ဘာကြီး သာယာငြိမ်းချမ်းရေးအတွက် အရေးတကြီးလိုအပ်နေသော အရာများကိုကြည့်လျှင် ဤတရားလေးပါးမှတစ်ပါးအခြားမရှိပါချေ။ တကယ်တမ်းလည်း ကမ္ဘာ့ငြိမ်းချမ်းရေးဟူသမျှကို ဖျက်ဆီးနေသည်မှာ ယင်းတရားတို့၏ဆန့်ကျင်ဘက်တရားများသာဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အားပေးကူညီမှုများ ဂုဏ်ယူဝမ်းမြောက်မှုများ ဘက်မလိုက်နေတတ်မှုများသည် များစွာကောင်းမွန်သော နည်းလမ်းများဖြစ်သည်ကို တွေ့နိုင်သည်။

## စီးပွားရေးဦးတည်ချက်လေးရပ်

မြတ်စွာဘုရားသည် စိတ်ဓာတ်မြင့်မားရေးအတွက် ရုပ်ဝတ္ထု၏ အကူအညီသည် များစွာအရေးပါသည်ဆိုသောအချက်ကို လက်ခံတော်မူသည်။ လောကီလူသားတို့အနေဖြင့် နေ့စဉ်စားဝတ်နေရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးတို့ကိုလည်း တိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုအရာများ အောင်မြင်ထမြောက်ဖို့ဆိုသည်မှာလည်း စီးပွားရေးတောင့်တင်းခိုင်မာမှသာ ဖြစ်နိုင်သည်။ ထို့ကြောင့် ဉစ္စာစီးပွား ဖြစ်ထွန်းစေရန်အတွက် နည်းလမ်းကောင်းတို့ကို ညွှန်ပြတော်မူခဲ့သည်။

## ဥဋ္ဌာနသမ္ပဒါ

ဉစ္စာပစ္စည်းရရှိဖို့အတွက် အရေးကြီး၍ ပဓာနကျသော အချက်မှာ ထကြွလုံ့လဝီရိယရှိခြင်းပင်ဖြစ်သည်။ ပျင်းရိဖင့်နွဲ့နေသူအတွက် ကောင်းကျိုးမှန်သမျှ လွဲချော်နေမည်သာဖြစ်သည်။ ထို့ကြောင့် စီးပွားဖြစ်ထွန်းလိုသူအတွက် စောသေးသည်၊ ညဉ့်နက်သည်၊ အိပ်ချင်သည်၊ ဆာလောင်သည်ဟူ၍ အကြောင်းပြနေဖွယ်မရှိချေ။ ပန်းဝတ်ရည်ကို စုဆောင်းရှာဖွေသောပျားပိတုန်း၊ ခြတောင်ကို ပြုလုပ်တတ်သော ခြကောင်တို့ပမာ ဇွဲလုံ့လကောင်းစွာထား၍ ရှာဖွေကြရမည်ဖြစ်သည်။ ထို့အပြင် မိမိပြုလုပ်သော လုပ်ငန်းရပ်ဆိုင်ရာတို့ကို ကျွမ်းကျင်ပိုင်နိုင်မှုရှိကြရမည်ဖြစ်သည်။ အချုပ်ဆိုရသော် ဉစ္စာစီးပွားဖြစ်ဖို့ ဇွဲလုံ့လဝီရိယနှင့်ကျွမ်းကျင်မှုရှိကြရမည်ဖြစ်သည်။

## အာရက္ခသမ္ပဒါ

ရှာဖွေရရှိလာသော ပစ္စည်းဉစ္စာတို့ကို စောင့်ရှောက်ထိန်းသိမ်းခြင်းသည် စီးပွားဉစ္စာတိုးတက်ဖြစ်ထွန်းဖို့ များစွာအရေးပါလှသည်။ ရေမီးဘေးရန်ကြောင့်ဖြစ်စေ၊ သူခိုးသူဝှက်ဘေးရန်ကြောင့်ဖြစ်စေ ဆုံးရှုံး

ပျက်စီးမသွားအောင် နေ့ညမလပ် စောင့်ရှောက်ရမည်ဖြစ်သည်။ ဘဏ္ဍာ၌အပ်နှံထားခြင်း၊ အတိုးအပွားချထားခြင်းတို့သည် စောင့်ရှောက်ခြင်းတစ်မျိုးပင်ဖြစ်သည်။ ထိုသို့ထိမ်းသိမ်းစောင့်ရှောက်ရာ၌ မစားရက်မသောက်ရက် မသုံးရက်မစွဲရက် ထိမ်းသိမ်းထားခြင်းမျိုးကို မဆိုပေ။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစသောကုန်ကျသင့်သော နေရာတို့၌ ကုန်ကျစေရမည်ဖြစ်သည်။ ဘဝသံသရာမျှော်ခေါင်တွေး၍ လှူဒါန်းပေးကမ်းခြင်းအမှုတို့ကိုလည်း နှမြောတွန့်တိုခြင်းမရှိပေးလှူရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကုန်ကျသင့်သောနေရာတို့၌သာ ကုန်ကျစေ၍မကုန်ကျသင့်သောနေရာတို့၌ မကုန်ကျအောင် သုံးစွဲမှုကို ဆင်ခြင်ရမည်ဖြစ်သည်။ ထို့ကြောင့် ဆရာတို့က -

မကုန်သင့်ဘဲ ဆေးအနဲ ရွေးပဲကိုမျှ မကုန်စေရာ။
ကုန်သင့်ရာကို ရာထောင်ဆို တွန့်တိုမရှိရာ

ဟူ၍ ဤသို့မိန့်ဆိုခဲ့ခြင်းဖြစ်သည်။

## သမဇီဝိတတာ

စီးပွားဥစ္စာသည် ရှာဖွေသည့်နေရာ၌များစွာခက်ခဲသလောက် ကုန်ကျသည့်နေရာ၌ များစွာလွယ်ကူလှသည်။ ဝင်ငွေကနည်း၍ သုံးစွဲမှုက များနေလျှင် စီးပွားဖြစ်ထွန်းဖို့မလွယ်ကူပေ။ ထို့ကြောင့် ဝင်ငွေထွက်ငွေကိုကြည့်၍ မျှတစွာသုံးစွဲတတ်ခြင်းသည်လည်း စီးပွားဖြစ်လိုသူတို့အတွက် အရေးပါသော စနစ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ဝင်ငွေများ၍ ထွက်ငွေနည်းအောင် ကြံဆောင်၍ သုံးစွဲတတ်ရမည်ဖြစ်သည်။ သို့မှသာ ငွေပိုငွေလျှံစုမိဆောင်းမိ၍ စီးပွားရေးလုပ်ငန်းများကိုလည်း တိုးတက်ဖြစ်ထွန်းအောင် တည်ထောင်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝါဒသည် စီးပွားရှာဖွေရာတွင် သမ္မာအာဇီဝဖြစ်သော

လုပ်ငန်းရပ်တိုင်းကို အားပေးထောက်ခံသည်။ လူကုန်ကူးမှု၊ သေအရက် ရောင်းချမှု၊ အဆိပ် လက်နက်နှင့်အသားရောင်းချမှုတို့ကို များစွာ ရှုတ်ချပြီး မပြုလုပ်ရန် တားမြစ်သည်။ ထို့ကြောင့် မှန်ကန်သော အသက်မွေးဝမ်းကြောင်းဖြစ်လျှင် ကမ္ဘာနှင့်ချီ၍ပြုလုပ်ရှာဖွေသော်လည်း အပြစ်မဆိုပေ။ စီးပွားရှာရာတွင် မအိုတော့မဲ့ပုံ၊ မနာတော့မဲ့အသွင် မျိုးဖြင့် မပျင်းမရိရှာဖွေရမည်ဖြစ်ကြောင်း ဆရာများ မိန့်တော်မူကြ သည်။ မပြည့်စုံသေးသောအခါတွင် ချွေတာသုံးစွဲ၍ပြည့်စုံသောအခါ ၌ စည်းကမ်းရှိရှိသုံးစွဲရမည်ဖြစ်သည်။ လူတို့သည် လက်ရှိသုံးစွဲမှု အခြေအနေများအပြင် အိုမင်းလာသောအခါနှင့်မင်းမှုရေးရာကျရောက် သောအခါတို့၌ သုံးစွဲဖို့ကိုလည်း ကြိုတင်၍တွက်ဆထားရမည်ဖြစ်သည်။

ဤနေရာ၌ မြတ်စွာဘုရားသည် ဥစ္စာသုံးစွဲနည်းကိုပါ အသေအချာညွှန်ပြတော်မူခဲ့သည်။ ရရှိလာသောစီးပွားကို လေးပုံပုံ၍ နှစ်ပုံကိုစီးပွားရေးအတွက် တစ်ပုံကို အိုစာမင်းစာအတွက် တစ်ပုံကို နေ့စဉ်စားသုံးစရိတ်ပြုရမည်ဖြစ်သည်။ လူမှုဝန်ဆောင်ထည့်ဝင်မှုတို့ကို မူ နေ့စဉ်စားသုံးစရိတ်မှ ထုတ်နှုတ်ပြုလုပ်ရမည်ဖြစ်သည်။

## ကလျာဏမိတ္တတာ

လောက၌ မိတ်ကောင်းဆွေမွန်တို့၏ အကူအညီကို မရဘဲ အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ မလွယ်ကူချေ။ မိတ်ဆွေကောင်းသည် အောင်မြင်သောဘဝတစ်ခုကို ဖန်တီးပေးနိုင်သည်။ မိတ်ကောင်းဆွေ မွန်ဟူသည် ချမ်းသာဆင်းရဲတူမခွဲဘဲ အကျိုးဆောင်ပေးတတ်သော ပုဂ္ဂိုလ်ဖြစ်သည်။ အထူးသဖြင့် ဆင်းရဲဒုက္ခရောက်နေသောအခါ၌ ကူညီရိုင်းပင်းမှုရှိပြီး ကောင်းသည်ကို ညွှန်ပြ၍မကောင်းသည်တို့ကို မပြုလုပ်ရန် တားမြစ်သည်။ ဤကား မိတ်ကောင်းဆွေမွန်တို့၏သဘော တည်း။ သို့သော် သတိပြုရမည်မှာ မိမိကိုယ်တိုင်က မိတ်ဆွေကောင်း

တစ်ယောက်ဖြစ်ပါမှ ယင်းကဲ့သို့သော မိတ်ဆွေကောင်းမျိုးကို ရရှိနိုင်မည်ဖြစ်သည်။

ဤသည်တို့ကား မြတ်စွာဘုရား ညွှန်ပြတော်မူခဲ့သော စီးပွားရေးနည်းလမ်းများဖြစ်သည်။ ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ ဤနည်းလမ်းလေးသွယ်ကို အခြေခံထားသည်ကို တွေ့နိုင်သည်။

## ကြီးပွားရေးနှင့်ပျက်စီးရေး

လောကတစ်ခွင်၌ ကြီးပွားအောင်မြင်နေသူများကိုလည်းကောင်း၊ ကျရှုံးနေသူများကိုလည်းကောင်း တွေ့နိုင်သည်။ ထိုသူတို့၏အောင်မြင်မှု ကျဆုံးမှုတို့သည် အကြောင်းတရားများနှင့်အဓိကဆက်သွယ်ထားသည်ကို တွေ့ရမည်။ မြတ်စွာဘုရားသည် လူသားတို့၏ ဤအဓိကလိုအပ်ချက်ကို ရှေးဦးကပင် ကြိုတင်၍တွေ့မြင်တော်မူသည်။ ထို့ကြောင့် လောကကြီးပွားရေး လမ်းညွှန်တရားများအဖြစ် မင်္ဂလသုတ်နှင့်ဝသလသုတ်တရားတော်များကို ဟောပြတော်မူခဲ့သည်။

## မင်္ဂလသုတ်

မင်္ဂလသုတ်သည် လောကီလောကုတ္တရာကြီးပွားကြောင်း တရားများကိုအပြည့်အစုံပြဆိုထားသော သုတ်ဖြစ်သည်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနည်းလမ်းများကို အကောင်းဆုံးလမ်းညွှန်ပြထားချက်များ ပါရှိသည်။ ပညာသင်ယူနေသူအတွက် ပညာတတ်မြောက်ကြောင်း နည်းလမ်းကောင်းများ၊ အရွယ်ရောက်လာသူတစ်ယောက်အနေဖြင့် အိမ်ထောင်မှုတာဝန်ကျေပွန်မှုနှင့်ဆောင်ရွက်ရမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ၊ ရင့်ကျက်တည်ငြိမ်မှုနှင့်အတူ ဘဝကို လှပစွာအဆုံးသတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုနည်းလမ်းကောင်းများကို ပြဆိုထားသည်။

ဥပမာအားဖြင့် ပညာသင်ယူနေသော လူတစ်ယောက်အဖို့

ပညာမဲ့လူမိုက်နှင့်အပေါင်းအသင်းမလုပ်ခြင်း၊ ပညာရှိလူလိမ္မာတို့နှင့် မိတ်ဖွဲ့ပေါင်းသင်းခြင်း၊ မိဘလူကြီးသူမတို့အပေါ် ရိုသေလေးစားခြင်း၊ မိမိကိုယ်ကို ကောင်းသထက်ကောင်းအောင် ထိန်းကျောင်းပြုပြင်ခြင်း၊ ဗဟုသုတအကြားအမြင်များအောင် ကြံဆောင်လေ့လာခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။

လူလားမြောက်လာသူတစ်ယောက်အနေဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာရပ်များကို တတ်မြောက်အောင်သင်ယူခြင်း၊ မိဘသားမယားတို့ကို လုပ်ကျွေးခြင်း၊ ဆွေမျိုးသားချင်းတို့ကို ထောက်ပံ့ခြင်း၊ အပြစ်ကင်းသော လုပ်ငန်းရပ်ဖြင့် အသက်မွေးခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။

အရွယ်ရောက်လာသူတစ်ယောက်အတွက် ဘဝနောင်ရေး မျှော်ခေါင်တွေး၍ ဒါနပြုခြင်း၊ ဥပုသ်သီတင်းစောင့်သုံးခြင်း၊ တရားဓမ္မကျင့်ခြင်း၊ မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ ဤသို့စသည်ဖြင့် ဤသုတ်၌ ပြဆိုသောတရားသည် (၃၈) ပါးမျှရှိသည်။

အချုပ်ဆိုရသော် ဤမင်္ဂလာတရားတော်များသည် လူတို့၏ အသက်အရွယ်အလိုက်ကျင့်သုံးနိုင်ပြီး ဘဝသာယာဖြောင့်ဖြူးရေးလောကငြိမ်းချမ်းသာယာရေးတို့ကို အပြည့်အဝ ပေးစွမ်းနိုင်သော တရားတော်များဖြစ်သည်။

## ဝသလသုတ်

ဤသုတ်သည် မင်္ဂလသုတ်နှင့်ဆန့်ကျင်ဘက်တရားများကို ပြဆိုသောသုတ်ဖြစ်သည်။ မင်္ဂလသုတ်၌ လောကကြီးပွားကြောင်းတရားများကို ပြဆိုထားပြီး ဤသုတ်၌ ဆုတ်ယုတ်ပျက်စီးကြောင်းတရားများကို ပြဆိုထားသည်။ မင်္ဂလသုတ်လာ တရားတော်များသည် ဆောင်ရွက်

လုပ်ကိုင်ရန်ဖြစ်ပြီး ဤသုတ်လာတရားတော်များသည် ရှောင်ကြဉ်ရန် အတွက်ဖြစ်သည်။ ဤသို့ဖြင့် ဤသုတ်လာတရားများသည်လည်း လောကကြီးပွားကြောင်း တရားများဖြစ်လာရသည်။

ဥပမာအားဖြင့်-

အိပ်စက်အနားယူမှုများခြင်း၊ အပေါင်းအသင်းခုံမင်နှစ်သက်ခြင်း၊ ထကြွလုံ့လဝီရိယနည်းပါးခြင်း၊ အမျက်ဒေါသအားကြီးခြင်းတို့သည် ပျက်စီးဆုတ်ယုတ်ခြင်း၏အကြောင်းတည်း။

မိအိုဖအိုတို့အား လုပ်ကျွေးပြုစုနိုင်ပါလျက် မလုပ်ကျွေးခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အပေါ် လိမ်ညာလှည့်စားခြင်း၊ စားကောင်းသောက် ဖွယ်တို့ကို တစ်ယောက်တည်းစားသုံးခြင်းများသည် ပျက်စီးဆုတ်ယုတ် ခြင်း၏အကြောင်းတည်း။ ဤသို့ဖြင့် ပျက်စီးကြောင်းတရား(၂၄)ပါးကို ပြဆိုထားသည်။

## ဘဝနေနည်းထိုင်နည်းများ


မြတ်စွာဘုရား၏တရားတော်မှန်သမျှတို့သည် ဘဝနေနည်း၊ ထိုင်နည်းများကို ပြဆိုထားသော တရားတော်များချည်းသာဖြစ်သည်။ ဝိနည်းတရားတော်များသည် ရဟန်းတော်တို့၏အဆင့်မြင့်နေနည်း ထိုင်နည်းများကို ပြဆိုထားပြီး သုတ္တန်တရားတော်များသည် စိတ်ဓာတ် တည်ကြည်ဖြောင့်မတ်မှုဆိုင်ရာ နည်းလမ်းများကို ပြဆိုသည်။ အဘိဓမ္မာ သည် လောကကြီး၏တကယ်အရှိတရားများကို အရှိအတိုင်းမြင်တတ် စေရန်ညွှန်ပြသည်။

မြတ်စွာဘုရား၏တရားတော်များသည် ကိုယ်ကျင့်တရားကို အခြေခံထား၍ စိတ်ဓာတ်တည်ကြည်မှု အမှန်အတိုင်းသိနားလည်မှုတို့ တိုင်ပို့ဆောင်ပေးသဖြင့် တစ်ဖြည်းဖြည်း နက်ရှိုင်းလာသော ပင်လယ် သမုဒ္ဒရာနှင့်ပမာတူကြောင်း မိန့်ဆိုကြသည်။

အချုပ်အားဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရား၏အဆုံး အမတရားတော်များကို လေးစားယုံကြည်၍ ပေးကမ်းခြင်း၊ ကိုယ်ကျင့်စာရိတ္တခိုင်မြဲခြင်း၊ တရားဓမ္မကျင့်ကြံခြင်းတို့ကို ဘဝအတွက်အရေးကြီးသောလုပ်ငန်းများအဖြစ်သတ်မှတ်ကာ ကျင့်ကြံနေထိုင်ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့၏လူနေမှုဘဝသည် သန့်ရှင်းစင်ကြယ်ခြင်း၊ အနှစ်သာရရှိခြင်း၊ အဓိပ္ပါယ်ရှိခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြင့် တန်ဆာဆင်ထားသည်ကို တွေ့နိုင်သည်။

သူတော်ကောင်းတရား နေရာတိုင်း၌
ထွန်းတောက်ပါစေ။

အရှင်ကုသလ (ဗုဒ္ဓတက္ကသိုလ်)



ကျွန်ုပ်တို့လူမှုဝန်းကျင်သည်
ကျေးဇူးတရားတို့ဖြင့်
ဖွဲ့စည်းချည်
နှောင်ထားသော
လူမှုအဖွဲ့အစည်းကြီး
တစ်ခုဖြစ်သည်။
ထိုကျေးဇူးတရားများကို
အပြန်အလှန်သိနားလည်ခြင်း၊
ပြန်လည်ပေးဆပ်ခြင်းတို့ဖြင့်
လူမှုတာဝန်ကျေပြွန်
ကြရမည်ဖြစ်သည်။



# သီလရှင် သို့မဟုတ် ခေတ်သစ်ဘီကျွနီ

အရှင်ဒေဝိန္ဒာဘိဝံသ

န သော သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

ယောကျာ်းသားတို့သည်သာ စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်သော အရာရှိသည်မဟုတ်သေး။ မိန်းမသားတို့သည်လည်း စွမ်းစွမ်းတမံလုပ်ဆောင်နိုင်သော အရာရှိသေး၏။ ထို့ကြောင့် နိုင်ငံနှင့်သာသနာတော်ကို ဘက်စုံကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ သီလရှင်(ဆရာလေး)များ၏ လုပ်ဆောင်ချက်သည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

သီလရှင်တို့သည် ဘုရားရှင်၏ပရိသတ်(၄)ပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော ဘိက္ခုနီများ၏ ကိုယ်စားလှယ်တို့ပင် ဖြစ်သော ကြောင့် ရဟန်းတော်များနည်းတူ ဗုဒ္ဓသာသနာပြန့်ပွားအောင် အားကြိုးမာန်တက် ဆောင်ရွက်နိုင်ပေသည်သာ။

ထင်ရှားသော ကျောင်းတိုက်ကြီးများနှင့်သီလရှင်စာသင်တိုက် ကြီးတို့၌ လောကီဘက်၊ လောကုတ္တရာဘက် နှစ်ဘက်လုံး၌ အဆင့် မြင့်သောဘွဲ့များကိုရရှိကြသော သီလရှင်များပေါ်ထွန်းလျက်ရှိသည်မှာ ဗုဒ္ဓသာသနာတော်အတွက် အားတက်ဖွယ်ကောင်းလှ၏။ ပြည်ပမှ ပါရဂူ ဘွဲ့ရသောသီလရှင်ဆရာလေးတောင်ရှိပါ၏။

တစ်ချို့သီလရှင်တို့သည် စာသင်တိုက်ကြီးများကို တည်ထောင် ဖွင့်လှစ်ပြီး ပိဋကတ်စာပေတို့ကို စနစ်တကျပို့ချပေးကာ ရဟန်းသံဃာ တော်များကဲ့သို့ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိ၏။ မင်းကွန်းဆရာတော်ကြီး၏ ရဟန်းမယ်တော်ကြီးဖြစ်သော သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီကား သစ္စာဝါဒီဋီကာကျမ်းကြီးကို ပြုခြင်းဖြင့် သီလရှင် သမိုင်း၌ မှတ်တိုင်တစ်ခု စိုက်ထူသွားခဲ့ပါသည်။

မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက် စတင်တည်ထောင် သော ဆရာကြီးဒေါ်ကုမ္မာရီသည်လည်း ပိဋကတ်ကျမ်းစာများကို တတ် ကျွမ်းရုံမျှမက ပဋိပတ္တိကျင့်စဉ်လမ်း၊ သထမဘာဝနာ ဝိပဿနာဘာဝနာ များကို စနစ်တကျ ဒကာဒကာမများအား ပြသဟောပြောခဲ့သော နိဗ္ဗာနပဝေသနီခေါ် ကျမ်းစာအုပ်နှင့်သီလရှင်ဥပဒေကျင့်စဉ်ကျမ်းများကို ရေးသားထုတ်ဝေဖြန့်ဖြူးခြင်းဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

အလွန်ကြီးကျယ်သော သာသနာ့ရိပ်သာကြီးများကို တည်ထောင် ကာ ဝိပဿနာတရားများကိုကျယ်ကျယ်ပြန့်ပြန့်ထွန်းကားအောင် ဆောင် ရွက်နေသော သီလရှင်များလည်းရှိကြ၏။

သီလရှင်(ဆရာလေး)တစ်ပါးကား ပိဋကတ်စာပေလည်း တတ်မြောက်၊ ဘာသန္တရစာပေလည်း ကျွမ်းကျင်သဖြင့် နိုင်ငံတကာသို့လှည့်လည်၍တရားဓမ္မများကို ဟောပြောလျက်ရှိ၏။ "စရထ ဘိက္ခဝေ စာရိကံ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ"ဟူသောဩဝါဒကို လက်တွေ့လိုက်နာကျင့်သုံးနေသူပင်တည်း။

နီပေါသူဖြစ်သော ဆရာလေး ဂဏေသကုမာရီ၏ စွန့်စားမှုသည်ကား စိတ်ကူးယဉ် ဝတ္ထုများထက်ပင် ဆန်းကျယ်၍အံ့ဩဖွယ်ကောင်းလှပေသည်။ သူမသည် (၁၄)နှစ်အရွယ်၌ နီပေါနိုင်ငံမှ ဤမြန်မာနိုင်ငံသို့စွန့်စွန့်စားစား ထွက်ခွါလာပြီး မော်လမြိုင်မြို့ ခေမာရာမသီလရှင်စာသင်တိုက်၌ ပရိယတ္တိစာပေသင်ကြားကာ ၁၉၆၂-ခုနှစ်မှာ ဓမ္မာစရိယဘွဲ့ရရှိသွားခဲ့ပါသည်။

ထိုသို့လျှင် သာသနာ့တာဝန်ကိုစွမ်းအားရှိသလောက် ထမ်းဆောင်နေကြသော အာဇာနည်သီလရှင်များရှိကြသော်လည်း ကျောင်းသားကျောင်းသူများကို "အတန်းကျောင်းပညာ"များ သင်ပေးကြသော သီလရှင်များ မရှိသလောက် နည်းပါးလှပေသည်။

ယင်းသို့ နည်းပါးခြင်းသည် သာသနာတော်အတွက် အန္တရာယ်လက္ခဏာပင်ဖြစ်သောကြောင့် အချိန်မီမပြုကြလျှင် အမျိုးဘာသာသာသနာသည် "ပရုပ်လုံး"ကဲ့သို့ လုံးပါးပါးပြီး အမြစ်ပြတ်သွားနိုင်ပါသည်။ ယင်းကိစ္စကို ပေါ့ပေါ့ဆဆသဘောထား၍ မဖြစ်တော့။ ယင်းသို့မေ့လျော့၍နေခဲ့ကြသောကြောင့် တိုင်းရင်းသားတို့နေထိုင်ရာ တောင်တန်းဒေသ၌ ကြေးစည်သံနှင့်ဓမ္မစကြာသံတို့ ဆိတ်သုဉ်းပြီး ဂစ်တာသံနှင့် ဘာသာခြားသီချင်းသံတို့ နားမဆံ့အောင် ကြားရပါတော့သည်။

ထို့ကြောင့် သီလရှင်တို့သည် ခေတ်စနစ်နှင့်လျော်ညီသော အတတ်ပညာများဖြင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏အကျိုးစီးပွားကို

ဆောင်ရွက်ပြီး သူတို့၏နှလုံးသား၌ ဓမ္မမျိုးစေ့ကို ချနိုင်အောင် ကြိုးစားသင့်လှပါသည်။

ဗုဒ္ဓဘာသာဝင်ဦးရေ တိုးတက်အောင် စည်းရုံးနိုင်ဖို့အတွက် အဓိကလိုအပ်သောအချက်ကား သီလရှင်တို့ကိုယ်တိုင်က တတ်သင့်တတ်ထိုက်သော အတတ်ပညာမျိုးစုံကို ကျွမ်းကျင်တတ်မြောက်ဖို့ပင်တည်း။ ယင်းသို့တတ်မြောက်လျှင် နယ်စပ်ဒေသပါမကျန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တအားပါဝင်ထမ်းဆောင်ကာ နိုင်ငံနှင့်သာသနာ၏အကျိုးကို ထက်မြက်သည်ထက် ပိုမိုထက်မြက်အောင် တက်ညီလက်ညီဆောင်ရွက်နိုင်ကြသဖြင့် သာသနာတော်၏ ဂုဏ်အသရေသည် (အထူးအားဖြင့်) သီလရှင်ဆရာလေးများ၏ ဂုဏ်အသရေသည် အလှတိုး၍ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ပင်။

**သီလရှင်ကောလိပ်ကျောင်း ရှိသင့်ပြီ**

ယခုအချိန်မှာ ခေတ်မီသော"နည်းစနစ်"ဖြင့် သာသနာပြုနိုင်ရန် သာသနာ့နွယ်ဝင်သီလရှင်တို့အတွက် မရှိမဖြစ်လိုအပ်သော အရာမှာ "ဗုဒ္ဓစာပေ"နှင့်"လောကဓာတ်ပညာ"များကို ဆန်းသစ်သော နည်းစံနစ်တို့ဖြင့် အဆင့်မီမီပို့ချပေးနိုင်သော "သီလရှင်ကောလိပ်ကျောင်း"ပင်ဖြစ်၏။

ဤနိုင်ငံလောက် "ဗုဒ္ဓ ပူဇေမိ"မရှိသော ဂျပန်နိုင်ငံမှာပင် တိုကျိုမြို့နှင့်ကျိုတိုမြို့တို့၌ အမျိုးသမီးဗုဒ္ဓဘာသာကောလိပ်ကျောင်းများရှိသေး၏။ အရဟံတံဆိပ်ကို ခပ်နှိပ်နေသော ဤနိုင်ငံ၌ အဘယ့်ကြောင့် သီလရှင်ကောလိပ်ကျောင်းမရှိသင့်ဘဲ နေပါအံ့နည်း။ ယနေ့အချိန်၌ နိုင်ငံတော်အစိုးရကလည်း သီလရှင်ဆရာလေးများကို အားပေးကူညီလျက်ရှိပေသည်။ ထို့ကြောင့် အရှိန်ဩဇာကောင်း၍ စွမ်းရည်ရှိကြသော သီလရှင်ဆရာကြီးတို့သည် သာသနာကို ကျယ်ကျယ်ပြန့်ပြန့် ပြုနိုင်ရန်

အတွက် သာသနာ့အရေးကိုရတက်မအေးကြသော ဆရာတော်ကြီးများ နှင့်သက်ဆိုင်ရာပုဂ္ဂိုလ်တို့၏အကူအညီကိုရယူကာ ယင်း"သီလရှင် ကောလိပ်ကျောင်း"ကိုမဖြစ်ဖြစ်အောင် တည်ထောင်၍ ဘွဲ့ဒီဂရီများ ဆက်ကပ်နိုင်အောင် ကြိုးစားရပေမည်။

ဖြစ်နိုင်ပါ့မလားဟု မေးစရာရှိ၏။ "There is no "If" in our dictionary ငါ့ရဲ့အဘိဓာန်မှာ မဖြစ်နိုင်ဟူသောဝေါဟာရမရှိ"ဟူသော နပိုလီယံစိတ်ဓာတ်သာရှိလျှင် မဖြစ်နိုင်စရာ အကြောင်းမရှိပါ။ ကြီးကျယ် သောလုပ်ငန်းကြီးများကို ခွန်အားဖြင့် တည်ဆောက်ကြသည်မဟုတ်၊ ဇွဲလုံ့လဖြင့်သာ တည်ဆောက်ကြပေသည်။ (Great work are performed not by strength but perseverance )

ယခုအချိန်ကား အေးတိအေးစက်နေရမည့်အချိန်မဟုတ်တော့။ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လှမ်းရမည့်အချိန်သို့ လုံးဝရောက်ရှိနေ ပါပြီ။

## သင်ပေးရမည့်ဘာသာရပ်များ

ဗုဒ္ဓစာပေနှင့်လောကဓာတ်ပညာများကို သင်ကြားပေးသော တက္ကသိုလ်များ၏အရှေ့ဦးဖြစ်သော နာလန္ဒတက္ကသိုလ်ကြီးသည်ပင် ဆေးပညာ၊ သင်္ချာ၊ ဓာတုဗေဒစသော လောကဓာတ်ပညာများကို သင်ကြားပေးသေးသောကြောင့် ဤ"သီလရှင်ကောလိပ်ကျောင်း"သည် လည်း လောကီ(၁၀)တန်း၌ ပြဋ္ဌာန်းထားသော ဘာသာရပ်များ၊ အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးနှင့်သက်ဆိုင်သော အခြေခံဆေး ပညာ၊ လူမှုဆက်ဆံရေးပညာစသော"လောကဓာတ်ပညာများ"နှင့်တကွ "ဗုဒ္ဓစာပေ"တို့ကို သင်ပေးရပေမည်။

သီလရှင်ကောလိပ်ကျောင်းကို ပထမနှစ်၊ ဒုတိယနှစ်၊ တတိယ နှစ်ဟု အဆင့်သုံးဆင့်ခွဲခြားသတ်မှတ်သင့်ပေ၏။ ယင်း "သီလရှင်

ကောလိပ်ကျောင်း”၌ ပညာအရည်အချင်းအားဖြင့် အင်္ဂလိပ်စာအလယ်တန်းအဆင့်ရှိ၍ ပထမကြီးတန်းအောင်မြင်ပြီးသော အသက်အားဖြင့် (၃၅)နှစ်ထက်မကြီးသေးသော သီလရှင် ဆရာလေးတို့ကိုသာ တက်ရောက်ခွင့်ပေးသင့်ပါသည်။ သို့မှသာ ယင်းကောလိပ်ကျောင်းက ပို့ချပေးသော အတတ်ပညာမျိုးစုံတို့ကို သင်ယူနိုင်ပေလိမ့်မည်။

**သီလရှင်တို့၏ဂျူတီ**

ဘာသာခြားသီလရှင်များသည် ကလေးများကို ပညာသင်ပေးခြင်းဖြင့်လည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့အား ဆေးဝါးကုပေးခြင်းဖြင့်လည်းကောင်း သူတို့၏ဘာသာဝင်ဖြစ်အောင် သိမ်းသွင်းကြ၏။ တချို့ကား အနာကြီးရောဂါသည်များကိုပင် ကြင်ကြင်နာနာနှင့် ဆေးကုပေးကြရကား သူတို့ကို အားကိုး၍ သံယောဇဉ်ရှိကြသည်မှာ မဆန်းပါချေ။ လောက၌မိမိ၏အခက်အခဲကို ကူညီဖူးသူအား ကျေးဇူးတင်ကြသည်မှာ လူ့သဘာဝဖြစ်ပေ၏။ မိမိတို့သတိမူရမည့်အချက်ပေတည်း။

ယင်းကဲ့သို့ လူသားကောင်းကျိုးကို ဆောင်ရွက်နေသော သူတို့၏လုပ်ငန်းသည် ယခုမျက်မှောက်ခေတ်၌ပင် အကျိုးဖြစ်ထွန်းနေရကား အဘယ်သို့လျှင် မအောင်မြင်ဘဲရှိပါတော့အံ့နည်း။ အောင်မြင်မှုရှိမရှိဆိုသည်ကို တောင်တန်းသေများ၌ များစွာသော ဘာသာခြားကျောင်းများက သက်သေခံလျက်ရှိပေသည်။

ကချင်ပြည်နယ်၌ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတို့ထက် ဘာသာခြားကျောင်းများက (၅)ဆလောက် များလျက်ရှိပေသည်။ စဉ်းစားကြည့်လိုက်လျှင် ရင်နာစရာ ကောင်းလှ၏။ ရှင်းရှင်းပြောရလျှင် သူတို့သည် မိမိတို့ရင်ခွင်ထဲက သားသမီးကို လုယူ၍ မွေးစားလိုက်ခြင်းပင်ဖြစ်၏။ အသိကား နောက်ကျသွားပေပြီ။

နောက်အနာဂတ်မှာ ထိုသို့မဖြစ်ရလေအောင် သီလရှင်ကောလိပ်ကျောင်းမှ ဘွဲ့ရပြီးသောသီလရှင်တို့သည် ကျောင်းသား ကျောင်းသူတို့ကို အတတ်ပညာသင်ပေးခြင်းဖြင့်လည်းကောင်း၊ တိုင်းသူပြည်သားတို့၏ ကျန်းမာရေးကို ဂရုတစိုက်စောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ "မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း"ကဲ့သို့ ခိုကိုးရာမဲ့အမျိုးသမီးများကို ကူညီရိုင်းပင်းခြင်းဖြင့်လည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို တတ်နိုင်သလောက် ဆောင်ရွက်ကြပြီး သာသနာပြုနိုင်ကြလျှင် အမျိုးသမီးတို့၏နယ်ပယ်မှာလည်း ခံ့ထည်ဝင့်ကြွားနိုင်ပါလိမ့်မည်။

ဒကာတစ်ယောက်က မိမိကို "ဦးပဉ္ဇင်းတို့ သံဃာတွေကတော့ စာမေးပွဲအောင်ပြီးရင် ဒကာ ဒကာမတွေကို တရားဟောတရားပြပြီး သာသနာပြုလို့ရတယ်၊ သီလရှင်ဆရာလေးတွေကျတော့ စာမေးပွဲအောင်မြင်ပြီးရင် ဘာလုပ်မလဲ"ဟု လျှောက်ဖူး၏။

ရဟန်းသံဃာတော်များသည် ဘာသာရေးနှင့်နှီးနွယ်သော သာရေးနာရေးကိစ္စမှန်သမျှကို ဦးဆောင်၍လုပ်ရ၏။ ရဟန်းသံဃာတော်များမပါဝင်လျှင် မပြီးနိုင်ပေ။ သီလရှင်များမှာကား ဘာသာရေးအခမ်းအနားများ၌ ရဟန်းသံဃာတော်များကဲ့သို့ ဦးမဆောင်ရသောကြောင့်လည်းကောင်း၊ ဘာသာရေးအခမ်းအနားများသည် သီလရှင်များမပါသော်လည်း ပြီးစီးနိုင်သောကြောင့်လည်းကောင်း ထိုဒကာ၏စိတ်ထဲမှာ သီလရှင်တို့သည် သာသနာတော်အတွက် အကျိုးမများဟု ထင်နေသောကြောင့် ထိုကဲ့သို့ လျှောက်ထားဟန်တူ၏။

သီလရှင်တို့သည်လည်း စာသင်စာချတရားဟော တရားပြ၍ သာသနာပြုနေကြကြောင်း၊ သူတို့သည် သာသနာပြန့်ပွားအောင် ဖြန့်ချိနိုင်သော ခေတ်သစ်ဘိက္ခုနီတို့ပင်ဖြစ်ကြောင်း စသည်ဖြင့် မိမိက

ရှင်းပြလိုက်မှ ထိုဒကာသည် သီလရှင်များအကြောင်းကို နားလည်သဘောပေါက်သွားတော့၏။

ဦးပဥ္စင်းတစ်ပါးကား သူ၏ရဟန်းဒါယိကာမကြီးကို သီလရှင်ဝတ်ဖို့ ပြောသောအခါ "တော်ပြီ မဝတ်ချင်ဘူး၊ လူတွေက ဘုန်းကြီးတွေပဲ ကြည်ညိုကြတာ၊ သီလရှင်တွေကို မကြည်ညိုကြဘူး"ဟုရဟန်းဒါယိကာမကြီးက ပြန်လျှောက်သတတ်။ လူများက သီလရှင်တို့ကို ရိုသေလေးစားမှု နည်းပါးကြသောကြောင့် ထိုဒကာမကြီးသည် ထိုကဲ့သို့ လျှောက်ထားဟန်တူ၏။ မှန်၏။ အချို့သောလူများသည် သီလရှင်ဆရာလေးများကို အရိုအသေတောင် မပေးချင်ကြပေ။

ထို့ကြောင့် သာသနာ့နွယ်ဝင် သီလရှင်တို့သည် မိမိတို့စွမ်းနိုင်သည့်ဘက်ကနေ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြုလုပ်ခြင်းဖြင့် လူအများ၏ရိုသေလေးစားမှု၊ ကြည်ညိုမှုကို ရရှိအောင်ကြိုးစားသင့်ကြပေသည်။ (အပ္ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဘိယျော ဘာဝါယ)

ကြာပန်း၏အလှသည် ရေကန်ကို အလှဆင်ရန်ဖြစ်သကဲ့သို့ ဘဝ၏အလှသည်လည်း လောကကိုအလှဆင်ရန်ဖြစ်ရကား သီလရှင်ဆရာလေးတို့သည်လည်း တိုင်းသူပြည်သားတို့၏ အကျိုးစီးပွားကို တစ်ဘက်တစ်လမ်းမှ ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ဂုဏ်အလှကို ထုတ်ပြသင့်ပေကုန်၏။

## သရဖူဆောင်းမည့် သာသနာပြုနည်း

ဆိုကြပါစို့။ သာသနာပြုအဖွဲ့နှစ်ဖွဲ့ရှိရာတွင် တစ်ဖွဲ့က တိုင်းရင်းသားကလေးငယ်တို့ကို အတန်းပညာကို သင်ကြားပေး၏။ သူတို့၏ကျန်းမာရေးကို ဂရုစိုက်၏။ သာရေးနာရေးကို ကိုယ်ဖိရင်ဖိကူညီဆောင်ရွက်၏။ ထိုကဲ့သို့အများအကျိုးကို ဆောင်ရွက်ရင်းနှင့် သာသနာပြု၏။

နောက်တစ်ဖွဲ့က "လူမှုရေးကိစ္စတွေက ငါတို့နှင့် မဆိုင်ဘူး၊ ဒို့ရဲ့အလုပ်က နိဗ္ဗာန်ရောက်ကြောင်း တရားကိုပဲ ကျင့်ဖို့ဟောဖို့ အရေးကြီးပါတယ်"ဆိုပြီး တိုင်းရင်းသားပြည်သူတို့၏လူမှုရေးကိစ္စတို့ကို မျက်ကွယ်ပြုထား၏။ သူတို့၏အကျိုးစီးပွားကို တစ်စုံတစ်ခုကိုမျှ မကူညီ မစောင့်ရှောက်ဘဲ သာသနာပြု၏။

ယင်းနှစ်ဖွဲ့တွင် ဘယ်အဖွဲ့က အောင်မြင်မည်နည်း။ မေးစရာ တောင်လိုမည်မထင်ပေ။ အထူးအားဖြင့် ယောင်ဝါးဝါးဗုဒ္ဓဘာသာနှင့် ဘာသာခြားပုဂ္ဂိုလ်တို့ကား ပထမအဖွဲ့ကဲ့သို့ သာသနာပြုမှသာလျှင် အောင်မြင်နိုင်ပါလိမ့်မည်။

ထို့ကြောင့် သီလရှင်ကောလိပ်ကျောင်းသည် နိုင်ငံတစ်ဝှမ်းလုံး၌ လက်အောက်ခံသီလရှင်ကျောင်းများတည်ထောင်ဖွင့်လှစ်၍ ထိုကျောင်းခွဲများ၌ ကောလိပ်ကျောင်းမှ ဘွဲ့ရသီလရှင်များကို နေထိုင်စေပြီး အောင်မြင်နိုင်မည့်"သာသနာပြုနည်း'ကို ကျင့်သုံးနိုင်အောင် စီစဉ်ပေးရမည်။

သီလရှင်ဆရာလေးတို့ကလည်း ထိုကျောင်းခွဲ၌နေထိုင်ပြီး ကျေးလက်ဒေသနှင့်နယ်စပ်ဒေသများရှိ တိုင်းရင်းသား ကလေးသူငယ်တို့ကို ပညာသင်ပေးရမည်။ အမျိုးသားအမျိုး သမီးငယ်များကို ကျောင်း၊ ကန်၊ ဘုရားများကို လေးစားမြတ်နိုး၍ ဗုဒ္ဓဘာသာဝင်အချင်းချင်းသာ ပေါင်းသင်းဆက်ဆံတတ်အောင် ဗုဒ္ဓ ဘာသာယဉ်ကျေးမှုသင်တန်းများကို ပို့ချပေးရမည်။ ရွာသူရွာသားများကို အတွေးအခေါ်အမြော်အမြင်များ ရင့်ကျက်လာအောင် လောကီကြီးပွားရေးများကိုလည်း ဟောပြောပို့ချ ပေးရမည်။

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသည်လည်း ပညာရည် မြင့်မားရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် အထောက်အကူ

ပြု လုပ်ငန်းပင်ဖြစ်၏။ ထို့ကြောင့် သီလရှင်တို့သည် မိမိတို့နေထိုင်ရာ အရပ်ဒေသ၌ ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေး၍လည်းကောင်း၊ ဆေးကုသ၍လည်းကောင်း သူတို့၏ကျန်းမာရေးကို ဂရုတစိုက်စောင့်ရှောက်သင့်ကြပေသည်။

ဘုန်းကြီးများသည် ဆေးမကုကောင်းရကား ထိုသူနာပြုတာဝန်သည် သီလရှင်ဆရာလေးများအတွက် သီးသန့်ချန်ထားသကဲ့သို့ ဖြစ်နေပါ၏။ ထို့ကြောင့် သီလရှင်တို့သည် "စောင့်ရှောက်ခြင်းသည် ဒို့တာဝန်" ဟု ကြွေးကြော်ပြီး သူနာပြုအတတ်ပညာဖြင့် တိုင်းသူပြည်သားတို့ကို ကူညီစောင့်ရှောက်၍ သာသနာပြုသင့်ကြပေသည်။

ထိုသို့သာ သီလရှင်များက သူနာပြုတာဝန်ကို ထမ်းဆောင်နေကြလျှင် သီလရှင်အဖွဲ့အစည်းကြီးသည် "သူနာပြု ဆရာမအသင်းကြီး" ဖြစ်နေပေတော့မည်ဟု ပြောဖွယ်ရှိ၏။

"ဒုက္ခိတဿ သက္ကစ္စံ ကရောတိ ကိစ္စံ"ဆင်းရဲဒုက္ခရောက်နေသူအား ကူညီစောင့်ရှောက်ခြင်းသည် ဗုဒ္ဓ၏လမ်းစဉ်ပင်ဖြစ်သောကြောင့် သူနာပြုတာဝန်ကို ထမ်းဆောင်ရခြင်းသည် သီလရှင်တို့အတွက် အလွန်ရခဲသော အခွင့်အရေးကြီးတစ်ခုကို ရရှိလိုက်ခြင်းပင်ဖြစ်ပါသည်။ မှန်၏။ ဘုရားရှင်က "ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ-ငါဘုရားကို လုပ်ကျွေးလိုက လူအိုလူနာကိုပြုစုလုပ်ကျွေးရာ၏"ဟု မိန့်တော်မူလေပြီ။

ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီး အရှင်သေဋ္ဌိလာဘိဝံသသည်ပင် အင်္ဂလန်နိုင်ငံ၌ သူနာပြုတာဝန်ကို ထမ်းဆောင်၍သာသနာပြုခဲ့ဖူးပြီ။ သီတဂူဆရာတော်ဘုရားကြီးသည်လည်း အာယုဒါန ဆေးရုံတော်ကို တည်ဆောက်၍လူအိုလူနာတို့ကို ပြုစုလုပ်ကျွေးလျက်ရှိ၏။

ထို့ကြောင့် သီလရှင်ဆရာလေးတို့သည် တိုင်းရင်းသား ပြည်

သူတို့၏ပညာရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည်တို့ကို စွမ်းနိုင်သမျှ ကူညီစောင့်ရှောက်ပြီး နိုင်ငံ၏အနာဂတ် အခြေခံကောင်းများကို ပျိုးထောင်သင့်ကြပေသည်။

## သီလရှင်အဖွဲ့အစည်းများ ရှိသင့်ပြီ

ဘုန်းကြီးလောက၌ မဟာဝိသုတာရာမိက ဂဏဝါစကအဖွဲ့၊ မဟာစည်ကမ္မဋ္ဌာနာစရိယအဖွဲ့၊ မိုးကုတ်ဝိပဿနာအဖွဲ့စသော အဖွဲ့အစည်းများရှိသကဲ့သို့ သီလရှင်လောက၌လည်း အဖွဲ့အစည်းများရှိသင့်ပါသည်။

လုပ်ငန်းတစ်ခုကို လုပ်ဆောင်ရာ၌ တစ်ယောက်တည်းလုပ်ခြင်းထက် အများစုပေါင်း၍လုပ်ခြင်းက ပို၍တွင်ကျယ်၏။ ထို့ကြောင့် သီလရှင်တို့သည် ပရဟိတလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ရန်အတွက် မြို့ဟိတေသီအဖွဲ့၊ ခေမေသကဟိတေသီအဖွဲ့၊ သမိဒ္ဓါဒယဟိတေသီအဖွဲ့၊ ဇေယျသင်္ဂီဟိတေသီအဖွဲ့၊ မြဝတီဟိတေသီအဖွဲ့၊ မြန်အောင်ဟိတေသီအဖွဲ့၊ သကျဓိတာဟိတေသီအဖွဲ့စသည်ဖြင့် အဖွဲ့များကိုလည်း ဖွဲ့စည်းသင့်ပါသည်။

ထိုအဖွဲ့တို့၌ နာယကသီလရှင်များ၊ ဝန်ဆောင်သီလရှင်များဟု (၂)ပိုင်းခွဲ၍ဖွဲ့စည်းရမည်။ လောကီ,လောကုတ္တရာဆိုင်ရာ ဘွဲ့တစ်ခုခုကို ရရှိပြီးသော သီလရှင်များကိုသာ အဖွဲ့ဝင်အဖြစ် ပါဝင်စေရမည်။ သို့မှသာလျှင် အဖွဲ့၏တာဝန်ကိုထမ်းဆောင်နိုင်မည်ဖြစ်၏။

ထိုဟိတေသီအဖွဲ့များသည် အချက်အခြာကျသည့် ရန်ကုန်၊ မန္တလေးစသောမြို့ကြီးတို့၌ အဖွဲ့ပိုင်ဌာနချုပ်ကျောင်းတိုက်များကို တည်ထောင်ရမည်။ ပုဂ္ဂလိကပိုင်မဖြစ်စေရ။ အဖွဲ့၏ "စည်းမျဉ်းဥပဒေ" များကို စနစ်တကျချမှတ်ထားရမည်။ နယ်စပ်ဒေသနှင့်ကျေးရွာတို့၌ ဘုန်းကြီးကျောင်းများရှိသော်လည်း သီလရှင်ကျောင်းများ မရှိပါ။

ထို့ကြောင့် ယင်းအဖွဲ့တို့သည် ကျေးရွာတို့၌လည်း သီလရှင်ကျောင်းခွဲများ တည်ထောင်သင့်ပေကုန်၏။

ခေတ်ပညာတတ်သီလရှင်များသည် ထိုဌာနချုပ်ကျောင်းတိုက်၌ စာပေအရည်အချင်း ထိုက်သလောက်ရှိသော သီလရှင်ဆရာလေးများကို အခြေခံပညာရေး၊ ကျန်းမာရေးသင်တန်းများကို ပို့ချပေးရမည်။ မိမိတို့ကိုယ်တိုင် မပို့ချနိုင်လျှင် ကျောင်းဆရာ၊ ဆရာမ၊ ဆရာဝန်တို့ကို အကူအညီတောင်း၍ စီစဉ်ပေးရမည်။

ထိုသင်တန်းဆင်းသီလရှင်ဆရာလေးများသည် အဖွဲ့ပိုင်ကျောင်းတိုက်ခွဲတို့၌ သွားရောက်နေထိုင်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စွမ်းနိုင်သလောက် ပြုလုပ်သင့်ပေသည်။ သီလရှင်တို့သည် ထိုသို့ ပရဟိတလုပ်ငန်းများကို လုပ်နေကြလျှင် ပဋိပတ္တိအလုပ်များကို မည်သို့လုပ်ကြမည်နည်းဟု မေးဖွယ်ရှိ၏။

ဝိပဿနာတရားသည် အချိန်မရွေး ရှုမှတ်ပွားများနိုင်ရကား ပရဟိတလုပ်ငန်းများကို ပြုလုပ်ခြင်းဖြင့်လည်း ဝိပဿနာတရားများကို ရှုမှတ်ပွားများနိုင်ပေသည်။ ထို့ကြောင့် ပရဟိတလုပ်ငန်းများကို ပြုလုပ်ခြင်းသည် လောကီလောကုတ္တရာအကျိုးများကို ရရှိစေနိုင်ပါသည်။ ထိုသို့ရရှိစေနိုင်သောကြောင့် လူသားအကျိုးပြုလုပ်ငန်းများကို ပြုလုပ်ခြင်းဖြင့် သီလရှင်ဆရာလေးများ၏ ဂုဏ်အသရေကို တိုးမြှင့်စေသင့်ပါသည်။

## တိုက်တွန်းချက်

အို သီလရှင်ဆရာလေးများတို့. . .

ဘာသာခြား၊ လူမျိုးခြားမဆိုထားဘိ၊ အချို့သော ဗုဒ္ဓဘာသာမြန်မာလူမျိုးများကပင် သီလရှင်ဆရာလေးများကို အရိုအသေမပေးကြသည်ကို တွေ့ဖူးကြပေလိမ့်မည်။ "ဘာ့ကြောင့် အရိုအသေမပြေကြသလဲ"ဆိုသည်ကို မိမိတို့ကိုယ်တိုင် ဝေဖန်ဆန်းစစ်ကြပါကုန်လော့။

သီလရှင်တို့၏ ဂုဏ်သိက္ခာကို မည်သို့မြှင့်တင်ကြမည်နည်း။ "သဗ္ဗေ သတ္တာ ကမ္မသကာ" ဟု ဥပေက္ခာရှုနေလျှင်တော့ "စင်မြင့်" ပေါ်သို့ ရောက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် "ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ"ဟူသော မိန့်မှာချက်ကို ဦးထိပ်မှာ ပန်ဆင်လျက် အများအကျိုးကို ဆောင်ရွက်ခြင်းဖြင့် "သီလရှင်မာန်"တို့ကို ပြကြပါ ကုန်လော။ (သေဝိတဗ္ဗမာန်ကို ဆိုလို၏)

'ငါကပထမကျော်၊ ငါက ဓမ္မာစရိယအောင်ပြီးပြီ၊ ငါက B.A M.Aဘွဲ့ရပြီးသား"ဟု ကြွေးကြော်၍မနေဘဲ "ငါက တိုင်းရင်းသားကလေး တွေကို ပညာသင်ပေးနေတယ်။ ငါက မိဘမဲ့ကလေးများကျောင်းတည် ထောင်ပြီး ကလေးသူငယ်တွေကို ပြုစုပျိုးထောင်နေတယ်၊ ငါက အမျိုး သမီးငယ်လေးများကို အမျိုးကို စောင့်ရှောက်ဖို့ ဟောပြောနေတယ်။ ငါက ကျေးလက်နေပြည်သူတို့ကို ကျန်းမာကြံ့ခိုင်ဖို့ ကူညီစောင့် ရှောက်နေတယ်"ဟု ကြွေးကြော်နိုင်အောင် ကြိုးပန်းအားထုတ်ကြပါကုန် လော။

ထိုသို့သာ ကြွေးကြော်နိုင်ကြလျှင် သီလရှင်ဆရာလေးများကို ဤနိုင်ငံကြီး၌ မှီတင်းနေထိုင်ကြကုန်သော ပြည်သူလူထုတစ်ရပ်လုံးက လေးလေးစားစားနှင့်ဦးတိုက်ကြမည်မှာ သေချာလှပေသည်။ ထို့ကြောင့် နှစ်ပေါင်း(၇၀)နီးပါး "ပရဟိတလုပ်ငန်း'များကို ပြုလုပ်ခြင်းဖြင့် ကမ္ဘာ ကျော်ခဲ့သူ မာသာထရီဇာကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြုလုပ် ဆောင်ရွက်၍ သီလရှင်ဆရာလေးတို့၏ဂုဏ်သိက္ခာကို မြှင့်တင်ကြပါ ကုန်လော။ ။

**အရှင်ဒေဝိန္ဒာဘိဝံသ**
**သိတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်**
**စစ်ကိုင်းတောင်**



"မဟာပြဟ္မေ လျာကုဋ္ဌေဖြင့် သခေ
အာယု၊ ကပ်လုံးပြု၍၊ ဂုဏုပဒေ၊ တွက်ကိန်းဖေ
လည်း၊ မဟေပြဟ္မာ၊ ရှုံးလေရာ၏၊ တေဇာရှင့်
ဂုဏ်၊ ဘယ်မှာကုန်အံ့၊ ဝသုန်သိန္ဓု၊ သိနေရုထက်
ဗဟုတရ၊ ကြီးမြတ်စွရှင့်"

တပည့်ဖြစ်သူ လယ်တီဦးပဏ္ဍိတက
ဆရာဖြစ်သူ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏
ကျေးဇူးတော်ဂုဏ်တော်တို့ကို စပ်ဆိုချီးကျူး
ထားသောရတုကဗျာမှ အပိုဒ်တစ်ပိုဒ်ဖြစ်ပါတယ်။
ဤနည်းအတူ ကျေးဇူးတော်ရှင်မဟာဂန္ဓာရုံ

# ငြိမ်းသုလိတို့၏ နားခို

# သို့မဟုတ် မြို



ဆရာတော်ဘုရားကြီး၏ ဆုံးမသွန်သင်လမ်းညွှန်မှုကိုခံယူခွင့်ရရှိခဲ့သော စစ်ကိုင်းတောင်ရိုး မြို့ချောင်သီလရှင်ပရိယတ္တိစာသင်တိုက်ကြီးကား အရှိန်အဟုန်မပျက် စီးဆင်းနေသော တောင်ကျရေသဖွယ် သာသနာတော်ဝယ် မားမားမတ်မတ် ထည်ထည်ဝါဝါ ခန့်ခန့်ညားညား ရှင်သန်နေရှုံသာမက ချောင်ဆရာကြီး၏ သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားတွေဟာ အလွန်ကြီးမားလှပါတယ်။

စေတီပုထိုးဘုရားကျောင်းကန်တို့ လက်ညှိုးထိုးမလွဲဟု ပြောစမှတ်ပြုရလောက်အောင် ဘာသာသာသနာထွန်းကားရာမှာ စစ်ကိုင်းတောင်ရိုးကြီးဟာ ဘုန်းရှင်ကံရှင်ပုဂ္ဂိုလ်ကျော်တွေ ဟိုအတိတ်ဝေးစွာ ရှေးအခါကစလို့ လာရောက်ခိုလှုံ ပျော်မွေ့တဲ့တောရဂုံကြီးဖြစ်တာမို့ ဘုန်းကံကြီးသူတို့ရဲ့နေရာလို့ပင် ပြောရမှာပါ။

အရှင်ဝိသုဒ္ဓါလင်္ကာရ

မိုးမိတ်ကျန်းဓမ္မ



မြတ်ဗုဒ္ဓသာသနာတွင် မာတုဂါမသာသနာကို အရှည်ခံ၍ တည်တံ့စေဖို့ ရှေးရှေးသော ရဟန္တာထေရီမကြီးတို့ထုံး နှလုံးပိုက်ကာ သာသနာ့တာဝန်ကို အားကြိုးမာန်တက် ထမ်းဆောင်နေသောချောင် ဆရာကြီး၏ ဇွဲ လုံ့လ၊ ဝီရိယကား တိမ်တိုက်တွင်းက ထွက်ပြူလာသည့် လမင်းကြီးပမာ နှောင်းခေတ်လူတို့ အားကျအတုယူရလောက်အောင် ထင်ရှားသောသာသနာ့အာဇာနည် တစ်ဦးဖြစ်ပါတယ်။

စာရေးသူတို့ ပိဋကတ်နယ်ပယ်တွင် ဆိုရိုးစကားတစ်ခုရှိ၏။ "စာပေကို ကျက်မှတ်ရခြင်းက မခက်၊ မမေ့ပျောက်အောင် ဆောင်ထားရခြင်းကသာ ပိုခက်၏"တဲ့။ လူတို့စကားအရဆိုလျှင် "ဂုဏ်ရှိအောင် (အောင်မြင်အောင်) ကြိုးစားဖို့မခက်၊ အောင်မြင်ကျော်ကြားမှုကို တည်တံ့အောင် ထိန်းထားဖို့သာ ပိုခက်၏"တဲ့။ ဆရာတို့၏ အမွေကို ဆက်ခံသော တပည့်ကောင်းတို့သည် သာသနာ့အလုပ်ဖြင့်သာ ဆရာတို့၏ဂုဏ်ကျေးဇူးကို ဆပ်ကြရပူဇော်ကြရမည်သာဖြစ်သောကြောင့် ရက်လနှစ်တို့ ကြာညောင်း၍ နှစ်ပေါင်းတစ်ရာကာလကြာအောင် ရရှိထားသည့်ဂုဏ်ကို ထိမ်းထားရင်း အဆက်ဆက်သာသနာပြုတော်မူခဲ့ကြသော ဆရာကြီး၊ ဆရာလေးများ၏ သာသနာပြုစိတ်ဓာတ်ကား ပို၍ပင်ချီးကျူးထိုက်လေပြီ။

လောက၌ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်လက်ခံထားသူတိုင်းသည် မြတ်ဗုဒ္ဓကို "ကြီးမြတ်ဆုံးသော ကျေးဇူးရှင် Greatest benefactor ဟုခေါ်ဝေါ်ကြသည်ဆိုလျှင် ပိဋကတ်စာပေကို နှံ့စပ်တတ်ကျွမ်းပြီး တပည့်တို့အားလည်း ကျွမ်းကျင်စွာ ပို့ချပေး၍ သာသနာပြုနေသော ချောင်ဆရာကြီးကိုကား သီလရှင်သာသနာ၏ ထူးမြတ်သော သမီးရတနာ Sacred Daughter of Sasana ဟုဆိုရပေတော့မည်။

"သီလရှိမှ ပညာရှိ၏၊ ပညာရှိမှ သီလရှိ၏၊ သီလနှင့်ပညာကို လောက၌ အမြတ်ဆုံးဟု ဆိုအပ်၏"ဟူသော ဗုဒ္ဓမြတ်စွာ၏ဟောကြားချက်ကို ဦးထိပ်ပန်ဆင်၍ ပညာကိုသာမက ကိုယ်ကျင့်သီလကိုလည်း အမြတ်တနိုးတန်ဖိုးထားစောင့်ထိန်းသည်ကို တွေ့မြင်ကြားသိနေကြရသော တပည့်ဒကာဒကာမများနှင့်တကွ သီလရှင်ဆရာကြီး ဆရာလေးများပါမကျန် သူတော်ကောင်းလက္ခဏာရှိသော ဖွားဖွားကြီးဟူ၍ ချစ်ကြောက်အရိုအသေပေးမှု လေးစားအားကိုးလိုမှုစသော ရတ္တညူ၊ မဟာနာယကဂုဏ်နှင့်ပြည့်စုံနေခြင်းသည်လည်း အများနှင့်မတူသော ထူးခြားမှုစွမ်းရည်တစ်ခုပင်ဖြစ်ပေသည်။

နွားနို့နှင့်ရေကို ခွဲခြား၍မရသကဲ့သို့ သူတော်ကောင်းနှင့်ကိုယ်ကျင့်သီလကိုလည်း ခွဲခြား၍မဖြစ်နိုင်ပေ။ ဤနေရာ၌ ဘယ်လိုပုဂ္ဂိုလ်ကို သူတော်ကောင်းဟု သိနိုင်မလဲဆိုတာကို ဝိသုဒ္ဓိမဂ်မှာ ဂုဏ်အင်္ဂါ(၇)ပါးနှင့်ပြည့်စုံသူကို သူတော်ကောင်းလို့ သတ်မှတ်ထားပါတယ်။

ဂုဏ်အင်္ဂါ(၇)ပါးဆိုတာက

၁။ သီလစင်ကြယ်၍ချစ်ခင်အပ်သောဂုဏ်
၂။ သူတစ်ပါးတို့ အလေးပြုခြင်းငှာ ထိုက်သောဂုဏ်
၃။ မေတ္တာတရားပွားစေအပ်သောဂုဏ်
၄။ သူတစ်ပါးကို ကောင်းအောင်ဆုံးမနိုင်သောဂုဏ်
၅။ သူတစ်ပါးအပြောအဆိုကို သည်းခံနိုင်သောဂုဏ်
၆။ နက်နဲခက်ခဲသောတရားကို ဟောကြားတတ်သောဂုဏ်
၇။ မလျောက်ပတ်သောကိစ္စ၌ မတိုက်တွန်းတတ်သောဂုဏ်

ဤ(၇)ပါးဟာ သူတော်ကောင်းလက္ခဏာဂုဏ်အင်္ဂါများဖြစ်ပါတယ်။

သူတော်ကောင်းဖြစ်လိုလျှင် သီလကို အသက်တမျှတန်ဖိုးထားဖို့ လိုအပ်ကြောင်း၊ မိမိဘဝအတွက် သီလ၏အရေးကြီးပုံကိုလည်း အမြတ်မင်းသွန်သင်ပြသဩဝါဒပေးလေ့ရှိပါတယ်။

## သူတော်ကောင်းနှင့်ကိုယ်ကျင့်သီလ

သီလအရေးကြီးပုံကို သိစေဖို့အတွက် အင်္ဂုတ္တရနိကာယ်၊ ပဥ္စကနိပါတ်၊ အာဃာတဝဂ်မှာလာတဲ့ သီလသုတ္တန်ကို ဖော်ထုတ်ပြပါဦးမယ်။ လောက၌ သစ်ပင်၏ အခက်အရွက်ပျက်စီးခဲ့လျှင် သစ်ပင်၏ အပွေးဟာလည်း မပြည့်စုံနိုင်ဘူး။ အပွေးပြည့်စုံမှုမရှိလျှင် အခွံအကာအနှစ်ဟာလည်း မပြည့်စုံနိုင်ဘူး။ ဤဥပမာအတိုင်းပင် သီလပျက်စီးလျှင် စိတ်အေးချမ်းခြင်း၊ သမာဓိကို မရနိုင်၊ သမာဓိမရပါလျှင် လမ်းမှန်ကို မသိနိုင်ဘဲ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်တော့ပေ။

သီလသုတ္တန်ကလာတဲ့ အထက်ပါစကားကို ထောက်ရှုခြင်းအားဖြင့် သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ်မှာ သီလသိက္ခာကို အဦးအစထားပြီး ကျင့်သင့်ပါတယ်။ ယခုခေတ်မှာ သီလလမ်းဟာ သံသရာကို ရှည်စေတယ်။ ငါတို့တော့ ပညာလမ်းပဲကြိုက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ အတော်များများကို တွေ့နေရပါတယ်။ အမှန်အားဖြင့် ဒီပုဂ္ဂိုလ်တွေဟာ သီလကို လုံခြုံအောင် မစောင့်ထိန်းချင်ကြတဲ့ပုဂ္ဂိုလ်တွေပါပဲ။ အခြေခံသီလကိုမျှ မစောင့်ထိန်းနိုင်ချင်လျှင် "အပြောကောင်းသလောက် လက်တွေ့မှာ မဟုတ်တဲ့ ဝန်ထောက်ကြီး" ဥပမာလို အပြောနဲ့အလုပ် တခြားစီဖြစ်နေတဲ့ပုဂ္ဂိုလ်စားမျိုး ဖြစ်တတ်ပါတယ်။

ဒီနေရာမှာ အပြောကောင်းသလောက် လက်တွေ့မှာ မဟုတ်တဲ့ ဝန်ထောက်ကြီးဥပမာကို ရယ်ဖွယ်သဘောဖြင့် တင်ပြရပါလိမ့်မယ်။ အဆန် ဆန်ပို့သင်္ဘောကြီးတစ်စင်းဟာ ကျောက်တွင်းအဝင်မှာ ကျောက်ဆောင်နဲ့တိုက်မိလို့ ဝမ်းဗိုက်အောက်ပိုင်း ပေါက်သွားသတဲ့။

ဒီအခါ ခရီးသည်တွေဟာ ဆောက်တည်ရာမရဘဲ တောင်ပြေး မြောက်ပြေးနဲ့ ဘုရားကယ်ပါ၊ ရေငန်ပိုင် ဦးရှင်ကြီး ကယ်တော်မူပါ" ဖြစ်နေတုန်း အထူးတန်းမှာစီးလာတဲ့ ဝန်ထောက်ကြီးက ခေါင်းပေါင်းကိုကျကျနနပေါင်းကာ အခန်းတွင်းက ထွက်လာပြီး ဆူညံလှုပ်ရှားပြေးလွှားနေတဲ့ လူတွေကို "အို မိတ်ဆွေတို့ မိတ်ဆွေတို့. . . ယခုလို ဒုက္ခကြုံတဲ့အခါမျိုးမှာ စိတ်ဓာတ်ကို ငြိမ်သက်အောင်ထားကြပါ၊ စိတ်ကိုငြိမ်အောင်ထားနိုင်ခြင်းဟာ လွန်စွာအကျိုးရှိပါတယ်၊ ယခု ကျွန်ုပ်ကို ကြည့်ကြစမ်းပါ၊ ဒီလိုသင်္ဘောပျက်နေတဲ့အခါမှာတောင် ခေါင်းပေါင်းကို ကျကျနနပေါင်းပြီး အေးအေးသက်သာ နေနိုင်ပါတယ်"လို့ အဆုံးအမပေးပါတယ်။

ဒီအခါ ခရီးသည်တစ်ယောက်က "ဝန်ထောက်မင်းခင်ဗျာ၊ ဝန်ထောက်မင်းရဲ့စကားဟာ များစွာအဖိုးတန်ပြီး မှတ်သားဖို့ ကောင်းလှပါတယ်၊ သို့ပေမယ့် ဝန်ထောက်မင်းမှာ ပုဆိုးပါမလာတာကိုလည်း သတိ

လောက၌

ထေရဝါဒဗုဒ္ဓဘာသာကို
ယုံကြည်လက်ခံထား
သူတိုင်းသည်
မြတ်ဗုဒ္ဓကို
"ကြီးမြတ်ဆုံးသောကျေးဇူးရှင်
**Greatest benefactor**
ဟုခေါ်ဝေါ်ကြသည်ဆိုလျှင်
ဗိဋကတ်စာပေကို
နှံ့စပ်တတ်ကျွမ်းပြီး
တပည့်တို့အားလည်း
ကျွမ်းကျင်စွာ
ပို့ချပေး၍ သာသနာ
ပြုနေသော
ချောင်ဆရာကြီးကိုကား
သီလရှင်သာသနာ၏
ထူးမြတ်သော သမီးရတနာ
**Sacred Daughter of Sasana**
ဟုဆိုရပေတော့မည်။

ပြုတော်မူပါအုံးခင်ဗျာ"လို့ ပြောတော့ မှ ဝန်ထောက်မင်းဟာ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး အခန်းတွင်းဝင်ပြေးပါသတဲ့။

ယခုခေတ် ပညာကိုသာအားကိုးပြီး စခန်းသွားလိုတဲ့ ပုဂ္ဂိုလ်တွေ ဟာလည်း ဝန်ထောက်မင်းလိုပဲ ခေါင်းပေါင်းကတော့ လှကြပါတယ်။ နို့ပေမယ့် ပုဆိုးတော့ မပါကြဘူး၊ "အထက်ကိုနေပါအုံး၊ အောက်ကို လုံအောင်ဖုံး"ဆိုတဲ့ဆိုရိုးစကားအတိုင်း အခြေခံသီလဆိုတဲ့ အောက်ပိုင်း ကို လုံအောင်ဖုံးပါမှ စိတ်အေးချမ်းမှု သမာဓိကို ရပါလိမ့်မယ်။ သမာဓိ မရှိလျှင်တော့ လမ်းမှန်ကို မမြင်နိုင်ဘဲ နိဗ္ဗာန်နဲ့ဝေးရာကိုသာ ရောက် မှန်းမသိ ရောက်သွားပါလိမ့်မယ်။

## မြို့ချောင်ဟူသည်

(ဧ-အေးငြိမ်းလိုသူတို့၏ မြို့-နားခိုရာဌာန၊ ချောင်-ဘာသာရေးကျောင်း)

အထက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက် (Definition) ကား စာရေးသူ သိရှိခံစားမိသောအယူအဆဖြစ်ပါတယ်။ မှတ်မိနေပါသေးတယ်။ စာရေး သူတို့အဖွဲ့ မြေို့သို့ ပထမအကြိမ်ရောက်ဖူးခါစ ကျောင်းတွင်းသို့ ဝင်မိ လျှင်ပင် အေးမြသောမေတ္တာဓာတ်ကို စတင်ခံစားရပြီး ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းကာ ကြည်နူးဝမ်းသာမှုကို ရရှိခံစားခဲ့ဖူးသည်ကို ယခုထက် တိုင် မမေ့နိုင်သေးပါ။


မေတ္တာဝိဟာရီပုဂ္ဂိုလ်တို့တွင် စံပြဖြစ်တော်မူသော တောင်တန်း သာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမသာရသီတင်းသုံးရာ ချင်းတောင် တန်းရှိ ကျောင်းပရဝုဏ်အတွင်း၌လည်းကောင်း၊ ကျောင်းပတ်ပတ်လည် တောအုပ်တောင်တန်းအတွင်း၌လည်းကောင်း မြွေ၊ ကင်း၊ ငှက်၊ တောဝက်၊ ကျား၊ ကျားသစ်၊ ခြသေ့်စသော တိရစ္ဆာန်သတ္တဝါတို့သည် တစ်ကောင်နှင့်တစ်ကောင် ရန်မူသည်ဟူ၍မရှိဘဲ ဆရာတော်ကြီး၏ မေတ္တာရိပ်အောက်တွင် မြူးတူးပျော်ပါးဆော့ကစားနေလေ့ရှိသည်ဟု


ကြားဖူးဖတ်ဖူးသည်ကိုပင် သတိရမိတော့သည်။ ထို့အတူ မြို့သည်လည်း ရောက်လာသူ ရဟန်းရှင်လူအပေါင်းတို့၏အပေါ်၌ မေတ္တာစောင်ဖြင့် လွှမ်းခြုံထားလေရော့သလားဟုပင် ထင်မှတ်ရပေသည်။

နိဂုံးချုပ်အနေအားဖြင့်ဆိုရလျှင် များပြားလှသော လူမှုဘဝဒုက္ခအပေါင်းမှ အေးငြိမ်းလိုသူ မှန်သမျှမေတ္တာဖြင့် လွှမ်းခြုံရာ နေရာလေးသို့ နားခိုနိုင်ပါစေလို့ တိုက်တွန်းရင်း ယခုအခါ နှစ်ပေါင်းတစ်ရာ "ရာပြည့်သဘင်"မှသည် သာသနာအနှစ်(၅၀၀၀)ကာလကြာအောင် ဆက်လက်ရှင်သန်နိုင်စေဖို့ ဤစာတမ်းဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

လောကအကျိုး သာသနာအကျိုးကို
ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။
သူတော်ကောင်းတရား နေရာတိုင်းမှာ ထွန်းတောက်ပါစေ။

**အရှင်သုနန္ဒာလင်္ကာရ**
**သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ**
**ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ**
**တိပိဋကနိကာယကျောင်းတိုက်တော်ကြီး**
**မင်းကွန်း၊ မိုးမိတ်ကုန်းမြေ**





အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ်(၁၀၃) ခုနှစ်၊ ဘုရားအဖြစ်သို့ရောက်တော်မူသည်။ အလောင်းတော်မင်းသား ဘုရားအဖြစ်သို့ရောက်တော်မူလာခြင်းသည် ဗုဒ္ဓသာသနာ့ကွန်ယက် ဖြန့်ကြက်တော်မူ၍ ဝေနေယျသတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲ ပင်လယ်ထဲမှ ဆွဲထုတ်ကယ်တင်တော်မူရန် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

သာသနာတော်နှစ်(၂၃၅)ခုနှစ်တွင် တတိယသင်္ဂါယနာတင်ပွဲကြီးဆင်နွှဲသည်။ သံဃာ့အစည်းအဝေးပွဲကြီးမှ ကိုးတိုင်းကိုးဌာနရွေးချယ်ပြီး သာသနာပြုစေလွှတ်ခဲ့ရာတွင် မြန်မာနိုင်ငံမှာ ကံကောင်းထောက်မစွာ ရွေးချယ်ခံရာ ဌာနတစ်ခုအဖြစ်ပါဝင်ခဲ့ပေသည်။

သို့ဖြစ်၍ သီရိလင်္ကာနိုင်ငံသီဟိုဠ်ကျွန်းမှ အရှင်သောဏ အရှင်ဥတ္တရရဟန္တာအရှင်မြတ်ကြီးနှစ်ပါး မြန်မာနိုင်ငံ သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်သို့ သာသနာပြုကြွရောက်တော်မူလာကြပေသည်။ ထိုအရှင်မြတ်ကြီးနှစ်ပါးကြွရောက်တော်မူလာခြင်းသည် မြတ်ဗုဒ္ဓသာသနာစည်ပင်ပြန့်ပွားရန်နှင့်မြန်မာနိုင်ငံသူနိုင်ငံသားများ ကောင်းကျိုးချမ်းသာရကြစေရန် စတင်လမ်းခင်းပေးလိုက်ခြင်းဖြစ်ပေသည်။

ထိုမှတစ်ဆင့် သာသနာတော်နှစ် (၁၀၀၀)ခန့်တွင် ရဟန္တာအရှင်အရဟံမထေရ်မြတ် ပုဂံပြည်ကြီးသို့ ကြွရောက်တော်မူလာပြန်ပါသည်။ ရည်ရွယ်ချက်မှာ ပုဂံပြည်၌ စိုးစံအုပ်ချုပ်မင်းလုပ်တော်မူနေသောအနော်ရထာမင်းမြတ်နှင့်ဆရာဒကာ လက်တွဲပြီး မြတ်ဗုဒ္ဓသာသနာထွန်းလင်းပြန့်ပွားရန်အတွက် သာသနာပြုကြရန်ဖြစ်သည်။ ထိုရည်ရွယ်ချက်၏အောင်မြင်မှုကို ယနေ့ဖူးတွေ့မြင်နေကြရသော များလှစွာသောစေတီပုထိုးတော်တွေက သက်သေခံပြလျက်ရှိပေသည်။

ထိုမှတဆင့် ရှင်အရဟံမထေရ်မြတ်ကြီးသည် စစ်ကိုင်းတောင်သို့ကြွရောက်တော်မူလာပြီးလျှင် သာသနာ့မျိုးစေ့ကြဲချစိုက်ပျိုးတော်မူပြန်ပါသည်။ ထိုသို့သာသနာ့မျိုးစေ့ကြဲချစိုက်ပျိုးရေးလုပ်ငန်းကြီးပမ်းခဲ့မှုကြောင့် ယခုအခါ အသီးအပွင့်အောင်မြင်မှုရလဒ်အနေဖြင့် ဇေတဝန်သိမ်တော်ကြီးက ထင်ထင်ရှားရှားမားမားမတ်မတ်ကြီးသက်သေခံအဖြစ်ပြလျက်တည်ရှိနေပါသည်။ ဇေတဝန်သိမ်တော်ကြီးဆိုသည်မှာ ယနေ့တွေ့မြင်နေကြရသောသိမ်ကြီးချောင်အတွင်းရှိ သိမ်တော်ကြီးပင်ဖြစ်ပါသည်။

ပုဂံခေတ်မှစ၍ နောက်ပိုင်း ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် ဗြိတိသျှကိုလိုနီခေတ် ခေတ်အဆက်ဆက်မှ ဆရာတော်သံဃာတော်များသည် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူလာကြပြီးလျှင် ပရိယတ်ပဋိပတ်တာဝန်များကို မိမိတို့အားသန်ရာ အားသန်ရာ ရွေးချယ်ပြီး တာဝန်ယူသာသနာပြုကြပါသည်။ ထိုသို့သံဃာတော်များက ဦးဆောင်ဦးရွက်သာသနာပြုကြရာမှ နောက်ပိုင်းတွင် အမျိုးသမီးသီလရှင်များပါ သာသနာပြုလုပ်ငန်းတွင် ပါဝင်လာသည်ကို တွေ့ရပေသည်။

မှန်ပါသည်။ စစ်ကိုင်းတောင်တွင် သီလရှင်ဆရာကြီး ရှေးခေတ်အခေါ် မယ်ဥတ္တရာ၊ မယ်ကင်း၊ ယနေ့ခေတ်အခေါ် ဒေါ်ဥတ္တရာ၊ ဒေါ်ကင်းစသော အမျိုးသမီးခေါင်းဆောင်သီလရှင်ဆရာကြီးများ ပေါ်ပေါက်လာပါသည်။

အဆိုပါ ဆရာကြီးတို့၏တပည့်ပေါင်းများစွာတို့တွင် နာမည်ကျော်ကြား လူသိများပြီး ထင်ရှားသော တပည့်ကြီးများမှာ မဂ္ဂင်ချောင်ဆရာကြီး ဆရာဂုဏ်၊ ဂူနီချောင်ဆရာကြီး ဒေါ်ခမ္မ၊ သစ်ဆိမ့်ချောင်ဆရာကြီး ဒေါ်ဝဏ္ဏ စသည်တို့ဖြစ်ကြပေသည်။ တဖြည်းဖြည်း သာသနာနွယ်ဝင် သီလရှင်သာသနာစည်ကားတိုးတက်လာနေပါသည်။

ထိုအချိန်တွင် မော်လမြိုင်မြို့သူ သီလရှင် ဒေါ်ကုမ္မာရီသည် အောက်ပြည်အောက်ရွာမှာ စာတတ်မြောက်သည်အထိ ပရိယတ်ကို သင်ယူခဲ့ပြီးသည့်နောက် (၁၂၆၇)ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံချောင်၌ အရိယာဟုကျော်ကြားတော်မူနေသော မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးထံ လာရောက်နေထိုင်ပါသည်။ ပဋိပတ်အလုပ်အားထုတ်ရန်ဖြစ်သည်။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ခြေတော်ရင်း၌ တစ်နှစ်နီးပါးအချိန်ယူတရားအားထုတ်ပြီးနောက် သစ်ဆိမ့်ချောင် ဆရာကြီး ဒေါ်ဝဏ္ဏ

ထံပြောင်းရွှေ့နေထိုင်ပါသည်။ ဒေါ်ကုမ္မာရီ စစ်ကိုင်းတောင်ရိုးသို့ လာရောက်နေထိုင်ခြင်းသည် စစ်ကိုင်းအမျိုးသမီးသာသနာ အထူးသဖြင့် မြို့သာသနာစည်ပင်ပြန့်ပွားရန်အတွက် ရှေ့ပြေးနိမိတ်ကြီးဖြစ်တော့သည်။

ဒေါ်ကုမ္မာရီသည် စစ်ကိုင်းတောင်ကြီးကို သူတော်သူမြတ်များ ကိန်းအောင်းပျော်မွေ့နေထိုင်ရာ ဇရိပ်မွန်ကြီးအဖြစ် စိတ်ကအသိအမှတ်ပြုခံယူထားပေသည်။ စစ်ကိုင်းတောင်မှာ နေထိုင်ပြီး သူရောကိုယ်ပါ ကိလေသာအပူဘေးတွေမှငြိမ်းအေးကြောင်း နည်းလမ်းကောင်းများကို ရှာကြံပြီး သာသနာပြုနေချင်စိတ်တွေတရိပ်ရိပ် တဖွားဖွားရင်ထဲမှာ ဖြစ်ပေါ်နေသည်။

ဆရာရင်းဖြစ်တော်မူသော မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း တပည့်ဖြစ်သူ ဒေါ်ကုမ္မာရီအား စစ်ကိုင်းတောင်မှာပင် နေထိုင်ပြီး သာသနာပြုစေလိုကြောင်း အမိန့်ရှိတော်မူသည်။ သို့ဖြစ်၍ ဒေါ်ကုမ္မာရီသည် မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး၏ လမ်းညွှန်မှုဩဝါဒကို ခံယူပြီး (၁၂၇၀)ပြည့်နှစ်တွင် မြို့ချောင်မော်လမြိုင်သီလရှင်စာသင်တိုက်ဟု ကမ္ပည်းမော်ကွန်းစိုက်ထူလျက် စာသင်တိုက်တည်ထောင်ဖွင့်လှစ်ခဲ့ပေသည်။ တပည့်ပေါင်းများစွာ ပေါ်ထွန်းခဲ့သည်။

ယခုလက်ရှိ ချောင်ဆရာကြီး ဒေါ်ကဥ္စနဝတီသည် (၁၂၉၁) ခုနှစ်တွင် မြို့ဆရာကြီး ဒေါ်ကုမ္မာရီကို ဥပဇ္ဈာယ်ပြု၍ သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ရောက်ခဲ့သည်။ ထိုစဉ်က (၉)နှစ်အရွယ်ပင်ရှိသေးသည်။ လက်ထောက်ချောင်ဆရာဒေါ်ဣန္ဒသိင်္ဂီကလည်း (၁၂) နှစ် အရွယ်ကပင် ဆရာကြီးဒေါ်ကုမ္မာရီကို ဥပဇ္ဈာယ်ပြုပြီး သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ရောက်ခဲ့ပြန်သည်။ ဒေါ်ဣန္ဒသိင်္ဂီ(ဝိနယပါဠိပါရဂူ)မှာ ဆရာကြီးဒေါ်ကဥ္စနဝတီ၏ တူမအရင်းလည်းဖြစ်သည်။

ဆရာကြီး ဒေါ်ကဥ္စနဝတီ၊ တူမ ဒေါ်ဣန္ဒသိင်္ဂီတို့ မြို့ချောင်

သာသနာတွင်းသို့ ချင်းနင်းဝင်ရောက်လာကြသည်မှာ ဆရာကြီး ဒေါ်ကုမ္ဘာရီ၏ ဇမ္ဗူ့အနာဂတ်သာသနာရေး စိတ်အေးဘို့ရန်အတွက် ဖြစ်လာရုံမျှမက ဆရာကောင်းတပည့် ၊ တပည့်ကောင်းဆရာဟု ဥဒါန်း ကျူးနိုင်ရန်အတွက်ပါ ပေါ်ထွက်လာကြပေသည်ဟု ဆိုရပေမည်။

မှန်ပါသည်။ ဆရာကြီး ဒေါ်ကဥ္စနဝတီ၊ ဒေါ်ဣန္ဒသီဂီတို့သည် စည်းစနစ်ကျကျ အုပ်ချုပ်မှုကျွမ်းကျင်သလို စာပေပရိယတ်ကို စာသင် သားတို့အား စည်းကမ်းတကျ ဆရာနည်းကျကျ သင်ကြားပို့ချပေးနိုင် ကြသည်။ အထူးသဖြင့် ဆရာကြီးဒေါ်ကဥ္စနဝတီက ညဝါများကို နိုင် နိုင်နင်းနင်း ရှင်းလင်းပို့ချပေးနိုင်သလို ဒေါ်ဣန္ဒသီဂီကလည်း ဋီကာ ကျော်၊ ရှုပ်သိဒ္ဓိစသော နေ့ဝါများပို့ချပေးသောအခါ နားရှင်းအောင် အသိဉာဏ်လင်းအောင် ပို့ချပေးနိုင်သည်။ စာပြစာသင်အထူးပင် ကောင်း မွန်ကြသည်ဟု ကျော်ကြားသည်။

ဆရာကြီး ဒေါ်ကဥ္စနဝတီ၊ ဒေါ်ဣန္ဒသီဂီတို့သည် စာသင်ရာ မှာ ပဋိပတ်မကင်းသော စာသင်နည်းဖြစ်ရန် အရေးကြီးသည်ဟု ခံယူ ထားသည်။ သို့ဖြစ်၍ စာသင်ခန်းမတွင် စာချရင်း ဩဝါဒပေးတတ်သည်။

တစ်ရက် တစ်ခုသောနံနက်ခင်း စာချချိန်အတွင်း ဆရာကြီး ဒေါ်ကဥ္စနဝတီသည် စာသင်သားမှာ အပေါင်းအသင်းမများဘို့ အလွန် အရေးကြီးကြောင်း၊ ပျင်းသူနဲ့ဦးတည်ချက်မရှိသူတို့မှာ အနေမဟန် သူဖြစ်လို့ အပေါင်းအသင်းမလုပ်ထိုက်ကြောင်း၊ မိမိရဲ့ ကြီးပွားရေး အောင်မြင်မှုတွေ နှောင့်နှေးသွားနိုင်ကြောင်း၊ ပြီးတော့ အလုပ်ခွင်မှာ ပျင်းစိတ်မဝင်ဘို့ အရေးကြီးကြောင်း၊ အလုပ်ခွင်မှာ မိမိရဲ့ကာယစွမ်းအား ဉာဏစွမ်းအားတွေ မြှင့်တင်ထားရမှာဖြစ်ကြောင်း သို့မှ ရည်ရွယ်ချက် အောင်မြင်နိုင်ကြောင်းများ ဩဝါဒပေးသွားသည်။

ရံဖန်ရံခါ စာကြိုးစားနေကြသော တပည့်လေးများကိုကြည့်ပြီး ကိုယ့်ဘဝအထက်တန်းကျကျ မျက်နှာပန်းလှလှနဲ့ အမြင့်ထက်မှာနေချင်သူများကလည်း အထက်မရောက်ရောက်အောင် အမြဲကြိုးစားနေကြရမယ်။ ရောက်ရင်လဲ ဆင်းဘို့ မကြံနဲ့၊ ငယ်လတ်ကြီးစာချတန်း တစ်တန်းချင်း တစ်လှမ်းချင်း တက်သွားရမယ်။ ဝီရိယသမားက အားငယ်ပြီး ဆင်းတဲ့အလုပ် ဆုတ်တဲ့အလုပ် မလုပ်ဘူး။ နိဗ္ဗာန်ရောက်သည်အထိ ကြိုးစားသွားကြရမယ်ဟု အားပေးစကား ပြောကြားတတ်သည်။

ဆရာကြီးဒေါ်ဣန္ဒသိင်္ဂီကလည်း အကြောင်းတိုက်ဆိုင်လျှင် တိုက်ဆိုက်သလို ဆုံးမဩဝါဒစကားများ ပြောကြားတတ်သည်။ စာတက်မမှန် ဝတ်တက်မမှန်သည့်တပည့်လေးများ ရံခါရံခါ ပေါ်တတ်သည်။ ထိုအခါ နာလောက်အောင် မမေ့လောက်အောင် ပြောတတ်သည်။

"ပဲပင်ဖောက်ရာမှာ ပဲစေ့အားလုံး အပင်ပေါက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေစိမ်နှုးထားသော်လည်း အညွန့်အညှောက်မထွက်ဘဲ ကောက်ယူပစ်လိုက်ရတဲ့ ပဲစုန်းပြုံလေးများ ရံခါရံခါ တွေ့ရတတ်ပါတယ်။ ထမင်းပန်းကန်ထဲရောက်ပြီးခါမှ ဖယ်ထုတ်ပစ်ခံရတဲ့ ကျောက်ခဲလေးများလည်း ရံခါရံခါ တွေ့ရတတ်ပါတယ်။

ထို့အတူပါပဲ။ ဆရာသမားတွေက ပဲစုန်းပြုံတပည့်မျိုးဖြစ်မှာစိုးလို့ မေတ္တာနဲ့ အပြစ်ထောက်ပြဆုံးမတဲ့အခါ အချို့က လွယ်လွယ်ကူကူနာယူသလို အချို့က ဗိုက်နာနေလို့ ခေါင်းနာနေလို့နဲ့ ရိုးမယ်ဖွဲ့ပြီး လျှောက်လဲချက် (ဆင်ခြေ)ပေးတတ်ကြတယ်။ သာသနာထဲရောက်ပြီးပါမှ သာသနာထဲမှာ သုံးလို့မရတော့လို့ ကောက်ယူပစ်ခံရတဲ့ ပဲစုန်းပြုံဘဝမျိုး မရောက်ရအောင်အချိန်မီ ကိုယ့်ဘဝကို ပြင်ဆင်နိုင်ရမယ်ဟု ဆုံးမစကားများ ပြောကြားတတ်သည်။

သီလရှင်စာသင်တိုက်ဆိုသည်မှာ ငယ်ရွယ်သူသီလရှင်တွေသာ အများစုနေထိုင်ရာဖြစ်ပါသည်။ ထိုအခါ အမျိုးသမီးလူငယ်များပီပီ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် သဘောထားခြင်း မတိုက်ဆိုင်သောအခါ စောင်းချိတ်ပြီး မဲ့မဲ့ရွဲ့ရွဲ့ပြောဆိုတတ်ကြသည်။ ထိုအခါ ဆရာသမားတို့သည် လိမ္မာပါးနပ်စွာ ဆုံးမစကား ပြောကြားရပြန်သည်။

"ဆရာလေးတို့. . . မိန်းကလေးတွေဆိုတာ ဒေါသမာန်မာန မကြီးရဘူး။ ဒေါသမာန်မာနက လက်ခံရင် ကိုယ့်ကိုပြန်ပြီး အရှက်ကွဲအောင်ရိုင်းပြစေတတ်ဖြစ်လို့ အရှက်ကွဲရတတ်တယ်။ အကျည်းတန်အရုပ်ဆိုးစေတတ်တယ်၊ သီလရှင်ဆိုတော့ ပိုပြီးတော့ ယဉ်ကျေးနိုင်ရမယ်။ ယဉ်ကျေးသူဟာ ရုပ်ရည်ပို၍လှလာသလို ဘဝလဲ လှလာမယ်။

နောက်ပြီးတော့ ဣဿာ မစ္ဆရိယအခံရှိသူဟာ သူများရဲ့အနည်းငယ်သောအပြစ်ကို ပုံကြီးချဲ့ပြီး အတင်းပြောတတ်ကြတယ်။ ရှေးက အတင်းအဖျင်းလို့ ပြောစကားရှိတယ်။ သုံးလို့မရတဲ့အရာဝတ္ထုမျိုးကို အဖျင်းခေါ်တာဖြစ်လို့ သာသနာ့အလယ်သူတော်ကောင်းတို့အလယ် အသုံးမဝင်တဲ့ အဖျင်းမျိုးမဖြစ်အောင် သူများအတင်းမပြောရဘူး။

ပြီးတော့ ရှေ့ဆက်ပြောချင်သေးတယ်။ ဣဿာ မစ္ဆရိယစိတ်ဟာ အလွန်အောက်တန်းကျတဲ့စိတ်ဖြစ်တယ်။ ကိုယ့်ဘဝကို အရုပ်ဆိုး အကျည်းတန်စေတယ်။ နူးညံ့သော စိတ်ဓာတ်ရှိသူ အမျိုးသမီးလေးများပီပီ ဣဿာမစ္ဆရိယကိုပယ်ရှားပြီး မေတ္တာစိတ် များများမွေးမြူရမယ်။ မေတ္တာစိတ်မွေးမြူပြီး ပတ်ဝန်းကျင်လူများအပေါ် မုဒိတာဂုဏ်လွှမ်းခြုံပေးနိုင်ရမယ်"စသည်ဖြင့် တစ်သက်တာလုံး အမှတ်ရဖွယ်လေးများဖြင့် ဆုံးမတတ်ကြပါသည်။

ယခုလို တပည့်များအပေါ် စာသင်စာပြကောင်းခြင်း၊ ဆုံးမ ဩဝါဒပေးပြီး ထိမ်းသိမ်းရေးကောင်းခြင်းစသည်များကြောင့် ကြည်ညို သူတွေ ပေါများပြီး အဆောက်အဦတွေ တိုးတက်လာသလို စာသင် သားတွေလည်း တိုးတက်လာနေသည်။ ထို့အပြင် လူအရေအတွက် များလာသလို အရည်အချင်းရှိသူတွေလည်း များလာရပေသည်။

| | |
|---|---|
| အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ | ၃-ပါး |
| မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ | ၆-ပါး |
| စူဠဂန္ထဝါစကပဏ္ဍိတဘွဲ့ရ | ၁-ပါး |
| သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့ရ | ၂-ပါး |
| သာသနဓဇဓမ္မာစရိယဘွဲ့ရ | ၁၈-ပါး |
| ဓမ္မာစရိယတန်း အဂ္ဂအကျော်ဘွဲ့ရ | ၂-ပါး |
| သာသနတံခွန် အဂ္ဂအကျော်ဘွဲ့ရ | ၂-ပါး |
| ပထမကြီးတန်း ပထမကျော်ဘွဲ့ရ | ၄-ပါး |
| ပထမလတ်တန်း အကျော်ဘွဲ့ရ | ၃-ပါး |
| ပထမငယ်တန်း အကျော်ဘွဲ့ရ | ၅-ပါး |
| အဘိဓမ္မာရွှေတံဆိပ်ဆုရ | ၁-ပါး |
| အဘိဓမ္မာဒုတိယဆုရ | ၂-ပါး |

ဖော်ပြပါရှိပြီး ထူးချွန်ဆုရသူများစာရင်းကို ကြည့်လိုက်ရုံနှင့် ပင် အရည်အသွေးကောင်းသူ၊ အရည်အချင်းရှိသူတွေ တိုးတက်နေသည် ဆိုသည်မှာ ငြင်းဆိုဖွယ်မရှိပေ။

သို့ဖြစ်၍ မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီတည်ထောင်ထား သော မြို့ချောင်သာသနာ့ဥယျာဉ်တော်ကြီးသည် နှစ်တစ်ရာပြည့်လာ သည့်တိုင်အောင် စိမ်းလန်းစိုပြေလန်းဆန်းနေတုန်းပင်ရှိသည်။ အစဉ် တစိုက်တိုးတက်မြဲတိုးတက်နေသည်။ အဘယ့်ကြောင့်ဆိုသော် သာသနာ

တည်ရာတည်ကြောင်းဖြစ်သော စာပေပရိယတ်ကို ရှေ့တန်းတင် ဦးစားပေးထားသောကြောင့်ဖြစ်သည်။

မှန်ပါသည်။ စာသင်ခြင်း၊ စာချခြင်းတာဝန်ရှိသူများသည် ကိုယ့်တာဝန်ကို ကျေပွန်စေရပါသည်။ စာနှင့်ကင်းပြီးမနေစေရပါ။ မြို့ဆရာကြီးဒေါ်ကဥ္စနဝတီသည် မိမိကိုယ်တိုင်ပင် သက်တော်(၈၈)နှစ်ရှိပြီး (၉၀)တွင်းသို့ရောက်နေသည့်တိုင်အောင် စာချနေတုန်းရှိပါသေးသည်။

ဆရာကြီးသည် အလွန်တက်တက်ကြွကြွ ရှိသူဖြစ်ပါသည်။ သာသနာကို ချစ်မြတ်နိုးပြီး သာသနာစိတ်ထက်သန်ပြင်းပြလွန်းသည်။ ဒို့က အလကားနေတာ မကြိုက်ဘူး။ ဒို့လဲ (၅)မိနစ်ခန့် အလကားမနေဘူး။ အလုပ်ရှိမှ ကြိုက်တယ်၊ အလုပ်ရှိမှ နေတတ်တယ်ဟု မကြာခဏ ပြောပြတတ်လေ့ရှိပါသည်။

အမှန်စင်စစ် မြို့ချောင်အတွင်းမှာ ပရိယတ်ပဋိပတ် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်နေထိုင်ကြကုန်သော မြို့သူ မြို့သား ရွာသူ ရွာသားတို့သည် မြို့ချောင်ကို ပထမစတင်တည်ထောင်သွားသော ဆရာကြီး ဒေါ်ကုမ္ဘာရီ၏ ကျင့်သုံးနည်းကျင့်သုံးဟန် လမ်းစဉ်အတိုင်း ဆက်လက်၍အကောင်အထည်ဖော်ကျင့်သုံးနေကြခြင်းဖြစ်သည်။ ထို့ကြောင့် မြို့သာသနာတော်ရောင်သည် နှစ်တစ်ရာပြည့်လာသည့်တိုင်အောင် ထွန်းလင်းတောက်ပနေခြင်းဖြစ်ပေသည်။ လက်ရှိမြို့ချောင်၌ သာသနာ့အလုပ်အားထုတ်နေထိုင်ကြကုန်သော နာယကချောင်အုပ်ဆရာကြီးနှင့်တကွ ဆရာကြီး၊ ဆရာလေးတွေကော ပစ္စည်းလေးပါးလှူဒါန်းထောက်ပံ့နေကြသော ဒကာဒကာမတွေပါ အားလုံးတို့သည် ယခုရာပြည့်ပွဲတော်ကြီးမှ နောက်ထပ်နှစ်ရာပြည့်ပွဲတော်ကြီးဆီသို့ စောင့်မျှော်ဂုဏ်ပြုကြိုဆိုရင်း ကိလေသာအပူဘေးတွေမှ ငြိမ်းအေးကြရန်အတွက် လက်တွေ့ကျင့်သုံးနေကြသူများဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

စစ်ကိုင်းတောင်ရိုး မြို့ချောင် ဆရာကြီးဒေါ်ကုမ္မာရီရေးသား ပြုစုထုတ်ဝေသည့် သီလရှင်ဥပဒေစာအုပ်တွင် ပါရှိသော နိဂုံးပိုင်းလာ နှစ်ဂါထာဖြင့် ဤဆောင်းပါးကို နိဂုံးကမွတ်အဆုံးသတ်လိုက်ပါသည်။

နိဗ္ဗာန မမတံ မြို့၊ ပတ္တာယ ဓမ္မစာရိကာ။

တာသံ နိဝါသ ဘူမိပိ၊ မြို့ချောင်က္ကတိ ပါကဋာ။

အမတံ-ချုပ်ပျောက်ပျက်စီး သေဘေးကြီးကင်းပေထသော။ နိဗ္ဗာနံ- ငြိမ်းရာရောငြိမ်းအေးရာဖြစ်ပေထသော။ နိဗ္ဗာနံ- နိဗ္ဗာန်ရွှေမြို့တော်သည်။ မြို့- မုချကေန်အမှန်စင်စစ် မြို့ဖြစ်၏။ ယာက္လသိနီ- အကြင်ပရိဗိုဇ် သီလရှင်ရသေ့မတို့သည်။ မြို့-မုချကေန်အမှန်စင်စစ် မြို့ဖြစ်သော နိဗ္ဗာန်မြို့သို့။ ပတ္တာယ-မကြာမတင် ဆောလျင်ခဏ ရောက်ကြရန်အလို့ငှာ။ ဓမ္မ-မြို့သောင်သို့ ဘောင်ကူးတို့မသွေ ဆောင်ပို့ပေငြား သူတော်ကောင်းတရားကို။ စာရိကာ-လုံ့လကြီးကုတ် အားထုတ်စီမံ ကျင့်ကြံကြပေကုန်၏။ တသ္မာ-ထိုသို့အကြောင်း ကောင်းမြတ်သော နိမိတ်သဒ္ဒါရိပ်ကြောင့်။ တာသံ-ထိုပရိဗိုဇ် သီလရှင် ရသေ့မတို့၏။ နိဝါသဘူမိပိ- နေရာရည်မှန်း ကျောင်းသခ်န်းမြေ အရပ်သည်လည်း။ မြို့ချောင်က္ကတိ-မြို့ချောင်ဟူ၍(ဝါ) မြို့ချောင်ဟူသော ဖလူပစာမည်သညာဖြင့်။ ပါကဋာ-သိသာပိုင်းခြား နယ်တလွှားတွင် ထင်ရှားပေသတည်း။

သီတလပ္ပုရ ကန္ဒာရေ၊ သီလဝန္တီ ဝသန္တိယော။


ဥပဒေသံ စရိတ္တာန၊ သီဃံ ပပ္ပေါန္တု နိဗ္ဗုတိံ။

သီတလပ္ပုရကန္ဒာရေ- ချမ်းအေးကြည်လင် ပြည်ခွင်နိဗ္ဗာန်ရောက်ရန်ဌာန ပဝတ္တကြောင့် နာမခေါ်ဆောင် မြို့ချောင်၌။ ဝသန္တိယော- လေးလီစက္က ယာပထဖြင့် မျှတမသွေ နေလေ့ရှိကြကုန်သော။ သီလဝန္တီ- နွယ်တော်သာကီ၊ ဂေါတမီနှင့်ရုပ်ရည်မခြား တစ်မိဖွားသို့

အလားပုံသွင် သီလရှင်တို့သည်။ ဥပဒေသ်-နှစ်တန်အကျိုး ပွားတိုးစေခြင်းငှာ ဆရာသခင် မြတ်အရှင်တို့ သွန်သင်ဆုံးမပြသမသွေ ဟောကြားပေသော ဥပဒေကို။ စရိတ္တာန-ထိပ်ထက်သံမှို အမြဲသိုသို့ ကြည်ညိုစုံမက် နှစ်သက်လွှေ့လွှေ့ ကျင့်ကြံလေ့ရှိကြကုန်သည်ဖြစ်၍။ နိဗ္ဗုတိ-ရာဂစစ္စာ မီးသုံးဖြာတို့ ငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့။ သီဃံ - လျင်မြန်စောစွာ။ ပပွေါန္တု-ကောန်ထုတ်ချောက် မျက်မှောက်မသွေ ရောက်ကြပါစေကုန်သတည်း။ ။

ရွှာမြို့၊ စေဖို့၊ မြို့တည်ထောင်သည်။
မြို့လမ်းစဉ် ကျင့်လို့ပင် ရာပင်ပြည့်လေပြီ။
တစ်ရာလွန်မြောက် နှစ်ရာရောက် ဆက်လျှောက်နိုင်ရမည်။

သပြုး မြသောင်း
ရေးသားဂုဏ်ပြုပူဇော်သည်။



## မြို့ချောင်သီလရှင်စာသင်တိုက်ကြီး၏

# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေ

အသက်အရွယ်သည် ပမာနမဟုတ်၊ ပညာအရည်အချင်းသည်သာ ပမာနဖြစ်သည်။ ဤကား မြို့ချောင်၏အရေးကြီးဆုံးသော မူဝါဒဖြစ်သည်။

မြို့(ချောင်)သီလရှင်စာသင်တိုက်အုပ်ချုပ်ရေးအဖွဲ့ကို ဖော်ပြပါအတိုင်း အဆင့်ဆင့်ဖွဲ့စည်းထားသည်။

၁။ ဩဝါဒါစရိယဆရာတော်အဖွဲ့

၂။ ပမာနနာယက

၃။ နာယကဆရာအဖွဲ့

၄။ အနုနာယကဆရာအဖွဲ့

### ဩဝါဒါစရိယဆရာတော်အဖွဲ့

ဩဝါဒါစရိယဆရာတော်အဖွဲ့ကို သံဃာတော် ၈-ပါးဖြင့် ဖွဲ့စည်းထားသည်။ ယင်း၈-ပါးထဲမှ အကြောင်းကြောင်းကြောင့် တစ်ပါးပါးတာဝန်မှ ရပ်စဲသွားလျှင် နောက်ထပ်အသစ်တစ်ပါးကို "ဩဝါဒါစရိယ" ဆရာတော်အဖြစ် တင်မြှောက်ရမည်။

နှစ်စဉ်နှစ်တိုင်း ဝါဆိုဦးအချိန်တွင် ဩဝါဒါစရိယဆရာတော်များကို ချောင်မှာပင့်ဖိတ်၍ ရှိခိုးကန်တော့ရမည်။ ဩဝါဒချီးမြှင့်ရန် လျှောက်ထားတောင်းပန်ရမည်။ ချောင်နှင့်ပတ်သက်၍ အကြံဉာဏ်တောင်းယူရမည်။ တစ်စုံတစ်ရာပြဿနာပေါ်ပေါက်လာခဲ့သော် စည်းမျဉ်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြရမည်။ အကယ်၍ မိမိတို့အချင်း

ချင်းမပြီးပြတ်ပါမူ ဩဝါဒါစရိယဆရာတော်တို့၏အဆုံးအဖြတ်အတိုင်း လိုက်နာကြရမည်။

## ပဓာနနာယကဆရာကြီး

မြို့ချောင်သီလရှင်စာသင်တိုက်ကြီး၏ အာဏာအရှိဆုံးပုဂ္ဂိုလ်မှာ "ပဓာနနာယကဆရာကြီး"ဖြစ်သည်။ ပဓာနနာယကဆရာကြီး၏ အမိန့်ကို တစ်ချောင်လုံးမှာရှိကြသည့် သီလရှင်အားလုံး နာခံရမည်။

ပဓာနနာယကဆရာကြီးသည် အကြောင်းကြောင်းကြောင့် တာဝန်မှရပ်စဲသွားလျှင် နာယကဆရာ(၄)ပါးထဲမှ တစ်ပါးပါးကို "ပဓာနနာယက"အဖြစ် ရွေးချယ်တင်မြှောက်ရမည်။ ယင်းသို့ရွေးချယ်တင်မြှောက်ရာ၌ တစ်ဦးတစ်ယောက်တည်း၏ဆန္ဒဖြင့် မတင်မြှောက်ရ။ အနုနာယကဆရာတို့ထံမှ ဆန္ဒမဲခံယူ၍ အများသဘောကျသည့်သူကိုသာ ရွေးချယ်တင်မြှောက်ရမည်။ အနုနာယကဆရာများသည် မိမိကြိုက်နှစ်သက်သည့်နာယကဆရာကို "ပဓာနနာယက"အဖြစ် ရွေးချယ်ပိုင်ခွင့်ရှိသည်။ ဆန္ဒမဲအများဆုံးရရှိသူကိုသာ "ပဓာနနာယက"အဖြစ် ရွေးချယ်တင်မြှောက်ကြရမည်။

## နာယကဆရာအဖွဲ့နှင့်တာဝန်

ပဓာနနာယကဆရာကြီး၏လက်အောက်၌ အာဏာအရှိဆုံးအဖွဲ့မှာ "နာယကဆရာအဖွဲ့"ဖြစ်သည်။ ဤနာယကဆရာအဖွဲ့ကို သီလရှင် ၄-ပါးဖြင့် ဖွဲ့စည်းထားသည်။ ယင်းနာယကဆရာအဖွဲ့ကို တစ်ချောင်လုံးက လေးစားရမည်။ ယင်းနာယကအဖွဲ့ကို မလေးစားသောသူသည် ဤမြို့ချောင်သီလရှင်စာသင်တိုက်ကြီးကို မလေးစားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နာယကအဖွဲ့၏အမိန့်ကို မနာခံသောသူမှန်သမျှ ဤချောင်မှ ထွက်ပေးရမည်။

နာယကဆရာ (၄)ပါးသည် ပဓာနနာယကဆရာကြီး၏အမိန့်ကို နာခံပြီး မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ အုပ်ချုပ်ရမည်။ စည်းမျဉ်း

ဥပဒေအတိုင်း လိုက်နာသူများကို ချီးမြှောက်ရမည်။ စည်းမျဉ်းဥပဒေ အတိုင်း မလိုက်နာသူများကို နှင်ထုတ်ရမည်။ အဂတိမလိုက်စားရ။

နာယကဆရာတစ်ပါးပါးက အပြစ်ရှိသူကို နှင်ထုတ်ခဲ့လျှင် ပဓာနနာယကနှင့်ကျန်နာယကဆရာများ ကန့်ကွက်ပိုင်ခွင့်မရှိရ။ သို့သော် ယင်းအနှင်ထုတ်ခံရသူကို အနုနာယကဆရာတစ်ပါးပါးက အာမခံခဲ့လျှင် နှင်ထုတ်သည့်နာယကဆရာက ပြန်၍လက်ခံလိုက လက်ခံနိုင်သည်။

နာယကဆရာ(၄)ပါးထဲမှ တစ်ပါးပါးသည် အကြောင်းကြောင်း ကြောင့် နာယကတာဝန်မှရပ်စဲသွားလျှင် အနုနာယကဆရာထဲမှ တစ်ပါး ပါးကို ရွေးချယ်၍ "နာယကဆရာ"အဖြစ် ခန့်အပ်ရမည်။ ယင်းသို့ ခန့်အပ်ရာ၌ ပဓာနနာယကဆရာကြီးနှင့်ကျန်နာယကဆရာတို့ကသာ ညှိနှိုင်းတိုင်ပင်၍ ခန့်အပ်ရမည်။ ပဓာနနာယကဆရာကြီး၏အမိန့်တစ်ခု တည်းဖြင့် မခန့်အပ်ရ။

"နာယကဆရာ"အဖြစ် ရွေးချယ်ခန့်အပ်ရမည့်သူသည်-

၁။ အစိုးရဓမ္မာစရိယအောင်မြင်ပြီးဖြစ်ရမည်။

၂။ တစ်ချောင်လုံးက ရိုသေလေးစားလောက်သည့်အကျင့် စာရိတ္တ ရှိသူဖြစ်ရမည်။

အကယ်၍ အနုနာယကဆရာထဲက အစိုးရဓမ္မာစရိယအောင် မြင်သူမရှိခဲ့လျှင် မည်သူ့ကိုမျှ "နာယကဆရာ"အဖြစ် မခန့်ရ။ အနု နာယကဆရာထဲက အစိုးရဓမ္မာစရိယအောင်မြင်သူပေါ်ပေါက်မှသာ လျှင် ထိုသီလရှင်ကို "နာယကဆရာ"အဖြစ် ခန့်အပ်ရမည်။

## အနုနာယကဆရာအဖွဲ့နှင့်တာဝန်

နာယကဆရာ၄-ပါး၏ လက်အောက်၌ အာဏာအရှိဆုံးအဖွဲ့မှာ "အနုနာယကဆရာအဖွဲ့" ဖြစ်သည်။ ယင်းအနုနာယကဆရာအဖွဲ့ကို သီလရှင်အပါး(၂၀)ဖြင့် ဖွဲ့စည်းထားသည်။ သီလရှင်အပါး(၂၀)ထက် ပို၍မခန့်ရ။ အနုနာယကဆရာအပါး(၂၀)ထဲမှ တစ်ပါးပါးသည်

အကြောင်းကြောင်းကြောင့် တာဝန်မှရပ်စဲသွားလျှင် စာသင်နေသည့် သီလရှင်ထဲမှ တစ်ပါးပါးကို ရွေးချယ်၍ "အနုနာယကဆရာ"အဖြစ် ခန့်အပ်ရမည်။ "အနုနာယကဆရာ"ကို ရွေးချယ်ခန့်အပ်ရာ၌ ပဓာန နာယကဆရာကြီးနှင့်နာယကဆရာလေးပါးတို့က တိုင်ပင်ညှိနှိုင်း၍ ရွေးချယ်ခန့်အပ်ရမည်။

"အနုနာယကဆရာ"အဖြစ်ရွေးချယ်ခန့်ရမည့်သူသည်-

၁။ အစိုးရပထမကြီးတန်း အောင်မြင်ပြီးဖြစ်ရမည်။

၂။ ကိုယ်ကျင့်စာရိတ္တကောင်းရမည်။

၃။ ဤစာသင်တိုက်ထဲ၌ အနည်းဆုံး(၇)နှစ်နေထိုင်ဘူးသူဖြစ် ရမည်။

အနုနာယကဆရာများသည် ပဓာနနာယကဆရာကြီးနှင့် နာယကဆရာများ စီမံသည့်အတိုင်း ပရိယတ္တိပညာရေးတိုးတက်အောင် စာချခြင်း၊ စာမေးပွဲများ ကျင်းပပေးခြင်း၊ စာမေးပွဲအောင်မြင်သူများကို ဆုပေးခြင်း၊ အကျင့်စာရိတ္တကောင်းသူများကို ချီးမြှောက်ခြင်း၊ အပြစ်ရှိသူကို ဆုံးမခြင်းစသည့်တာဝန်များကို ဓမ္မဓိဋ္ဌာန်ကျကျ လုပ်ကိုင် ဆောင်ရွက်ရမည်။ ပညာရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို နာယက ဆရာများအား တင်ပြရမည်။ အထူးအားဖြင့် အနုနာယကဆရာများ သည် တစ်ပါးလျှင် အနည်းဆုံးစာဝါတစ်ဝါပို့ချရမည်။

မှတ်ချက်။ ။ ဤမြို့သီလရှင်စာသင်တိုက်(ချောင်း)သည် သီလရှင်စာသင်တိုက်ဖြစ်သည့်အတွက် ပညာရေးကိုဦးစားပေးရမည်။ ပညာထူးချွန်သူကို အထူးချီးမြှောက်ရမည်။ အထူးအားဖြင့် ပညာသင် ယူနေကြသည့်စာသင်သားသီလရှင်များထဲမှ တစ်ပါးပါးသည် "အစိုးရ ဓမ္မာစရိယ"အောင်မြင်ခဲ့လျှင် အနုနာယကဆရာအဖွဲ့အပါး(၂၀)ထက် ပိုသည်ဖြစ်စေ အထူးဦးစားပေး၍ "အနုနာယကဆရာ"အဖြစ် ခန့်အပ် ရမည်။

ဤသီလရှင်(ချောင်)စာသင်တိုက်ထဲရှိ စာသင်နေကြသည့် သီလရှင်ဆရာလေးမှန်သမျှသည် ဆရာကြီးဒေါ်ကုမ္မာရီရေးသားစီရင်သည့် "သီလရှင်ဥပဒေကျမ်း"၌ လာသည့်စည်းမျဉ်းဥပဒေအတိုင်း လိုက်နာကျင့်သုံးကြရမည်။ ထိုစည်းမျဉ်းဥပဒေကို ချိုးဖောက်ပါက ပဓာနနာယကနှင့်နာယကဆရာတို့၏ ဒဏ်ခတ်အရေးယူခြင်းကို ခံရမည်ဖြစ်သည်။

**အများပိုင်ဖြစ်သည့် မြို့ သီလရှင်စာသင်တိုက်**

ဤသီလရှင်စာသင်တိုက်(ချောင်)အထဲရှိ ဇရပ်မှန်သမျှသည် "ဂဏိက-အများပိုင်"ဖြစ်သည်။ အဆောက်အဦးအသစ် လှူဒါန်းသူများသည် "ဂဏိက-အများပိုင်"အဖြစ်လှူဒါန်းရမည်။ "ပုဂ္ဂလိက-တစ်ပါးပိုင်"အဖြစ် မလှူဒါန်းရ။ ယုတ်စွအဆုံး မိမိကိုယ်တိုင်ဆောက်လုပ်သည့်ဇရပ်ဖြစ်စေကာမူ ပဓာနနာယကနှင့်နာယကဆရာများကို လွှဲပြောင်းပေးရမည်။ ဤသို့လွှဲပြောင်းမပေးနိုင်ပါက မည်သူ့ကိုမျှ ဆောက်လုပ်ခွင့်မပေးရ။

ထို့ကြောင့် ဤစာသင်တိုက်(ချောင်)ထဲရှိ သီလရှင်ဆရာလေးများသည် မိမိနေထိုင်သည့်ဇရပ်ကို "ပုဂ္ဂလိက"အဖြစ် မသိမ်းပိုက်ရ။ မိမိနေထိုင်သောဇရပ်၌ မိမိတစ်ပါးတည်းနေထိုင်ခြင်း၊ ပဓာနနာယကဆရာကြီးနှင့်နာယကဆရာများ၏အမိန့်မပါဘဲ လူပုဂ္ဂိုလ်များကို လက်ခံခြင်း၊ မိမိနေထိုင်သည့်ဇရပ်ကို အခြားသီလရှင်ဆရာများကို လွှဲပြောင်းပေးခြင်းစသည်များကို မပြုလုပ်ရ။

ဤသီလရှင်စာသင်တိုက်ကြီးသည် အများပိုင်ဖြစ်သည့်အားလျော်စွာ ဤစာသင်တိုက်ရှိ သီလရှင်ဆရာလေးများသည် ပဓာနနာယကဆရာကြီးနှင့် နာယကဆရာများ စီမံသည့်အတိုင်း လက်ခံရမည်။ ပဓာနနာယကနှင့်နာယကဆရာများ စီမံသည့်အတိုင်း လက်မခံနိုင်ပါက ဤစာသင်တိုက်(ချောင်)ထဲမှ အပြီးထွက်ပေးရမည်။

ဤ"စည်းမျဉ်းဥပဒေ"သည် ဤမြို့သီလရှင်(ချောင်)စာသင်တိုက် တည်နေသမျှကာလပတ်လုံး လိုက်နာရမည့် "စည်းမျဉ်းဥပဒေ"ဖြစ်သည်။ မည်သည့်စည်းမျဉ်းဥပဒေကိုမျှ မပယ်နှုတ်ရ။ အကယ်၍ စည်းမျဉ်းဥပဒေအသစ်ကို ထပ်မံဖြည့်စွက်လိုပါက ဩဝါဒါစရိယဆရာတော်များကို လျှောက်ထား၍ ဩဝါဒါစရိယဆရာတော်များက လက်ခံမှသာ ထပ်မံဖြည့်စွက်ရမည်။

ရက်စွဲ။ ၁၃၆၉-ခု ပထမဝါဆိုလဆန်း(၇)ရက်။
၂၀၀၇-ခု၊ ဇွန်လ (၂၁)ရက်၊ ကြာသပတေးနေ့။
ဒေါ်ကဋ္ဌနဝတီ
သာသနာနွယ်ဝင်အမှတ် ၅/စကန(သီ)၀၀၂၁၂
ပဓာနနာယက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မြို့ချောင်သီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့

## အသိသက်သေပုဂ္ဂိုလ်များ

ဘဒ္ဒန္တနန္ဒဝံသ
အဂ္ဂမဟာပဏ္ဍိတ
တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)
ဟံသာဂီရိကျောင်းတိုက်၊ စစ်ကိုင်းမြို့

ဘဒ္ဒန္တဝီရိယ
သံဃနာယကအဖွဲ့
ဥက္ကဋ္ဌ(သုဓမ္မာ)
သီရိဟေမာကျောင်း
စစ်ကိုင်းမြို့

ဒေါ်ပုဏ္ဏမီ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တိုင်းသီလရှင်အမှုဆောင်အဖွဲ့
ဥက္ကဋ္ဌ
ဇေယျသိဒ္ဓိချောင်၊ စစ်ကိုင်းမြို့

ဒေါ်စရဝတီ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့
ဥက္ကဋ္ဌ
သမိဒ္ဓေါဒယချောင်၊ စစ်ကိုင်းမြို့

# မြို့ချောင်းသြဝါဒါစရိယဆရာတော်များ

၁။ ဘဒ္ဒန္တနန္ဒဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ တိုင်းသံဃနာယကဥက္ကဋ္ဌ (ရွှေကျင်) ဟံသာဂီရိကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး။

၂။ ဘဒ္ဒန္တမာဃိန္ဒ(ဓမ္မာစရိယ)
ဝေဠုဝန်ကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး

၃။ ဘဒ္ဒန္တပညာသီရိ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက)
ဇေယျသိန်ပါဠိတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး

၄။ ဘဒ္ဒန္တတိက္ခစာရ
ပဓာန နာယက
မဏိကုဏ္ဍလကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး

၅။ ဘဒ္ဒန္တကုသရိယ (ဓမ္မာစရိယ၊ စာချကထိက)
ဇေယျသိန်ပါဠိတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး

၆။ ဒေါက်တာနန္ဒမာလာဘိဝံသ(သစအဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတ၊ M.A ,Ph.D, ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့်သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး နှစ်ခုတို့၏ပါမောက္ခချုပ်၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး။

၇။ ဘဒ္ဒန္တဇနိန္ဒ
ပဓာနနာယက တိုက်ဝါကြီးကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး

၈။ ဘဒ္ဒန္တဒေဝိန္ဒာလင်္ကာရာဘိဝံသ
(သာမဏေကျော်၊ သ,အဓမ္မာစရိယ)
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး။

## မြို့ချောင် နာယကဆရာကြီးများ

၁။ ဒေါ်ကဥ္စနဝတီ
(ပဓာနနာယကဆရာကြီး၊ သာ,သီ,ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းသီလရှင်အမှုဆောင်အဖွဲ့ အကျိုးတော်ဆောင်) မြို့ချောင်၊ စစ်ကိုင်းတောင်ရိုး။

၂။ ဒေါ်ဥမ္မာဝတီ
(လက်ထောက်နာယက၊ သာ,သီ,ဓ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) မြို့ချောင်၊ စစ်ကိုင်းတောင်ရိုး။

၃။ ဒေါ်စန္ဒသိဂီ
(လက်ထောက်နာယက၊ မူလဓမ္မာစရိယ)
မြို့ချောင်၊ စစ်ကိုင်းတောင်ရိုး။

၄။ ဒေါ်ပုညဝတီ
(လက်ထောက်နာယက၊ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)
မြို့ချောင်၊ စစ်ကိုင်းတောင်ရိုး။

၅။ ဒေါ်သန္တဝရဉာဏီ
(လက်ထောက်နာယက၊ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)
မြို့ချောင်၊ စစ်ကိုင်းတောင်ရိုး။

၆။ မြို့စာချဆရာပေါင်း (၈)ပါး

၇။ အနုနာယကအပါး (၂၀)

## စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး
## မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်

### မြို့သာသနာရေး ပညာရေးအခြေပြဇယား

| | | |
|---|---|---|
| ၁ | မြတ်ဗုဒ္ဓသာသနာ့ဝန်ဆောင်<br>သာသနာ့နွယ်ဝင် သီလရှင်ပေါင်း | ၁၇၁-ပါး |
| ၂ | ပဋိပတ္တိသာသနာ့ဝန်ဆောင်<br>သာသနာ့နွယ်ဝင် သီလရှင်ပေါင်း | ၁၉-ပါး |
| ၃ | ပရိယတ္တိသာသနာ့ဝန်ဆောင်<br>သာသနာ့နွယ်ဝင် သီလရှင်ပေါင်း | ၁၅၂-ပါး |

### စာပေထူးချွန်ဆုရသူများစာရင်း

| | | |
|---|---|---|
| ၁ | ဓမ္မာစရိယတန်း<br>အဂ္ဂမဟာအကျော်ဆုရသီလရှင်ပေါင်း | ၃-ပါး |
| ၂ | သာသနာ့တံခွန်<br>အဂ္ဂအကျော်ဆုရသီလရှင်ပေါင်း | ၂-ပါး |
| ၃ | အစိုးရပထမကြီးတန်း<br>ပထမကျော်ဆုရသီလရှင်ပေါင်း | ၄-ပါး |
| ၄ | အစိုးရပထမလတ်တန်း<br>အကျော်ဆုရသီလရှင်ပေါင်း | ၃-ပါး |
| ၅ | အစိုးရပထမငယ်တန်း<br>အကျော်ဆုရသီလရှင်ပေါင်း | ၅-ပါး |
| ၆ | အဘိဓမ္မာစာမေးပွဲ<br>ရွှေတံဆိပ်ဆုရသီလရှင်ပေါင်း | ၁-ပါး |
| ၇ | အဘိဓမ္မာစာမေးပွဲ<br>ဒုတိယဆုရ သီလရှင်ပေါင်း | ၂-ပါး |

## စာပေဘွဲ့ရရှိသူများစာရင်း

| | | |
|---|---|---|
| ၁ | ဓမ္မာစရိယစာမေးပွဲ၊ သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့ရ | ၂-ပါး |
| ၂ | ဓမ္မာစရိယစာမေးပွဲ သာသနဓဇဓမ္မာစရိယဘွဲ့ရ | ၁၈-ပါး |
| ၃ | ဓမ္မာစရိယစာမေးပွဲ ဝိနယပါဠိပါရဂူဘွဲ့ရ | ၁-ပါး |
| ၄ | နိကာယ်စာမေးပွဲ နိကာယဓဇောတကဒီဃဘာဏကဘွဲ့ရ | ၅-ပါး |

## နိုင်ငံတော်က ဂုဏ်ပြုပူဇော်ခံရသူများ

၁။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရသီလရှင်ပေါင်း ၃-ပါး

၂။ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရသီလရှင်ပေါင်း ၆-ပါး

၃။ စူဠဂန္ထဝါစကပဏ္ဍိတဘွဲ့ရသီလရှင်ပေါင်း ၁-ပါး

## ရုပ်တုပူဇော်ခံပုဂ္ဂိုလ်များ

၁။ မြို့ချောင် အာဒိကမ္မိက မူလချောင်ဆရာကြီး ဒေါ်ကုမ္မာရီ

၂။ မြို့ချောင် ယခုနာယကချုပ်ချောင်ဆရာကြီး ဒေါ်ကဥ္စနဝတီ

၃။ မြို့ချောင် လက်ထောက်နာယကချောင်ဆရာ ဒေါ်ဣန္ဒသိင်္ဂီ


## အစိုးရစာမေးပွဲစာရင်းဝင်သူများ

၁။ အစိုးရဓမ္မာစရိယတန်း (၆၅)ပါး

၂။ အစိုးရပထမကြီးတန်း (၂၀)ပါး

၃။ အစိုးရပထမလတ်တန်း (၁၅)ပါး

၄။ အစိုးရပထမငယ်တန်း (၂၀)ပါး



# ကျမ်းပြုဆရာကြီး ဒေါ်ကုမ္မာရီ နှင့် မြို့ချောင်

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ပါရမီရင့်မာကြသော အမျိုးသမီးသူတော်စင်တို့သည် ဘိက္ခုနီအသွင်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ကြ၏။ ထိုအရှင်မတို့သည် ဗုဒ္ဓသာသနာ၌ အမျိုးသား သူတော်စင်ရဟန္တာတို့နှင့်တန်းတူပင် မဂ်ဖိုလ်နိဗ္ဗာန်ကို အရယူခဲ့ကြသည်။

လူ့ဘဝ၏ပန်းတိုင်မှာ လွတ်မြောက်မှုမောက္ခဖြစ်၏။ မောက္ခ သည် လူ့ဘဝအတွက် အရေးကြီးလှ၏။ ထိုအမျိုးသမီး သူတော်စင်တို့

မှာ အရေးကြီးသောမောက္ခကို အမျိုးသားသူတော်စင်များနည်းတူ ရရောက်ကြလေသည်။

အမျိုးသမီးသူတော်စင် ဘိက္ခုနီရဟန္တာတို့ကို တစ်နည်းအားဖြင့် ထေရီဟု ခေါ်ဝေါ်ကြကုန်၏။ ထေရီအပဒါန်ကို ထေရီတို့ကိုယ်တိုင် အသီးအသီး ဟောကြားခဲ့သလို ထေရီဂါထာတို့ကိုလည်း ထေရီတို့ ကိုယ်တိုင်ပင် အသီးအသီး ရင့်ကျူးခဲ့ကြလေသည်။

ထေရီအပဒါန်၊ ထေရီဂါထာတို့သည် မူလက ပါဠိဘာသာ ဂါထာတို့ဖြစ်ကြကုန်၏။ ယင်းဂါထာ၏ခက်ခဲနက်နဲသည့်အဓိပ္ပါယ်တို့ကို အဋ္ဌကထာဆရာတို့က ပါဠိဘာသာစကားပြေဖြင့် ဖွင့်ဆိုကြသည်။ သို့ဖြင့် ပါဠိဘာသာတတ်ကျွမ်းသောသူတို့သည် ထေရီတို့၏အကြောင်းအရာ အတ္ထုပ္ပတ္တိနှင့်ရင့်ကျူးသောတရားအနှစ်သာရတို့ကို ကောင်းစွာသိရှိခွင့် ရကြ၏။

ထိုမှတစ်ဆင့် မြန်မာစကားပြေသက်သက်ဖြင့် ထေရီအပဒါန် နှင့်ထေရီဂါထာတို့ကို ပြန်ဆိုသောအခါ မြန်မာစာတတ်သူတို့သည် မြတ်စွာဘုရားရှင်လက်ထက်က ထေရီတို့ကို မှန်းဆ၍ ပီတိကြည်ညို နိုင်ကြလေသည်။ ယခုအခါတွင်မူကား ထေရီတို့၏ အနွယ်အဆက် အဖြစ် သီလရှင်ဟူသောမိန်းမသူတော်စင်တို့ ပေါ်ပေါက်တည်ရှိနေပြီ ဖြစ်၏။

သီလရှင်ကို သိသူတိုင်း သီလရှင်ကျင့်ဝတ်ကို မသိနိုင်ပေ။ အကျင့်တရားမှ ချို့ယွင်းသောသီလရှင်အချို့ကို မြင်တွေ့ရသည့်အခါ အကြည်ညိုပျက်ချင် ပျက်ကြပေဦးမည်။ သီလရှင်ကျင့်ဝတ် သီလရှင် ဥပဒေကို သိမှသာလျှင် သီလရှင်ကို ကြည်ညိုကြပေမည်။ သီလရှင် ကျင့်ဝတ် သီလရှင်ဥပဒေအတိုင်း လိုက်နာကျင့်သုံးသောသီလရှင်တို့ကို ပြောဖွယ်ရာမရှိ၊ ကြည်ညိုသူ ပေါမည်သာဖြစ်၏။

ဤသို့လျှင် သီလရှင်ဥပဒေကို လွန်ခဲ့သော (၉၅)နှစ်ကျော်က သီလရှင်ဆရာကြီးတစ်ပါးက ရေးသားပြုစုခဲ့သည်။ ပြုစုသည့်သီလရှင်ဆရာကြီးအမည်မှာ စစ်ကိုင်းတောင်ရိုး မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီ ဖြစ်၏။

စာပေပရိယတ္တိထူးချွန်သူ၊ ပဋိပတ်ထူးချွန်သူ သီလရှင်တို့ ခေတ်အဆက်ဆက်တွင်ရှိခဲ့သော်လည်း ကျမ်းပြုသီလရှင်တို့မှာ လက်တစ်ဖက်ရှိ လက်ချောင်းအရေအတွက်မျှပင်မရှိချေ။ ဤမျှအထိ ရှားတောင့်ရှားပါးနိုင်လွန်းပေသည်။

သီလရှင်ဥပဒေကို ရေးသားရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ရေးသူက ဤသို့ဖွင့်ဆိုပြထားပေသည်။

စောင့်ရန်စည်းရိုးအရံမရှိကုန်သော ကောက်ပင်တို့သည် ကျွဲနွားစသည်တို့ ဖျက်ဆီးသကဲ့သို့လည်းကောင်း၊ ဇက်မရှိသောမြင်း၊ ချွန်းမရှိသောဆင်၊ သခင်မရှိသောကျွန်၊ အရှင်မရှိသောမြို့ရွာပြည်၊ မိဘမရှိသောသားသမီး၊ ဆရာမရှိသောတပည့်၊ အကွပ်မရှိသောကြမ်းကဲ့သို့ ပရမ်းပတာမဖြစ်စေရန် မဂ်ဖိုလ်နိဗ္ဗာန်လျှင်မြန်စွာရခြင်းငှာ ဥပဒေနည်းလမ်းကျင့်ခန်းရှိကုန်သော သူတော်စင်သီလရှင်တို့သည် ဆင်းရဲခပ်သိမ်းကင်းငြိမ်းရန်နိဗ္ဗာန်မြို့ကြီးသို့ လျင်မြန်စွာရောက်ကြောင်းဖြစ်သော သီလရှင်ဥပဒေကျမ်းကို ဝမ်းမြောက်ဝမ်းသာ သဒ္ဓါရွှင်လန်း အားကြိုးပမ်း၍ ခြိုးခြံစွာကျင့်နိုင်အားထုတ်နိုင်ကြပါစေကုန်သတည်းဟု သူ၏စေတနာကို ပေါ်လွင်ထင်ရှားစေခဲ့၏။

မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီသည် သီလရှင်ဥပဒေကျမ်းကို ရေးသားပြုစုရာတွင် အဖက်ဖက်မှပြည့်စုံအောင်ဟာကွက်ပျော့ကွက် လစ်လပ်ချက်မရှိစေရအောင် အားထုတ်ခဲ့ပေသည်။

ကျမ်း၏အခန်းကဏ္ဍခွဲခြားရေးသားရာတွင် ချောင်နေပုဂ္ဂိုလ်တို့

ရှေးဦးကျင့်ရာဥပဒေ၊ အာမခံတတ်သည့်ပုဂ္ဂိုလ်ကျင့်ရာ ဥပဒေ၊ အာမခံ အပ် ပုဂ္ဂိုလ်ကျင့်ရာ ဥပဒေ။ အာမခံအပ်သည့်ပုဂ္ဂိုလ်ဖောက်ပြန်ရာ၌ ကျင့်ရာဥပဒေ၊ ဘုရားဝတ်တက်ရာ ဆွမ်းတော်ကပ်ရာ၌ ကျင့်ရာ ဥပဒေ၊ ညဥ့်အခါ စာပြန်ရာ၌ ကျင့်ရာဥပဒေ၊ နဝကမ္မပြုရာ၌ ကျင့်ရာဥပဒေ၊ ရေချိုးရေခပ်သွားရာ၌ ကျင့်ရာဥပဒေ၊ ဇာတိနေရပ်သို့အခိုက်အတန့် ပြန်လိုသူတို့ ကျင့်ရာဥပဒေ၊ အထက်နာယကသီလရှင်ဆရာကြီးတို့ ပြုကျင့်ရာ ဥပဒေ၊ ဆရာတပည့်နှစ်ဦးတို့ ကျင့်ရာဥပဒေ၊ သဗ္ဗကိစ္စ၌ ပြုကျင့်ရာ ဥပဒေဟူ၍ (၁၃)ခန်းခွဲကာ ရေးသားစီရင်ထားလေသည်။

ဒေါ်ကုမ္မာရီ၏သီလရှင်ဥပဒေကို ဖတ်ရှုလေ့လာရာတွင် စာရေး သူ ဤသို့သဘောပေါက်မိ၏။ သက်ကြီးဝါကြီးတို့အား လေးစားကျိုး နွံခြင်း၊ ဆိုဆုံးမခံခြင်းတို့မှာ သီလရှင်လောကတွင် ရှိ၍ ဤစရိုက်မျိုးစေ့ ချသူတို့မှာ သီလရှင်တို့ပင်ဖြစ်ကြောင်း တွေ့ရှိရလေသည်။ လူကြီးနှင့် လူငယ်၊ လူငယ်အချင်းချင်း အခေါ်အပြောကအစ အသုံးအနှုန်း ယဉ်ကျေးအောင် မြတ်ဗုဒ္ဓ၏သမီးတော်နွယ်ဝင်တို့ ကျင့်သုံးနေထိုင်ပေ သည်ဟု ကျေနပ်မိပြန်ပါသည်။

သီလရှင်ဥပဒေသည် သီလရှင်နီတိပင်ဖြစ်သည်။ သီလရှင် တစ်ပါးသည် အခြားသီလရှင်တစ်ပါးကို အာမခံ၍ကျောင်းတစ်ခု၊ သို့မဟုတ် ချောင်တစ်ချောင်၌ နေစေသော် အားမခံထားသောသီလရှင် ဖောက်ပြန်ပါက အာမခံသူ သီလရှင်ပါ ဒဏ်အတူတူခံကာ ဝိုင်းကြီး စနစ်ကျင့်သုံးစေသည်။

အကြောင်းကြီးငယ်မရှိဘဲ ဝတ်တက်ဆွမ်းတော်ကပ် မပျက်ရ ခြင်း၊ ခါးဝတ်ကိုယ်ရုံကို ညီညာစွာ ဝတ်ရုံရခြင်း၊ စကား တသောသော မပြောရခြင်း၊ ကြမ်းနင်းမပြင်းရခြင်း၊ ရှပ်ယှက်ခတ် စကြံသွား၍ စာမအံ ရခြင်း၊ သူတစ်ပါးအိပ်ငိုက်သည်ကိုမြင်လျှင် မနှိုးဘဲ မနေရခြင်း၊ မိမိ

အိပ်ငိုက်သည်ကို သူတစ်ပါးမြင်၍နိုးလျှင် စိတ်မဆိုးရခြင်း၊ သမထ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို အခါအားလျော်စွာ နှလုံးသွင်းရခြင်း၊ တိုက်အုပ်၊ တိုက်ကြပ်တို့က ခိုင်းစေလျှင် တစ်ခွန်းတည်းသောစကားဖြင့် မငြင်းမဆန်အားထုတ်ပြုလုပ်ရခြင်းတို့မှာ သီလရှင်ဥပဒေထဲတွင် ပါဝင်သည့်ကောင်းနိုးရာရာ ကောက်နုတ်ထားသော အချက်အလက်များဖြစ်လေသည်။

သီလရှင်စစ်စစ်တစ်ပါးအဖို့ စောင့်ထိန်းစရာကျင့်ဝတ်ဥပဒေတို့က တင်းကြပ်လှစွာ၏။

ရေချိုးရေခပ်သွားရာတွင် တစ်ယောက်တည်း မသွားရ၊ သုံးလေးယောက်သွားရမည်။ ရေဆိပ်၌ အများနှင့်ပေါင်းဆုံစကားမပြောရ။ အချင်းချင်းရယ်မောမြူးတူးရေကူးရေကစား၍ ငုပ်ချည်ပေါ်ချည်မပြုလုပ်ရ။ ချိုးမြဲတိုင်းသော နေရာ၌ ငြိမ်သက်သောဣန္ဒြေဖြင့် ချိုးရခြင်း၊ ပုဆစ်ဖမျက်နှစ်လောက်ရှိရေ၌သော်လည်း ရေအပြင်ကို ခြေဖြင့်ခတ်ခြင်း၊ လက်ဖြင့်ပုတ်ခြင်း၊ လက်ချောင်းဖြင့် ထောက်ခြင်းမပြုဘဲ ဝါဒိတသိက္ခာပုဒ်ကိုစောင့်ရှောက်ရမည်ဟု ဆိုထားလေသည်။

ဇာတိရပ်ရွာသို့ အခိုက်အတန့်ပြန်သွားလိုလျှင် အာမခံဆရာ၊ တိုက်အုပ်ဆရာတို့ကို စေ့နှံ့အောင်လျှောက်ထားပြီးမှ ပြန်သွားရခြင်း၊ အကြောင်းထူးမရှိဘဲ လခွဲ၊ ဆယ်ရက်ထက် ပို၍အရှည်အကြာ မနေရခြင်း၊ အကယ်၍ အရှည်အကြာနေမိလျှင် နေခြင်းမှာလည်း ငါးလခြောက်လကြာမြင့်ခဲ့လျှင် အာမခံရမည့်သူ အသစ်ရှာရခြင်းစသည်ဖြင့် သီလရှင်ဇရပ်ဟူသည် ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်၍မရကြောင်းကို သိသာထင်ရှားစေသောဥပဒေများဖြင့် ဝန်းရံကာဆီးထားလေသည်။

တပည့်သီလရှင်တို့အတွက်သာမက နာယကသီလရှင်ဆရာသီလရှင်တို့ ကျင့်သုံးရမည့်ဥပဒေကိုလည်း ရေးသားစီရင်ထားပေသည်။

တပည့်တို့အား စွမ်းအားရှိသလောက် ပို့ချရခြင်း၊ မိမိပို့ချခြင်းငှာ မစွမ်းနိုင်လျှင် အခြားပို့ချစွမ်းနိုင်သူထံ အပ်နှင်းပေးရခြင်း၊ တပည့်တို့အား တရားဟောပြရခြင်း၊ ယဉ်ကျေးအောင် ဆုံးမရခြင်း၊ နိဂ္ဂဟာရဟ ပဂ္ဂဟာရဟပုဂ္ဂိုလ်တို့အလျောက် ချီးမြှောက်နှိပ်ကွပ်ဆုံးမရခြင်း၊ နှုတ်မကြမ်းတမ်းရခြင်း၊ တိုက်တာထဲမှာ ဖြစ်ပွားသမျှကိစ္စကို ဖုံးလွှမ်းခြင်း မပြုဘဲ စီရင်ဆုံးမရခြင်း၊ ပရိယတ်၊ ပဋိပတ်အရာတို့၌ မပြတ်နှိုးဆော်ရခြင်းတို့မှာ နာယကကျင့်သုံးရာ ဥပဒေထဲမှ ထုတ်နုတ်ထားသော အချက်အလက်အချို့ဖြစ်လေသည်။

သီလရှင်တစ်ပါးအဖို့ ပျင်းရိစွာနေထိုင်ရခြင်းအလျဉ်းမရှိစေရ။ မိမိတို့တိုက်တာအတွင်း သန့်ရှင်းအောင်သုတ်သင်လှည်းကျင်းရခြင်း၊ ဝေယျာဝစ္စကုသိုလ်တို့ကို ဆောင်ရွက်ရခြင်းတို့ကိုလည်း အမြဲမပြတ်ပြုလုပ်နေရပေ၏။

မိမိတို့တိုက်တာအတွင်းရှိ အလှူအတန်း၊ ပြင်ပမှပင့်ဖိတ်သည့် အလှူအတန်းများတွင် စားသောက်သည့်အခါ အမြင်တင့်တယ်အောင် စားသောက်ရခြင်းမှအစ ဆန်ခံရာတွင် လိုက်နာရသည့်ကိစ္စများ၊ ခုံဖိနပ်ကို ဖျပ်ဖျပ်မြည်အောင် မစီးရခြင်း၊ ပိန်းဖိနပ်(သားရေဖိနပ်)ကို ရှပ်ရှပ်မြည်အောင် မစီးရခြင်း၊ ဝါပဝါတွင်း တစ်လလေးသီတင်း ဧကသနိက်၊ ပတ္တပိဏ်ဆွမ်းဟင်းစားရခြင်း၊ ရှင်ရဟန်းကျောင်းသို့ တစ်ယောက်တည်း မသွားရခြင်း၊ စိုသောအဝတ်ဖြင့် ရေကန်၌ ဆင်းမခပ်ရခြင်း၊ ရဟန်းရှင်လူခပ်သိမ်းသူတို့ ကဲ့ရဲ့ဖွယ်ဖြစ်သော ရွာသူတို့၏သားငယ်တို့ကို ချီပိုးမှုမပြုရခြင်းစသည်ဖြင့် များမြောင်လှသော သီလရှင်တို့ လိုက်နာကျင့်သုံးရမည့်ဥပဒေတို့ ရှိနေပေသည်။

သီလရှင်ဝတ်လျှင် အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံး

အမကြွမ်းခြင်းမှ ရှောင်ကြဉ်ရပေမည်။ ကြည်ညိုဖွယ် ကိုယ်နှုတ်အမူ အရာနှင့်ပြည့်စုံစေရမည်ဟူသော သီလရှင်ကျင့်ဝတ်တို့ အထင်အရှား ရှိပေသည်။

စစ်ကိုင်းတောင် မဟာဂန္ဓာရုံဆရာတော်နှင့်မြို့ချောင် ဆရာကြီး ဒေါ်ကုမ္မာရီတို့ကျေးဇူးကြောင့် သီလရှင်ဥပဒေပေါ်ပေါက်လာရ၏။ ဥပဒေကို လိုက်နာလေးစားသူတို့သည် လောကီတွင် ချမ်းသာသုခနှင့် ပြည့်စုံနိုင်သကဲ့သို့ သီလရှင်ဥပဒေလေးစားလိုက်နာသော သီလရှင်တို့မှာ လည်း ယခုဘဝလည်း လူကြည်ညိုခံရဖို့ရှိပေသည်။

လူကြည်ညိုသူတို့အား နတ်ကြည်ညိုမည်မှာ မလွဲ လူနတ်ကြည် ညိုသောသူတို့၏သံသရာခရီးမှာ အဆင့်မြင့်သည်ထက် မြင့်ရန်သာ ရှိပေတော့သည်။

ဆရာကြီး ဒေါ်ကုမ္မာရီမှာ သီလရှင်ဥပဒေကြမ်းကိုသာရေးခဲ့သည် မဟုတ်။ တပည့်ဒကာ ဒကာမတို့၏လျှောက်ထားချက်အရ လေးနက် သောဝိပဿနာတရားဆိုင်ရာ နိဗ္ဗာနပဝေသနီကျမ်းကိုလည်း ရေးသားပြု စုခဲ့လေသည်။ ထိုကျမ်းစာကို ၁၂၈၉-ခုနှစ် သီတင်းကျွတ်လ ပထမကြိမ် ၁၂၉၄-ခု သီတင်းကျွတ်လ ဒုတိယအကြိမ် ၁၂၉၅-ခု သီတင်းကျွတ်လ တတိယအကြိမ် ၁၃၃၁-ခု၊ တန်ဆောင်မုန်းလ စတုတ္ထအကြိမ် လေးကြိမ်တိုင်တိုင် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဆရာကြီး ဒေါ်ကုမ္မာရီသည် သီလရှင်ဥပဒေနှင့်အညီ မြို့ ချောင်ကို အုပ်ချုပ်ခဲ့သည်။ မြို့ချောင်ကို သီလရှင်ဥပဒေနှင့် အနားကွပ် ဘောင်ခတ်ထားသည်။ သို့ဖြစ်၍ စာရေးသူသည် မြို့အကြောင်း သိချင်၍ မြို့ချောင်အတွင်း ကွင်းဆင်းလေ့လာသောအခါ မြို့အပေါ် ဤသို့ ထင်မြင်မိသည်။

စိမ်းစိုညို့မှိုင်းနေသော စစ်ကိုင်းတောင်အား မြစ်မင်းဧရာက

ခွေပတ်ကာ စီးဆင်းနေ၏။ အေးမြသောအစိမ်းသည် ကြည်လင် အေးမြသောမြစ်ရေဦးတိုက်ခံရ၍ ပို၍စိမ်းသယောင်ထင်ရသော ရှုခင်းမှာ စစ်ကိုင်းတောင်၏သဘာဝရှုခင်းဖြစ်လေသည်။

သူတော်စင်သူတော်ကောင်းများ ကိန်းအောင်းမွေ့လျော်ရာ စစ်ကိုင်းတောင်ရိုးရှိ ရှင်ပင်နံ့ကိုင်းတောင်၏မြောက်ဘက်တွင် အမျိုးသမီးသူတော်စင်တစ်စုသည် သူတော်စင်မြို့ကလေးတစ်မြို့ တည်ထောင် နေထိုင်ကြ၏။ ထိုမြို့၏အမည်မှာ ဧမြို့ဖြစ်လေသည်။

ဧမြို့ဟူသောအမည်မှာ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ အမှန်ပြည်နိဗ္ဗာန်ကို ဆိုလိုခြင်းဖြစ်ပေ၏။ နိဗ္ဗာန်ဧမြို့သို့ တက်လှမ်းကြမည့် ဘုရားသမီးတော်များ နေထိုင်သည့်အရပ် (ဝါ) ဧမြို့ချောင်ဟု အစိပ္ပါယ်ရ၏။

နှစ်ကေကျော်သုံးဧကနီးပါးရှိအလျားရှိသော ဧမြို့ချောင်ဦးထိပ်တွင် ချမ်းသာကြီးဘုရား ချမ်းသာရဘုရားနှစ်ဆူတည်ထားပြီး မြို့လေးတည်ဆောက်သကဲ့သို့ သီလရှင်တိုက်ဇရပ်များက မျက်နှာချင်းဆိုင်တည်ရှိနေသည်။

ဇရပ်(၂၆)ဆောင်ပေါ်တွင် ဧမြို့၏သမီးတော် (၁၇၁)ပါးတို့ နေထိုင်ကြ၏။ ဇရပ်တစ်ဆောင်လျှင် အဆောင်မှူးအဖြစ်အုပ်ချုပ်သူ သီလရှင်တစ်ပါးနှင့်တပည့်များ နေထိုင်ကြပုံမှာ ခေတ်မီတက္ကသိုလ်ကြီး တစ်ခုမှ အဆောင်မှူးနှင့်ကျောင်းသူများပမာ တူလှပေ၏။

မည်သည့်ကိစ္စမဆို စနစ်တကျရှိမှ အစကောင်းပြီးအနှောင်းသေချာပေသည်။ စစ်ကိုင်းတောင်ရှိ ဧမြို့ချောင်သည် စနစ်တကျရှိသော သီလရှင်ချောင်တစ်ခုဖြစ်၍ သီလပြည့်စုံမှု ပညာပြည့်စုံမှုတို့ဖြင့် အဖက်ဖက်မှ တင့်တယ်နေသော သီလရှင်အစုအဝေးအဖွဲ့တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။ ဧမြို့ချောင်သည် ပြန့်ပြူးသာယာသောကုန်းမြေဖြစ်သည်။

ဒဟတ်၊ သန်း၊ တမာ၊ မန်ကျည်းစသောသစ်ပင်ပျိုတို့က မြထီးဆောင်း မိုးထားသည့်နှယ် အုံ့ဆိုင်းကာရံထားသည်။ တောင်ဇလပ်၊ ယုဇနစသော ပန်းရနံ့တို့ကလည်း ရာသီအလိုက်ပွင့်ဖူးကာ မွှေးမြသောရနံ့ဖြင့် မြို့ ချောင်၏သာယာခြင်းဂုဏ်အင်္ဂါကို ဖြည့်စွက်နေကြ၏။

ရှင်ပင်နံ့ကိုင်းစေတီမှ ဆည်းလဲသံ၊ ကြေးငှက်သာရကာတို့၏ တွန်ကျူးသံတို့ကလည်း မြို့ချောင်၏ ရမဏီယဂုဏ်ကို ပိုမိုပြည့်စုံစေ သည်။ ဤသို့လျှင် အဖက်ဖက်မှ သူတော်စင်လက္ခဏာဖြင့် ပြည့်စုံ ကုန်လုံသော မြို့ချောင်ကို မဟာဂန္ဓာရုံဆရာတော်ကြီး၏ စီစဉ်ညွှန် ကြားချက်ဖြင့် (၁၂၇၀)ပြည့်နှစ်တွင် သီလရှင်ဒေါ်ကုမ္မာရီက စတင် တည်ထောင်သည်။

ချောင်တည်သည်နှင့် စစ်ကိုင်းမြို့မှ ဒကာများက ဦးစွာ ဇရပ် တစ်ဆောင်ဆောက်လုပ်လှူဒါန်းသည်မှစကာ ချောင်သက်တမ်းနှစ် တစ်ရာအတွင်း ကျောင်းဆောင်(၂၆)အထိ တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံထက်အောက်နံလျားနေကြသည့် ချင်း၊ ကရင်၊ ကယား၊ ရှမ်း၊ ကဒူး၊ ပလောင်၊ မွန်၊ မြန်မာအမျိုးသမီးကလေးတို့သည် သီလရှင်ဘဝနှင့်မြို့ချောင်ရိပ်ခိုကာ ပရိယတ္တိစာပေများ သင်ယူကြ၏။ မြို့ချောင်၏ကောင်းသတင်းမှာ စည်းကမ်းရှိ၍ စနစ်ကျခြင်းပင်ဖြစ်သည်။ ထိုအစဉ်အလာကို ချောင်တည်သည်မှစ၍ လက်ရှိကာလအထိ ထိမ်း သိမ်းထားဆဲပင်ဖြစ်သည်။ ချောင်၏အုပ်ချုပ်ရေးမှူး(ပဓာနနာယက) ဆရာလက်ထဲမှာ ချောင်၏ဂုဏ်သတင်းအတိအကျရှိနေ၏။ မြို့ချောင် ၏ဂုဏ်သတင်းမညှိုးရခြင်းမှာ ယခုလက်ရှိနာယကဆရာ အထိမ်းအသိမ်း တော်သောကြောင့်ဖြစ်ပေတော့သည်။

စစ်ကိုင်းတောင်ရိုး မြို့ချောင်တွင် ကျောင်းတိုက်အမည်များ မှာ အလှူရှင်တို့၏နေထိုင်ရာအရပ်ကိုအစွဲပြု၍ အမည်တွင်နေပေသည်။

(၁) တအုံကျောင်းတိုက် (၂) ရသာကျောင်းတိုက်
(၃) တာရဲတန်းကျောင်းတိုက် (၄) စကားအင်းကျောင်းတိုက်
(၅) တောင်ကိုင်းကျောင်းတိုက် (၆) ဆင်မြေကျောင်းတိုက်
(၇) ဝန်းသိုကျောင်းတိုက် (၈) မတ္တရာကျောင်းတိုက်
(၉) တောကုန်းကျောင်းတိုက် (၁၀) သမ္မာဆန္ဒကျောင်းတိုက်
(၁၁) ဒေါ်မြမြကျောင်းတိုက် (၁၂) ဦးလူကလေးကျောင်းတိုက်
(၁၃) ကောလင်းကျောင်းတိုက် (၁၄) မိုးကုတ်ကျောင်းတိုက်
(၁၅) သဒ္ဓမ္မဇောတကဘုရားကျောင်း
(၁၆) တိုက်ကြီးကျောင်းတိုက် (၁၇) သလွန်ဖြူကျောင်းတိုက်
(၁၈) မန္တလေးကျောင်းတိုက် (၁၉) ကေမ္မာကျောင်းတိုက်
(၂၀) မြထူးစံကျောင်းတိုက် (၂၁) သုဝဏ္ဏဘုမ္မိကျောင်းတိုက်
(၂၂) ဝိသာခါကျောင်းတိုက် (၂၃) စိန်ပဒေသာကျောင်းတိုက်
(၂၄) ချေမ်းသူကျောင်းတိုက် (၂၅) မန်လည်ကျောင်းတိုက်
(၂၆) ကျောက်ဆည်ကျောင်းတိုက်

စစ်ကိုင်းတောင်ရိုး မြို့ချောင်၏ ယခုလက်ရှိ ပဓာနနာယက ဆရာကြီးမှာ ဒေါ်ကဥ္စနဝတီ(သာသနဗေဒသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဖြစ်သည်။ ဆရာကြီးဒေါ်ကဥ္စနဝတီသည် စာသင်သားတပည့်တို့အား သင့်တော်ရာ အလိုက်အထိုက်ပေးကမ်းချီးမြှင့်ခြင်း၊ စိတ်ဓာတ်ထက်မြက်ခြင်း၊ ဇွဲရှိခြင်းတို့ဖြင့် တပည့်တို့ကို ရှေ့ဆောင်လမ်းပြကာ ဘုရားရှင်၏သာသနာအတွက် ရပ်တည်သူလည်းဖြစ်သည်။

မှတ်ချက်။ ။ ဆရာကြီးဒေါ်ကဥ္စနဝတီ၏ အတ္ထုပ္ပတ္တိကို သီးသန့်ဖော်ပြထားသည်။

စစ်ကိုင်းတောင်ရိုး မြို့ချောင်တွင် နှစ်စဉ် သာသနာရေးဆိုင်ရာပွဲလမ်းများကို မပြတ်မနေကျင်းပလေ့ရှိသည်။

နယုန်လတွင် မဟာသမယသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲ၊ ဝါဆိုလတွင် (ဝါဆိုလပြည့်နေ့မှစ၍) ငါးရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲ၊ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာ (၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက်မှစ၍ (၁၀)ရက် တရားစခန်းဖွင့်ပွဲ၊ တပေါင်းလဆန်းတွင် တိုက်တွင်းမြို့ချောင် သီလရှင်များ ငယ်လတ်ကြီးစာမေးပွဲဝင်မည့်သူတို့အတွက် တိုက်တွင်း သဒ္ဓမ္မဇောတိကစာမေးပွဲကျင်းပ၍ အရည်အချင်းမြင့်တင်ပေးခြင်း၊ ထူးချွန်သူများအား ဆုပေးခြင်းတို့ကို ပြုလုပ်သည်။

မြို့ချောင်၏သီလရှင် (၁၇၁)ပါးတို့သည် သတ်မှတ်ထားသော အချက်ပေးသံချောင်သံအတိုင်း ပြုမူဆောင်ရွက်ရပါသည်။

အချက်ပေးသံချောင်းသုံးချက်ခေါက်သံကြားလျှင် စာဝါတက်ရသည်။ (၄)ချက်ခေါက်လျှင် ဝေယျာဝစ္စဆောင်ရွက်ရန်၊ (၅)ချက်ခေါက်လျှင် အာဟာရသုံးဆောင်ရန် (၇) ချက်ခေါက်လျှင် အိပ်စက်အနားယူရန်ဖြစ်သည်။ (၁၀)ချက်ခေါက်ခြင်းမှာ အိပ်ရာထ၍စာဝါတက်စာကျက်ဖို့ပြင်ရန်ဖြစ်၏။

ထို့အပြင် ချောင်၏ပထမဆုံးဆရာကြီး ဒေါ်ကုမ္မာရီချမှတ်ခဲ့သည့်မူအတိုင်း တစ်နှစ်နှစ်ကြိမ်(ဝါဝင် ဝါထွက်အခါ)သီလရှင်ဥပဒေဖတ်ပွဲကျင်းပသည်။ ဝါတွင်းကာလ၌ မြို့ချောင်သီလရှင်များသည် ကောသနိက်၊ ပတ္တပိဏ္ဍ သက်သတ်လွတ်ဆွမ်းစားသုံးနိုင်သူတို့က စားသုံးကြသည့်အပြင် ဥပုသ်သီတင်းနေ့တွင် နာယကဆရာကြီးတို့က ဩဝါဒပေးကြသည်။

ဘုရားဝတ်ပြုပြီးလျှင် မိနစ်(၂၀)ခန့် တရားရှုမှတ်ခြင်းမှာ မြို့ချောင်သီလရှင်များ မပျက်မကွက်ဆောင်ရွက်ကြကြောင်း တွေ့ရှိရပေသည်။

မြို့ချောင်သီလရှင်များသည် နံနက်(၄)နာရီမှထ၍ ဆွမ်းချက်ခြင်း၊ ဝတ်တက်ခြင်း၊ ပန်းရေချမ်း ဆီမီးများကို မြတ်စွာဘုရားအား ကပ်လှူရန် ပြင်ဆင်ခြင်း၊ တိုက်တွင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ချောင်တွင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ စာဝါချခြင်း၊ စာဝါတက်ခြင်း၊ ဆွမ်းစားခြင်း၊ အဝတ်လျှော်ခြင်း၊ အိုးခွက်ပန်းကန်ဆေးကြောပြီးစနစ်တကျထားခြင်းများကို အချိန်နာရီနှင့်အမျှပြုကြပြီး ညနေ(၆)နာရီတွင် ချောင်ဦးရှိ နှစ်ထပ်ဘုရားကျောင်းဆောင် (ဂန္ဓကုဋီဆောင်)တွင် သီလရှင်ဆရာလေးများ စုပေါင်းဝတ်ပြုကြသည်။

ထိုဂန္ဓကုဋီဆောင်တွင် သီလရှင်ဆရာလေးများ တစ်နေ့ သုံးကြိမ်ဘုရားဝတ်ပြုကြရသည်။ နံနက် အရုဏ်တွင်တစ်ကြိမ်၊ နံနက်(၇)နာရီ သောက်တော်ရေ၊ ပန်းများ ကပ်လှူသည့်အခါတွင် တစ်ကြိမ်နှင့် ညပိုင်းတစ်ကြိမ်ဖြစ်သောကြောင့် ချောင်ဦးမှ အမျှဝေသံ၊ ဘုရားရှိခိုးသံတို့ဖြင့် ဝေစည်နေသောသီလရှင်မြို့လေးဖြစ်ပေသည်။

မန္တလေးမြို့၊ သမာဓိပွဲရုံ ဦးခင်မောင်လေး+ဒေါ်ကြင်ကြင်မြတို့က ထိုဂန္ဓကုဋီဘုရားကျောင်းဆောင်ကို နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းသကဲ့သို့ တောင်ငူမြို့ ဆန်စက်ပိုင်ရှင် ဦးဝင်းဖေ+ဒေါ်ခင်ကြည် သမီးဒေါ်ခင်သန်းဝင်း(စာပေစိစစ်ရေး)အမှူးပြုသော မောင်နှမတစ်စုတို့ကလည်း မြို့ချောင်သီလရှင်ဆရာလေးများ ဗဟုသုတကုံလုံကြွယ်ဝစေရန် ဘာသာရေးစာစောင်များ ပေးပို့လှူဒါန်းခြင်း၊ အခါအားလျော်စွာငွေကြေးလှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိပေသည်။

မြို့ချောင်ဆရာကြီး ဒေါ်ကဥ္စနဝတီ၏ တူမ လက်ထောက်ချောင်ဆရာ ဒေါ်ဣန္ဒသိင်္ဂီ၏ညီမဖြစ်သော မန္တလေးမြို့ အောင်အထူးကုဆေးရုံပိုင်ရှင် ပါမောက္ခဆရာမကြီး ဒေါ်ခင်မိမိလွင်နှင့်ဒေါ်ညိုညိုတို့မှာ မြို့ချောင်၌ ထာဝရလှူဒါန်းနေကြသော ပစ္စည်းလေးပါးဒါယိကာမများဖြစ်ကြပေသည်။


ယခုအခါ မြို့ချောင် ဆရာကြီး ဒေါ်ကဥ္စနဝတီသည် သက်တော် (၈၈)နှစ်ရှိပြီဖြစ်၍ နောက်ဆက်ခံရန် နာယကများတင် မြှောက်ထားပေသည်။

ဩဝါဒါစရိယ ဆရာတော်များ၏ အဆုံးအမဩဝါဒကို ခံယူလျက် နာယက၊ အနုနာယက၊ စာချဆရာ၊ ဓမ္မာစရိယတန်း၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း ဆရာလေးများကို မြို့ချောင် သာသနာ ဆက်လက်တည်တံ့ခိုင် မြဲအောင် ဆက်ခံရန်ထားရှိခဲ့ပါ သည်။

ဝန်ခံချက်

၁၉၉၄-ခု စက်တင်ဘာလ
၁၉၉၅-ခု
အောက်တိုဘာလထုတ်
ဓမ္မရုပ်စုံ
သာသာရေးအတွေးအခေါ်
မဂ္ဂဇင်းစာရေးဆရာ
သီရိ ဆောင်းပါးမှ
ကူးယူဖော်ပြပါသည်။

သီလရှင်ကို သိသူတိုင်း
သီလရှင်ကျောင်းတော်ကို မသိနိုင်ပေ။
အကျင့်တရားမှ ချို့ယွင်းသော
သီလရှင်အချို့ကို မြင်တွေ့ရသည့်အခါ
အကြည်ညိုပျက်ချင် ပျက်ကြပေဦးမည်။
သီလရှင်ကျောင်းတော် သီလရှင်ဥပဒေကို
သိမှသာလျှင် သီလရှင်ကို
ကြည်ညိုကြပေမည်။
သီလရှင် ကျောင်းတော် သီလရှင်
ဥပဒေအတိုင်း လိုက်နာကျင့်သုံးသော
သီလရှင်တို့ကို ပြောဖွယ်ရာမရှိ
ကြည်ညိုသူ ပေါများသည်သာဖြစ်၏။




# ဗမြို့ သာသနာ နှစ်တစ်ရာ

## တဝည့် တချောကစာရ

၁၃၇၀-ခုနှစ်မှပြန်၍ရေတွက်လျှင် အနှစ်တစ်ရာရောက်က ၁၂၇၀-ခုနှစ်မြောက်၌ စစ်ကိုင်းတောင်ရိုး ရှင်ပင်နံ့ကိုင်းဘုရားကြီး၏ မြောက်ဘက်နံပါးတွင် ချမ်းသာကြီး ချမ်းသာရဘုရားတို့ကို ဦးထိပ်ရွက်ထားဟန်ရှိသော မြေ(၂)ကေခန့်ရှိနေရာကို မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကိုယ်တော်တိုင် လမ်းညွှန်ပေးတော်မူခဲ့ပါသည်။

စစ်ကိုင်းမြို့မှ အရေးပိုင်နှင့်ဝန်ထောက်မြို့အုပ်စာရေးများပါ ပါဝင်တောရှင်းကြပြီးလျှင် အရှေ့အနောက်တန်းစီ တောင်မြောက် မျက်နှာချင်းဆိုင်ညီ သာသနာ့အဆောက်အအုံများကို ထည်ဝါခန့်ညား စွာတည်ရှိစေခဲ့၍ မြို့ဥယျာဉ်ပဒေသာပင်ကြီးကို မျိုးစေ့အမှန်ဖြင့် အပင် သန်စေခဲ့သောဆရာဘုရားကြီးမှာ မော်လမြိုင်မြို့သူ အမျိုးသမီးသာသနာ့ အာဇာနည်ဒေါ်ကုမ္မာရီ ဖြစ်ပါသည်။

သာသနာ့အာဇာနည် ဆရာကြီး ဒေါ်ကုမ္မာရီသည် ဆရာ ကောင်းထံ နည်းမခံ ဂုဏ်မာန်တတင်းတင်း မဖြစ်စေရ။ ဆရာကောင်း ထံ နည်းနာခံ၍ ပရိယတ်ပဋိပတ်တို့ကို ပြည့်ဝစုံလင် အကုန်သင်ယူ ခဲ့ပြီး မိမိ၏မြို့ဥယျာဉ်ပဒေသာပင်ကြီးအောက် ဝင်ရောက်ခိုလှုံလာ ကြသော တပည့်သီလရှင်လေးများအား ယုယပိုက်ထွေးပညာနို့ရည် တိုက်ကျွေးပါသည်။

ဆရာဘုရားကြီး ဒေါ်ကုမ္မာရီ မျိုးစေ့ချခဲ့သော ရေလောင်းခဲ့ သော ပြုစုပျိုးထောင်ခဲ့သော ယုယပိုက်ထွေးပညာနို့ရည်တိုက်ကျွေး ခဲ့သော တပည့်သီလရှင်လေးများတည်းဟူသော သစ်ပင်ပျိုတို့သည် ပရိယတ် ပဋိပတ်တည်းဟူသော အကိုင်းအခက်အသီးအပွင့်တို့ဖြင့် ဝေဆာလျက် အေးမြစွာဖြင့် ဆရာဘုရားကြီး၏မြို့ဥယျာဉ်ပဒေသာပင် ကြီးအောက်မှ လက်ဆင့်ကမ်းသာသနာအဆက်ဆက် ဆောင်ရွက်လျက် ရှိနေကြပါတော့သည်။

မြို့ဆရာဘုရားကြီး၏ တပည့်သီလရှင်များအနက် ဒေါ်ကဥ္စန ဝတီ(သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဒေါ်ဣန္ဒသိင်္ဂီ (ပထမကျော် သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဟူ၍ သာသနာ့အာဇာနည် တပည့်ကြီး နှစ်ပါး ထူးထူးခြားခြား ပေါ်ထွန်းခဲ့သည်ကြောင့် မြို့မိခင် သီလရှင် ဆရာဘုရားကြီး၏မြို့ဥယျာဉ်ပဒေသာပင်ကြီးမှာ အနှစ်တစ်ရာရှည်ကြာ လာခဲ့သည်ဟုဆိုရပါမည်။

ယခုကဲ့သို့ ရှည်ကြာလာသည်နှင့်အမျှ ပဋိပတ်ကို အပတ်တကုတ်ကြိုးစားအားထုတ်ကြသည့်တပည့်သီလရှင်များ၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့၌ ပထမရရှိအောင်မြင်ကြသော တပည့်သီလရှင်လေးများ၊ ဓမ္မာစရိယတန်းပထမနှင့်သိရိပဝရဘွဲ့ရ တပည့် သီလရှင်လေးများ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာလေးများလည်း အဆက်ဆက် ပေါ်ထွက် လျက်ရှိနေပါသည်။

မြို့မိခင် သီလရှင်ဆရာဘုရားကြီးသည် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ချီးမြှင့်တော်မူခဲ့သော သီလရှင်ဥပဒေကျမ်းကို မိမိကိုယ်လည်းကျင့်သုံး၍ သာသနာနွယ်ဝင် သီလရှင်အများ ကျင့်သုံးစေရန် ရည်သန်၍လည်း တစ်ဆင့်ရေးသားဖြန့်ဝေခဲ့သည်မှာ ယနေ့ထက်တိုင် မြန်မာပြည်တစ်ဝှမ်း အနှံ့ရောက်ရှိနေပြီဖြစ်ပါသည်။ နိဗ္ဗာန ပဝေသနီကျမ်းစာအုပ်ကိုလည်း ရေးသားပြုစုခဲ့ပါသည်။

ယခုချောင်ဆရာကြီး ဒေါ်ကဉ္စနဝတီ (တူမ) ဒေါ်က္ခန္တီသိင်္ဂီ တို့သည် မြို့မိခင်သီလရှင်ဆရာဘုရားကြီး၏ အာဇာနည်တပည့်ကြီးများဖြစ်ကြပါသည်။ ဆရာဘုရားကြီး၏အဆုံးအမဩဝါဒအတိုင်း လိုက်နာကျင့်သုံးကြ၍ မြို့ချောင်၌ နေထိုင်လျက်ရှိကြသောဆရာကြီး၊ ဆရာလေးများအားလည်း လိုက်နာကျင့်သုံးစေ၍ လက်တွဲညီညာ သာသနာပြုလျက် ရှိကြပါသည်။ မြို့သာသနာတိုးတက်ရာတိုးတက်ကြောင်း ကြီးပွားရာကြီးပွားကြောင်းတို့ကို ထကြွနိုးကြားခြင်းစသော နာယကဂုဏ်အင်္ဂါနှင့်အညီ စီမံအုပ်ချုပ်ကြပါသည်။

ဆရာကြီး ဒေါ်ကဉ္စနဝတီ တူမ ဒေါ်က္ခန္တီသိင်္ဂီတို့သည် တပည့်သီလရှင်ကြီးငယ်အသွယ်သွယ်တို့၏ အကျိုးစီးပွားကို အလွန်လိုလားကြသည့်အလျောက် "ကျိုးလိုစိတ်ဖြင့် ဝမ်းတွင်းမသို ဟုတ်တိုင်းဆိုမူ၊ ဆရာဟူ၏"ဆိုသကဲ့သို့ တပည့်များ၏ချွတ်ယွင်းချက်တို့ကို အကွက်ကျကျ

ပြသလျက် ကျိုးလိုစိတ်ဖြင့် ဝမ်းတွင်းမသို ဟုတ်တိုင်းဆိုဆုံးမလေ့ရှိကြပါသည်။

နိမိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှ ဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။

ဟူသော ဓမ္မပဒပါဠိ လာရှိသည်နှင့်အညီ တပည့်လေးများကို မကောင်းမြစ်တား ကောင်းရာညွှန်ကြားလျက် အပြစ်ကိုပြ၍ဆိုဆုံးမသော ဆရာကောင်းများစင်စစ်ကေန်အမှန်ဖြစ်ပါသည်။ ဤကဲ့သို့သော ပညာရှိဆရာသမားကောင်းများကို မှီဝဲဆည်းကပ် နည်းယူအပ်လှပါသည်။

ဆရာကြီး ဒေါ်ကဥ္စနဝတီ၊ ဒေါ်ဣန္ဒသိင်္ဂီတို့ကဲ့သို့သော ပညာရှိဆရာကောင်းများကို မှီဝဲဆည်းကပ်ခွင့်ရကြသော တပည့်သီလရှင်ဆရာလေးအများတို့သည် ပရိယတ်ပဋိပတ် ကျင့်မြတ်နှစ်ဖြာ ပြည့်စုံကာ တိုက်တာဂုဏ်ကြီးရ လွန်ကြီးပွားကြပြီး ဘုရားသာသနာ ချီးမြှောက်ကြသူများဖြစ်ကြ၍ နိဗ္ဗာန် လျင်မြန်ရခြင်းဖြင့် တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်ကြမည်ကေန် မဆုတ်ယုတ်ကြမည်မှာ အမှန်သာဖြစ်ပါသည်။

ဆရာကြီး ဒေါ်ကဥ္စနဝတီ ဒေါ်ဣန္ဒသိင်္ဂီတို့သည် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို အခြားကျောင်းတိုက်များသို့သွား၍ စာဝါလိုက်စရာမလိုရအောင် မြို့ဥယျာဉ်ပဒေသာပင်ကြီးအောက်မှာပင် အချိန်မှန်မှန်ပို့ချ၍ ကြပ်မတ်ပြီး သင်အံလေ့ကျက်စေခဲ့ပါသည်။ ဓမ္မာစရိယတန်း၊ ပါဠိပါရဂူတန်းများမှသာ ဖေယျသိန်ပါဠိတက္ကသိုလ်စသော အခြားကျောင်းတိုက်များသို့ သွားရောက်စာတက်ခွင့်ပြုကြပါသည်။

ပရိယတ်ဘက်မှာသာ ဤကဲ့သို့ စိတ်ရောက်ကိုယ်ပါ ထက်ထက်သန်သန်စီမံအုပ်ချုပ်ပို့ချရုံမျှမဟုတ်ပါ။ တပည့်လေးတို့ကို လိမ္မာယဉ်ကျေးစေရန် ပဋိပတ်ဘက်မှလည်း မိမိတို့တာဝန်ကျရာ ဝေယျာဝစ္စများကို ကြေပွန်စွာဆောင်ရွက်စေလျက် ညဉ့်ရောနံနက် ဝတ်မပျက် ဘုရား

ဝတ်တက်စေပြီးလျှင် ဥပုသ်နေ့တိုင်း ညဥ့်ဘုရားဝတ်တက်ပြီးချိန်တွင် တရားဓမ္မဟောပြကြပါသည်။

လပြည့်လကွယ် ဥပုသ်နေ့များတွင်မူ ထူးထူးခြားခြား ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်စေကြပါသည်။ တစ်လလေးသီတင်း ဆားဟင်းကေသနိက်စားစေခြင်းဖြင့်လည်း အကျင့်မြတ်ကို အထွဋ်တပ်ကာ မြှင့်တင်ပေးကြပါသည်။

ထိုကဲ့သို့ မြို့မိခင် ကျေးဇူးရှင်ဆရာဘုရားကြီး၏ မြို့ဥယျာဉ်ကြီးကို ကြည့်ရှုစောင့်ရှောက်ပေါင်းပေါက်သုတ်သင် အပင်တွေရှင်သန်စေပြီး ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေလျက် အောင်ပန်းတွေမြိုင် အောင်ရနံ့တွေလှိုင်နေသည်ကို တပည့်ကောင်းတို့ဆရာ ဒေါ်ကုမ္မာရီတည်းဟူသော ဥယျာဉ်မှူးကြီးသည် နတ်ထီးနတ်နန်း နတ်ကြငှန်းမှ ဒိဋ္ဌထင်ထင် တွေ့မြင်ရ၍ ဖရဏာပီတိ ဂွမ်းဆီထိဖြစ်နေမိမှာ အမှန်ပင်ဖြစ်ပါလိမ့်မယ်။

ဆရာဘုရားကြီး၏ ဩဝါဒစကားများ တဆင့်စကားကြားရဖူးပါ၏။ "တပည့်တို့ ရှစ်ပါးသီလကို စင်ကြယ်အောင်ထိန်းရတယ်၊ နေ့လွဲညစာဆိုရင် အဖတ်ဘာမှမစားရဘူး။ ထန်းလျက်ကိုပင် အရည်ကျို သောက်၊ သံပုရာသီး၊ ရှောက်သီးဆိုရင်လဲ ဖျော်ရည်ဖျော်သောက်ရတယ်"ဟူ၍လည်းကောင်း၊ "သွားလေရာရာ ပိုက်ဆံယူသွားရတယ်၊ ပိုက်ဆံ မပါရင် ဆင်တစ်ကောင်ဆယ်ပြားရတောင် ဘာနဲ့ဝယ်မလဲ"ဟူ၍လည်းကောင်း၊ တစ်ယောက်နဲ့တစ်ယောက်ကြည့်ရင် စိုက်မကြည့်ရဘူး၊ စိုက်ကြည့်ဖန်များလာရင် မိန်းမချင်းတောင် လှလာတတ်တယ်"ဟူ၍လည်းကောင်း ကာယိန္ဒြေ မနိန္ဒြေတို့ကို စောင့်ထိန်းစေရန် လောကသာသနာနှစ်ဖြာကျိုးရ ဆုံးမဩဝါဒများ ပေးတတ်သည်ဟု ကြားသိရဘူးပါ၏။

တစ်ညဉ့်တွင် စာပြန်ဆိုနေကြသော ဆရာလေးများသည် ဇရပ်အပေါ်ထပ်စာပြန်ရင်း ရှောက်သီးများကို အခွံနွာ၍ အောက်ပစ်ချကာ ရှောက်သီးများကိုစားနေကြစဉ် အခွံများကို ဆရာဘုရားကြီး ကောက်ယူ၍ နောက်တစ်နေ့နံနက်တွင် တပည့်များအား ခေါ်စေ၍ ရှောက်သီးအခွံများကို သက်သေပြဆုံးမဩဝါဒပေးခြင်း၊ ဒဏ်ထမ်းစေခြင်းများကို ပြုလုပ်သည်ဟု ကြားဖူးပါ၏။

တစ်ရက်တွင်လည်း အရုဏ်မတက်သေးမီ မန္တလေးသို့သွားရန် လာကန်တော့ကြသောဆရာလေးများအား-

ဆရာလေးတို့ ဆွမ်းစားခဲ့ကြပါပြီလား။

မှန်ပါဘုရား စားခဲ့ကြပါပြီဘုရား


အေး အေး သွားကြ သွားကြ ဟုဆရာဘုရားကြီးက ခွင့်ပြုလိုက်ပါသည်။

ညခင်း ချောင်ပြန်အရောက် ဆရာလေးများ လာရောက်ကန်တော့ကြမှ "ဆရာလေးတို့ နံနက်ပိုင်းက အရုဏ်မတက်မီ ဆွမ်းစားသွားကြတာ သီလကျိုးပါတယ်၊ ဘုရားသလင်းမြက်ရှင်းကြပါ၊ နောင်ဒီလို မဖြစ်အောင် သတိဆောင်ကြပါ"ဟု သာယာချိုအေးစွာ ဆုံးမပေးခဲ့သည်ဟု ကြားသိရဘူးပါ၏။ အတုယူဖွယ်ကောင်းလှပေစွတကား။

ဓမြို့မိခင်ကျေးဇူးရှင်ဆရာဘုရားကြီးသည် ဓမြို့ဥယျာဉ်ပဒေသာပင်ကြီးကို ၁၂၇၀-ပြည့်နှစ်တွင် တည်ထောင်၍ ၁၃၁၆-ခုနှစ်အထိ (၄၆)နှစ်တိုင်တိုင် ကိုယ်တိုင်စီမံအုပ်ချုပ်ခဲ့ပြီးနောက် ဆရာကောင်းတပည့်များ ဖြစ်ကြသော တူမ ဒေါ်စန္ဒေရီနှင့်ဒေါ်ကဥ္စနဝတီ၊ ဒေါ်ကုန္ဒသိဂီတို့ပခုံးသို့ လွှဲပြောင်းပေးပြီး ၁၃၁၆-ခုနှစ်၊ တန်ခူးလဆုတ်(၁)ရက်ညတွင် ရုပ်နာမ်အနိစ္စ၊ ရုပ်နာမ်ဒုက္ခ၊ ရုပ်နာမ်အနတ္တ မမေ့ကြနဲ့ဟု ဩဝါဒစကားသဲ့သဲ့မှာကြားကာ ဘဝနိဂုံးအဆုံးသတ်ခဲ့သည်မှာ (၅၄)နှစ်ရှည်ကြာ၍ ဓမြို့ သာသနာကြီးများကား အနှစ်တစ်ရာရှိခဲ့ပြီတကား။

သိဿာနုသိဿ တပည့်အဆက်ဆက်တို့မှ မြို့သာသနာကြီးကို အနှစ်ငါးထောင်ရှည်မြင့်ကြာအောင် ဆရာတပည့်လက်တွဲညီညာစွာဖြင့် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုလျက် စောင့်မျှော်လျက်ရှိပါ၏။

တပည့် ကလျာဏစာရီ
သာသိမေမွာစရိယာ၊ ရှားပင်တိုက်သစ်၊ မင်းကွန်း





# တရု့ ကျေးဇူး မြင်းမိုရ်ဦး

## တပည့် ပုညဝတီ

တပည့်လေးများအား ပစ္စုပ္ပန်သံသရာ
စ်ဖြာဘဝ ဆင့်တင့်တယ်တယ်ထည်
ည်ဝါဝါလှလှပပ ဖြစ်နေစေဖို့အတွက်
ရာသမားတို့သည် ပန်းပုပညာရှင်ကြီး
ားအလားတူစွာ မီမီထံရောက်ရှိလာကြ
ည့်တပည့်လေးများကို ကျောသားရင်သာ
ခွဲခြားမူ၍ ပရိယတ်ပဋိပတ်ဆိုင်ရာအတတ်
ညာများကို ဆရာစားမချန်ဘဲ သင်ပေး
င်းဖြင့်တပည့်လေးများ၏ ဘဝကိုလှပအောင်
အမြဲတမ်းပြင်ဆင်မွမ်းမံပေးနေကြပါသည်။

လိမ္မာယဉ်ကျေးပြီး သူတော်ကောင်းလေးများဖြစ်နေအောင် ဆုံးမသွန်သင်ပြီး တပည့်လေးများကို အနီးကပ်ထိမ်းသိမ်းစောင့်ရှောက်ထားသည်။

တပည့်လေးများနှင့်ပတ်သက်၍ ပစ္စုပ္ပန်မှာလည်းကြီးပွား၊ သံသရာမှာလည်း ကောင်းစားစေချင်ကြသည်မှာ ဆရာသမားတို့၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။

တပည့်လေးများအပေါ် ထားရှိကြသည့် ဆရာသမားတို့၏ မေတ္တာစေတနာတွေသည် တပည့်လေးများနှင့်ဆက်စပ်၍ မည်သည့် လာဘ်လာဘကိုမျှ မျှော်လင့်ချက်မထားသည့်အတွက် အလွန်ဖြူစင် သန့်ရှင်းပြီးအလွန်မွန်မြတ်လှပါသည်။

ယခုလို စေတနာမေတ္တာမျိုးတွေက တစ်ကြိမ်တစ်ခါတည်းဖြစ် ပေါ်ပြီးပျောက်ပျက်သွားသည့်အရာမျိုးမဟုတ်ကြပါ။ တပည့်လေးတစ် ယောက်အပေါ်ထားရှိသည့်စေတနာမေတ္တာတွေသည်ပင် တောတောင် လျှိုမြောင်ချပ်ကြားမှ တစိမ့်စိမ့်စီးဆင်းနေသော စိမ့်ရေစမ်းရေအလား မကုန်နိုင်၊ မခမ်းနိုင်အောင်စီးဆင်းလျက်ရှိကြပေသည်။ တကယ်တော့ ဆရာသမားတို့သည် မနွမ်းသောကရုဏာ၊ မခမ်းသောမေတ္တာပိုင်ရှင် များဖြစ်ကြပါသည်။

အကယ်၍တပည့်လေးတွေ အများအပြားရှိပါမူကား ဆရာသမားတို့၏သန္တာန်မှာ စေတနာမေတ္တာတွေ ပိုလို့ပင်များလေ လေဖြစ်လာရပါသည်။ အဘယ့်ကြောင့်ဆိုသော် တပည့်လေးတို့အား နေ့ဝါညဝါဆိုသလို စာဝါများ များများပို့ချပေးခြင်း၊ မကြာခဏဆို သလို တပည့်လေးများအား ဆုံးမဩဝါဒပေးခြင်းစသည်တို့က ဆရာ သမားတို့၏ စေတနာမေတ္တာကရုဏာတွေကြီးမားကြောင်း မီးမောင်း ထိုးပြနေခြင်းကြောင့်ဖြစ်ပါသည်။

ထို့ကြောင့် မနွမ်းသောကရုဏာ၊ မခမ်းသောမေတ္တာပိုင်ရှင်များ ဖြစ်တော်မူကြသည့် ဆရာသမားတို့သည် နာသုံးနာကို အရင်းခံပြီး ကိုယ်ကျိုးကိုမကြည့်မူ၍ တပည့်တို့၏အကျိုးရှိရေးကိုသာ အစဉ်တစိုက် ရှေ့တန်းတင်ဆောင်ရွက်နေမှုတို့ကြောင့် သာသနာပြုပရဟိတဝန်ဆောင် ပုဂ္ဂိုလ်များဖြစ်ကြပါသည်။

ထိုမှတစ်ပါး ဆရာသမားတို့သည် တပည့်လေးများအား သီလ အမွေ၊ သမာဓိအမွေ၊ ပညာအမွေတွေ ပေးနေကြသည်။ အထူးသဖြင့်

အလွန်တန်ဖိုးကြီးမားသည့် ရတနာမျိုးအဖြစ် စံထား၍ ပညာအမွေတွေကို ပေးနေကြသည်။

ပညာရွှေအိုး လူမခိုး ဆိုသောစကားအတိုင်း လူသူလေးပါး မခိုးယူနိုင်သည့် အဆိုပါ အနဂ္ဃထိုက်တန်သည့်ပညာရွှေအိုးကို တပည့်လေးတိုင်း ရအောင် တပည့်လေးတိုင်း နှိုက်ယူသုံးစွဲနိုင်အောင် အသီးအသီးရင်ထဲအသဲထဲ နှလုံးထဲအရောက်ပေးလှူထားသည့်အတွက် ဆရာသမားတို့သည် ပညာရွှေအိုးအလှူရှင်မျိုးလည်းဖြစ်ပါပေသည်။

ထို့ပြင် တပည့်လေးများ စာမေးပွဲအောင်မြင်ခြင်း၊ ထူးချွန်ဆုရခြင်း၊ ဘွဲ့ထူးဂုဏ်ထူးရခြင်း၊ ကြီးပွားတိုးတက်မှုရှိနေခြင်းစတာတွေကို တွေ့မြင်သိရှိရသောအခါ စာချမှု ထိမ်းသိမ်းမှုတို့ဖြင့် ပမ်းသမျှ နွမ်းသမျှတွေကို မေ့ပျောက်သွားပြီး ဆရာသမားတို့မှာ တစိမ့်စိမ့်ကြည်နူးဝမ်းသာမှုတွေဖြစ်ရပြန်သည်။ ဝမ်းသာကြည်နူးမှုနှင့်အတူ စေတနာမေတ္တာဓာတ်တွေလည်း ပိုလို့လာရပြန်သည်။

ဝမ်းသာကြည်နူးမှုစေတနာမေတ္တာတွေက တွန်းအားပေးမှုကြောင့် လက်ရှိမျက်မှောက် ကျောင်းအုပ်ဆရာ ဖွားဖွားကြီးဒေါ်ကဠနဝတီမှာ သက်ရှယ်တော် (၈၀)ကျော်(၉၀)တွင်းသို့ ချဉ်းနင်းဝင်ရောက်လာသည့်တိုင်အောင် စာသင်စာပြစာချနေတုန်းရှိပါသေးသည်။

ဆရာသမားများက ညွှန်ကြားချက်ပေးထားသည့်အတိုင်း စာချဝန်ဆောင်၊ စာချကထိကများနှင့်ပရိယတ်ဝန်ဆောင် စာသင်သားတို့က တာဝန်ကိုယ်စီ ကျေပွန်စွာထမ်းဆောင်ကြလျက် စာမေးပွဲတွေ အောင်မြင်အောင်၊ ထူးချွန်ဆုတွေရအောင် ကြီးပွားတိုးတက်နေအောင် ညီညီညာညာနှင့်ကြိုးစားနေကြပေသည်။ ယခုလို လူငယ်လူလတ်တွေက ညီညာစွာကြိုးစားနေကြခြင်းသည်ပင် ကျောင်းအုပ်ဆရာကြီးဖွားဖွားဒေါ်ကဠနဝတီအတွက် အာယုဝဍ္ဎနအသက်ရှည်ဆေးကြီး ဖြစ်တန်ရာပါသည်။


ဤအာယုဝဍ္ဎနအသက်ရှည်ဆေးမျိုး ကိုလည်း ဆရာသမားတိုင်း လိုလားတောင့်တမြဲ ဖြစ်ပါသည်။ ဆရာ့ကျေးဇူးမြင့်မိုရ်ဦးဆိုသောစကားနှင့်အညီ မြင့်မိုရ်ဦးမက ကြီးမားလှသော ဆရာသမားများ၏ ဂုဏ်ကျေးဇူးတော်တွေကို သိရှိနားလည်ပြီး ဆရာသမားများ လိုလားနှစ်သက်မြတ်နိုးသည့်အာယုဝဍ္ဎနအသက်ရှည်ဆေးမျိုးကို ရရှိအောင် သို့မဟုတ် ပေးလှူနိုင်အောင် ကြိုးစား အားထုတ်ဆောင်ရွက်ကြရမည်မှာ တပည့်ကြီးတပည့်လတ်တပည့်ငယ်တို့၏ တာဝန်သာဖြစ်ပေတော့သည်။

ဆရာ့စကား ဦးထိပ်ထား လေးစားကြရမည်။<br>
ဆရာ့စကား ရွှေအိုလား သိမ်းထားနိုင်ရမည်။<br>
ဆရာ့အကြိုက် ကိုယ်ကလိုက် ဦးခိုက်နိုင်ရမည်။

တပည့် ပုညဝတီ<br>
သာသနဓဇမွှာစရိယ<br>
မဟာဂန္ထဝါစကပဏ္ဍိတ<br>
မြို့စာချကထိက

# ကြည်ညိုစွာ မှီခိုပါသည်

တပည့်သန္တဝရဉာဏ်



ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊
ဓမ္မနက်နဲ၊ ဟောနိုင်မြဲ၏၊ ကျိုးနည်းမထွန်း၊ ခုနစ်ခန်းနှင့်၊
ပြည့်လျှမ်းညီညာ၊ ဤဆရာ ရှာဖွေတပည့်ခံ။

ဆရာတို့၏ဂုဏ်အင်္ဂါ(၇)ပါးကို ရှေးပညာရှိများ လင်္ကာသွားဖြင့် ရေးသားဖွဲ့ဆိုထားကြ၏။ လောကဝဲ့ကျင်လည်သွားလာနေထိုင်ကြကုန်သော ပုဂ္ဂိုလ်အားလုံးတို့သည် မိမိတို့၏ဘဝ ရှေ့ဆောင်လမ်းပြသဖွယ်ဖြစ်သော ဆရာသမားများကို မှီခိုအားထားကြရ၏။

ဆရာသမားများကလည်း မိမိတို့ထံမှောက် ကပ်ရောက်မှီခိုကြသော တပည့်များကို ကောင်းရာညွှန်ပြ ဆိုဆုံးမပြီး ပညာအရာ ဝင့်ထည်လာအောင် သင်ကာပြသ ပေးဝေကြ၏။ ဆရာသမားများထံမှ သင်ယူရရှိခဲ့သောအတတ်ပညာအလိမ္မာနှင့်အရာရာစူးစမ်းသည့် ဉာဏ်ပညာစွမ်းတို့ဖြင့် တပည့်တို့သည် လောကအလယ်တင့်တယ်ကြရသည်။

မိမိတို့နေထိုင်ရာ စစ်ကိုင်းတောင်သည် သူတော်ကောင်းတို့ ကိန်းအောင်းရာအစစ် ပတိရူပဒေသအရပ်ဖြစ်၏။ တောပန်းတောင်ပန်းတို့ဖြင့် မွှေးပျံ့သင်းထုံ ရနံ့စုံပြီး ခိုလုံနေထိုင်ရသူတို့မှာ သာယာချမ်းမြေ့ ဖွယ်ကောင်းလှ၏။

စေတီဆူဆူ ထုံးဖြူဖြူနှင့် ဂူကျောင်းဘုရား ရုပ်ပွားပုထိုးတို့၏ တောင်ထိပ်တောင်ဖျား တောင်ရိုးတောင်စောင်း တောင်နှာမောင်းဝယ် ကိန်းအောင်းစံပျော်တော်မူနေကြသည့် ရှုကွင်းရှုကွက်တို့မှာ နှစ်သက်မဝ ဖူးမြော်၍မဝနိုင်အောင်ရှိလှတော့၏။ ညှိုးညှိုးညံ့ညံ့ တရားသံတို့ဖြင့် ဓမ္မသံဝေဂ ပွားနေကြသည်မှာ နိဗ္ဗာန်တံခါး ဖွင့်လှစ်ထားသည်သို့ ရှိတော့၏။

စစ်ကိုင်းတောင်ရိုး ရှင်ပင်နံ့ကိုင်းတောင်၏မြောက်ဘက်အရပ်တွင် အမျိုးသမီးသူတော်စင်တစ်စုသည် သူတော်စင်မြို့ကလေးတစ်မြို့ တည်ထောင်၍ နေထိုင်ကြ၏။ ထိုမြို့ကလေး၏အမည်မှာ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်ကို ရည်ရွယ်၍ မြို့ဟုအမည်နာမ မှည့်ခေါ်ကြ၏။

ပျော်မွေ့နေထိုင်ကြသောအမျိုးသမီး သူတော်စင်တစ်ရာကျော်တို့သည် ဣန္ဒြေငြိမ်သက် သိမ်မွေ့နူးညံ့ကြသည့်အတွက် ရွှေလမင်းကြီးပမာ တင့်တယ်ကြပါ၏။ ဂန္ထဓူရ ဝိပဿနာဓူရ ဓူရနှစ်တန် အကျင့်မှန်တို့ဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်နေထိုင်ကြသည်မှာ အတုယူဖွယ် ကြည်ညိုဖွယ်ပင် ကောင်းလှတော့၏။

မြို့ကို စတင်တည်ထောင်ခဲ့သော မော်လမြိုင်သူ နိဗ္ဗာန ပဝေသနီ ကျမ်းပြုဆရာကြီး ဒေါ်ကုမ္ဘာရီမှအစပြု၍ ယခုဆက်လက် အုပ်ချုပ်နေထိုင်ကြသော ပဓာနနာယကဆရာကြီး ဒေါ်ကဥ္စနဝတီ (သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်း အကျိုးတော်ဆောင်)နှင့် လက်ထောက်စာချဆရာကြီးများစွာတို့သည် သာသနာ့တာဝန် ဒို့တာဝန်၊ သာသနာ့အလုပ် ဒို့အလုပ်၊ သာသနာ့ အသက် ဒို့အသက်ဟု မပျက်မကွက် အဓိဋ္ဌာန်ချက်မှန်မှန်ဖြင့် မြို့ကို ပို၍ခိုင်မာ ပို၍တိုးတက်အောင် စောင့်ရှောက်ထိမ်းသိမ်းကြ၏။

မိမိတို့သည် အစဉ်အဆက်ဖြစ်သော ဆရာသမားတို့၏ ကျေးဇူး ကြီးမားဂုဏ်တော်များဖြစ်သည့် ပိယဂုဏ်၊ ဂရုဂုဏ်၊ ပသန္နဂုဏ် စသည် တို့ကို အထပ်ထပ်ခြုံအာရုံပြုလျက် ဆင်ခြင်စဉ်းစား အတွေးပွား၍ ကြည်ညိုမှီခိုရသော ဆရာသမားများ ဖြစ်ကြသည့်အတွက်ကြောင့် ကြည်ညို၍ မှီခိုပါသည်ဟူသောခေါင်းစီးဖြင့် စာတစ်ပုဒ် မှတ်တမ်း တင် ရေးသားရပါသတည်း။

ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊
လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊
ခမ့်နက်နဲ၊ ဟောနိုင်မြဲ၏၊
ကျိုးနည်းမထွန်း၊ ခုနစ်ခန်းနှင့်၊
ပြည့်လျှမ်းညီညာ၊
ဤဆရာ ရှာဖွေတပည့်ခံ။

မြို့-ချောင်

မြို့-သာသနာ


မြို့-ဆရာတို့သည် ကမ္ဘာတည်အောင် အလင်းဆောင်၍ ထွန်းပြောင်တောက်ပကြပါစေသတည်းဟု ဆန္ဒမွန် ဆုမွန်ချွေလျက် အာစရိယပူဇာအနေဖြင့် နိဂုံးလွှာ ပန်းပွင့်ကမ်းလင့်မျှဝေလိုက်ပါသတည်း။

ဘဝတစ်ခု ခိုင်မာမှုတွက် ယုယုယယ ပြုစုကြသည့်၊ ကျေနပ်သင်ရှာ၊ မြတ်ဆရာအား၊ ဆယ်ဖြာလက်ယှက်၊ ကြာမုံခက်ဖြင့်၊ စိတ်စက်ကြည်နူး၊ ညွတ်သောဦးသည်၊ ပန်းဖူးတစ်ငုံဖြစ်စေသော်. . . .။

တပည့် သန္တဝရညာဏီ

(သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)

မြို့စာချကထိက





# ဂုဏ်ပေါင်းစုံလင် ဇာပြည့်ဥယျာဉ်


ဒေါ်ဝန်လည်

သာသနဓဇဓမ္မာစရိယ၊ ဝိနယဓိုရ


"အာကာကောင်းကင် စ,မထင်သို့ ဤသခ်ါရ ဟူသမျှလည်း နိစ္စဓူဝ သဿတဖြင့် ထာဝရမြဲရာ မရှိစွာဘူး"ဟူ၍ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်၌ ရေးသားထားသည့်အတိုင်း အချိန်ကာလနှစ်ပရိစ္ဆေဒများသည် ရေတွက်မနေဘဲ ဆယ်စုနှစ် ရာစုနှစ်များကို ပိုင်းခြားခဲ့သည့်အတွက် ၁၂၇၀ပြည့်နှစ်က မော်လမြိုင်ဆရာကြီးဒေါ်ကုမ္မာရီသည် စစ်ကိုင်းတောင်၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ လမ်းညွှန်မှုဖြင့် မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးကို စတင်တည်ထောင်ခဲ့သည်။

ပရိယတ္တိပဋိပတ္တိသာသနာတော်ကြီးအား ဆရာကြီးနှင့်တပည့် ဒကာ ဒကာမများ တက်ညီလက်ညီ စုပေါင်း၍စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည်မှာ ယခု တတိယချောင်ဆရာကြီးလက်ထက် ၁၃၇၀-ပြည့်နှစ်တွင် နှစ်တစ်ရာပြည့် ပတ္တမြားရတုဆီသို့ တိုင်ခဲ့ပါပြီ။

လူတစ်သက်မှာ နှစ်တစ်ရာပြည့်တိုင်အောင် နေရဖို့ဆိုသည်မှာ လွန်စွာခဲယဉ်းသည့်အတိဒုလ္လဘတရားတစ်ခုဖြစ်သည်။ မိမိတို့ခေတ်မှာ အထင်ကရကြီးကျယ်စွာကျင်းပခဲ့ကြသည့် နှစ်တစ်ရာပြည့် ပွဲတော်တွေ အတော်များများကို ကံကောင်းစွာ ကြုံရသိရပူဇော်ခဲ့ရပါသည်။

ယခုလည်း ကြုံတောင့်ကြုံခဲစာရေးသူတို့ ပညာရေနို့သောက်စို့ရာ လောကဓမ္မပရိယတ်ပဋိပတ်အလင်းရောင်များထွန်းညှိပေးရာ မိခင်မြို့ချောင်ကြီး၏ နှစ်တစ်ရာပြည့်ပွဲတော်ကြီးနှင့်ကြုံရပြန်၍ အတိုင်းမသိဝမ်းသာပီတိဂုဏ်ယူမိပါသည်။

ဆရာတော်သံဃာတော်များတည်ထောင်သည့် ပရိယတ္တိစာသင်တိုက်ကြီးတွေ နှစ်တစ်ရာပြည့်အောင် လက်ဆင့်ကမ်း၍စည်ကားတိုးတက်အရှိန်အဟုန်မပျက် ထမ်းဆောင်နိုင်ကြဖို့ဆိုသည်မှာ မခဲယဉ်းလှပါ။ သီလရှင်စာသင်တိုက်ကြီးတစ်တိုက် အရည်အသွေးပြည့် ဂုဏ်သိက္ခာရှိရှိနှစ်တစ်ရာပြည့်အောင် ထိမ်းသိမ်းစောင့်ရှောက်နိုင်ဖို့ဆိုသည်မှာ ခဲယဉ်းလှပါသည်။ လွယ်ကူသည့်လုပ်ငန်းမဟုတ်၊ တော်ရုံသင့်ရုံအရည်အချင်းနှင့်လည်း မဖြစ်နိုင်ပါ။

မြို့ချောင်ကို စတင်တည်ထောင်ခဲ့သော ဆရာကြီးဒေါ်ကုမ္မာရီသည် မိမိကိုယ်တိုင် ပရိယတ္တိပဋိပတ္တိတို့ကို ကျွမ်းကျင်အောင်သင်ယူဆည်းပူး၍ တပည့်သီလရှင်တို့အားလည်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရေးသားသော သီလရှင်ဥပဒေကျမ်းစည်းကမ်းမူဝါဒအတိုင်း

တသွေမတိမ်း ထိမ်းသိမ်းအုပ်ချုပ်ပြီး ပရိယတ္တိကို ပဓာနပြု၍ ပဋိပတ္တိကိုလည်း ကျင့်ကြံပွားများအားထုတ်စေလျက် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသူတို့၏လက်ကိုင်ထားသင့်သော နိဗ္ဗာနပဝေသနီမည်သောကျမ်းစာကိုလည်း ရေးသားပြုစုတော်မူခဲ့သော သာသနာ့အာဇာနည်ဆရာကြီးတစ်ပါးပင်ဖြစ်ပါသည်။

ဒုတိယချောင်ဆရာကြီး ဒေါ်စန္ဒေသီမှာလည်း ရှေးနည်းအတူအတုယူ၍ မြို့ချောင်ကို အုပ်ချုပ်ခဲ့ပါသည်။

စာရေးသူတို့လက်ထက်တွင် တတိယချောင်ဆရာကြီး ဒေါ်ကဥ္စနဝတီ(သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းအတွင်းရေးမှူး)၊ တူမဖြစ်သူ တွဲဖက်ချောင်ဆရာကြီး ဒေါ်ဣန္ဒသိဂီ(ပထမကျော်ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)တို့မှ ဆရာတစ်ဆူ တသည်းအူက ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော-ဟု မဃဒေဝလင်္ကာသစ်၌ ဆိုဘိသကဲ့သို့ ပညာအရည်အသွေး အုပ်ချုပ်မှုအရည်သွေး ပြည့်ပြည့်ဖြင့် မြို့ချောင်သာသနာတော်ကြီးကို အင်တိုင်အားတိုက် ထမ်းဆောင်နေကြပါသည်။

ချောင်ဆရာကြီးအား ဒေါ်ဒေါ်ကြီး တွဲဖက်ချောင်ဆရာကြီးအား ဒေါ်ဒေါ်မိုးဟူ၍ တပည့်များက ခေါ်ကြပါသည်။ ဒေါ်ဒေါ်ကြီးသည် တပည့်များအပေါ်၌ မေတ္တာ စေတနာကြီးမားစွာထားရှိနိုင်ပါသည်။ သက်တော်(၈၀)ကျော်သည်အထိ စာဝါများပို့ချပေးခြင်း၊ အုပ်ချုပ်ရေးပိုင်း၌လည်း အကွက်စေ့ တောင့်စေ့အောင် စီမံပေးနိုင်ခြင်း ချို့တဲ့သော စာသင်များအပေါ်၌ ဝတ္ထုပစ္စည်းတို့ဖြင့် ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ ကြီးလေးသော အပြစ်တို့ကို ထောက်ပြဆုံးမရာ၌ အဂတိတရား မလိုက်

စားဘဲ ပြတ်သား စွာဆုံးမတတ်ခြင်း၊ အဝေးရောက်တပည့်များအပေါ် မှာလည်း မည်မျှပင်ကြာပါစေ၊ ရောက်လာသည့်အခါ နွေးထွေးစွာကြိုဆို၍ ထိုက်သည် အားလျော်စွာ ဩဝါဒများချီးမြှင့်ပေးခြင်းအစရှိသော ကြည်ညိုဖွယ် အတုယူဖွယ်ဂုဏ်များကို ပိုင်ဆိုင်ထားသည့် ချောင်ဆရာကြီးဖြစ်ပါသည်။

တွဲဖက်ချောင်ဆရာကြီးဒေါ်ဒေါ်မိုးသည် မြို့ချောင်၌ စာဝါ အများဆုံး ပို့ချ၍ စာချကောင်းသည်ဟု ကျော်ကြားသော စစ်ကိုင်းတောင်ရိုးတွင် မည်သည့်သီလရှင်မှ မရရှိသေးသော ဝိနယပါဠိပါရဂူဘွဲ့ရ ပညာထိပ်သီး ဆရာကြီးဖြစ်ပါသည်။

ဒေါ်ဒေါ်မိုးစာဝါပို့ချရာတွင် ခေတ်နှင့်လျော်ညီသော အတွေးအခေါ် ရှင်းလင်းလွယ်ကူသော အာဘော်များဖြင့် စာဝါအချိန်အတွင်း ပျင်းရိဖွယ်မရှိ တပည့်များ၏ ဉာဏ်အတိမ်အနက်ကို ကြည့်၍သိ၍ အဓိပ္ပါယ်ကောက်နှုတ်ချက်များကို ဗလာစာအုပ်ဖြင့် မှတ်သင့်တာမှတ်၊ အာဂုံဆောင်သင့်တာ ဆောင်စေပါသည်။

သို့ဖြစ်၍ ပြဋ္ဌာန်းကျမ်းစာအုပ်မှတစ်ပါး မှတ်စုစာအုပ်တစ်အုပ်နှင့်ပင် လွယ်ကူသက်သာ အတန်းစုံ ဘာသာစုံတို့ကို ထူးချွန်စွာတစ်မျိုး ရိုးရိုးဖြင့်တစ်ဖုံ အစိုးရစာမေးပွဲအသင်းစာမေးပွဲတို့ကို အောင်မြင်ခဲ့ကြပါသည်။

ဒေါ်ဒေါ်မိုးသည် စာချစာမေး စာဆွေးနွေးနေရလျှင် အလွန်ပင် ကျေနပ်နေပါသည်။ တပည့်များအား စာဝါပို့ချပေးနေစဉ် ပရိယတ္တိသာသနာစိတ်ထက်သန်လွန်းသဖြင့် “ဒေါ်မိုးကတော့ စာဝါမချနိုင်တဲ့နေ့ သေတဲ့နေ့ပဲဖြစ်ချင်တယ်”လို့ အတုယူသင့်သောဆန္ဒစကား ပြောကြားခဲ့ဖူးပါသည်။

ကျန်းမာရေးချူချာသော ဒေါ်ဒေါ်မိုးသည် တပည့်များအား မနားမနေစာပေပို့ချရင်း ငယ်လတ်ကြီးတန်းများအတွက် စွယ်စုံဓမ္မပဒ

ကျမ်း၊ စွယ်စုံသဒ္ဒါကျမ်းများကို ရေးသားပြုစုခဲ့ပါသည်။

ထိုကျမ်းစာများသည် ယခုအခါ စာချစာသင်ဆရာလေးများ လက်မလွှတ်တန်း သုံးစွဲနေရသော ကျမ်းစာများအဖြစ် ထင်ရှားလျက်ရှိပါသည်။

မြို့ချောင်ဟူသော ပရိယတ္တိသာသနာဥယျာဉ်ကြီးသည် ဥယျာဉ်မှူးများ ဖြစ်ကြသော အရည်အသွေးပြည့်နည်းပညာသစ်ချောင်ဆရာကြီးများ၏ မြေတောင်မြှောက်ပေးမှု၊ ပေါင်းသင်ရေလောင်းပေးမှုတို့ကြောင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပါဠိပါရဂူ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ-ဝိနယဝိဒူ၊ ပထမကျော်၊ ပထမလတ်ကျော်၊ ပထမငယ်ကျော်၊ တိုင်းကျော် ပြည်ကျော်အစရှိသော အဆင်းပြည့်အချင်းပြည့်အောင်မြင်မှုပန်းများ ဘွဲ့ထူးအသီးသီးများဖြင့် ခေတ်အဆက်ဆက်နှစ်အဆက်ဆက် ဝေဆာပွင့်ဖူးလျက်ရှိပါသည်။

မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးအား ဆယ်စုနှစ်များစွာတို့ကို ပရိယတ္တိစွမ်းအင် ပဋိပတ္တိကျင့်စဉ်တို့ဖြင့် နှစ်တစ်ရာတိုင်အောင် အားသွန်ခွန်စိုက်လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည်မှာ ဆရာကြီး ဆရာလေးများနှင့်ပစ္စည်းလေးပါးဒကာ ဒကာမများ၏ စွမ်းရည်ဂုဏ်သတ္တိများကြောင့် အနှစ်သာရပြည့်ဝစုံလင် နှစ်တစ်ရာပြည့် ပတ္တမြားရတုသဘင်ကြီးကို ဆင်ယင်ကျင်းပပြုလုပ်နိုင်ကြပါပြီ။

နှစ်ပေါင်းတစ်ရာ ပြည့်လာရာမှ နှစ်ရာသုံးရာ နှစ်များကြာအောင် သိက္ခာသမာဓိ စုံညီပြည့်၍ ပရိယတ်နှင့်ပဋိပတ်နှစ်ဖြာ ပြည့်စုံစွာ မြို့သာသနာ တည်စေသော်. . . ဟု ဆုမွန်သလျက်. . . . ။

ဘေသုံ(မန်လည်)
သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ



# ဝေမြို့ဖွား နှစ်တစ်ရာ

ဒေါ်ဝိမလဉာဏီ(ဓမ္မာစရိယ)

မြို့၏ရင်ခွင်မှ ခွဲခွါခဲ့သည်မှာ ယခုဆို နှစ်ပေါင်း(၂၆)နှစ်ရှိခဲ့လေပြီ။ မိခင်၏ရင်ခွင်၌ ခိုလှုံရသည်မှာ အေးမြ၏။ ငြိမ်းချမ်း၏။ စိတ်ချမ်းမြေ့၏။ ပျော်ရွှင်ကြည်နူးရ၏။ မိခင်ချောင်သို့ ပြန်ပြောင်းတွေးမိသောအခါ မနေ့တစ်နေ့ကဟု ထင်မှတ်လျက် လွမ်းဆွေးတသမိ၏။

နွားကျောင်းသားသည် နှင်တံဖြင့် နွားများကို စားကျက်ရှိရာ လယ်ပြင်ယာပြင်သို့ မောင်းနှင်သကဲ့သို့ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည် သတ္တဝါတို့၏အသက်ကို(သုသာန်တစ်စ သင်္ချိုင်းဝရောက်အောင်) မောင်းနှင်၏ဟူ၍ လူ့ဘဝ၏သရုပ်မှန်ကို ဟုတ်မှန်တဲ့အတိုင်း သိအောင်

ဘုရားရှင်က ထုတ်ပြန်မိန့်ဟတော်မူခဲ့၏။

အရာရာတို့သည် ထာဝရတည်မြဲသည်ဟူ၍မရှိကြ၊ အရာရာတိုင်း ပြောင်းလဲဖြစ်ပျက်နေကြသည်။ နုပျိုသည်မှ အိုမင်းရင့်ရော်ရ၏။ အိုမင်းရင့်ရော်သည်မှ ကြွေပျက်ကြရမြဲဓမ္မတာဖြစ်ပေသည်။

မိမိတို့သည် ဆရာ့အေးရိပ်အောက်၌ မတောင့်မတ မကြောင့်မကြဘဲ နေထိုင်လိုကြသော်လည်း သတ္တဝါတိုင်းတစ်နေရာတည်းမှာ ရပ်တည်၍မနေနိုင်ကြပါချေ။ မနေလည်းမနေကြရပေ။ စင်စစ်မူ ပေါင်းဆုံခြင်းဆိုသည်မှာ ခွဲခွာခြင်း၏နိဒါန်းပင်မဟုတ်ပါလော။ သတ္တဝါများ၏ ဘဝကံကို မည်သူမျှတွန်းလှန်၍ မရပါချေ။ ကံစီမံရာ လိုက်နာကြသူချည်းသာဖြစ်ပေသည်။ ထို့ကြောင့် ချစ်ခင်ကြသော်လည်း ခွဲခွာကြရ၏။ မချစ်သော်လည်း ပေါင်းဆုံကြရ၏။

စာရေးသူတို့သည် မိခင်ကြီးမြို့၏အရိပ်အောက်၌ ထာဝရခိုလှုံနားခိုလိုကြပါ၏။ မွေးမိုတ်အိပ်စက်လိုကြပါ၏။ ဘဝအမောမရှိ၊ အပူအပင်နတ္ထိ နေထိုင်လိုကြပါ၏။ သို့ရာတွင် မိမိဆန္ဒရှိသကဲ့သို့ ဖြစ်မလာပါချေ။ မှန်လှ၏။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏ဟု ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက ဆုံးမတော်မူခဲ့ဘူးလေသည်။

မြို့၏သမီးများဖြစ်ကြသော စာရေးသူတို့သည် လူ့ဘဝသက်တန်း(၁၀၀)အတွင်း၌သာ အသက်ရှင်နေထိုင်ကြရသည်။ ထိုကာလအတွင်း၌ အဖြစ်အပျက်အပြောင်းအလဲများကား လွန်စွာများပြားလှ၏။ ယင်း(၁၀၀)ဟူသောသက်တန်းသည် တာဝတိံသာနတ်သက်အားဖြင့် (၂) ရက်မျှသာရှိသောကြောင့် အလွန်တိုတောင်းလှပေသည်။

မြို့ချောင်သည် သက်တန်း(၁၀၀)ပြည့်ပြီဟု ဆိုသောအခါ မယုံချင်လှ၊ သို့ရာတွင် မယုံချင်၍လည်းမရပေ။ မြို့ဖန်တီးရှင်

သခင်မကြီး ဒေါ်ကုမ္မာရီသည် ဘဝနတ်နန်းစံမြန်းသွားသည်မှာ (၅၃) နှစ်ပင်ရှိပြီမဟုတ်ပါလော။

သို့သော် မြို့ချောင်ဖန်တီးရှင်ဆရာကြီးမရှိတော့သော်လည်း မြို့ချောင်၏သာသနာ့တော်ကြီးသည်ကား သာသနာရေး၊ ဘာသာရေး ပညာရေးမှစ၍ အဖက်ဖက်မှ တက်နေခြည်ဦးကဲ့သို့ တရိပ်ရိပ်တိုးတက် မြဲတိုးတက်နေသည်။

ဤသို့ဖြစ်ရသည်မှာ မြို့ချောင်စာသင်တိုက်ကြီးကို ဆက်လက် ထိမ်းသိမ်းထားကြသော လက်ရှိပဓာနနာယကဆရာကြီးများ၏ စည်း ကမ်းထိမ်းသိမ်းမှုကောင်းခြင်း၊ စာပေပရိယတ်ကို ကျွမ်းကျင်စွာ တတ် မြောက်ကြ၍ ကျွမ်းကျင်စွာ ပို့ချနိုင်ကြသဖြင့် နှစ်စဉ်စာမေးပွဲအအောင် များခြင်း၊ မြို့သမီးတော်များ ယဉ်ကျေးလိမ္မာမှုရှိခြင်း၊ ပရိယတ်ပဋိပတ် တို့ကို ကြိုးစားအားထုတ်ကြခြင်းတို့သည် မြို့ချောင်၏တိုးတက်ရာ တိုးတက်ကြောင်း တရားများပင်ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ ရေသောက်မြစ်သည် ပရိယတ္တိစာပေပင်ဖြစ်သည်။ ထိုပရိယတ္တိစာပေကို အမျိုးသမီးများပင် ဖြစ်လင့်ကစား အမျိုးသားရဟန်းတော်များကဲ့သို့ ပထမကျော်၊ ဓမ္မာစရိယ၊ ပါဠိပါရဂူဘွဲ့များရသည်အထိ ရဟန်းတော်များနှင့်ရင်ဘောင်တန်း လိုက်နိုင်သည်မှာ ဂုဏ်ယူဖွယ်ရာများပင်ဖြစ်ပေသည်။

သာသနာတော်အတွင်း၌ စာသင်တိုက်ကြီးတစ်တိုက်ဖြစ်ပေါ်လာ ရန်ကား လွယ်ကူလှသည်မဟုတ်ပေ။ တစ်ဖန် စာသင်တိုက်ကြီး အရှည် တည်တံ့ခိုင်မြဲရန်ကား ပိုလို့ပင် ခက်ခဲလှပေသည်။ စာသင်တိုက်ကြီး အရှည်တည်တံ့ခိုင်မြဲရေးသည် အုပ်ချုပ်ရသောလူကြီးများအနေဖြင့် လွန်စွာ ကြီးမားသော တာဝန်ကြီးတစ်ရပ်ဖြစ်၏။ သာမညသတ္တိဗျတ္တိ တရား ဖွဲ့လုံ့လဝီရိယတရား သဒ္ဓါတရား ခန္တီတရားများဖြင့် ရပ်တည် နိုင်မည် မဟုတ်ပါချေ။ ဆရာတပည့်တို့ အဖက်ဖက်က အားကောင်းမှ သာ ထာဝစဉ်ရပ်တည်နိုင်ပေမည်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာသမားတို့သည် မိမိတို့၏ တပည့်များ ကြီးပွားတိုးတက်မှုကိုသာ မြင်လိုတွေ့လိုကြပါသည်။ မိမိတို့၏တပည့်များ ကြီးပွားနေကြသည်ကို မုဒိတာပွား ဝမ်းမြောက်တော်မူကြပါသည်။ ပီတိဖြစ်၍ဂုဏ်ယူမဆုံး ရှိကြလေသည်။

သို့သော် အချို့သောတပည့်များသည် ဆရာက မြေတောင်မြှောက်ပေးသဖြင့် အမြင့်အထွဋ်အထိပ်သို့ရောက်သည့်အခါ ဆရာကို ဆရာဟုမမှတ်တတ်ကြပေ။ သူ့ကြောင့်ငါအမြင့်အထွဋ်အထိပ်သို့ ရောက်သည်မဟုတ်၊ မိမိ၏ကြိုးစားမှုက မှန်ကန်မှုကြောင့်သာဟု ထင်မှတ်မှားတတ်ကြလေသည်။ နောင်မိမိအသက်ကြီး၍ လောကဓံတရားများနှင့်တွေ့ကြုံမှုတွေ များလာသောအခါမှ နောင်တရတတ်ကြလေသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ မန်လည်ဆရာတော်ဘုရားကြီးက နောင်တရကြောင်း တရားဆယ်ပါးကို ရေးသား၍ ဆုံးမတော်မူခဲ့လေသည်။

ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ သူ့ကိုချစ်ဖျက်၊ သူ့သက်သတ်စား၊ သူ့မယားသွား၊ ပြစ်မှားတုံဘိ၊ ပစ္စည်းရှိလျက်၊ စိုးစိမလှူ၊ မွေးမြူမိဘာ၊ မပြုရနှင့်၊ ဆုံးမမနာ၊ ပညာရှိထံ၊ နည်းခံမမှတ်၊ အမြတ်မကျင့်၊ ဤဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊ အိုသောခါ၌၊ ပူဆာနောင်တ၊ ရှိတတ်စွ . . . တဲ့။

ဆရာနှင့်(အတွင်းနေတပည့်အဖြစ်ဖြင့်) အတူတကွ နေထိုင်သီတင်းသုံးလျက် ပညာများသင်ယူရခြင်း၊ ဝိပဿနာဘာဝနာတရားများ လေ့လာပွားများအားထုတ်နေရခြင်းများသည် ရခဲသောဒုလ္လဘတရားများပင် ဖြစ်သည်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ သီလ ရှင်ဖြစ်စေ၊ ရနေသောအခွင့်အရေးများ ကို လက်လွှတ်မခံသင့်ပါချေ။ နောင်တဟူသည် ကောင်းသောအရာ မဟုတ်ပေ။နောင်တ ဟူသည်မှာ ဆုတ်နစ်သော ဒေါသတရားပင်ဖြစ်၏။ ဒေါသသည် ကောင်းကျိုးပေးရိုးထုံးစံမရှိချေ။

သတ္တဝါတိုင်းထာဝရတည် မြဲနေသည်မဟုတ်။ တစ်စတစ်စ အိုမင်းရင့်ရော်မြဲ။ ပျက်သုဉ်းကြမြဲ ဓမ္မတာဖြစ်သည်။ လောကတွင် လူသာသေသည်။ နာမည်မသေဟူ သောစကားရှိသည်။ကျွန်ုပ်တို့သည် မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီနှင့် လက်ရှိတပည့်ကြီးများသည် နာမည်မသေသူများ ဖြစ်ကြ၏။

သမိုင်းလှအောင်ရေးသူ ရေးခဲ့ကြသူများဖြစ်သည်။ လောက ကို အလှဆင်ရင်း သာသနာ့မျိုး ဆက်သစ်များ မွေးဖွားပေးသူများ ဖြစ်၍ မြို့ချောင်၏ ကျေးဇူးရှင်ကြီး များပင်ဖြစ်ကြသည်။ ထို့ကြောင့် ဆရာသမားများ၏ဂုဏ် ကျေးဇူးများအား ချီးကျူး၍လည်းမကုန်၊ ပေး ဆပ်၍လည်း မကုန်နိုင်တော့ပါချေ။

ယခုအခါ မြို့ချောင်နှစ် တစ်ရာပြည့်အထိမ်းအမှတ် အဖြစ် ဖြင့် ရာပြည့်ဂုဏ်ပြုပွဲ ဆင်နွှဲရာအခါသမယတွင် ကျေးဇူးရှင် ကြီးများ၏ဂုဏ် ကျေးဇူးများကို အဖန်ဖန်အောက်မေ့ အမှတ်ရ လျက် ကျေးဇူးရှင်ဆရာသမားများ အလိုရှိတော်မူကြသော မြို့ချောင်၏ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတော်မြတ်ကြီး ငါးထောင်မက ရှည်ကြာအောင် လက်ဆင့်ကမ်းပြီး အားထုတ်ကြိုး ပမ်းကြရမည်မှာ မြို့ချောင်နေ သမီးတော်များ၏ တာဝန်ပင်ဖြစ်ပါကြောင်း ကျေးဇူးဆပ် သတိပေးအစကား ရေးသားလိုက်ရပေသတည်း။

နှစ်တစ်ရာ ရောက်လာသည့်အခါကောင်း။
လက်ဆင့်သာသနာ
ရှည်ကြာစွာ တည်စေဖို့
တို့တစ်တွေ ညီပေသမို့
အားသစ်မည်ကြောင်း။ ။

ဒေါ်ဝိမလဉာဏီ
ချောင်ဆရာ မြေဇေယျာ



# ဧမြို့သာသနာ

## တဝညိုမိုးညှင်း ဝန်းခိုင်

သီလရှင်အစ မယ်ကင်းကဟု ဆိုရိုးရှိသည့်အတိုင်း သီလရှင်သာသနာကို မယ်ကင်းခေါ် ဒေါ်ခေမာစတင်တည်ထောင်ခဲ့သည်။ ဘိက္ခုနီသာသနာကွယ်ပျောက်သွားပြီးနောက် နှစ်ပေါင်းများစွာကြာမှ မြန်မာနိုင်ငံတွင် သီလရှင်သာသနာပေါ်ပေါက်ခဲ့ပါသည်။ မယ်ကင်းခေါ် ဒေါ်ခေမာနှင့် မယ်နတ်ပေးခေါ် ဒေါ်မဓုဒိန္နာတို့သည် သီလရှင်သာသနာကို စတင်တည်ထောင်ခဲ့သော အာဒိကမ္မိကပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည်။

ထိုသီလရှင်ဆရာကြီးနှစ်ပါးတို့သည် ရတနာပုံနေပြည်တော် (မန္တလေး)မြို့တည် နန်းတည်ဘဝရှင်မင်းတရားကြီး ဖြစ်တော်မူသော မင်းတုန်းမင်းကြီးနှင့်မိဖုရားကြီးများ ကိုးကွယ်ခဲ့သောထင်ပေါ်ကျော်ကြား သောဆရာကြီးများဖြစ်ပေသည်။ ဆရာကြီး နှစ်ပါးတို့၏သီလ သမာဓိ နှင့်ပညာတို့သည် သီလရှင်သမိုင်းတွင် စံနမူနာတင်ထိုက်ပေသည်။

လောက၌အမျိုးသမီးလေးများ၏ဘဝသည် ပစ္စည်းဥစ္စာ ရတနာ တွေ ပညာတွေ ရုပ်ရည်ချောမောမှုတွေ ဘယ်လိုပင်ပြည့်စုံပါသော်လည်း လောကအလယ်၌ တင့်တယ်သည်ဟု ဂုဏ်ယူဝင့်ကြွားနိုင်ပေမဲ့ သံသရာ မှ ထွက်မြောက်ကြောင်း မဖြစ်နိုင်ပါ။ အထက်တန်းအကျဆုံးဖြစ်သည့် စကြဝတေးမင်းကြီး၏မိဖုရားကြီးပင်ဖြစ်ရသော်လည်း သံသရာမှ ထွက် မြောက်ကြောင်းမဟုတ်သဖြင့် မွန်မြတ်သော ဘဝကိုရသည်ဟု မဆိုနိုင် ပါ။ သီလရှင်ဆရာလေးများ၏ဘဝသည် ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတည်းဟူသော သီလတန်ဆာကို ဆင်ယင်ထားသဖြင့် အမျိုးသမီးများ၏ဘဝတွင် အမွန်မြတ်ဆုံးဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် “ဘဝံ ဟိ သောဏဒဏ္ဍော သီလဝါ ဝုဒ္ဓသီလီ ဝုဒ္ဓသီလေန သမန္နာဂတော”ဟု မြတ်ဗုဒ္ဓမိန့်တော်မူခဲ့သည်။ (သီလက္ခန္ဓ ဝဂ္ဂပါဠိတော် သောဏဒဏ္ဍသုတ်၊ နှာ-၁၂၁)

(၁) သီလသာရှိ၍ ပညာမရှိလျှင် သူတော်ကောင်းလူနုံလူအ ဖြစ်နိုင်သည်။

(၂) ပညာသာရှိ၍ သီလမရှိလျှင် ပညာတတ် လူမိုက် ဖြစ်နိုင်သည်။

(၃) ပညာရှိသူတော်ကောင်းဖြစ်စေရန် သီလနှင့်ပညာပြည့်စုံ ဖို့လိုအပ်ပါသည်။

ဝိနည်းတစ်ပါး ကျင့်ကြံငြားက လူနတ်ဦးခိုက် ရှိခိုးထိုက်၏။
ဝိနည်းတစ်ပါး ကျင့်ပျက်ငြားက လူနတ်မကြိုက် ကဲ့ရဲ့ထိုက်၏။

ထို့ကြောင့် သီလရှင်ဆရာလေးများသည် ဆရာကောင်းထံ

နည်းခံ၍ စာပေပရိယတ္တိနှင့်ကျင့်စဉ်ပဋိပတ္တိတာဝန်နှစ်ရပ်ကို ကျိုးစားအားထုတ်ရသည့်အတွက် အလွန်မွန်မြတ်သောဘဝကို အရတော်ခဲ့ပေသည်။ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးသို့ရောက်ရန် အနီးကပ်ဆုံးသော ဘဝကို ရခဲ့သည်ဟုဆိုလျှင်လည်း မှားနိုင်ဖွယ်မရှိပါ။

မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီသည် ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏အထံ၌ ဩဝါဒခံယူ၍ မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးကို ၁၂၇၀ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ မြို့ချောင်ဟူသောအမည်သည် နိဗ္ဗာန်အအေးဓာတ်ကြီးကို ရည်ရွယ်ပြီး ခေါ်တွင်ထားသော အမည်ဖြစ်ပါသည်။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ညွှန်ပြတော်မူချက်အရ ဆရာကြီးဒေါ်ကုမ္မာရီသည် သီလရှင်ဥပဒေကျင့်ခဏ်းနှင့် ဘုရားဝတ်တက်စဉ်ကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။ နိဗ္ဗာနပဝေသနီကျမ်းကြီးကို ၁၂၈၉-ခုနှစ်တွင် ရေးသားပြုစုခဲ့သော ကျမ်းပြုဆရာကြီးတစ်ပါးလည်းဖြစ်ခဲ့ပါသည်။

သာသနာပင်ရင်း ဒီပျိုးခင်းကို
ရေသွန်းပေါင်းသင် ပိုးမဝင်အောင်
ပြုပြင်စောင့်ရှောက် မြေတောင်မြှောက်မှ
ဖြိုးမောက်သန်စွမ်း မြရောင်လွှမ်းလျက်
ညိုးနွမ်းကင်းစင် ရှုတိုင်းယဉ်လိမ့်
အထက်ပါကဗျာလေးနှင့်အညီ-

မြို့ချောင်သည် ဥပုသ်နေ့များ၌ အထူးသဖြင့် သက်လွတ်ကေသနိက်တစ်တိုက်လုံးစားကြရသည်။ မြို့မိခင်ကြီးဖြစ်သော ဆရာကြီးဒေါ်ကုမ္မာရီသည် ဆယ်ပါးသီလကို အမြဲစောင့်ထိန်းပြီး စကားပြောရာ၌ သာယာနာပျော်ဖွယ်ရှိသဖြင့် ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်လှသည်။ ဆရာကြီးသည် မြို့၏မီးရှူးတန်ဆောင်ဖြစ်၍ မြို့အား အသိပညာရောင်တွေ ထိန်ဝေစေခဲ့သည်။ မြို့၏သစ်ပင်ကြီး ဖြစ်၍ မိမိအရိပ်ဖြင့် မြို့ကို အေးချမ်း စေခဲ့သည်။ ထို့ကြောင့် မြို့၏ဂုဏ် ကျက်သရေသည်

စစ်ကိုင်းတောင်တွင် မကဘဲ မြန်မာကိုပါ လွှမ်းစေခဲ့သည်။ မြို့ဆရာကြီးသည် သက်တော်(၈၂)နှစ် အရွယ်တွင် မြို့ကို စွန့်ခွါခဲ့လေပြီ။

ဆရာကြီးမရှိသည့်နောက် ဆရာကြီးတပည့်ကြီးများဖြစ်ကြသော ဆရာကြီး ဒေါ်ကဥ္စနဝတီ (သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းအတွင်းရေးမှူး)နှင့် တူမဒေါ်ကုန္ဒသိင်္ဂီ (ပထမကျော်၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) ဆရာကြီးနှစ်ပါးတို့သည် မြို့သာသနာကို ဆက်လက်ပြီး နေလပမာ ထွန်းလင်းစေခဲ့သည်။ ဤဆရာကြီးနှစ်ပါးတို့ လက်ထက်တွင် ဓမ္မာစရိယ တန်းနှင့် ပထမကျော် တပည့်မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။ ဆရာကြီး ဒေါ်ကုန္ဒသိင်္ဂီသည် သက်တော်(၇၇)နှစ် အရွယ်တွင် မြို့ကို စွန့်ခွါသွားပြန်လေပြီ။

ဆရာများသည် လောကအလယ်တွင် တင့်တယ်စွာနေထိုင်နိုင်ရန် အသိပညာတွေ ဖြန့်ဝေပေးခဲ့သည်။ ပြောဆိုဆက်ဆံရေး၊ နေထိုင်သွားလာရေးစသည့်အရေးပေါင်းများစွာတို့ကို သွန်သင်ပြသညွှန်ကြားပေးခဲ့သည်။ ဆရာသမားများ၏လမ်းညွှန်ချက်နှင့်အညီ ကျင့်သုံးနေထိုင်ပြီး ပညာရင်နို့သောက်စို့ခဲ့၍သာ ဓမ္မာစရိယပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့ခြင်းသည် ဆရာများ၏ကျေးဇူးပင်မဟုတ်ပါလော။ ထို့ကြောင့် တပည့်များသည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာများကို ကျေးဇူးများစွာတင်ထိုက်ပေသည်။

ကျေးဇူးသိတတ် တပည့်မြတ်သည် ဆရာသမားများ၏ ဩဝါဒကိုနာခံပြီး ကိုယ်ကျင့်သီလဖြင့် ကျေးဇူးဆပ်သင့်ပေသည်။

အနန္တဂုဏ်းဝင်ကျေးဇူးရှင်ဆရာများ၏ ကျေးဇူးကိုတုန့်ပြန်ကျေးဇူးဆပ်သောအားဖြင့် ဤဆောင်းပါးကို ရေးသားပူဇော်ရပါသည်။

တပည့် မိုးညှင်း ပန်းခိုင်
သာသနဓဇဓမ္မာစရိယ
ဘီအေတန်း သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ချမ်းမြေ့သာယာ



# ကဝည်တို့၏ မြတ်ဆရာ

## ဉာဏ်ရာထေရီ (ရတနာရွှေလု)

စာရေးသူတို့ရဲ့ စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ မြို့ချောင် မော်လမြိုင် သီလရှင်စာသင်တိုက်ကြီးဟာ (၁၂၇၀)ပြည့်နှစ်မှာ ဆရာကြီး ဒေါ်ကုမ္ဘာရီ က စတင်တည်ထောင်ခဲ့ပြီး ယခုလက်ရှိ ချောင်ဆရာကြီး ဒေါ်ကဥ္စနဝတီ (သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းအတွင်းရေးမှူး)ရဲ့လက်ထက်(၁၃၇၀)ခုနှစ်ယခုနှစ်မှာဆိုရင် နှစ်ပေါင်း (၁၀၀)တိတိပြည့်တင်းခဲ့ပါပြီ။

စာရေးသူတို့ရဲ့ မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးဟာ ထေရဝါဒဘိက္ခုနီသာသနာတော်ကြီးကိုယ်စား အမျိုးသမီး အာဇာနည်များအတွက် သာသနာ့အကျိုးကို ထမ်းဆောင်ခွင့်ရနိုင်တဲ့ သာသနာ့နွယ်ဝင်သီလရှင်သာသနာကြီးအတွင်းမှာ သာသနာ့တာဝန်တွေ

ကို ထမ်းဆောင်နိုင်ကြတဲ့ ကျောင်းချောင်တွေထဲက တစ်ခုအပါအဝင် ဖြစ်ပါတယ်။ စာရေးသူဟာ မြို့ချောင် မော်လမြိုင်သီလရှင်စာသင် တိုက်ကြီးမှာ (၇)နှစ်သမီးအရွယ်ကတည်းက စတင်ရောက်ရှိခဲ့ပြီး နှစ်ပေါင်း (၄၀)ခန့်နေထိုင်ခဲ့သူဖြစ်ပါတယ်။

နှစ်ပေါင်း(၄၀)ခန့် နေထိုင်ခဲ့သူ ဖြစ်ခဲ့တဲ့အတိုင်း မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးရဲ့ကျေးဇူး၊ ဆရာသမားများရဲ့ ကျေးဇူးတွေဟာ လူ့ဘဝသက်တမ်းတစ်ခုရဲ့ တစ်ဝက်ကျော်ကျော်လောက် ခံစားခဲ့ရဖူးသူဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မြို့ချောင် မော်လမြိုင်သီလ ရှင်စာသင်တိုက်ကြီး ယခုလောက်အထိ တိုးတက်စည်ပင်လာအောင် ကြိုးစားအားထုတ်ခဲ့ကြသည့် ချောင်ထဲမှာရှိကြသော ဆရာသမားများ နှင့်သာသနာ့အာဇာနည် အမျိုးသမီးသီလရှင်ကလေးများရဲ့ စည်းလုံးမှု ညီညွတ်မှုကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။

"အရင်းစစ်လျှင် အမြစ်မြေက"ဆိုသည့်စကားအတိုင်း ဦးဆောင် မှုကောင်းလို့ နောက်လိုက်ကောင်းတွေ ရှိနေတာဖြစ်ပါတယ်။ ရှေးဦး တည်ထောင်သွားတော်မူခဲ့သော ဆရာကြီးဒေါ်ကုမ္မာရီရဲ့ အဆုံးအမ ဩဝါဒအတိုင်း ဆက်လက်ကျင့်သုံးနေသော ယခုလက်ရှိ ချောင်ဆရာကြီး ဒေါ်ကဥ္စနဝတီ(သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ တိုင်းအတွင်းရေးမှူး) ရဲ့မြောက်များစွာသော ကျေးဇူးဂုဏ်တို့ ဟာလည်း စာရေးသူတို့အပေါ်မှာ အလွန်ကြီးမားပါတယ်။

ဒေါ်ဒေါ်ကြီး ဒေါ်ကဥ္စနဝတီ(သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းအတွင်းရေးမှူး)ဟာ အလွန်ကြိုးစား ရိုးသားပြီး တပည့်တွေအပေါ်မှာ စည်းရုံးမှုအလွန်ကောင်းသူ၊ မေတ္တာ အလွန်အားကောင်းသူလည်းဖြစ်ပါတယ်။ ဘယ်လောက်အထိ တပည့် တွေအပေါ်မှာ မေတ္တာကြီးမားသလဲဆိုရင် စာရေးသူတို့ အပြင်နေသူ

တွေ အသိဆုံးဖြစ်ပါတယ်။ စာရေးသူတို့ အပြင်ရောက်နေတာ နှစ်ပေါင်း (၁၅)နှစ်လောက်ကြာလာပေမဲ့လို့ ညတိုင်းအိပ်မက် မြင်မက်ရင် မြို့ချောင်မှာ ပြန်ပြန်ရောက်ပြီး မြို့ချောင် နေနေရသလို ဆရာသမား၏ မေတ္တာအငွေ့အသက်တွေကို ခံစားရပါတယ်။

စာရေးသူတို့ဟာ လူ့ခန္ဓာကိုယ်တွေက အပြင်မှာရောက်နေသော်လည်း စိတ်အစဉ်က မြို့ချောင်ကြီးထဲမှာ ကျန်ရစ်ခဲ့တယ်ဆိုတာ အိပ်မက်တွေကထင်ရှားစေပါတယ်။ ဒေါ်ဒေါ်ကြီးဒေါ်ကဥ္စနဝတီမှာ တပည့်များအပေါ်၌ ရှေးရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူသော"ဟူသော မဃဒေဝလင်္ကာအတိုင်း တပည့်များကို အပြစ်တစ်စုံတစ်ရာတွေ့ပြီဆိုရင် တပည့်များရဲ့ ပစ္စုပ္ပန်သံသရာ ကောင်းကျိုးကို လိုလားတဲ့မေတ္တာစိတ်တွေနှင့်ဟုတ်တိုင်းမှန်ရာကို သွန်သင်ပြသဆုံးမလေ့ရှိသူဖြစ်ပါတယ်။ လူငယ်များအပေါ်၌လည်း အလွန်နားလည်ပေးတတ်သူဖြစ်ပါတယ်။

အမျိုးသမီးလေးများရဲ့ သဘာဝ ငယ်ရွယ်သူတပည့်လေးများက ဆရာကြီးရဲ့ဆုံးမမှုကို မသိနားမလည်၍ စိတ်ကောက်နေရင် ချက်ခြင်းသွယ်ဝိုက်သောနည်းဖြင့် ချော့မော့သိမ်းသွင်းလေ့ရှိပါတယ်။ အချို့ဆရာလေးများ စိတ်ကောက်၍ အရပ်ဒေသပြန်သွားရင်တောင် ခရီးစရိတ်ပေးပြီး ပြန်ခေါ်ယူခါ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်အောင် ကူညီပေးလေ့ရှိပါတယ်။

ဒေါ်ဒေါ်ကြီးဒေါ်ကဥ္စနဝတီရဲ့ မေတ္တာစေတနာကြီးမားမှုတွေကြောင့် တပည့်ကြီးငယ်တို့ဟာ ဒေါ်ဒေါ်ကြီး ဒေါ်ကဥ္စနဝတီကို ကြောက်ကြရိုသေကြတမ်းတကြပါသည်။ ဒေါ်ဒေါ်ကြီးဒေါ်ကဥ္စနဝတီမှာ သာသနာ့အကျိုး မြို့ချောင်အကျိုး တပည့်တွေရဲ့အကျိုးကို မည်သည့်

အခါမှ လျှစ်လျူရှုထားနိုင်သူမဟုတ်ပါ။ နီးစပ်ရာ ဆရာတော်သံဃာတော်တွေက ဒေါ်ဒေါ်ကြီးဒေါ်ကဥ္စနဝတီကို ချောင်ကိစ္စတွေကို လျစ်လျူရှုပြီး အေးအေးအနားယူဖို့ အမိန့်ရှိတော်မူကြပေမဲ့ သက်တော်(၈၈)နှစ်ကျော်နေသော ဆရာကြီးဟာ တပည့်တွေရဲ့အပေါ်မှာ အလွန်မေတ္တာကြီးမားစွာနဲ့ အေးအေးမနေနိုင်ဘဲ ကိုယ်တိုင်ဆောင်ရွက်တော်မူနေဆဲဖြစ်ပါတယ်။

ဒါ့ကြောင့်လဲစာရေးသူတို့ဟာဆရာသမားဖြစ်သော ဒေါ်ဒေါ်ကြီးဒေါ်ကဥ္စနဝတီရဲ့မြင့်မြတ်သောစိတ်ထား၊ ဆရာပီသတဲ့ သဘောတရားတွေကို ကြည်ညိုလို့မကုန်နိုင် အံ့သြလို့မဆုံးနိုင်အောင် ရှိနေကြရပါတယ်။ ထိုကဲ့သို့ဘုရားသမီးတော်ကြီးဖြစ်တဲ့အတိုင်း အလွန်ဆရာပီသတဲ့ ဒေါ်ဒေါ်ကြီး ဒေါ်ကဥ္စနဝတီကို စာရေးသူအနေဖြင့် "မြတ်ဆရာ" ဆိုသည့်ခေါင်းစဉ်နဲ့ ရှိခိုးပူဇော်လိုက်ပါသည်ဘုရား။

ဒေါ်ဒေါ်ဆရာကြီး သက်တော်ရာကျော်ရှည်စွာ သာသနာ့အကျိုးချောင်အကျိုး တပည့်များအကျိုးကို ဆထက်တိုးဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းရင်း. . . . ။

တပည့်

ဥတ္တရာထေရီ(သာသနဓဇမဟာ္မစရိယ)

ရတနာ့ရွှေဂူ




သူငယ်ချင်း. . .

သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်ကွယ်။ သူငယ်ချင်းကတော့ ဒို့ပညာသင်ကြားခဲ့တဲ့ ချောင်ရဲ့သာယာအေးချမ်းပုံ တိတ်ဆိတ်ငြိမ်သက်ပုံတွေနဲ့ ဆရာကြီး ဆရာလေးများရဲ့ ကြည်နူးဆွတ်ပျံ့ သာယာနာပျော်ဖွယ်ကောင်းတဲ့အသံတွေနဲ့ ဘုရားဝတ်တက်၊ စာအံ့စာကျက်ပြုလုပ်တာတွေကို မြင်တွေ့ပြီး ကြည်ညိုအမှတ်ရနေမှာပါနော်။

ဒါပေမယ့် တကယ်တမ်းကျတော့ မြို့ရဲ့ ကြာလေမြင့်လေ၊ မြင့်လေတင့်လေဖြစ်နေတဲ့ ဂုဏ်အနှစ်တွေကို မသိကြဘူးလေ။ အဲဒါကြောင့် သူငယ်ချင်းတို့ နည်းနည်းသိလဲ အများကြီး ဝမ်းသာကြမှာပဲဆိုတာ တွေးမိပြီး ဒိုပြောပြနိုင်သလောက် ပြောပြချင်တာပါနော်။

ဒို့ရဲ့နှလုံးသားထဲမှာတော့ မြို့ချောင်ရဲ့ ကျေးဇူးရှင်ဆရာကြီးများရဲ့ ကျေးဇူးဂုဏ်တွေက တောင်ပုံရာပုံလေ။ ဒီကျေးဇူးဂုဏ်တွေကို သူငယ်ချင်းနားလည်အောင် ဘယ်ကစပြီး ပြောရမယ်ဆိုတာ မသိဖြစ်နေတယ်လေ။ ကျေးဇူးဂုဏ်တွေကို ကုန်စင်အောင်ပြောပြနိုင်စွမ်းမရှိတာတော့ သေချာပါတယ်သူငယ်ချင်း။ စွမ်းသမျှထမ်းမယ်ဆိုတဲ့ အသိစိတ်နဲ့အခုလို စာရေးလိုက်ခြင်းဖြစ်ပါတယ်ကွယ်။

မကြာမီအချိန်အတွင်းမှာ ဒို့တတွေ ပညာရှာမှီးခဲ့တဲ့ မြို့ချောင်မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးဟာ ရာပြည့်ပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲကျင်းပတော့မယ် သူငယ်ချင်းရေ။ မြို့သာသနာနဲ့ သူငယ်ချင်းသိပ်မစိမ်းပေမယ့် နားလည်အောင် အကျဉ်းချုပ်လေးတော့ ပြောပြအုံးမယ်နော်။

သူငယ်ချင်းရေ. . . မြို့ချောင်ကိုလေ ဟို လွန်ခဲ့တဲ့ သက္ကရာဇ် ၁၂၇၀-ပြည့်နှစ်မှာ ရဟန္တာလို့ ကျော်ကြားတဲ့စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် နေရာရှာဖွေရွေးချယ်ပြီး ချောင်တည်ပေးခဲ့တာပါ။ ချောင်အမည်ကိုလည်း မြို့ချောင်လို့ ပေးခဲ့တယ်လေ။ နိဗ္ဗာန်မြို့သို့ တက်လှမ်းကြမည့် ရှုပကေသွင်၊ လှမပြင်ဘဲ၊ လူ့ခွင့်ရှောင်ခွါ၊ ရှစ်အင်္ဂါဖြင့်၊ ဖန်ဝါဝတ်ဆင်၊ ဘုရားသမီးတော်များ နေထိုင်ရာအရပ်ကို မြို့ချောင်လို့ ခေါ်သတဲ့လေ။

ပထမဆုံး ချောင်ဆရာကြီးက ဆရာဘုရားလို့ ဒို့တတွေ ခေါ်ကြတဲ့ ဖွားဖွားကုမ္မာရီပါသူငယ်ချင်း။ ဆရာဘုရားက စည်းကမ်းသိပ်ကြီးပြီး ဘုန်းတော်ကြီးတစ်ပါးလို နေတာတဲ့။ မီးဖိုချောင်လဲ မထားဘူးဆိုပဲ။ တပည့်တွေက အလှည့်ကျ တစ်နေ့တစ်အုပ် ဆွမ်းအုပ်ပို့ရတာတဲ့လေ။

အချိန်နည်းနည်း နောက် ကျသွားရင် အဲဒီနေ့အတွက် ဆွမ်းမစားတော့ဘူးတဲ့။ အဲဒီလောက် အထိအချိန်ကိုလေးစားတာ၊ စည်း

ကမ်းကြီးတာ။ တပည့်တွေကလည်း အချိန်ကို လေးစားကြရတာပေါ့နော်။ မဟာဂန္ဓာရုံချောင် ဆရာတော်ကြီးရဲ့ ဩဝါဒအတိုင်းဆရာဘုရားက "သီလ ရှင်ဥပဒေကျမ်း၊ နိဗ္ဗာနပဝေသနီကျမ်း" ဆိုတဲ့စာအုပ်တွေကို ရေးသား ထုတ်ဝေခဲ့တယ်လေ။ အဲဒီစာအုပ် နိဂုံးမှာ -

နိဗ္ဗာန မမတံ မြို့၊
ပတ္တိယာ ဓမ္မစာရိကာ။
တာသံ နိဝါသ ဘူမိပိ၊
မြို့ချောင်ဣတိ ပါကဋာ။

အမတံ-ချုပ်ပျောက်ပျက်စီး သေဘေးကြီးကင်းရာဖြစ်ပေထ သော။ နိဗ္ဗာနံ- အပူခပ်သိမ်းငြိမ်း အေးရာမှန် မြတ်နိဗ္ဗာန်သည်။ မြို့- အပူဝေးကွာ ရောအစစ် တကယ့် မြို့ဖြစ်ပါပေ၏။ ယာသီလဝတီ ယော -ရူပကေသွင်လှမပြင်ဘဲလူ့ခွင်ရှောင်ခွါ၊ ရှစ်အင်္ဂါဖြင့်၊ ဖန်ဝါ ဝတ်ဆင် အကြင်သီလရှင်လေးတို့သည်။ မြို့ပတ္တိယာ-အပူဝေးကွာ အေးချမ်းသာဖို့ မြို့နိဗ္ဗာန်ရောက် ကြရန်အလို့ငှာ။ ဓမ္မစာရိကာ- အေးရာဆောင်ပို့ မြို့ကိုညွှန် တရားမွန်ကို အားသွန်ခွန်သုံး ရှင်ပြုံးစွာ ကျင့်ကြပါပေကုန်၏။ တာသံသီလဝတီနံ-ရူပကေသွင် လှမပြင်ဘဲ လူ့ခွင်ရှောင်ခွါ ရှစ်အင်္ဂါဖြင့်၊ ဖန်ဝါဝတ်ဆင် ထိုသီလရှင်ဆရာလေးတို့၏၊ နိဝါသဘူမိပိ- ပုတီးကိုကိုင် ငြိမ်စွာထိုင်လျက် ရှုမြိုင်ချပ်ကြား ကမ္မဋ္ဌာန်း ဘာဝနာပွားများရာဌာနသည်လည်း၊ မြို့ချောင်ဣတိ-နိဗ္ဗာန်မြို့ လှမ်း လို့တက်ကြောင်း စခန်းကောင်းမို့ အကြောင်းပေါ်တွင် ကျိုးမည်တင်လျက် တွင်ကျယ်ခုနောင် မြို့ချောင်ဟူ၍။ ပါကဋာ-ပြည်ခွင်တလွှား အစဉ် အားဖြင့် ထင်ရှားဖြစ်ပေါ်၍နေပါပေသတည်း . . . ဆိုပြီး မြို့ရဲ့ အဓိပ္ပါယ်နဲ့မြို့ချောင်ရယ်လို့ မြန်ပြည်မှာတလွှား ကျော်ကြားရခြင်း ရဲ့အကြောင်း ရေးသားတာကို ဖတ်ရတယ်လေ။

မြို့သည် နှစ်တစ်ရာတိုင်အောင် သီလရှင်သာသနာလောက မှာ ပရိယတ်ပဋိပတ်ဂုဏ်သတင်း စာသင်စာချပြည့်စုံခြင်းဆိုတဲ့ ဂုဏ် သတင်းတွေနဲ့ အခုလိုထင်ပေါ် ကျော်ကြားနေခြင်းသည်-

၁။ တည်ရာဌာန၏ကောင်းခြင်း။

၂။ ဆရာ၏ကောင်းခြင်း၊

၃။ တပည့်၏ကောင်းခြင်းဆိုတဲ့ကောင်းခြင်းသုံးဖြာနဲ့ပြည့်စုံနေတဲ့ အတွက်ကြောင့်လို့ ဒို့ယူဆတယ်သူငယ်ချင်း။ ဒီနေရာမှာအနည်း ငယ်ချဲ့ပြီးပြောပါရစေ။

## တည်ရာဌာန၏ကောင်းခြင်း

မြို့ချောင်၏တည်ရာ နေရာက စစ်ကိုင်းမြို့၊ စစ်ကိုင်း တောင်ရိုး၊ ရှင်ပင်နံကိုင်း၏ မြောက်ဘက်နံပါးပြန့်ဖြူးသာယာသောကုန်း မြေမှာ တည်ရှိပါတယ်သူငယ်ချင်း။ ကုန်းမြေဟာ ကြေးမုံပြင်လို မညီညာ ပေမယ့် ကျောက်ဆောင်ကျောက်စွန်းတွေ ပေါ် ထွက်နေတာမျိုး မရှိဘူး လေ။ တမာဒဟတ် မန်ကျည်းစတဲ့ သစ်ပင်ပျိုတွေက မြထီးဆောင်း မိုးထားသည့်အလား အုံ့ဆိုင်းကာရံထားသဖြင့် မြေလျက်ရှိပါတယ်ကွယ်။

မိုးဦးကျပြီဆိုမှဖြင့် သူ့ထက်ငါ ကြိတ်ကြိတ်တိုး ဖူးပွင့်ကြတဲ့ တောင်ဇလပ်ခံပန်းခြံကလေးများမှ မွှေးရနံ့တွေက သင်းပျံ့ကြိုင်လှိုင် နေတယ်လေ။ သဘာဝကုန်းမြေကလေးက သာယာသလို ရှင်ပင်နံကိုင်း စေတီတော်မှ ဆည်းလဲသံ၊ သစ်ပင်ထက်ဖြားမှာ ချိုးကူသံ၊ ရှဉ့်ကလေး များ၏တက်တက်မြည်သံတို့ကလည်း မြို့ချောင်ရဲ့ ရမဏီယဂုဏ်ကို ပိုမိုပေါ် လွင်စေတယ်ပေါ့နော်။

တကယ်တမ်းပြောရရင် မြို့ဟာ မဝေးလှခြင်း၊ လူသူရှင်း၍ ကင်းဆိတ်အသံ၊ မှက်ခြင်ရန်နှင့်ပစ္စည်းလဲလွယ် မိတ်ကောင်းရယ် ငါးသွယ် ကျောင်းအင်္ဂါဆိုတဲ့ အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် သေနာသနသုတ်

လာ ကျောင်းတိုက်အင်္ဂါဝါးပါးနှင့် ပြည့်စုံတာရယ်၊ မြတ်ဗုဒ္ဓ၏ကိုယ်တော်စား ရှင်ပင်နံကိုင်းစေတီမြတ်၏ အေးမြတဲ့ရင်ခွင်ရိပ်အောက်မှာတည် ရှိနေတာရယ်ကြောင့် အခုလို ထင်ပေါ်ကျော်ကြားနေခြင်းလဲ ဖြစ်နိုင်ပါတယ်သူငယ်ချင်း. . .

ချောင်နေရာကို ရှာဖွေပေး တော်မူခဲ့တဲ့ မဟာဂန္ဓာရုံချောင်ဆရာတော်ကြီး၏ ဒီဃဒဿန-ဉာဏပုဗ္ဗင်္ဂမ - ဆင်ခြင်ရွေးချယ်နိုင်စွမ်းသော ထာမသတ္တိ၊ ဗျတ္တိဗလကား ချီးမွမ်းအံ့ဩဖွယ်ရာပါပဲသူငယ်ချင်း။

## ဆရာ၏ကောင်းခြင်း

မြို့ချောင်မှာ သာသနာပြု သွားကြတဲ့ ဆရာဘုရား၊ ဘွားဘွားကုမ္မာရီ၊ ဒေါ်ဒေါ်မိုး(ပထမကျော်၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ-အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နဲ့ ယခုလက်ရှိ သာသနာပြုနေကြသောဒေါ်ဒေါ်ကြီး (သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းအကျိုးတော်ဆောင်)စသောဆရာများသည် သာသနဝံသပါလက-သာသနရက္ခိတ- သာသနာတော်ကိုစောင့် ရှောက်တော်မူကြတဲ့ဆရာများချည်း ဖြစ်ပါတယ်သူငယ်ချင်း။

အင်္ဂုတ္တရနိကာယ် ဧကက နိပါတ် ဒုတိယပမာဒါဒိဝဂ်၌ ဟောကြားအပ်သော သာသနာတော် ပျက်စီးကွယ်ပျောက်ကြောင်းဖြစ်တဲ့ ပမာဒ- မေ့လျော့ခြင်း၊ ကောသဇ္ဇ-ပျင်းရိခြင်း၊ မဟိစ္ဆတာ- အလိုရမ္မက်ကြီးခြင်းစသောတရားများကို အမြဲရှောင်ကြဉ်ပြီး သာသနာတော်၏ ကြာမြင့်စွာတည်ခြင်း၊ မပျက်စီး မပျောက်ကွယ်ခြင်း၏အကြောင်း ဖြစ်တဲ့ အပ္ပမာဒ-မမေ့မလျော့ခြင်း၊ ဝီရိယာရမ္ဘ-ထက်သန်သော လုံ့လဝီရိယရှိခြင်း၊ အပ္ပိစ္ဆတာ-အလိုနည်းခြင်းစသော တရားများနှင့်ပြည့်စုံအောင်ကြိုးစားပြီးလျှင် အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ဆက္ကနိပါတ် သတ္တကနိပါတ်တို့၌ ဟောကြားတော်မူအပ်သော-

"အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မမှတ်၊ မမွာနုမမွတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။ ထဝါထို့ပြင်၊ စာသင် ပယ်လျော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွာ့မအံ၊ မကြံမစည်၊ ဤငါးမည်တည်း။ ဝါတစ်နည်းမှာ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဒုဗ္ဗစမူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊ ခိုက်ရန်ဖြစ်ပွား၊ ဤငါးပါးသည်၊ ဘုရားသာသနာကွယ်ကြောင်းတည်း"ဆိုတဲ့ သာသနာကွယ် ကြောင်းတရားများကို ပယ်ရှားပြီး-

အင်္ဂုတ္တိုရ်လာ သာသနာတည်ကြောင်း တရားပေါင်းကား၊ ရဟန်းများတို့၊ တရားကိုနာ၊ စာပေကိုသင်၊ နှုတ်တွင်ရွက်ဆောင်၊ သိအောင်လေ့လာ၊ လျော်စွာကျင့်ကြံ၊ ဤငါးတန်တည့်၊ တစ်ဖန်ထို့ပြင်၊ စာပေသင်ကာ ကျယ်စွာဟောပြ၊ ကျယ်ပို့ချ၍၊ ကျယ်စွရွတ်အံ၊ တွေးကြံဆင်ခြင်၊ ဤငါးအင်တည့်၊ ထို့ပြင်တဖြာ၊ အက္ခရာပုဒ်မှန်၊

တကယ်တမ်းပြောရရင် မြို့ဟာ
မဝေးလှခြင်း၊ လူသူရှင်း၍
ကင်းဆိတ်အသံ၊
မှက်ခြင်ရန်နှင့်ပစ္စည်းလဲလွယ်
မိတ်ကောင်းရယ်
ငါးသွယ်ကျောင်းအင်္ဂါဆိုတဲ့
အင်္ဂုတ္တရနိကာယ် ဒသကနိပါတ်
သေနာသနသုတ်လာ
ကျောင်းတိုက်အင်္ဂါငါးပါးနှင့်
ပြည့်စုံတာရယ်၊ မြတ်ဗုဒ္ဓ၏
ကိုယ်တော်စား
ရှင်ပင်နံကိုင်းစေတီမြတ်၏
အေးမြတဲ့ရင်ခွင်ရိပ်အောင်မှာ တည်ရှိ
နေတာရယ်ကြောင့် အခုလို
ထင်ပေါ်ကျော်ကြားနေခြင်းလဲ
ဖြစ်နိုင်ပါတယ်သူငယ်ချင်း...

သင်အံကျက်ကြ၊ ဆုံးမလွယ်ကူ၊ စာချသူများ၊ လာဘ်ပွားမှုကြဉ်၊ ချစ်ခင်ညီညာ၊ ဤငါးဖြာသည်၊ ဘုရားသာသနာတည်ကြောင်း တည်း"ဆိုသော သာသနာတော် ကြာမြင့်စွာတည်ကြောင်း တရားကောင်းများကို ကိုယ်တိုင်လည်းကျင့် သုံး၊ တပည့်များကိုလည်း ကျင့်သုံးစေကြသော ဆရာကောင်းဆရာမြတ် များချည်းသာဖြစ်ကြပါတယ် သူငယ်ချင်း။

## တပည့်၏ကောင်းခြင်း

ပထမမြို့ချောင်ဆရာဘုရားကြီးသည် မော်လမြိုင်မြို့၊ တောင်ဝိုင်းဆရာတော်၊ တွံတေးမြို့၊ မဏ္ဍာရာဆရာတော်၊ ရန်ကုန်မြို့၊ ကြားတောရွှေကျင်တိုက် ဂန္ဓာရုံကျောင်းဆရာတော် ဦးဇောတိက မိုင်းလုံတိုက်ဆရာတော် ဦးဂုဏဝါ၏ ခမည်းတော် လူပျံတော်ဦးပု၊ စစ်ကိုင်းတောင် မဟာဂန္ဓာရုံချောင်ဆရာတော် စသော ဆရာကောင်းဆရာမြတ်ကြီးများ၏ တပည့်ကောင်းကြီးဖြစ်သကဲ့သို့ ပထမမြို့ချောင်ဆရာဘုရားကြီးမှ ဝံသမပျက် ဆင်းသက်လာသည့် ယခုလက်ရှိ မြို့ချောင်နာယကဆရာကြီးများသည်လည်း ဆရာကောင်းတပည့်များဖြစ်ကြပါတယ် သူငယ်ချင်း။

ထိုဆရာ့ဆရာကြီးများကလဲ မိမိတို့ရဲ့ အန္တေဝါသိကတပည့်များကို အာစရိယောပဒေသ အဆုံးအမသြဝါဒများပေးကာ အမြဲမပြတ်ဆုံးမတော်မူကြ၍ တပည့်များကလည်း ဆရာသမားများ၏သြဝါဒအတိုင်း လိုက်နာကျင့်သုံးကြသဖြင့် ပရိယတ္တိသာသနာတော်အတွက် အားကိုးအားထားပြုနိုင်လောက်အောင် ထူးချွန်ထက်မြက်သော အစိုးရစမ္မာစရိယအောင် တပည့်ကောင်း နှစ်စဉ်မပျက် ပေါ်ထွက်လျက်ရှိနေပါတယ် သူငယ်ချင်း။

သူငယ်ချင်းရေ. . .

နှစ်တစ်ရာပြည့် ပွဲတော်ကြီး ဆင်ယင်ကျင်းပမည့် မြို့ချောင်

မော်လမြိုင်သီလရှင်စာသင်တိုက်ကြီး၏ (၁) ကောင်းသောတည်ရာဌာန၊ (၂) ဒေါ်ကဥ္စနဝတီ၊ ဒေါ်ဣန္ဒသိင်္ဂီစသော ဆရာသမားကောင်းများ (၃) ဆရာ၏အဆုံးအမကို နာယူလွယ်သော တပည့်ကောင်းများနှင့် ပြည့်စုံခြင်းတို့ကြောင့် ယခုထက်တိုင် တိုးတက်စည်ပင်ဖွံ့ဖြိုးသော သာသနာ့ကျက်သရေဆောင် ကျောင်းတော်ကြီးအဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တည်ရှိနေခြင်းဖြစ်ပါတယ်သူငယ်ချင်း။

ကဲ သူငယ်ချင်းရေ

ဒို့ရဲ့စာလဲ အတော်ရှည်သွားပြီနော်။ သူငယ်ချင်းဝမ်းသာရအောင် ကြည်ညိုစိတ်တွေဖြစ်ပြီး ကုသိုလ်တရားတွေ ပွားများနိုင်အောင် ရေးလိုက်ခြင်းဖြစ်ပါတယ်ကွယ်၊ ဆရာသမားတွေရဲ့ ကျေးဇူးကို တတ်စွမ်းသမျှ ဆပ်လိုက်တာဆိုရင်လဲ မမှားဘူးပေါ့နော်။

မြေို့ရဲ့ အရိပ်ကို မှီခိုဘူးတဲ့ တပည့်တစ်ဦးအနေနဲ့ ယခုလို သူငယ်ချင်းတို့ ကြည်ညိုရအောင် ကုသိုလ်ရအောင် ဂုဏ်ယူဝမ်းသာရအောင် ပြောပြခွင့်ကျေးဇူးဆပ်ခွင့်ရတာကိုပဲ ဒို့ကတော့ ဝမ်းသာဂုဏ်ယူလို့မဆုံးပါဘူးနော်။

ကျေးဇူးရှင်ဆရာသမားများရဲ့ အဆုံးအမဩဝါဒနဲ့ ချမှတ်ပေးထားတဲ့ လမ်းစဉ်တွေကို ဦးထိပ်မှာ ပန်ဆင်ပြီး ဆရာသမားများရဲ့ ကျေးဇူးတွေကို ဆပ်နိုင်တဲ့တပည့်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ သန္နိဋ္ဌာန်ပြုရင်း. . . .

မင်းရဲ့သူငယ်ချင်း

**သီတလကာမီ**

ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယကဝိဒူ

သံယုတ္တနိကာယကဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ

M.A(Buddhist Academy Mandalay)



# မြို့ဆရာယနှာ
# မြို့စရာ

**ဒုဋ္ဌဝတီသူ**

ဖြစ်ပေါ်ရင်းမူလ ဘယ်ကဟုအစမရှိသော ဒုက္ခိတသတ္တဝါ သံသရာခရီးသည်တို့မှာ သက္ကာယဒိဋ္ဌိ တည်ရှိသ၍ ယနေ့ နတ်သား နတ်ဖြန်ခါ ဖားဖြစ်ပုံအလား ဘုံသုံးပါး၌ ချားရဟတ် ကဲ့သို့ အဆုံးမသတ် တပတ်ပတ်တချာချာ ဖြစ်ပျက်ခါနေရသည့် ဝဲဩဃအဏ္ဏဝါ သံသရာဘေးကို တရေးရေးမြော်မြင်၍ ဘုရားရှင်သာသနာတွေ့ကြုံပါသော်လည်း ကိလေသာအပွက်နှင့် နေ့ရက်သာကုန်လို့မို့ ကာမဂုဏ်အာရုံထဲ တဝဲဝဲပျော်ပါး၍ တရားနှင့်ဝေး အပါယ်ဘေး ပြေးသော်လည်းမလွတ် မကျွတ် သမျှ မုချပင်ရောက်ရမည့် ကြောက်စရာ့ဖြစ်ပုံ ဤလူ့ဘုံမနှုသာ။

ဒီစကားက မြို့ဆရာဘုရား ရေးသွားခဲ့တဲ့ နိဗ္ဗာနပဗေဝသနီ ကျမ်းအစ နိဒါန်းထဲက ကောက်နှုတ်ချက်ပါ။ ကိလေသာအတွက်နဲ့

နေ့ရက်အချိန်ကုန်ဆုံး ကာမဂုဏ်ထဲဝဲလည်နေကြတဲ့စာရေးသူတို့ကို သံသရာခရီးသွားများကို သနားငဲ့ညာအမျှော်အမြင်ကြီးမားစွာနဲ့ ဒီမြို့ချောင်နေရာလေးကို စတင်တည်ထောင်သာသနာပြုသွားသူကတော့ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ထန်းကုန်းရပ် ခမည်းတော် ဦးထွန်းပေါ် မယ်တော် ဒေါ်နှင်းအေးတို့၏ သမီးထွေး (ဒေါ်ကုမ္မာရီ)ဖြစ်ပါတယ်။

ဆရာဘုရားဟာ ဒီ(မြို့ချောင်) နေရာလေးကို ၁၂၇၀-ပြည့်နှစ်က စတင်ပြီး နှစ်ပေါင်းလေးဆယ်ကျော် သာသနာပြုနေထိုင်သွားခဲ့ပါတယ်။ ဒီလိုနှစ်ပေါင်းလေးဆယ်ကျော်ကျော်လောက် သာသနာပြုနိုင်ဖို့ ဆရာဘုရားဟာ ချောင်မတည်ထောင်မီကတည်းက အဖက်ဖက်က ပြည့်စုံအောင်ကြိုးစားခဲ့ပါတယ်။

ဒီလိုကြိုးစားခဲ့လို့လည်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကိုယ်တော်တိုင် နေရာရွေးချယ်ညွှန်ပြ ချောင်တည်စေခဲ့ပြီး မြို့ချောင်ဟု အမည်နာမသမုတ်ပေးခဲ့ပါတယ်။ နှစ်ပေါင်းလေးဆယ်ကျော်ကျော်အတွင်း စည်းစနစ်ကျကျ သီလရှင်ဥပဒေနှင့်အညီ အုပ်ချုပ်ခဲ့ပါတယ်။

တပည့်များကို လိမ္မာယဉ်ကျေးစေချင်တဲ့စေတနာ အသိအလိမ္မာ ဉာဏ်ပညာတိုးပွားစေချင်တဲ့စေတနာ။ ဒီလို စေတနာပေါင်းမြောက်မြားစွာနဲ့ မေတ္တာကရုဏာရှေ့ထားပြီး သာသနာပြုရင်း သက်တော် (၈၂) နှစ် ၁၃၁၆-ခုနှစ်၊ တန်ခူးလဆုတ်(၁)ရက်နေ့ညမှာတော့ ဘဝနတ်နန်းစံမြန်းသွားခဲ့ပါတယ်။

ဆရာဘုရားမရှိတော့တဲ့နောက်ပိုင်းမှာ ယခုလက်ရှိ အုပ်ချုပ်နေတဲ့ ချောင်ဆရာကြီး ဒေါ်ဒေါ်ဒေါ်ကဥ္စနဝတီ (သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းအတွင်းရေးမှူး)က ဆက်လက်ပြီး သာသနာပြုနေပါတယ်။

စာရေးသူကတော့ ဆရာဘုရားကြီးကို မမီလိုက်ပါဘူး။ ယခုလက်ရှိဒေါ်ဒေါ်လက်ထက်ရောက်မှ သီလရှင်ဖြစ်တာပါ။ ဒေါ်ဒေါ်ပြော

ပြလို့ ဆရာဘုရားကြီး အကြောင်းကို သိရတာဖြစ်ပါတယ်။ ဆရာဘုရားကို မတွေ့မမြင်ဘူးလိုက်ပေမယ့် ယနေ့အထိ ဆရာဘုရားကြီး မေတ္တာရိပ်က လွှမ်းခြုံနေဆဲလို့ ထင်မိပါတယ်။

အကြောင်းကတော့ နှစ်ပေါင်းလေးဆယ်ကျော်လောက် တပည့်တွေအပေါ် မေတ္တာတရားကြီးမားစွာနဲ့ သာသနာပြုသွားတဲ့ဆရာဘုရားရဲ့စေတနာတွေကို ဆက်လက်သယ်ဆောင်လာတဲ့ (ဆရာဘုရားနည်းတူ) ဒေါ်ဒေါ်ရှိနေလို့ဖြစ်ပါတယ်။

ယခုနှစ် ၁၃၇၀-ပြည့်နှစ်မှာဆိုရင် ဧမြို့ချောင် သက်တန်းနှစ်(၁၀၀)ပြည့်ပါပြီ။ နှစ်တစ်ရာပြည့်သက်တန်းကို ကြည့်ခြင်းအားဖြင့် ထိမ်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ဆရာသမားများရဲ့ အရည်အချင်းများကြောင့် ဖြစ်ပါသည်။

ဆရာဘုရားကြီး ရေးဆွဲပေးခဲ့တဲ့ သီလရှင်စည်းကမ်းဥပဒေနဲ့ အညီ စေတနာမေတ္တာ ကရုဏာပေါင်းများစွာနဲ့ ယနေ့အထိ သာသနာပြုနေဆဲပါ။ နောင်နှစ်ပေါင်းများစွာ ဆက်လက်သာသနာပြုနေဦးမှာပါ။

ဘာဖြစ်လို့လဲလို့ဆိုတော့ ယခု ၁၃၇၀-ပြည့်နှစ်မှာ ဒေါ်ဒေါ် အသက်က (၉၀)ကိုးဆယ်အတွင်းဆိုပေမယ့် သီလရှင်ငယ်လေးတစ်ပါးလို သွက်သွက်လက်လက် ထက်ထက်မြက်မြက်သာသနာ့တာဝန်တွေကို ထမ်းဆောင်နေဆဲမို့ပါ။

ဒေါ်ဒေါ်သက်တော်ရာကျော် ရှည်ပါစေ။
စေတနာမေတ္တာကြီးမားစွာနဲ့ဆက်လက် သာသနာပြုနိုင်ပါစေ။
ဒေါ်ဒေါ်နည်းတူ ဆရာတပည့်များ ပေါ်ထွန်းနိုင်ပါစေ။
ဧမြို့သာသနာ အဓွန့်ရှည်ကြာ ခိုင်ခန့်ပါစေ. . . လို့
ဆုတောင်းပတ္ထနာပြုလျက်

သုခိ အတ္တာနံ ပရိဟရန္တု။
ဒုဋ္ဌဝတီသူ
ဧမြို့ချောင်

# ဆရာကြီးများ၏

# ဩဝါဒ အနုသာသနီ

တပည့်-ဓရာဝတီ(မြို့-ချောင်)



စာရေးသူသည် စစ်ကိုင်းတောင်ရိုး၌ စာပေသံယောဇဉ် အငြိတွယ်ဆုံးဖြစ်ရာဌာနဖြစ်သည်။ ဆရာဘုရားကြီး ဒေါ်ကုမ္မာရီသည် စစ်ကိုင်းတောင်ရိုး၌ မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးကို ၁၂၇၀-ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

မြို့ချောင် ဆရာဘုရားကြီးသည် ၁၃၁၆-ခုနှစ်တွင် ကွယ်လွန်သဖြင့် ယခုသာသနာပြုနေသော တပည့်တော်တို့၏ ဆရာကြီးအား ဆက်လက်သာသနာပြုစေရန် လက်ဆင့်ကမ်းခဲ့ပါသည်။ ဆရာကြီးနှင့် တူမရင်းဖြစ်သူ ဒေါ်ဣန္ဒသိင်္ဂီကိုလည်း လက်ထောက်ချောင်ဆရာအဖြစ် တာဝန်ယူစေ၍ အုပ်ချုပ်ခဲ့ကြသည်မှာ အနှစ်(၅၀)ကျော်ခန့်ရှိခဲ့သည်။

ဆရာကြီးတို့သည် တပည့်များစွာတို့အား သိတင်းနေ့တိုင်း ဆုံးမဩဝါဒပေးတော်မူကြပါသည်။ ဘုရားရှင်မိန့်ကြားတော်မူသည့် ပါသာဒိကေန သမ္မာဒေထ ဟူသောတရားတော်ကို အခြေခံ၍ တပည့်တို့အား သာသနာတော်၌ အများကြည်ညိုဖွယ်ဖြစ်အောင် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ဆောင်နိုင်အောင်ကြိုးစားကြရမည်ဟု မကြာခဏဆုံးမလေ့ရှိခဲ့ပါသည်။

သာသနာတော်ကြီး ပျက်စီးရာရောက်စေတတ်သည့် အပြုအမူ အပြောအဆို များစွာတို့ကို မပြုလုပ် မပြောဆိုမိစေရန် ဆုံးမခဲ့ကြသည်မှာ တပည့်တို့စိတ်ထဲ၌ သံမှိုနှက်ထားသကဲ့သို့ စွဲမြဲစွာ တည်ရှိနေခဲ့ပါသည်။

ဆရာကြီးများသည် တပည့်အပေါင်းတို့အား ပိဋကကျမ်းစာများကို ပို့ချခဲ့ကြ၍ တပည့်အကျော်အမော်များ ပေါ်ထွန်းခဲ့ပါပြီ။ သာသနာတော်၏အသက်သဖွယ်ဖြစ်သော စည်းကမ်းဥပဒေကျမ်းများကိုလည်း ဆရာကြီးများ အလွန်လေးစားကြပါသည်။

မြို့ချောင်ပဓာနနာယကဆရာကြီးသည် စစ်ကိုင်းတောင်ရိုး သာသနာတော်လုံးဆိုင်ရာ ပရဟိတတိုင်းအကျိုးတော်ဆောင်လုပ်ငန်းမှ စ၍သာသနာရေးလုပ်ငန်းတို့ကို ယနေ့အထိ ထမ်းဆောင်လျက်ရှိနေပါသည်။

ပဓာနနာယကဆရာကြီးသည် "မလုပ်မပြော လုပ်မှပြော သဘောစင်လှစွ"။ "အပြောသာခဲ့ အလုပ်မဲ့ ကဲ့ရဲ့မလွတ်ချေ"ဟူသော စကားအတိုင်း ပြောသည့်အတိုင်းလုပ်၊ လုပ်သည့်အတိုင်း ပြောပြီး အနုသာသနီစကားတို့ဖြင့် တပည့်များစွာတို့အား သွန်သင်ဆုံးမတော်မူခဲ့ပါသည်။

ဆရာကြီးများသည် စာချ တပည့်သီလရှင်များအား အားပေး ထောက်ပံ့ချီးမြှောက်ခြင်း၊ မိမိပိုင် လာဘ်လာဘများကို ခွဲဝေလှူဒါန်း

ခြင်းစသည်အားဖြင့် ချီးမြှောက်လေ့ရှိပါသည်။

တူမအရင်းဖြစ်သူ ဆရာကြီး ဒေါ်ကုန္တသီရိသည် လက်ရှိတပည့်များသာမက နောင်တပည့်များဆက်လက်ပို့ချသင်ယူနိုင်ရေးအတွက် ဓမ္မပဒစွယ်စုံကျမ်း၊ သဒ္ဒါစွယ်စုံကျမ်းစာများကို ဖြန့်ချီထုတ်ဝေခဲ့ပါသည်။ ဆရာကြီးဒေါ်ကုန္တသီရိသည် မိမိတပည့်များအပေါ်၌ ကိုယ်အမူအရာ နှုတ်အမူအရာ ကရုဏာသုခ၊ စိတ္တသုခဖြစ်အောင် ဆုံးမပြောဆိုတတ်သည်မှာ အလွန်လေးစားကြည်ညိုထိုက်ပါသည်။

ဆရာကြီးများသည် ရိုးသားဖြောင့်မတ်သည့်ဥဇုဂုဏ်၊ နူးညံ့သိမ်မွေ့သော ကိုယ်နှုတ်နှလုံးရှိသည့်မုဒုဂုဏ်၊ မမောက်မမာ လွန်စွာနှိမ့်ချအပ်သော အနုတိမာနိဂုဏ်တော်တို့နှင့်ပြည့်စုံထင်ရှားလှပါသည်။

ဆရာကြီးများသည် သာသနာရေး လက်မနှေးဘဲ ယုံကြည်မှုသဒ္ဓါ၊ အားထုတ်မှုဝီရိယ၊ အစဉ်မပြတ်အောက်မေ့မှုသတိ၊ တည်ကြည်မှုသမာဓိ၊ မြော်မြင်ဆင်ခြင်မှု ပညာဟူသော ဗလငါးတန်တို့ဖြင့် ကြိုးစားထမ်းဆောင်တော်မူသောကြောင့် လူအများ လေးစားကြည်ညိုမှုခံကြရပါသည်။

ဤသို့သော ဂုဏ်ကျေးဇူးအမွန်အထူးတို့နှင့်ပြည့်စုံသောကြောင့် နိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ပူဇော်ဆက်ကပ်ခြင်းကို ခံကြရပါသည်။

ဆရာကြီးများသည် တပည့်စာသင်သားများအား ဆရာကောင်းတပည့်ပန်းကောင်းပန် ဖြစ်စေရန် အသိအမြင်ဗဟုသုတတရားများကို တိုးတက်စေရန် သာသနာပြုနည်းလမ်းများကိုလည်း ညွှန်ပြတော်မူလေ့ရှိပါသည်။


ယခုလို ဆရာကြီးများ၏ဩဝါဒကထာနှင့်ဂုဏ်ကျေးဇူးများ ပူဇော်ခွင့်ရခဲ့သည်မှာ တပည့်များစိတ်၌ ဖရဏာပီတိ ဂွမ်းဆီထိသို့ ပီတိများစွာဖြစ်ခဲ့ရပါသည်။

သီလသမာဓိပညာ သိက္ခာသုံးရပ် အကျင့်မြတ်နှင့်ပြည့်စုံတော်မူသော သာသနာ့ကျေးဇူးရှင် မြို့ချောင် ပဓာနနာယကဆရာကြီးသည် သက်တော်ရာကျော်ရှည်လျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး ဘာသာအကျိုးများစွာတို့ကို သည်ပိုးရွက်ဆောင်နိုင်ပါစေဟူ၍ ဆုတောင်းပတ္ထနာပြုလျက် ခြေတော်အစုံ အကြိမ်ကြိမ် ဦးညွတ်ပူဇော်ကန်တော့လိုက်ရပါသတည်း။ ။

ကုသိုလ်အကျင့် ရဲရင့်စိတ်ဓာတ် အတတ်ပညာ
စီးပွားရှာ စိတ်မှာ စွဲမြဲစေ။
ဤသည့်ငါးဖြာ ပြည့်စုံလာ ရတနာသားမြတ်သမီးမြတ်ပေ။

တပည့် ရေဝတီ
မြို့ချောင်





# သူတော်ကောင်းပုံရိပ်

လိမ္မာညာဏ်

B.A မန္တလေး

"သူတော်ကောင်းတို့နေထိုင်ရာ စစ်ကိုင်းတောင်ရိုးမှာ" ဆိုသည့် စာသားလေးကို ဖတ်မိပြီးကတည်းက စစ်ကိုင်းတောင်ရိုးရောက်ချင်သည့် စိတ်တွေ တဖွားဖွားဖြစ်ပေါ်ခဲ့ပါသည်။ သူတော်ကောင်းတစ်ယောက် ဖြစ်ချင်သည့်ဆန္ဒနှင့်နွယ်တော်သာကီ ဂေါတမီနှင့်ရုပ်ရည်မခြား တမိဖွား သို့ အလားပုံသွင်ရှိသော ဆရာလေးတို့နေထိုင်ရာ အပူဝေးကွာ အေးချမ်းသာယာသည့် မြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက် သို့ စာသင်သားအဖြစ်နှင့်ရောက်ခဲ့ပါသည်။

**ပထမဆုံးဆရာကြီးနှင့်တွေ့ဆုံခြင်း**

ချောင်အတွင်း ရောက်ပြီဆိုလျှင် စာသင်သားကို ဆရာကြီးထံ အပ်နှံရ သည်မှာ ချောင်တိုင်း၏စည်းကမ်းတစ်ခု ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိသည် ဥပဇ္ဈာယ်ဆရာနှင့်အတူ ချောင်ဆရာ ကြီးထံသွားကြပါသည်။ ဆရာကမိမိ အား မြို့ဆရာကြီးထံအပ်နှံပေးပါ သည်။

ချောင်ဆရာကြီးဒေါ်ဒေါ်ကို တွေ့မြင်လိုက်သည်နှင့် သူတော် ကောင်းပုံရိပ်လက္ခဏာ အရင်ဆုံးသတိ ထားမိပါသည်။ ဒေါ်ဒေါ်ပြော လိုက်သည့်စကားတွေကို ကြည့်ခြင်းအားဖြင့် တပည့်များအပေါ်မှာ ဖိနှိပ်ချုပ်ချယ်လိုသည့်စိတ်၊ မတရားအနိုင်ရလိုသည့်စိတ်မျိုးကင်းစင်ပြီး စာသင်သားတပည့်များအပေါ် မြှင့်တင် ပေးချင်သည့်စိတ်က လွှမ်းမိုးနေ သည်ကို အကဲခတ်မိပါသည်။

## ဆရာကြီး၏ဩဝါဒစကား

ဒေါ်ဒေါ်သည် တပည့်သားများကို သူတော်ကောင်းစိတ် မွေးကြပါဟု ဆုံးမဩဝါဒအမြဲပေးပါသည်။ ဒေါ်ဒေါ်ကိုယ်တိုင်လည်း သူတော်ကောင်းစိတ်ရှိအောင် အမြဲနှလုံးသွင်းနေကြောင်း မကြာခဏ ပြောပြပါသည်။ ဒေါသ ဖြစ်ဖွယ်နှင့်ကြုံလျှင်လည်း ခဏမျှသာဖြစ်ပါသည်။ မကောင်းသည့် စိတ်တွေဖြစ်၍ကြာရှည်လက်မခံပါ။ ဒို့က ပြောပြီးရင် ပြီးတာပဲလို့ ဒေါ်ဒေါ်က ပြောဆိုလေ့ရှိပါသည်။

သူတော်ကောင်းတို့မည်သည် အကျိတ်အခဲအမြဲမရှိဆိုသည့် စကားလို မကောင်းမှုကို အကျိတ်အခဲကြီးလို လုပ်ထားလေ့မရှိကြပါ။ ဒေါ်ဒေါ်သန္တာန်၌သူတော်ကောင်းစိတ်ရှိနေကြောင်းမှာပေါ်ပေါ်လွင်လွင် သိသာနိုင်ပါသည်။

သူတော်ကောင်းစိတ်ရှိသောပုဂ္ဂိုလ်များ၏လက်အောက်မှာ ကြာကြာနေရပါလျှင် ဆုံးမစကားတွေ အမြဲကြားနေရ၍လည်းကောင်း၊ ဆရာသမားများနှင့်နီးနီးကပ်ကပ်နေရ၍လည်းကောင်း တစ်နေ့ကျလျှင် မိမိကိုယ်တိုင်လည်း သူတော်ကောင်းတစ်ယောက်ဖြစ်လာနိုင်ကြောင်း ယုံကြည်ပါသည်။

## သာသနာ့စိတ်အပြည့်အဝရှိသောဆရာကြီး

ဒေါ်ဒေါ်သည် သာသနာတော်ကို အလွန်ကြည်ညိုသူတစ်ဦးဖြစ်ပြီး သာသနာတော်ကြီးတိုးတက်ကြီးပွားအောင် အမြဲနှလုံးသွင်းနေသူတစ်ဦးဖြစ်ပါသည်။ အထူးသဖြင့် မိမိအုပ်ချုပ်နေသော မြို့ချောင်သာသနာအစဉ်တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

သာသနာတော်မှာ ပညာလည်းတတ် စိတ်ကောင်းလည်းရှိသော ပုဂ္ဂိုလ် ပညာမတတ်သော်လည်း စိတ်ကောင်းရှိသောပုဂ္ဂိုလ်ဆိုပြီး အလိုရှိအပ်သော ပုဂ္ဂိုလ်နှစ်မျိုးရှိကြောင်း၊ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင် မိမိတို့လည်း

ပါဝင်နိုင်အောင်ကြိုးစားကြစေလိုကြောင်းဖြင့် တပည့်များကို ဆုံးမဩဝါဒ ပေးလေ့ရှိပါသည်။

ပညာလည်းမတတ်၊ စိတ်ကောင်းလည်းမရှိသော ပုဂ္ဂိုလ်၊ ပညာတတ်သော်လည်း စိတ်ကောင်းမရှိသောပုဂ္ဂိုလ်များသည် သာသနာတော်မှာ မလိုအပ်သည့်သူများဖြစ်သည်။ ထိုသူတို့မှာ သာသနာပြုပုဂ္ဂိုလ် မဖြစ်နိုင်။ သာသနာဖျက်ပုဂ္ဂိုလ်များသာ ဖြစ်နိုင်သည်။ သို့ဖြစ်၍ သာသနာပြုပုဂ္ဂိုလ်ဖြစ်အောင် ပညာတတ်အောင်လည်းသင်ရမည်။ သူတော်ကောင်းစိတ်အမြဲရှင်သန်နေရမည်ဟု ဆုံးမလေ့ရှိပါသည်။

မေတ္တာနှင့်ယှဉ် စိတ်ထားလျှင် အစဉ်ကြီးပွားမည်ဆိုသည့် စာသားလေးနှင့်အညီ ဒေါ်ဒေါ်သည် တပည့်များအပေါ်မှာ မေတ္တာဓာတ် အပြည့်အဝထားပြီး အုပ်ချုပ်ခဲ့ပါသည်။ တိုင်းရင်းသားများဖြစ်သည့် ပအို့၊ ပလောင်၊ ရှမ်း၊ ကချင်၊ ချင်းစသည့်လူများဆိုလျှင် အဝေးမှ လာပြီး ပညာရှာသူတွေ ဖြစ်သည့်အတွက် ပိုလို့ပင်မေတ္တာသက်ဝင် ပါသေးသည်။

အဆင်မပြေသည့်တပည့်များကိုလည်း အဆင်ပြေအောင် မေတ္တာဖြင့်သိမ်းသွင်းပြီးဆုံးမပါသည်။ အဆင်ပြေသောတပည့်များကို လည်း စည်းကမ်းတကျ ဝိနည်းနှင့်အညီ နေတတ်ရန်နှင့်ပစ္စည်းများကို သုံးစွဲတတ်ရန် ပြောဆိုဆုံးမပေးပါသည်။ မယဉ်ကျေးသောတပည့်များကို ယဉ်ကျေးအောင် ပညာမတတ်သေးသော တပည့်များကို ပညာတတ် ဖြစ်အောင် ရှေ့ဆောင်ညွှန်ကြားမေတ္တာကရုဏာတရားများနှင့် မြို့ သာသနာတော်ကြီးအရှည်ခန့်ပြီး တည်တံ့အောင် အုပ်ချုပ်ခဲ့သည်။

## ဘုန်းရှင်ကံရှင်ဖြစ်ရန်

ဒေါ်ဒေါ်သည် တပည့်များကို ပညာတတ်ဖြစ်ရုံနှင့်ဘုန်းရှင်ကံရှင် မဖြစ်နိုင်သေးကြောင်း ဘုန်းရှင်ကံရှင်ဖြစ်ကြောင်း ကုသိုလ်ကောင်းမှု

တွေလုပ်နိုင်မှ ဖြစ်နိုင်ကြောင်း ကြိုးစားကြဖို့လိုကြောင်း ဩဝါဒပေးပါသည်။ ဘုန်းရှင်ကံရှင်ဖြစ်ရန်အတွက် ကုသိုလ်ကောင်းမှုတွေ များများပြုလုပ်ကြပြီး မိမိထက် အသက်သိက္ခာဂုဏ်ဝါကြီးသူတွေကို ဂါရဝနိဝါတရှေ့ထားပြီး ရိုရိုသေသေဆက်ဆံနိုင်မှ ဘုန်းရှင်ကံရှင်ဖြစ်နိုင်ပါသည်။

ဘုန်းကံဆိုတာ လုပ်လို့ရသောဘုန်းကံ၊ မလုပ်ဘဲရသောဘုန်းကံလို့ နှစ်ခုရှိသည်။ မလုပ်ဘဲရသောဘုန်းကံဆိုသည်မှာ အတိတ်ကပါလာသောဘုန်းကံဖြစ်သည်။ လုပ်မှရသောဘုန်းကံဆိုသည်မှာ ပစ္စုပ္ပန်ဖြစ်သည်။ ပစ္စုပ္ပန်မှာ ကုသိုလ်ကောင်းမှုတွေ များများလုပ်လျှင် အနာဂတ်မှာလည်း ကောင်းကျိုးတွေပေးပြီး ယခုမျက်မှောက်မှာလည်း ကောင်းကျိုးတွေရပြီး ဘုန်းရှင်ကံရှင်တစ်ယောက်ဖြစ်နိုင်သည်ဟု ဆုံးမဩဝါဒပေးပါသည်။

ဒေါ်ဒေါ်သည် ဂါရဝတရားနိဝါတတရားရှိသူကို လေးစားသည်။ ခေါ်လိုက်လျှင်ချက်ခြင်းလာ မှကြိုက်သည်။ သွက်လက်ချက်ခြာပြီး မှန်ကန်တိကျမှု ပြုလုပ်တတ်သော တပည့်လေးများ ဖြစ်စေချင်သည်။ အားလည်းပေးသည်။ ဒေါ်ဒေါ်ခေါ်၍ခိုင်းသည့်အခါ ဆရာသမား စိတ်တိုင်းကျဖြစ်အောင် စိတ်ချမ်းသာမှုရ အောင်တပည့်များက သတိထားဆောက်ရွက်ကြပါသည်။

ဒေါ်ဒေါ်သည် အရိပ်ကောင်းသော သစ်ပင်ကြီးနှင့်တူပါသည်။ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှာ သစ်ပင်လည်း မပေါက်၊ နေရောင်လည်းမထိုး၊ မိုးပေါက်လည်းမကျနိုင်အောင် ထုထည်ကြီးမားသလို ဒေါ်ဒေါ်၏မေတ္တာထုသည်လည်း ကြီးမားလှပါသည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရဆိုသည့်စကားလို ဒေါ်ဒေါ်၏အရိပ်အောက်မှာ တပည့်ပေါင်းများစွာနေထိုင်ပြီး စာပေသင်ကြားနေကြပါသည်။ ပညာစုံ၍ ချောင်ခွဲသောတပည့်များကိုလည်း ဆက်လက်အားပေး

စောင့်ရှောက်ပါသည်။


သူ့ဂုဏ်ကျေးဇူး မမေ့ဘူး၊ အထူးအောက်မေ့ဖွယ်ဆိုသည့်စကားနှင့်အညီဒေါ်ဒေါ်သည် သူ၏ဆရာဖြစ်သောပထမမြို့ချောင်တည် ချောင်ဆရာကြီး ဒေါ်ကုမ္မာရီကို တပည့်များအထူး အောက်မေ့ဖွယ်အဖြစ် တစ်နှစ်ကို ဝါဝင်ဝါထွက် နှစ်ကြိမ်ရုပ်တုအား မြတ်မြတ်နိုးနိုးရှိခိုးကြရပါသည်။ အစဉ်အလာကောင်းတစ်ရပ်ဖြစ်အောင် စီစဉ် ဆောင်ရွက်ခြင်းဖြစ်ဟန်တူပါသည်။

ပထမမြို့ချောင် ဆရာကြီး ၏ကျေးဇူးတရားများ အလွန်ကြီးမားကြောင်း စာသင်သားများ ချမ်းချမ်း သာသာနေထိုင်ရန်နှင့်ချမ်းချမ်းသာသာ ပညာသင်ကြားနိုင်ရန် စည်းမျဉ်းဥပဒေများ ချမှတ်ထားခဲ့ကြောင်း မြို့သာသနာကို အဆက်ဆက်စောင့်ရှောက်ကြမည့်သီလရှင်များအား ချမ်းသာစွာနေနိုင်ရန်အိပ်ရာ များခင်းပေးသလိုဖြစ်ကြောင်း မြို့ချောင်၏သာသနာ့မိခင်ကြီးဟု တင်စားခေါ်ထိုက်ကြောင်းစသည်ဖြင့် ဒေါ်ဒေါ်က ဆရာသမား၏ကျေးဇူးကို အားပါးတရပြောပြပါ သည်။

ဒေါ်ဒေါ်သည် သူတော်ကောင်းစိတ် ယိုဖိတ်လျက် မေတ္တာစိတ်အပြည့်အဝနှင့် ဘုန်းကံရှိသောတပည့်များဖြစ်အောင် ရှေ့ဆောင်ရှေ့ရွက်ပြုလျက် ယခုအသက်(၈၈)နှစ်ရှိသည့်တိုင်အောင် စာပေများပို့ချပေးလျက် ရှိပါသေးသည်။

အပူဒဏ်ကြောင့် စိတ်ရုပ်ခန္ဓာ
မချုပ်ခင်မှာ အကျွန်ုပ်သန္တာန်
သူတော်ကောင်းစိတ်ဝင်ရန် ကြိုးစားလျက်ပါ။

လိမ္မာဉာဏ်(ဘီအေဓမ္မာစရိယ)
မြို့ချောင်





# နောင်တကကင်းစို့ အလုပ်ကြိုးစားစို့

## သုခေသီ(ထိလာ)

မွန်တိုင်းရင်းသူ ဆရာကြီးဒေါ်ကုမ္မာရီမှ ၁၂၇၀-ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့၍ ယခုအခါ ထူးထူးခြားခြားရာပြည့်ဂုဏ်ပြုပူဇော်ပွဲကြီးဖြင့် ချီးကျူးခံနေရသော ဧမြို့ချောင် မော်လမြိုင်သီလရှင်စာသင်တိုက်ကြီးသည် ချမ်းသာကြီး ချမ်းသာရဘုရားများကို ဦးခိုက်အရိုအသေပေးလျက် တည်ရှိနေသောကြောင့် ဘုရားဝတ်ပြုနေသူကို မြင်ရဘိသကဲ့သို့ ကျက်သရေရှိလှပေသည်။

ခရေ ကုံ့ကော် ရွက်လှတမာ ပန်းမာလာစုံစိုက်ပျိုးထား၍လည်းကောင်း အစီအရီကျောင်းဆောင်များကို စီတန်းဆောက်လုပ်ထား၍လည်းကောင်း ငယ်လတ်ကြီးကျော် စာချတန်းပညာရပ်များကို သင်ကြားနေသော ဆရာလေးများ၏ စာပေသင်အံပို့ချသံတို့ဖြင့် သာသနာတော်မြတ်ကြီးကို နေ့ည

ပူဇော်နေကြ၍လည်းကောင်း ယခုကဲ့ သို့ လှုပမှုတွေ ဝေဝေဆာဆာဖြင့် ဖန်တီးထားမှုတွေကြောင့် မြို့ ချောင်ကြီးသည် ပို၍ပို၍ကျက်သရေရှိလှ ပေသည်။

မြို့မိခင်ဆရာကြီး ဒေါ်ကုမ္မာရီ၏အမွေအနှစ်တွေကို ဆက်ခံ ထိန်းသိမ်းစောင့်ရှောက်လျက်နေသူ ပဓာနနာယကဆရာကြီး ဒေါ်ဒေါ် ဒေါ်ကဥ္စနဝတီသည် လက်ထောက်ချောင်ဆရာ တူမဒေါ်က္ကန္ဒသိဇ္ဇ (ပထမကျော်ဓမ္မာစရိယ၊ ပါဠိပါရဂူ)၏အကူအညီဖြင့် မြို့ချောင်ကို ယခုလို ရာပြည့်ဂုဏ်ထူးဆောင်ဘွဲ့ရယူနိုင်ခဲ့သည်အထိ အစဉ်အမြဲ ကျက်သရေရှိနေအောင် ကြိုးစားဖန်တီးနေသူများဖြစ်ကြသည်။

အနန္တဂုဏ်းဝင် ကျေးဇူးရှင်ဆရာနှစ်ပါးတို့သည် တစ်ရာကျော် နှစ်ရာနီးပါးရှိ တပည့်တွေကို စည်းကမ်းတကျ နိုင်နိုင်နင်းနင်းထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်း၊ မပျက်မကွက်စာပေများပို့ချပေးနေခြင်းဟူသော ဝီရိယစွမ်းအား သဒ္ဓါတရားတို့ဖြင့် ရှေ့ဆောင်လမ်းပြသဖွယ် သာသနာ ပြုတော်မူနေကြပါသည်။

စာရေးသူတို့အား ယခုဘဝကြီးပွားရေးအတွက် ပညာရေး တိုးတက်မြင့်မားအောင် ပရိယတ်စာပေမျိုးစုံသင်ကြားပေးကြသလို သံသရာ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ရေးအတွက် နိဗ္ဗာန်ရောက်ကြောင်း ပဋိပတ်တရားကောင်းများကိုလည်း နည်းပေးလမ်းပြသင်ကြားပေးတော်မူ ကြပါသည်။

ဆရာသမားတို့သည် အထူးသဖြင့် စိတ်ငယ်ပျော့ပြောင်း ငယ်စဉ် တောင်ကျေးကလေးငယ်ဘဝမှ ယခုအရွယ်ကျအောင် စာရေးသူတို့အား နေမှုထိုင်မှု စားမှုအထွေထွေ လိမ္မာရေးခြားရှိဖို့နှင့် စကားပြောရာ ဌာနာဌာနကောသလ္လဉာဏ်ရှိဖို့ ဆိုပြီးရင့်သီတစ်ခါ ချိုသာတစ်လှည့် တပည့်ရှေ့ရေးအစဉ်တွေးပြီး နှုတ်ထွင်ဖွဖွသြဝါဒပေးတော်မူကြသော ဆရာမွန်ဆရာမြတ်တို့သာ ဖြစ်တော်မူကြပါသည်။

ဆရာသမားတို့သည် ဘာသာရေး၊ သာသနာရေး၊ ပညာရေး မှစ၍ အရာရာဘက်စုံတိုးတက်အောင် ကြိုးပမ်းအားထုတ်တော်မူမြဲဖြစ် ပါသည်။ နာယကဂုဏ်အင်္ဂါတွေနှင့် လျော်ညီစွာကျင့်သုံးကြ၍ တပည့် တွေလည်း နှစ်စဉ်စာမေးပွဲအောင်ချက် ကောင်းပါသည်။ ကျောင်း တိုက်တာအဆောက်အဦးတွေလည်း တိုးတက်များပြားလာပါသည်။

ဒေါ်ဒေါ်(ဆရာကြီးဒေါ်ကဥ္စနဝတီ)ဆိုလျှင် ချောင်တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ရုံမျှမက ပရဟိတအဖြစ်ဖြင့် စစ်ကိုင်းတိုင်း၊ သီလရှင်အမှုဆောင်အဖွဲ့၏အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခြင်း၊ မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီးမှ ဆန်များကို စစ်ကိုင်းသီလ ရှင်များအား လှူဒါန်းမှုတွင် အကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း၊ တာဝန်များကိုပါ မိမိအသက်အရွယ်ကိုပင် ပဓာနမထားမူ၍ သာသနာ စိတ်ဓာတ်ထက်သန်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးနေဆဲပင်ဖြစ်ပါသည်။

သစ်ပင်ရိပ်မှီခိုနေထိုင်သူများနှင့်ပတ်သက်၍ နွေထနောင်း ဆောင်းမန်ကျည်းဟူသောစကားရှိပါသည်။ နွေအခါ ပူပြင်းရာသီ၌ အပူဒဏ်မှ သက်သာစေရန် ထနောင်းပင်ရိပ်သည် ကောင်း၏။ ထနောင်းပင်ရိပ်အောက်ဝင်ရောက်လိုက်သည်နှင့်တပြိုင်နက် အပူဓာတ် တွေ သက်သာစေပြီး အအေးဓာတ်တွေ ရလာစေသည်။

ထိုမှတစ်ဖန် ဆောင်းအခါရောက်ပြန်လျှင်လည်း ခိုက်ခိုက်တုန် အအေးဒဏ်မျိုး သက်သာစေဖို့ မန်ကျည်းပင်ရိပ်သည် ကောင်း၏။ မန်ကျည်းပင်ရိပ်ထဲ ဝင်ရောက်လှဲလိုက်သည်နှင့်တစ်ပြိုင်နက် တဖြည်း ဖြည်း အအေးသက်သာလာပြီး အနွေးဓာတ်တွေ ဝင်လာစေသည်ဟု ဆိုလိုပါသည်။ ဤ၌ ထနောင်းပင်နှင့်မန်ကျည်းပင်တို့သည် မှီခိုသူတို့ အား အချိန်အခါအလိုက် သူ့နေရာနှင့်သူ ကျေးဇူးပြုနေသည်ကို တွေ့ နိုင်သည်။

စာရေးသူတို့မှာ ဆရာနှစ်ပါးရှိရာ လက်ထောက်ချောင်ဆရာ ဒေါ်ဒေါ်မိုးသည် ထနောင်းပင်ကြီးနှင့်တူ၍ ဒေါ်ဒေါ်က မန်ကျည်းပင် ကြီးနှင့်တူလှပါသည်။ မှန်ပါသည်။ စာရေးသူတို့လို လူငယ်တွေများ သောနေရာ၌ လူငယ်ပီပီ ရံဖန်ရံခါ လူငယ်ချင်းစကားများတတ်သည်။ လောဘအစွန်း၊ ဒေါသအစွန်း၊ မာန်မာနအစွန်း၊ ကုက္ကုစ္စမစ္ဆရိယအစွန်း တွေ ထွက်လာတတ်ကြသည်။ ထိုအစွန်းတွေက အပူဓာတ်တွေဖြစ်၍ ထိုသူမှာ ချက်ခြင်းချွေးသီးချွေးပေါက်တွေထွက်လာပြီး မျက်နှာတွေပါ နီမြန်းလာသည်။ ထိုအခါ အငြင်းပွားစကားများသူတစ်စုကို ခေါ်ယူပြီး ဒေါ်ဒေါ်မိုးက ဆုံးမသည်။

ဆရာလေးတို့ မျက်နှာမှာဖြစ်စေ၊ အဝတ်အထည်မှာဖြစ်စေ အစွန်းတွေထင်နေရင် ထိုအစွန်းအထင်းတွေကို အရင်ပယ်ဖျောက်ရတယ်၊ ဒါမှ ပရိသတ်ထဲဝင်လို့ သင့်တော်တယ်။ ထို့အတူ ဆရာလေးတို့မှာ လူမြင်လို့မကောင်းတဲ့ လောဘအစွန်း၊ ဒေါသအစွန်းတွေ ထင်နေရင် ထိုအစွန်းအထင်းတွေကို တရားနှင့်ပယ်ဖျောက်ရမယ်။ တရားနှင့်ပယ် ဖျောက်မှ ပျောက်တယ်ဆိုတာကို သိပါ။ ထိုအခါ မိမိဦးခေါင်းကိုစမ်း ကြည့်ပြီးတော့ မိမိအဝတ်တွေကို စစ်ဆေးကြည့်၊ ငါသီလရှင် သူတော် ကောင်းအဝတ်တွေ ဝတ်ထားတာပါလားဆိုတာ သိလာမယ်။ သူတော် ကောင်းဆိုတာ ရန်ဖြစ်ရိုးမရှိဘူး။ ကိုယ့်ဘဝကို မဖျက်ဆီးပါနဲ့။ သူတော် ကောင်းတစ်ယောက်ဖြစ်ပါစေ. . . တဲ့။

ထိုဆရာလေးတို့မှာ စောစောက အပူဒဏ်အပြင်းအထန်ခံစား နေကြရသော်လည်း ဆရာသမား၏စကားကိုကြားရသောအခါ ထနောင် ပင်ရိပ်အောက်ဝင်ရောက်ခိုလှုံမိသူများအလား ကိလေသာအပူတွေ သက် သာလာပြီးသူတော်ကောင်းအအေးဓာတ်တွေ ဝင်လာ၍ အေးချမ်းသွား ကြလေသည်။

အချို့ဆရာလေးများ ပျင်း၍ပေါ့ပေါ့နေချင်ကြသည်။ ဒေါ်ဒေါ်ကမူ စာသင်သားဆိုလျှင် စာသင်နေမှကြိုက်သည်။ စာချဆရာဆိုလျှင်လည်း စာချနေမှကြိုက်သည်။ အေးတိအေးစက် နေထိုင်မှု၊ လုပ်ကိုင်မှု၊ ပြောဆိုမှုမျိုးကို လုံးဝမနှစ်သက် ပေ။ အားကြိုးမာန်တက်လုပ်ရမည့် နေရာမျိုးမှာ တက်ကြွမှုမရှိသည့် အဖြစ်မျိုးကို မြင်တွေ့ရပါလျှင်ချက်ခြင်းပင်ဆူပူကြိမ်းမောင်း၏။

"အေးအေးနေတာ ကောင်းတယ်ဆိုပေမယ့် အေးတိုင်းကောင်းတာမဟုတ်ဘူး။ လူ့ဘုံလူ့ဘဝဆိုတာ ငရဲဘုံနတ်ဘုံလိုမဟုတ်၊ ဝီရိယဦးစီး တဲ့ဘုံဖြစ်တယ်။ အရာရာတိုင်း ကြိုးစားနိုင်မှ အောင်မြင်တယ်။ ဒါလဲ အောင်မြင်ရုံနဲ့မပြီးသေးဘူး။ အဲဒီအောင်မြင်မှုကို ရေရှည်ခံနိုင်အောင် ဝီရိယနဲ့ကြိုးစားထိန်းထားရမယ်။ နောက်ဆုံး သေခါနီးဆဲဆဲတောင် အလုပ်လက်မဲ့ဘဝမျိုးမဖြစ်စေဘဲ တရားအလုပ်နဲ့သေမင်းကို ရင်ဆိုင်သွားကြရမယ်။ ဒို့ကအလုပ်ရှိမှကြိုက်တယ်" ဟု အငြွေးမထားဘဲ ဝီရိယဓာတ်နဲ့ နှိုးဆွပြီး ချက်ခြင်းပြောတတ်သည်။


ထိုအခါ အဆူအပူခံရသော ဆရာလေးတို့မှာ "ဟုတ်သားပဲ၊ ငရဲ ဘုံ နတ်ဘုံဆိုတာ ကံစီမံတဲ့အတိုင်း ကောင်းကျိုးဆိုးကျိုးကိုခံရစံရတဲ့ ဘုံတွေဖြစ်တယ်၊ လူ့ဘုံကလုပ်ငန်း လုပ်နိုင်မှ ဖြစ်တာ။ ဒို့က လူ့ဘုံက လူသားတွေဆိုတော့ အလုပ်လုပ်ရမှာ ပေါ့"ဟု အမြင်မှန်တွေ ရသွားကြလေသည်။

မှန်ပါသည်။ ဒေါ်ဒေါ်အရိပ်အောက် ဝင်ရောက်မိသူတိုင်း အအေးဓာတ် အအေးဒဏ်တွေ လျော့နည်းသွားပြီး တဖြည်းဖြည်း ထကြွနိုးကြားလှုပ်လှုပ်ရှားရှားအမူအရာတွေဖြင့် နွေးနွေးထွေးထွေး မိမိတို့လုပ်ငန်းခွင်မှာ ပျော်ရွှင်စွာ လုပ်ကိုင်နေကြမြဖြစ်သည်။ ထို့ကြောင့် ဒေါ်ဒေါ်သည် မန်ကျည်းပင်ကြီးနှင့်တူလှပါသည်။

အချိန်ရှိခိုက် လုံ့လစိုက် ဟူ၍လည်းကောင်း
နေပူတုန်း စပါးလှမ်းဟူ၍လည်းကောင်း
လသာခိုက် ဗိုင်းငင်ဟူ၍လည်းကောင်း ဆိုသောဆိုရိုးစကားများသည် ယခုလို ဆရာသမားကောင်းများနှင့် တွေ့ကြုံနေရခိုက်မှာ မိမိတို့အတွက် သာသနာရေး၊ ဘာသာရေး၊ ပညာရေးမှစ၍ အဖက်ဖက်မှ တိုးတက်နေစေရန် ကြိုးစားအားထုတ်ဖို့လိုကြောင်း တိုက်တွန်းသည့်စကားများသာဖြစ်ပေသည်။ အကယ်၍မကြိုးစားကြပါလျှင် နောက်တရတတ်ပါသည်။ ထို့ပြင် လူမိုက်နောင်တ နောက်မှရဟုလည်း ပြောဆိုကဲ့ရဲ့ခံရတတ်ပါသည်။

ထို့ကြောင့် မြို့ချောင် ရာပြည့်ဂုဏ်ပြုပူဇော်ပွဲကြီး ဆင်နွှဲနေချိန်မှာ ဆရာသမားများနှင့်မြို့ချောင်ကို ဂုဏ်ပြုပူဇော်သောအားဖြင့် တပည့်တော်တို့အားလုံး နောင်တတရားတွေ ကင်းဝေးစေဖို့ အလုပ်တွေကြိုးစားအားထုတ်ကြပါစို့"ဟု တိုက်တွန်းစကားပြောကြားလျှောက်ထားရင်း ဤစာတမ်းကို နိဂုံးကမွတ်အဆုံးသတ်လိုက်သည်။

သုခေသီ(ထီလာ)
သာသနဓဇဓမ္မာစရိယ
မြို့ချောင်



# အပူကင်းလို အရိပ်ခို

ကျွန်ုပ်တို့သည် လူ့ဘဝခြေမချသေးမီ မိခင်၏ဝမ်းဌာတည်နေစဉ်ကပင် မိဘမေတ္တာ၊ မိဘအရိပ်ကို မှီခိုပြီး ချမ်းချမ်းသာသာ နေခဲ့ကြရ၏။ လူ့ဘဝခြေချလို့ လူဖြစ်လာပြီဆိုသည့်အချိန်မှစ၍လည်း မိဘမေတ္တာ မိဘအရိပ်ကိုပင် ဆက်လက်မှီခိုပြီး နေကြရပြန်သည်။

ပညာရေး၊ လိမ္မာရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေးမှစ၍ ကူညီစောင့်ရှောက်မှုတွေ ပေးခဲ့ကြသည်။ မိဘရိပ်ကို ခိုလှုံပြီး နေရသည်မှာ အလွန်ချမ်းသာလှပါသည်။ အချိန်ကျလာသောအခါ ပုဗ္ဗစကတပုညတာရေးကပြုဖူးသော ကောင်းမှုကုသိုလ်တို့က နှိုးဆော်မှုကြောင့် မိဘ၏ ညွှန်ကြားပြောဆိုမှုအရ စစ်ကိုင်းတောင်ရိုး ဓမ္မိချောင် မော်လမြိုင်သီလရှင်စာသင်တိုက် ပဓာနနာယကချောင်ဆရာကြီး ဒေါ်ကဥ္စနဝတီနှင့် လက်ထောက်ချောင်ဆရာ ဒေါ်ကုဏ္ဍသီဂီတို့ထံ မှီခိုဆည်းကပ်ခွင့်ရခဲ့ပါသည်။

ဆရာကြီးတို့ထံပညာသင်ကြားရသည်။ ဆရာကြီးတို့၏သီလဂုဏ် သမာဓိဂုဏ်၊ ပညာဂုဏ်၊ မေတ္တာဂုဏ်စသည်တို့ကို အနီးကပ်ကြည်ညို ခွင့်ရခဲ့ပါသည်။ ချောင်စည်းကမ်းဥပဒေများနှင့်အညီ စည်းကမ်းတကျ အုပ်ချုပ်သောချောင်၌ ဆရာရိပ်ကိုမှီခိုပြီး နေထိုင်ရခြင်းသည် အလွန် အေးချမ်းသာယာမှုရှိလှပေသည်။ မိမိလိုချင်သည့်ပညာရပ်များကိုလည်း သင်ကြားရင်း ဒါနသီလစသော ပုညကိရိယဝတ္ထုကုသိုလ်ကောင်းမှုတို့ကို စိတ်အေးလက်အေး ပြုစုခွင့်ရခဲ့ပါသည်။

မြို့ချောင်၏အရိပ်ကြီးပမာ ပဓာနနာယကဆရာကြီးသည် တပည့်တို့အား စိတ်ကောင်းနှလုံးကောင်းမွေးကြပါ၊ စိတ်ကောင်းရှိဖို့ ဆိုတာ အကြီးကအငယ်ကိုနှိမ်၊ အငယ်က အကြီးကိုမရိုသေဆိုတဲ့စိတ် မျိုး ကိုယ့်ထက်သာသူကို မနာလိုတဲ့ဣဿာစိတ် အလွန်ထင်ရှားသိသာ တဲ့ တဏှာရာဂစိတ် ဂုဏ်နှင့်လာဘ်ကို အလွန်လိုလားတဲ့လောဘစိတ် ပြင်းထန်တဲ့ဒေါသစိတ် မာန်မာနစတဲ့စိတ်တွေ မဖြစ်စေကြဘဲ ဆရာပီပီ တပည့်ပီပီ ရိုသေလေးစားတဲ့ မေတ္တာစိတ်ထားရပါမည်။

အဆံရှိသောစပါးပင်ကဲ့သို့ အမြဲကျင့်ရမည်။ အဆံမရှိသော စပါးပင်သည် အပေါ်သို့ထောင်၍နေသည်။ အဆံရှိသောအနှစ်ပြည့် သော စပါးပင်သည် အောက်သို့ငိုက်၍ကျိုးကျနေသည်။။ ဤအတူ အသိပညာဉာဏ်အလိမ္မာနှင့်ပြည့်စုံသော တပည့်တို့သည် ပညာပြည့်ဝ လေ မာန်မာနနှိမ်ချလေဖြစ်ရမည်။ ပညာမရှိသော သူသည် အနှစ်မရှိသောစပါးပင်ကဲ့သို့ ထောင် မော့၍နေတတ်သည်။ ဘယ်သော အခါမှ ဤသို့မဖြစ်စေပါနဲ့။ တပည့် တို့သူတော်ကောင်းဆိုတာအကောင်း စားရမှ မဟုတ်ပါဘူး။ ဒကာဒကာမ လှူဒါန်းတဲ့အစာကို စင်စင်ကြယ် ကြယ်ရပြီး စားရခြင်းကသာ ပဓာန ပါပဲ။ ဒကာဒကာမတို့၏ သဒ္ဓါတရား ကိုလည်း အလေးထားလျက် အလဟဿ မဖြစ်စေရအောင် မကြာခဏ သတိပေးလေ့ရှိပါသည်။

တပည့်များပညာတော်၍ ထူးချွန်လျှင်ဖြစ်စေ၊ ကြီးပွားချမ်းသာနေသည်ဟု ကြားသိရလျှင်ဖြစ်စေ ထိုအခါမျိုး၌ ပြောမပြနိုင်အောင် ဝမ်းသာကြည်နူးလေ့ရှိကြသည်မှာ ဆရာတို့၏တန်ဖိုးမဖြတ်နိုင်သော အရသာဖြစ်သည်။ ဆရာသမားများသည် အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ သိပ္ပမချန် ဘေးရန်ဆီးကာ သင့်ရာ အပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာနှင့်အညီ အတတ်ပညာသင်ပေးခြင်း၊ ယဉ်ကျေးလိမ္မာအောင် ဆုံးမသွန်သင်ပေးခြင်း၊ အတတ်ပညာများကို ဆရာစားမချန်ဘဲ သင်ပေးခြင်း၊ မသင့်လျော်သောအရပ်များသို့ပေးမသွားခြင်း၊ သင့်ရာအရပ်သို့စေလွှတ်၍ သင့်ရာပညာကို သင်ကြားစေရန် တစ်ပါးသောဆရာ့ထံသို့ပို့ဆောင်အပ်နှံခြင်း၊ ဆုံးမဩဝါဒနာခံစေခြင်းဖြင့် တတ်သိလိမ္မာပညာနှင့် ပြည့်စုံသောတပည့်များဖြစ်အောင် စောင့်ရှောက်တော်မူကြသည်။


ဤသို့ဖြင့် ကျင့်ဝတ်ငါးဖြာနှင့်အညီ တပည့်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ ဆရာသမားများ၏ အဆုံးအမဩဝါဒများမှာ အစဉ်အမြဲမရိုးဘဲ ဆန်းသစ်မြဲဖြစ်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးတိုးပွားစေပါသည်။ တပည့်များအနေနှင့်ဆရာသမားဩဝါဒကို နာလိုက်ရတဲ့အခါ နွမ်းနယ်နေသော မိုးခပန်းပင်လေးများကို ရေအေးအေးလေးလောင်းပေးလိုက်သလို ခံစားလိုက်ရပါသည်။

"အပူကင်းလိုအရိပ်ခို၊ အပူကင်းရေးအရိပ်ပြေး"ဟူသောသဘောတရားကို ကောင်းကောင်းကြီးသဘောပေါက် နားလည်လာပါသည်။ ဤသို့သိရှိနားလည်လာရသည်မှာ မိဘကျေးဇူး၊ ဆရာသမားများ၏ ကျေးဇူးတရားကြောင့်ဟု ရိုးရိုးသားသားဝန်ခံရမည် ဖြစ်ပါတော့သည်။

အပူကင်းလို အရိပ်ကို မှီခိုနေရမည်။
အရိပ်ခိုလျက် အကိုင်းခက် ချိုးဖျက်ရှောင်ရမည်။

ဣန္ဒနန္ဒီ
မြို့သောတုဇန

## ရာကျော်သက်တမ်း ကျော်ကာလွှမ်း
## ရှည်စမ်းစေချင်ဘိ
## အာစရိယပူဇာ ဝဏ္ဏနာဂါထာ




ဗဟူ ပူဇေမိ သင်္ဂမ္မ၊ သီလာဒိဂုဏသောဘိတံ။
ဒီဃာယုကော သုခံ နိစ္စံ၊ ရက္ခတု ဇိနသာသနံ။

ဗဟူ-ဆရာ့ထံမှာ ကျမ်းစာသင်၍ နယ်တွင်ဖြန့်ကာ တိုက်တာ တည်ထောင် ခေါင်ဆောင်ဦးစီး များစွာသော တပည့်သီလရှင်တို့သည်။ (ဝါ) ရောတိုင်းတွင် သမိုင်းဝင်၍ ပျော်ရွှင်မွေ့မွေ့ သူတော်စင်မလေ့ဖြင့်၊ နေချင်စရာ ရေယာဉ်သာစခန်းဖြစ်သော ထိုမြစ်ဆိပ်ကမ်းမှာဖြင့်၊ ထိပ်တန်းကပေါ်လွင် မအူပင်မြို့၌ တည်ထောင်အပ်သော မြို့ပညာရာမ သီလရှင်စာသင်တိုက်၏ ပဓာနနာယကဆရာကြီး ဒေါ်ပညာစာရီနှင့် တပည့်အပေါင်းတို့သည်။ သင်္ဂမ္မ-ရာပြည့်သဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ ညီညာဖြဖြ စုဝေးရောက်လာကြကုန်ပြီး၍။ သီလာဒိဂုဏ သောဘိတံ-သီလသမာ ဓိပညာဟု သိက္ခာသုံးသွယ် ရောင်စုံခြယ်၍ တင့်တယ်တော်မူကြပါသော။ အာစရိယပါစရိယံ-ပြည်နယ်တိုင်းကုန် ဆန်စုံကျော်ဟီး မြို့ချောင်ကြီး၏အာဒိကမ္မိက အာရာမသမုဋ္ဌာပက ချောင်တည်ဆရာကြီးနှင့်ပဓာနနာယကသိရီပဝရဓမ္မာစရိယ အဂ္ဂမဟာ

ဂန္ထဝါစကပဏ္ဍိတ တိုင်းအကျိုးတော်ဆောင် ဆရာဘုရားကြီးကို။ ပူဇော်သ္တိ-ကောင်းချီးကော်ရော် ထောပနာမှု ကိုယ်စီပြု၍ ပူဇော်ခြင်းပြုကြပါကုန်၏ဘုရား။ အာစေရော-တပည့်များစိတ်တွင် ကျေးဇူးရှင်ဟု အစဉ်မှတ်သား လေးစားကော်ရော် မြို့ချောင်ပိုင် မော်လမြိုင်သီလရှင်စာသင်တိုက်၏ ပဓာနနာယက သာသနဇောတိကပဓဇမှာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တိုင်းအကျိုးတော်ဆောင် ဆရာဘုရားကြီးသည်။ နိစ္စံ-နေ့ရောညဥ့်ပါ ဘယ်ခါမစဲ အမြဲသာလျှင်။ သုခံ-ကိုယ်စိတ်လန်းဖြာစမ်းပမာသို့ ဝမ်းသာကြည်လင် ရွှင်ရွှင်ပြုံး။ ဒီဃာယုကော-ဓမ္မရတနာဥစ္စာပေးလျက် အေးချမ်းသာယာ ရှင်ပြကာဖြင့် ကြာကြာဆက်တည် အသက်ရှည်တော်မူသည်ဖြစ်၍။ ဇိနသာသနံ-ကောင်းကျိုးဆိုးပြစ် ဖွေစီစစ်၍ စနစ်တကျ ဟောညွှန်ပြသည့် အဆုံးအမအဖြာဖြာ မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီးကို။ ရက္ခတု-အနှစ်များမြောင် ငါးထောင်ရှည်ကြာ အခါတိုင်အောင် ကောင်းစွာမသွေ စောင့်ရှောက်တော်မူနိုင်ပါစေသတည်း။

ဒေါ်ပညာစာရီ
မြို့ချောင်မော်လမြိုင်သီလရှင်စာသင်တိုက်တိုက်ခွဲ
မြို့ပညာရာမသီလရှင်စာသင်တိုက်
ရောဝတီတိုင်း၊ မအူပင်မြို့



## မြို့ဂုဏ်ရည် — တေးထပ်

* မြို့ချောင် ဥယျာဉ်နန်းသို့
ရှုမြင်စမ်း ပန်းရဂုံ
လှူတွင်ဆန်းသည့် ပန်းအစုံမှာ
အစွမ်းကုန် မြူးဝင့်။
ကဥ္စန ထေရီမဟာမှာ
အောင်မြင်စွာ ပွဲတင့်။

* အာဇာနည် အစားစားပေါ်သည်
များပြားပြီ ထူးတင့်၊
အားကျစရာ ထူးဆင့်လို့
ဖူးအပွင့် ဝေဝေလွင်
ငယ်လတ်ကြီး အကျော်အမော်နှင့်
ဓမ္မစရိယ အောင်မြဲအစဉ်

* အာဇာနည် ဂုဏ်သမ္ဘာရှင်ကို
စုံစွာပင် အကုန်မကုံးနိုင်ဘု၊
တရုံလုံး သင်းပျံ့စေအောင်
မြို့ မဟာချောင်။
ပန်းရုံကြီး ဖူးပွင့်စုံညီ
ထူးတင့်ဂုဏ်ရည် တည်စေကြောင်းသာပလေး။

ဂုဏ်ပြုသီကုံးသူ

အရှင်သုန္ဒရာလင်္ကာရ
သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ
ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း မိုးမိတ်ကုန်းမြေ

# မြို့ချောင် အတ္ထုပ္ပတ္တိ မြန်မာကဗျာများ

၁။ သုံးဆယ်လေးခု လေထုကုန်စင်
တန်ဆောင်တိုင်ပွဲ ပြိုင်ပွဲသဘင်
ဆန်းဆယ့်တစ်ရက် နံနက်ခါတွင်
ကျားမင်းရက် ဖွားလျက်မီးသန့်စင်။

၂။ အိုးမီးအိမ်မီး ထိန်ညီးပြောင်ပြောင်
နေ့ရောညရော အမြဲတောက်လောင်
ဒုက္ခသုက္ခ ရှုပ်လှလှ့ဘောင်
အအေးတွက် ပြေးထွက်သူကြံဆောင်။

၃။ အိုအိုတဖျား ညွတ်တွားပန်ထွာ
ဘသမီးကြီး စွန့်ပြီးလူ့ရွာ
ဖန်ဝါဆင်မြန်း သက်နန်းရိပ်သာ
ထေရီနွှန်း ကျင့်သုံးနေလို့ပါ။

၄။ လူ့ရွာလောက တုပခါပင်
ပျော်ရွှင်ဝတ်စား မော်ကြွားပြင်ဆင်
မိဘနှစ်ပါး ရှုစားမျက်မြင်
သမီးဘ ခွင့်မျှမပြုချင်။

၅။ မိဘစကား ပျားကဲ့သို့ချို
ထေရီမယ်စိတ် နှစ်သိမ့်ခါမျို
တစ်ကိုယ်ထီးထီး ပျိုကြီးပျိုပျို
ပျိုသီလ ပြည့်ဝခါထိုထို။

၆။ မိဘနှစ်ဦး　　ကျေးဇူးတော်ရှင်
လူ့ပြည်ကမြန်း　　နတ်နန်းအဝင်
နှစ်ဆယ့်နှစ်ရောက်　　ကြီးမြောက်စုံလင်
မြတ်ဆံထုံး　　မသုံးဖန်ဝါဆင်။

၇။ ထိုထိုကျော်ကြား　　ထေရ်များထံတွင်
ဂန္ထဓူရ　　ပြည့်ဝစုံလင်
ဘာဝနာမျိုး　　ပွားတိုးရန်ပင်
စစ်ကိုင်းမြို့　　ကြွဘို့သူပြင်ဆင်။

၈။ ဂန္ဓာရုံဦး　　ထေရ်မှူးသခင်
ထက်အောက်ကျော်ကြား　　ထေရ်များဘုရင်
နည်းစုံကျင့်လို့　　အဆင့်ကုန်စင်
ပဋိပတ်　　ပန်းမြတ်သူပန်ဆင်။

၉။ ခုနစ်ဆယ်ပြည့်　　ထိုသည့်နှစ်တွင်
အပ္ပအေးဖို့　　မြို့တည်ထွင်
ဂန္ဓာရုံဦး　　ထေရ်မှူးဗျာဆင်
ဘေးမညို့　　မြို့ရွှေမြိုင်တွင်။

၁၀။ ဆင်းတော်မြင်ရ　　ရှုပြကြည်ညို
သံတော်ကြားရ　　နားဝချိုချို
တရားဓမ္မ　　ပြောပြထိုထို
ဘေးမညို့　　မြို့ရွှေမြိုင်ဗိုလ်။

၁၁။ သာယာငြိမ့်လေး　　စိတ်အေးဖွယ်ရာ
ပမာပမည်း　　နည်းနည်းဖြာဖြာ
ဆန်းကျယ်လေးနက်　　တွေးရှက်မပါ
တရားမြတ်　　ဟောအပ်အရာရာ။

၁၂။ ဘော်စစ်ဘော်နှစ် စိန်စစ်ပမာ
ဖြူစင်သစ်ဝင်း သန့်ရှင်းပေရာ
သီလအနှစ် ဝင်းသစ်ဖြူစွာ
ဘေးမညို့ မြို့ရတနာ။
၁၃။ ကျောက်တိုင်ကျောက်သား ဖောက်ပြားမယိုင်
သမာဓိခာတ် ကြီးမြတ်ခိုင်ခိုင်
လောကဓံစက် ဉာဏ်ချက်ပိုင်ပိုင်
ဘေးမညို့ မြို့ကျောက်မဏ္ဍိုင်။
၁၄။ ပညာရှိန်တောက် စိန်ကျောက်အသွင်
ထိတိုင်းကိုရှ မြမြလွင်လွင်
အာပါစရိ မှုဋ္ဌိကုန်စင်
အေးချမ်းမှု ကျမ်းပြုမြိုင်သဇင်။
၁၅။ ရင်းရင်းဖျားဖျား ခြားနားမထင်
မေတ္တာရွှေမိုယ်း ရွာဖြိုးသွင်သွင်
ကရုဏာခာတ် ကြီးမြတ်ဂုဏ်အင်
မုဒိခာတ် မပြတ်ထာဝစဉ်။
၁၆။ ဇေယျာတောင်ညို့ မြို့သာယာ
ချောင်သခ်မ်း၌ နှစ်ခြိုက်ပျော်စွာ
တပည့်အပေါင်း ခညောင်းရုံကာ
တရားမြတ် ပွားလတ်နေ့စဉ်သာ။
၁၇။ ထေရီဥပွ ဒိန္နဓမ္မာ
တုယျဉ်ခါနိုင်း ပုံခိုင်းစရာ
အာစရနှင့် သီလသမာ
လွန်ပြည့်ဝ မြတ်လှဒို့ဆရာ။

၁၈။ သွန်သင်ပြသ ဆုံးမရာရာ
သေဝပ်ပိပြား များလှသိဿ
ပရိယတ်နှင့် ပဋိပတ်ပါ
နှစ်ဌာန ပြည့်ဝစေလျက်သာ။
၁၉။ ထေရီမြို့ ဂုဏ်မို့ဝေဖြာ
နိုင်ငံထက်အောက် ထိုးဖောက်မည်သာ
ရှစ်ဆယ်ကျော်မြောက် သက်ရောက်အခါ
အနိစ္စ ဒိဋ္ဌဟောပြရှာ။
၂၀။ ပစ္စည်းလေးဝ သိဿဒကာ
လိုသည်မရှိ စုံဘိများစွာ
ဘဝအလျှောက် ဘုန်းတောက်ရောင်ဝါ
သို့သော်လည်း မမြဲအနိစ္စာ။
၂၁။ ဆရာကိုကြည့် တပည့်ဒကာ
ငါကဲ့သို့ပဲ မလွဲပေရာ
သေမင်းအယုတ် ခေါ်ထုတ်သောခါ
တားမရ သွားရတော့သည်သာ။
၂၂။ သင်္ခါရဓမ္မ အနိစ္စဝတာ
ထင်စွာရှုကြ နေ့ညမကွာ
နိဗ္ဗာန်ရောက်ကြောင်း ကျင့်ကောင်းဖြာဖြာ
ကိုယ့်စီးပွား အားထုတ်ရစ်ကြပါ။
၂၃။ တိုင်းသီဟဋ္ဌ ရဋ္ဌမဋ္ဌေ
နှစ်ကြိမ်နှစ်ခေါက် ပေါက်ရောက်ခဲ့ပေ
သက်တော်တွက်စစ် ရှစ်ဆယ့်နှစ်နေ
တုဿိနန်း စံမြန်းရှာခဲ့ပေ။


၂၄။ ရုပ်နာမ်ဓမ္မ ပူလှပေသည်
နိဗ္ဗာန်အမတ ချမ်းမြသာကြည်
ဂန္ဓာရုံဦး ထေရ်မှူးဇာနည်
တရားစက် ပွားလျက်ကြွတုံသီ။
၂၅။ ဆရာဂုဏ်ထူး ချီးကျူးဖွယ်ကို
ပသံသာစာတ် ပွားမြတ်ထိုထို
ဆရာဘုရား ရငြားစေလို
ရည်ရွယ်မှတ် ပြုအပ်မြတ်ကုသိုလ်

(တူ) ဘုန်းတော်ကြီး
ဦးသုဝဏ္ဏဇောတိ
မေဃဝန်ကျောင်းတိုက်၊ သထုံမြို့





# ခင့်အဓိဋ္ဌါန်




* မူရာထောင် ဘေးဒုက္ခတွေနဲ့
ထွေးရှုပ်စွ စုနှောင်
သေးနုပ်လှ လူ့ဘောင်ကို
ခုရှောင်မည် သာကွဲ့။

* ကေသာပန်း နံ့သာဆီကို
သန့်ဒါလီ လုံးလုံးမငဲ့။

* မှန်မိတ်ကပ် မခင်တွယ်သည်
အစဉ်ပယ် ပါရဲ့။
အသွင်ဝယ် ဇာမချဲ့လိုဘူး
မသာတဲ့ ဤကိုယ်။

* ပြုပြင်စဉ် အဟုတ်နွမ်းပါလို့
မဆုတ်တမ်း တိုးလို့သာအို။

* အင်္ဂါဖွံ့ ရွယ်နုပျိုမှာ
ဆယ်ကုသိုလ် ထမ်းဆောင်လျှင်းပါလို့
ပန်းရောင်ဆင်း ဝတ်ခြောက်ထည်
လွှမ်းဝတ်တော့မည်
ရှစ်သီလ ထက်နှုန်းစည်ကို
သက်ဆုံးတည် စောင့်ထိန်းလို့လေး. . . ။

မေ့သားလှ(အောင်မြေ)

ဆယ်ကုသိုလ် = ကုသိုလ်ကမ္မပထတရားဆယ်ပါး
ဝတ်ခြောက်ထည် = သီလရှင်များဝတ်သည့် ခါးဝတ်၊ အင်္ကျီစသည်။

## အောင်ပွဲဆောင်သည့် ချောင်မြို့

* မြို့ဇေယျာ သေလာဖြားမှာဖြင့်
နေရာက တင့်မွန်
တေဇာကြွ မြင့်ချွန်သည်
လွှင့်တံခွန် ခေါင်ထီး
* ပရိယတ် စာပေသံလျှင်
ဖြာဝေလျှံ နေ့ညမညီး။
* ပဋိပတ် ဆင့်ထပ်တုံသည်
တင့်မတ်ပုံ ပေါ်ပြီး
မြင့်မြတ်ဂုဏ် ကျော်သမီးရယ်တို့
ပျော်မွှီးလို့စံရာ။
* မြို့ချောင် မည်သတင်းရယ်က
ပြည်အတွင်း လွှမ်းတက်ကြွေငြာ။
* ခိုင်မာဖွဲ့ မူတည်ကာလျှင်
တူညီညာ ဘက်စုံတင့်ပါလို့
တက်ကုန်လွှင့် သာကဲရှင်ကြည်
ရာပွဲဆင်ပြီ။
* တူယှဉ်နွှဲ ထောင်သောင်းညီသည်
အောင်မောင်းစည် ထိုးနှက်လို့လေး. . . ။
* မရပ်တန်း လှမ်းဆက်ချီမည်
ပန်းခက်စည် တိုးတက်ဖို့လေး. . . ။
* မြို့နန်း မှန်းမှန်းရည်သည်
လန်းဆန်းကြည် ဖြိုးလက်လို့လေး. . . ။

ကျေးတောသား အောင်စည်

# မြို့ငွေလ သာပါစေ

မြို့မင်္ဂလာ ဒို့ကမ္ဘာမှာ
ဖန်ဝါနေမင်း ငွေလမင်းတို့
ဝင်းဝင်းပြိုင်လို့ တောက်ပခဲ့။

ယခုအခါ ဒို့ကမ္ဘာမှာ
ဖန်ဝါနေမင်း အမှောင်ချဉ်းလို့
နောက်ခင်းတောင်စွယ် ကွယ်ခဲ့ပြီ။

သို့သော်လဲလေ
ဝမ်းနဲ့စိတ်ပျော့ အားမလျော့ဘူး၊
ကြော့ကြော့လမင်း သူ့ရောင်လင်းကြောင့်
ခပင်းများစွာ ကြယ်တာရာတို့
ဆက်ဆက်ရောင်ဝါ တည်တံ့ဖြာဘို့
ညီညာပေါင်းထား စုစည်းအားဖြင့်
ဘုရားသာသနာ လင်းစေပါမည်
သာပါစေသား သာစေသား။

ဒေါ်ပညာစာရီ
မြို့မော်လမြိုင်သီလရှင်စာသင်တိုက်(တိုက်ခွဲ)
မြို့ပညာရာမသီလရှင်စာသင်တိုက်
မအူပင်မြို့၊ ဧရာဝတီတိုင်း



# ဆရာ့ရိပ်မှာ ခိုခဲ့ပါ

ထက်လျှံဝေ(နေပြု)

* ငယ်စဉ်အခါ ပညာရှာဖို့
ဇေယျာပူရ မြို့ကဝယ်
နေစချိန်ခါ မြတ်ဆရာ၏
"တိုက်တာ သာသနာ သည်နှစ်ဖြာကို
ငဲ့ညှာနေကြ" ဆုံးအမကြောင့်
ဘဝနေနည်း နိသျည်းကို
ခရီးအစ လက်မွန်ရခဲ့။

* ဆရာ့ထံမှာ နေသောခါလည်း
ကြင်နာသိပ်သည်း ညနေဆည်းဆာ
မြတ်ကထာဖြင့် ပမာထိုးပြ
ဆိုဆုံးမသည့် ဆရာ့မေတ္တာ စေတနာကြောင့်
ပညာပြည့်ဝ ဘက်စုံလှခဲ့။

* ဆရာ့ထံမှ ခွဲခွါကြ၍
မြို့ပြရပ်ရွာ နေသောခါလည်း
ဆရာမိန့်ကြား မှာစကားကို ကြားမိစိတ်မှာ
မကောင်းတာကြဉ် ကောင်းရာယှဉ်၍
စိတ်စဉ်ဖြူလွ ချမ်းသာရခဲ့။

* ဗုဒ္ဓသာသနာ နေနိုင်ပါမှ
များစွာပုည ပြုခွင့်ရ၏
နှိုင်းပြပုံဆောင် လွင်တီးခေါင်သို့






များမြောင်သုခ ရနိုင်စွဟု
ဆရာ့စကား ပြန်လည်ကြား၍
ဘုရားမြတ်စွာ စောဗုဒ္ဓါ၏
သာသနာနွယ်ဝင် သီလရှင်၏
ရှစ်အင်တင့်ဆန်း သီလပန်းဖြင့်
ထက်တန်းအသွင် မင်္ဂလမ်းထွင်ခဲ့။

* ထိုစဉ်ကာလ စောဗုဒ္ဓ၏
ထေရဝါဒ သာသနာတွင်
ပမာဆိုညွှန်း လနေဝန်းသို့
တင့်ရွှန်းတောက်ကြွား တပည့်များကို
ရှုစားခါခါ ဒို့ဆရာ၏
ဂွမ်းဝါဆီထိ နူးကြည်အိသို့
ပီတိပုံဖော် မျက်နှာတော်ကို
ပူဇော်ဝပ်တွား ကောင်းမှုပွားခဲ့။
စဉ်းစားကြည့်လေ တပည့်တွေပေါ်
ထုတ်ဖော်မေတ္တာ မြတ်ဆရာ၏
စေတနာရိပ် ကြင်နာရိပ်ကြောင့်
မွေးမိုတ်ခိုနား တပည့်များမှာ
ခုများနောင်ဘဝ ငြိမ်းချမ်းရာသမို့
ရွှင်ပြယိုဖိတ် ကြည်ညိုစိတ်ဖြင့်
ဆရာ့ရိပ်မှာ ခိုဆဲပါ။

ထက်လျှံဝေ(ခနေဖြူ)



# ဘေးတို့ ဆောင်ရာမြေ
# ဖို့ ချောင်ရှာနေ


* ဆရာ့ဆရာ
ဆရာဘုရား
တည်ထောင်သွားခဲ့။
မှတ်သား သက္ကရာဇ်
၁၂၇၀. . . နှစ်
အမှောင့်မပါ အလွန်ကြွယ်သစ်။
* သမိုင်းအစ
နှစ်ဦးမှသော်
ခုန်ကျော်ဖြတ်သန်း
သူလျှောက်လှမ်းသည်
နှစ်တစ်ရာတိုင် ရောက်ခဲ့ပြီ။
ချစ်စရာတို့မြိုင် တောက်လဲ့ကြည်။
* ရာပြည့်သဘင်
ပွဲကြီးယင်၍
စုံလင်ညီညာ
များသီသာကို
မာတာမိခင် မြင်စေချင်
သာယာသည့်သွင် ရှင်ဝေလွင်။
* ရွှေလေတိုင်းလျှင်
ဘဝင်ချမ်းမြ
အအေးရလို့
ဘေးပကင်းကွာ
အေးချမ်းသာသည့်
သာယာစိမ်းမြ နံ့ကိုင်းအလှ
ဖြာဖြာငြိမ်းစွ စံနိုင်းမရ။

* ရှုလေတိုင်းလျှင်
ဘဝင်ချမ်းမြ
အအေးရလို့
ဘေးပကင်းကွာ
အေးချမ်းသာသည်
သာယာစိမ်းမြ နံကိုင်းအလှ။
ဖြာဖြာငြိမ်းစွ စံနိုင်းမရ။
* စစ်ကိုင်းဇေယျာ
တောင်သေလာက
သာယာညို့မှောင်
နံကိုင်းတောင်ဟု
အခေါင်ကျော်ကြား
တောင်းနံပါးက
ဒို့များနေရာ
ချောင်သညာကား
ဘယာဘေးတို့ အောင်ရာပ
မဟာမြို့ ချောင်ဌာန။

ဒုဋ္ဌဝတီသူ

# မြတ်ဆရာသို့ ကန်တော့ပန်း





* သိက္ခာသုံးဆိုင် တရားခိုင်ကို
ကိုယ်တိုင်ကြိုးကုတ် အားပါးထုတ်၍
မယုတ်ထောင်သောင်း တပည့်ပေါင်းကို
ပျော့ပြောင်းမေတ္တာ စေတနာဖြင့်
ရင်မှာပေါက်ဖွား ရင်းချာလားသို့
ကျောသားရင်သား မခွဲခြားဘဲ
များပြားပညာ သင်ပေးပါ၏။


* မကွာနေ့ည ဩဝါဒဖြင့်
ပိုင်းဆဝေဖန် ဆိုးကောင်းညွှန်လျက်
"လမ်းမှန်ကိုလျှောက် ပန်းတိုင်ရောက်ဖို့
လမ်းကောက်လမ်းမှား စွန့်ပယ်ရှားဖို့
စိတ်ထားတည့်မတ် ကောင်းမွန်မြတ်ဖို့
စားဝတ်ဆိုပြော ယဉ်ပြေချောဖို့
ညက်ညောနေထိုင် ပိရိပိုင်ဖို့
ဖြိုင်ဖြိုင်ကိစ္စ နေရာကျဖို့"
ဆုံးမပဲ့ပြင် ထိန်းသွန်သင်၏။

* သုံးအင်သာသနာ ခွန့်ရှည်ကြာအောင်
ခန္ဓာအသက် မငဲ့ကွက်ဘဲ
မပျက်စတမ်း လွှန်ကြိုးပမ်း၏။



* ရှင်လန်းမချို့ ဂုဏ်ပေါင်းပျို့သည့်
မြို့မိခင် ဆရာရှင်၏
များလှကျေးဇူး ဂုဏ်အထူးကို
နဖူးတင်သ ဂါရဝဖြင့်
ဦးချညွှတ်တွားလိုက်ပါ၏။

ထီလာ မအေဂ္ဂသီ



# ဘေးမဆို့တဲ့ မြို့

* မြို့ မြို့
ဘေးမဆို့ ရန်ပြို။

* ရောက်လာသူ တပည့်အပေါင်းကို
နှစ်ထောင်းကြိုဆို။

* ပညာမြတ် အမွေကို
ရစေလို သင်ပေး။

* ဆရာစား မချန်
သင်အံ့ကာ ယူနိုင်ကြစေဘို့
တူပြိုင်ကာ မူပိုင်ရအောင်ကွယ်
(ဆရာလေးတို့ရေ)
အားကြိုးစို့လေး. . . ။

ဆရာအပေါင်းအား ဦးညွှတ်လျက်
တူနွ(ဓမြဲဝေယျာ)

# ရာပြည့်ပူဇော်





* မြို့ဗေဒယျာ ဝေဖြာစွ
ပြေရွှာလှ ကျောင်းတော်
နေပမာမျှ ကောင်းကျော်သည်
စောင်းမချော် တင့်တူး။

* "ချောင်းမြို့" အမည်တွင်သည်
မဟီခွင် ကြွားဝင့်လွန်ကျူး။

* မြတ်သူတို့ စံနေရာ
လျှံဝေဖြာ ကွန့်မြူး
မြန်ပြေလွှာ ညွှန့်အဖူးပေမို့
လွန့်လူးလို့ ကျော်မော်။
စာပွဲတွင် ခေါင်းစဉ်တန်းရယ်က
အောင်မြင်ပန်း မြန်းလို့ပျော်ပျော်။

* ဆည်းကပ်ကြ များသူတော်ရယ်
ပွားပူဇော် စေတနာစာတ်ရယ်ကြောင့်
ဝေဖြာလျပ် သွက်လက်ဇကန်
ထက်ထက်ဝေလျှံ။

* ရာပြည့်ပွဲ ဆောင်နွဲညံ့သည်
အောင်ပွဲဖန် မော်ကွန်းမို့လေး...။

* ညီညာလက် တွဲယှက်မှန်သည်
ကဲထက်သန် ပျော်လွန်းလို့လေး...။

ထက်လျှံဝေ(ခနဲဖြူ)

# မေတ္တာပြည့်လျှမ်း ဇရိပ်စခန်း



* မေတ္တာတရား လက်ကိုင်ထား
မြို့ချောင်ရဲ့ အလှတရား။
ကူညီဖေးမ သင်ပေးကြ
မေတ္တာရိပ်လွှမ်း မြေမြ။
မြို့မာတာ ဒိုဆရာ
မေတ္တာအေးဓာတ် ပြည့်စုံစွာ
ဩဝါဒစကား ဆိုမိန့်ကြား
ဘဝလမ်းညွှန် အေးတရား။
* စာပေပရိယတ် ဆည်းပူးစွာ
မြို့ချောင်မှာ နေ့စဉ်ပါ။
* သွေးသားရင်းလို ချစ်ခင်ကြ
မြို့ချောင်ရဲ့ ချစ်စရာအလှ။
* သီတင်းကျွတ်ချိန် ရောက်လေပြန်
ဆင်နွှဲအာဂုံ ပထမပြန်။
လတပို့တွဲ ရောက်ပြန်လဲ၊
ဇာတကရေးဖြေ ဆင်ယင်နွှဲ။
* အပူဆင်းရဲ ငြိမ်းရာ၊
မြို့နိဗ္ဗာန် ရွှေပြည်သာ
မျှော်ကာလျှောက်လှမ်း လွန်ငြိမ်းချမ်း၊
မေတ္တာပြည့်သည့် ဇရိပ်စခန်း။

နန်းရဝေ (ဗန်းမောက်)





စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့
စစ်ကိုင်းတောင်ရိုး
မြို့ချောင် ဇော်လမြိုင်သီလရှင်စာသင်တိုက်

# မူလပထမဆရာကြီး ဒေါ်ကုမ္မာရီ

# ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအကျဉ်း

ဤအတ္ထုပ္ပတ္တိအကျဉ်းစာတမ်းကို မဖော်ပြသေးမီ အတ္ထုပ္ပတ္တိအကျဉ်းဖြစ်ပေါ်လာပုံကို အနည်းငယ်ဖော်ပြလိုပေသည်။ မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီ၏အတ္ထုပ္ပတ္တိအကျဉ်းသည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သော်လည်း ကိုယ့်စိတ်ဆန္ဒအရ ကိုယ့်စိတ်ဆန္ဒအတိုင်း ကိုယ့်ဘဝကို ဖော်ပြရေးသားထားသော အတ္ထုပ္ပတ္တိမျိုးမဟုတ်ပေ။

၁၃၁၀-ခုနှစ်တွင် မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီ၏ တူဖြစ်တော်မူသော သာသနဇောတိကပဝရဓမ္မာစရိယဘွဲ့နှင့် သထုံမြို့ ပိဋကတ္တယပါရဂူဘွဲ့တော်ရ သထုံမြို့ မေယဝန်ကျောင်းတိုက်ဆရာတော် ဦးသုဝဏ္ဏဇောတိအရှင်မြတ်က မေးမြန်းသဖြင့် မငြင်းသာ မရှောင်သာ မလွှဲသာ၍ ဆရာကြီးဒေါ်ကုမ္မာရီကိုယ်တိုင် ကိုယ့်ဘဝဖြစ်ရပ်မှန်ကို ဖော်ပြရေးသားဖြေကြားထားသော အမေးအဖြေအတ္ထုပ္ပတ္တိမျိုးဖြစ်ပေသည်။

မြို့ချောင်ကို မွေးဖွားပေးလိုက်သော မြို့မိခင်ကြီး ဒေါ်ကုမ္မာရီ၏ ဘဝအထွေထွေကို အကျဉ်းမျှမေးထားသော်လည်း မေးမြန်းသူအရှင်

မြတ်က ဘဝတစ်ခုလုံးခြုံငုံမိအောင် မေးမြန်းထားမှုကြောင့် ဤအမေ အဖြေအတ္ထုပ္ပတ္တိမျိုးကို ဖတ်ရှုလေ့လာခွင့်ရကြသူတို့မှာ အထူးသဖြင့် မြို့မိသားစုဆိုင်ရာတို့မှာ တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင်ဖြစ်ရပ်မှန် တွေကို သိရှိခွင့်ကြည်ညိုခွင့်ရကြလေသည်။

သို့ဖြစ်၍ လွန်စွာကျေးဇူးများသော အဖိုးတန်သမိုင်းဝင် အတ္ထုပ္ပတ္တိမျိုးဖြစ်ခြင်းကြောင့် ဆရာတော် ဦးသုဝဏ္ဏဇောတိကိုယ်တိုင် ရေးသားပေးပို့ထားသော မူရင်းအတိုင်း ဤ၌ဖော်ပြထားပါသည်။

မှတ်တမ်းတင် ဖော်ပြသူ

သပြုံး မြသောင်း

## ဆရာကြီးဒေါ်ကုမ္မာရီ၏ အတ္ထုပ္ပတ္တိအကျဉ်း

မေး။ ဒါယိကာမကြီး၏ချက်မြှုပ်ရာ မြို့ရွာအမည်ကို ဖော်ပြပါ။

ဖြေ။ မော်လမြို့၊ ဒိုင်းဝန်ကွင်း ထန်းပင်ကုန်းရပ်ဖြစ်သည်။

မေး။ မိဘအမည်နှင့်မျိုးနွယ်ကို ဖော်ပြပါ။

ဖြေ။ တလိုင်းလူမျိုး အဘ ဦးထွန်းပေါ် အမိ ဒေါ်နှင်းအေးတို့ဖြစ် သည်။

မေး။ မွေးသက္ကရာဇ် ခု၊ လ၊ ရက် နေ့၊ နာရီတို့ကို ဖော်ပြပါ။

ဖြေ။ ၁၂၃၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက် တနင်္လာနေ့ နံနက်(၄)နာရီ။

မေး။ မောင်နှမမည်မျှ ကြီးငယ်မျှရှိသည်ကို ဖော်ပြပါ။

ဖြေ။ (၅)ယောက်ရှိသည်။ အမကြီး၊ အမငယ်၊ အစ်ကို၊ မိမိကိုယ်၊ မောင်ငယ်ဖြစ်သည်။

မေး။ သီလရှင်ဖြစ်သည့် ခု၊ လ၊ ရက်၊ နေ့နှင့်၊ ခံယဦးသည် လွယ်ကူည် ဖော်ပြပါ။

ဖြေ။ ၁၂၅၆-ခု ဝါဆိုလဆန်း(၁၃)ရက် အသက်(၂၂)နှစ်မှာ ခဲယဉ်းစွာ ထွက်၍ သံဃာတော်(၅)ပါး၊ သီလရှင်လူများပါ ကျွေးမွေး လှူဒါန်း၍ သီလရှင်ပြုပါသည်။

မေး။ မည်သည့်ဆရာထံ၌ သီလရှင်ဖြစ်သည် ဖော်ပြပါ။

ဖြေ။ သံလျင်မြို့၊ ကျိုက်ခေါက်ဘုရားခြေရင်း သီလရှင်ကျောင်း၌ သီတင်းသုံးနေထိုင်သော တောင်မြို့ အမရပူရ အောင်မြေ ရွှေဘုံကျောင်းတိုက်က သီလရှင်ဆရာကြီးထံ၌ သီလရှင်ပြုသည်။

မေး။ နေဘူးသည့်အရပ်၊ တက်ခဲ့သည့်ကျမ်းစာ၊ ချပို့ပေးသော ဆရာ သမားများဖော်ပြပါ။

ဖြေ။ မော်လမြိုင်၊ တောင်ဝိုင်းကလေး ကုသိဏာရုံဇရပ်တန်း၌ ပထမ (၈)ပါ၊ ရင်းမြို့ တောင်ဝိုင်းကြီး ပုပ္ဖါရုံ၌ ဝိပဿနာအလုပ်နှင့် (၆)ဝါ၊ ဘီလူးကျွန်း ချောင်းဆုံမြင့်မိုရ်တောင်ဘုရား၌ (၃)ဝါ၊ ရန်ကုန် ရွှေတိဂုဏ်ဘုရားခြေတော်ရင်း ကြားတောရ၌ စာချ စာတက်အလုပ်နှင့်(၇)ဝါ၊ သံလျင်မြို့၊ ကျိုက်ခေါက်ဘုရား ခြေရင်း သီလရှင်တိုက်၌ စာတက်နေသည်မှာ(၁)ဝါ၊ တွံတေးသီလရှင် ကျောင်းတိုက်၌ စာတက်နေသည်မှာ(၁)ဝါ၊ မြို့ချောင်၌ ၁၃၁၀ -ခုနှစ်ထိ (၃၀)ဝါ၊ သီဟိုဠ်(၁)ဝါ၊ နောက်ထပ်မြို့ (၄)ဝါ၊ စုစုပေါင်း(၆၀)

၇+၆+၃+၇+၁+၁+၃၀+၁+၄ = (၆၀)

မော်လမြိုင် တောင်ဝိုင်းကလေးကုသိနာရုံကို ပထမပြုပြင်သော တောင်ဝိုင်းဆရာတော် ဦးပဒုမထံ၌ သဒ္ဒါကျမ်း၊ အဘိဓာန် သင်္ဂြိုဟ် ဋီကာကျော် အဋ္ဌသာလိနီ ဝိနည်း စူဠဝါ မဟာဝါ ပါဠိတော် ဝိသုဒ္ဓိအဋ္ဌကထာ ညဝါ ပုဒ်စစ် မာတိကာ ဓာတုကထာ ယမိုက် သုတ်သီလက္ခန် သုတ်မဟာဝါကျမ်းများ။

သံလျင်မြို့ ကျိုက်ခေါက်ဘုရားခြေတော်ရင်းက မန်းဦးကျောင်း ဆရာတော်၏မြေး ဘုန်းကြီးထံ၌ ဆန်းနှင့်ပဋ္ဌာန်းမကြိုဏ်။
တွံတေးမြို့ မဟ္တရာဆရာတော် လူပျံတော်ထံ၌ သမ္ဗန်ခြောက်ပါး လှည့်နည်းမူလဋီကာ ဝိသုဒ္ဓိမဂ်၊ ညဝါ ယမိုက်၊ ပဋ္ဌာန်းများ
ရန်ကုန်မြို့ ကြားတောရ၌(၇)ဝါနေသည့်အခါမှာ ရွှေကျင်တိုက် ဂန့်ဂေါ်ကျောင်းသဒ္ဒါရှစ်စောင်သုတ်နက်ထုတ်သော ၎င်း ဆရာတော် ဦးဇောတိကထံ၌ သဒ္ဒါနည်းများ၊ သမ္မောအဋ္ဌကထာ များ။
မိုင်းလုံတိုက်ဆရာတော် ဦးဂုဏဝါ၏ခမည်းတော် (၁၀)ပါး သီလအမြဲထိန်း၍ ဇကောသနိကိစုတင်ဆောက်တည်၍ အဘိဓမ္မာများကို ချပို့နေသော ဆရာကြီးဦးပုကို ရန်ကုန် ကြားတောရသို့ပင့်ပြီး သင်္ဂြိုဟ်နှင့်ညဝါ မာတိကာ ဓာတုကထာ ယမိုက်ပဋ္ဌာန်းများကို ထပ်မံသင်ပါသည်။

မေး။ မည်သည့်ကျမ်းများကို ချပို့ဘူးသည်၊ ပြုဘူးသည့်ကျမ်းစာများ ပုံနှိပ်သည့်အကြိမ်ပေါင်း၊ ရိုက်နှိပ်ပြီး စာအုပ်ပေါင်းအရေအတွက် တို့ကိုဖော်ပြပါ။

ဖြေ။ မော်လမြိုင် တောင်ဝိုင်း၌ နေစဉ်က သဒ္ဒါ သင်္ဂြိုဟ်များချပါ သည်။ ရန်ကုန်ကြားတောရ၌ သဒ္ဒါ သင်္ဂြိုဟ် ဋီကာကျော် ညဝါများ ချပါသည်။ မြို့ချောင်၌ သဒ္ဒါကြီး၊ သဒ္ဒါငယ်၊ အဘိဓာန်၊ ဉာသ် ဗာလာဝတာရပုဒ်စစ် သင်္ဂြိုဟ် ဋီကာကျော် အဋ္ဌသာလိနီ သမ္မောအဋ္ဌကထာ ပဋ္ဌာန်းမကြိုဏ် ဝိသုဒ္ဓိမဂ် ဘိက္ခုနီ ဝိဘင်း သုတ်သီလက္ခန် သုတ်မဟာဝါ သုတ်ပါထေယျ ညဝါ မာတိကာဓာတုကထာ ယမိုက်ပဋ္ဌာန်းများ ပို့ချဘူးပါသည်။
သီလရှင်ဥပဒေကျင့်ခဏ်း၊ ဝိပဿနာကျင့်ခဏ်းဖြစ်သော နိဗ္ဗာန

ပဝေသနီမည်သောကျမ်းကို ၁၂၇၂-ခုနှစ် မော်လမြိုင် တောင်ဝိုင်းပုပ္ဖာရုံ၌ ဝိပဿနာအားထုတ်နေစဉ် ဒါယကာများ တပည့်များက တိုက်တွန်းနိုးဆော် တောင်းပန်ကြ၍ ပြုစုရေးသား ပါသည်။

ပထမအကြိမ် ၁၂၈၉-ခုနှစ်၌ စာအုပ်ပေါင်း ၂၀၀၀
ဒုတိယအကြိမ် ၁၂၉၄-ခုနှစ်၌ စာအုပ်ပေါင်း ၁၅၀၀
တတိယအကြိမ် ၁၂၉၅-ခုနှစ်၌ စာအုပ်ပေါင်း ၂၀၀၀
သုံးကြိမ်စုစုပေါင်း စာအုပ်(၅၅၀၀)ထုတ်ဝေငှားပါသည်။

မေး။ ထင်ရှားရှိသော ချောင်ခွဲတပည့်ကြီးများကို ဖော်ပြပါ။

ဖြေ။ ဧသီတာချောင်ဆရာ မနန္ဒေသီ
ကျိုက်လပ်ချောင်ဆရာ မသီလဝတီ
ဗျာဒိပွေးချောင်ဆရာ မဝဏ္ဏဝတီ
ဟံသာဝတီချောင်ဆရာ မစာရိနှင့်မဉာဏစာရီတို့ဖြစ်သည်။

မေး။ ကွယ်လွန်သောတပည့်များရှိက ဖော်ပြပါ

ဖြေ။ ဧသီတာချောင်၌ အစ်မ ဒေါ်ပညာရီ မဝိဟာရီ၊ မခေမာရီ
မြေချောင်၌ မသီရီ၊ မစန္ဒာရီ၊ မဉာဏဝတီတို့ဖြစ်ကြသည်။

မေး။ ဆည်းကပ်ကိုးကွယ်ခဲ့သော ဆရာသမားများ ဖော်ပြပါ။

(၁) မဟာဂန္ဓာရုံဆရာတော်ဘုရား
(၂) ချမ်းအေးဆရာတော်ဘုရား
(၃) မော်လမြိုင်တောင်ဝိုင်းကလေး ကုသိနာရုံ၌ ပထမ ဆရာတော် ဦးပဒုမ။
(၄) တောင်ဝိုင်းကလေး ဇေတဝန်ကျောင်းတိုက်ဆရာတော် ဦးသောဘဏ
(၅) တောင်ဝိုင်းကလေး ဒုတိယဆရာတော် ဦးဇဝန

(၆) စလင်းဆရာတော်
(၇) ရန်ကုန်ရွှေကျင်တိုက်၊ ဂန္ဓဝေါကျောင်းဆရာတော် ဦးဇောတိက
(၈) စစ်ကိုင်း ရန်ကုန်ချောင်ဆရာတော် ဦးဓမ္မစာရီ
(၉) မန္တလေး ရွှေကျင်ငါးတိုက်မိုင်းလုံကျောင်းဆရာတော် ဦးဂုဏဝါ၊ ဦးခေမိန်။
(၁၀) ၎င်းဆရာတော်နှစ်ပါး၏ ခမည်းတော် စာချဆရာ လူသူတော် ဦးပု
(၁၁) မတ္တရာဆရာ လူပျံတော်စသည်တို့ဖြစ်သည်။

မေး။ သဟာဓမ္မိက ဓမ္မသဟာယ သီတင်းသုံးဖော် ဓမ္မမိတ်ဆွေများ ကွယ်လွန်သူ ယခုရှိသူ ခွဲခြားဖော်ပြပါ။

ဖြေ။ ၁၂၆၇-ခုနှစ်၊ အသက်(၃၃)နှစ်က ပဋိပတ်ဝိပဿနာအလုပ်ကို စွန့်၍ အားထုတ်သည်။

၁၂၆၈-ခုနှစ် အတူတကွအားထုတ်သူ ပီတိသုခချောင် ဆရာဂွမ်းခေါ် ဒေါ်ဓမ္မစာရီ (ယခု ၁၃၁၀-ခုနှစ်၌ အသက် ၉၇-နှစ်ရှိပြီ)

မော်လမြိုင် တောင်ဝိုင်းကြီးဆရာ သီလရှင် ဒေါ်လုံမယ်။

ရန်ကုန်ကြားတောရနေ ရန်ကုန်ချောင် ဆရာတော်ကြီး၏ မယ်တော် သီလရှင်ဆရာ အမေလင်းခေါ် ဒေါ်ဓမ္မရီ။

ပီတိသုခချောင် ဆရာဂွမ်းညီမ ဒေါ်ယုံခေါ် ဒေါ်ဝိလာသီ။

၎င်းပုဂ္ဂိုလ်များသည် စစ်ကိုင်း မဟာဂန္ဓာရုံဆရာတော်ဘုရားထံ၌ ကမ္မဋ္ဌာန်းယူ၍ အတူတကွ ချစ်ကျွမ်းဝင်သော ဓမ္မမိတ်ဆွေကြီးများ ကွယ်လွန်၍ ဓမ္မသံဝေဂများစွာဖြစ်ပါသည်။

မေး။ မြို့ချောင်တည်သောနှစ်နှင့် ဒါယိကာမများကို ဖော်ပြပါ။

ဖြေ။ ၁၂၇၀ပြည့်နှစ် ကဆုန်လ၌ တည်ထောင်ပြုလုပ်ပါသည်။ စစ်ကိုင်း၌ အုပ်ရသော မကွေးမြို့အုပ်နှင့်ဝန်ထောက်အရေးပိုင် စာရေးကြီးများက မြေ့ချောင်နေရာကို တောထွင်းရှင်းလင်းပြီး လှူ၍ ချောင်တည်၍ ဇရပ်တစ်ဆောင်၊ စစ်ကိုင်းမင်းစံရပ်၊ ပိုးကုန်သည်ကြီး ဒေါ်ပုက ဇရပ်တစ်ဆောင်၊ မိုးတွင်းမင်းကြီး ကတော်က ဇရပ်တစ်ဆောင်၊ မင်းကြီးကတော်၏ညီမ ဝန်ထောက်ဦးဘတင် မမလေးတို့က ဇရပ်တစ်ဆောင် လှူဒါန်းပါသည်။

၁၂၇၁-ခုနှစ် ပုသိမ်ဒိစရိတ် သရက်ကုန်းရွာ မြေပိုင်ရှင် ဦးပု ဒေါ်လှဝင်းတို့က ဇရပ်တစ်ဆောင်၊ ၎င်းနှစ် သာယာဝတီဒိစရိတ် ကြို့ပင်ကောက်အပိုင် ရရွာ ဘုံးဆိုးရွာ လွှထောင် ဦးမြ ဒေါ်မိတို့က ဇရပ်တစ်ဆောင် လှူဒါန်းပါသည်။

၁၂၇၃-ခုနှစ်၊ မော်လမြိုင် ဆေးလိပ်ကုန်သည်ကြီး ဒေါ်ကြင်မြိုင် က တောင်ပေါ်ကမ္မဋ္ဌာန်းတိုက်၌ ဂူကြီးတစ်ခု၊ တောင်အောက် စာသင်တိုက်၌ ဖြူးမြို့ မြေပိုင်ရှင် ဦးဘော မပန်းငွေတို့က ဂူတစ်ခု ရွှေသမင် ဆန်စစ်ရှင် ဒေါ်သောင်းက ဂူတစ်ခု လှူဒါန်းကြပါသည်။

၁၂၇၄-ခုနှစ် မန္တလေး တာရဲတန်း ကုန်သည်ကြီး ဦးချို ဒေါ်မြ သားကိုမောင်ကြီးတို့က ဘုရားကျောင်းတစ်ဆောင်၊ ၎င်းနှစ် ၎င်း၏အစ်မ ဦးဖိုးသာ ဒေါ်ဖွား သမီး မမှိတို့က စောင်းတန်း(၁)၊ ဘိုကလေးမြို့၊ စက်ပိုင် ဦးညြ ဒေါ်အုံးခက် တို့က စောင်းတန်း(၁)၊ မြင်းခြံ ကုန်သည်ကြီး ဦးဘထွန်း မစက်ရှူတို့က စောင်းတန်း(၁) လှူဒါန်းကြပါသည်။

၁၂၈၂-ခုနှစ် မန္တလေးမြို့၊ ရွာဟိုင်း ရွှေသမင်ဆန်စက် ဒေါ်သောင်း၏အစ်ကို စက်ပိုင် ဦးဖိုးသောင်း ဒေါ်အုံးတို့က ဆရာနေသော နှစ်ထပ်တိုက် တစ်ဆောင်၊ ၁၂၉၇-ခုနှစ် မန္တလေး တာရဲတန်း မြေပိုင်ရှင် ဦးလူကလေး ဒေါ်အို သမီး မလှလှတို့က ဇရပ်တစ်ဆောင်၊ ၁၂၉၈-ခုနှစ်၊ မုံတောရွာ ဦးစံဝ မခင်တို့က ဇရပ်တစ်ဆောင်၊ ၁၂၉၉-ခုနှစ်၊ စစ်ကိုင်း မင်းစံရပ် ပိုးကုန်သည်ကြီး ဒေါ်စောညွန့်က ဇရပ်တစ်ဆောင်၊ ၎င်းနှစ် ကိုးထောင်ဗိုလ် မြေပိုင်ရှင် ဒေါ်ယုနှင့်သမီး မနန်းစေတို့က ဇရပ်တစ်ဆောင်လှူဒါန်းကြပါသည်။

၁၃၀၉-ခုနှစ် မုံတော်နယ် တောင်ကိုင်းရွာ မြေပိုင်ရှင် ဒေါ်မြစ် နှင့်သမီး မမြကြည်တို့က ဇရပ်တစ်ဆောင်လှူဒါန်းကြသည်။

မေး။ နိစ္စဘတ်ဝတ်ထား၍ လှူသောပစ္စည်းများဖော်ပြပါ။

ဖြေ။ ဆီမီးနံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ ပန်းနေ့စဉ်တစ်ကြိမ်၊ ရေတော်တစ်နေ့သုံးကြိမ်၊ ဆွမ်းတော်တင် နေ့တစ်ကြိမ်၊ ဘုရားဝတ်ပြုရှိခြင်းမှာ တစ်နေ့(၇)ကြိမ်၊ ဝိပဿနာအလုပ်မှာ တစ်နေ့သုံးကြိမ်အပြင် နေ့ညမပြတ် အားထုတ်ပါသည်။ ပုတီးစိတ်ဝတ် ဂုဏ်တော်တစ်ထောင်၊ သရဏဂုဏ်တော်ကြီး (၃၀)၊ အထူး ဂုဏ်တော်များ၊ လက္ခဏာရေးသုံးပါး၊ နုဿတိ(၁၀)ပါး၊ မရဏာနုဿတိ၊ မေတ္တာပို့များ၊ နေ့စဉ်ဝတ်ထား၍ ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တော်များမှာ မဟာပရိတ်တော်ကြီး (၁၁) သုတ်၊ ဓာရဏပရိတ်တော်၊ ပရိမိတ္တဇာလသုတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုက်ဖြစ်ပါသည်။

မဟာသမယသုတ်ကို တစ်လလေးသီတင်း ရွတ်ဖတ်သရဇ္ဈာယ် ရသောကုသိုလ်နှင့်တကွ ပြုပြုသမျှသော ဒါနသီလဘာဝနာ

ကုသိုလ်အဖို့ကို သတ္တဝါများအား အမျှပေးဝေပါသည်။ ဖြဟ္မစိုရ် တရားပွားများအားထုတ်ပြီးလျှင် နေ့စဉ်နေ့စဉ် မေတ္တာအကြိမ် (၃)ကြိမ် ပို့သည်မှာ (၅၂၈)မေတ္တာနှင့်တကွ အထက်နတ်များ အောက်နတ်များ အထက်ဆရာကြီးများ၊ စတုပစ္စယဒါယကာ ဒါယိကာမများ၊ ဆွေမျိုးများ၊ တပည့်များ၊ (၇)ရက်သားသမီး များအားလုံးတို့အား ဩဒိသမေတ္တာဖြင့် ရည်စူး၍ပို့ပါသည်။ ကမ္မဋ္ဌာန်းအားထုတ်တိုင်း သတိရတိုင်း မေတ္တာပို့သည်မှာ အကြိမ်အရေအတွက်မထားဘဲ ပို့ပါသည်။

မေး။ သမထဝိပဿနာကို နည်းပေးသောဆရာနှင့်ဘယ်အရွယ်ကစပြီး တရားအားထုတ်သည်ကို ဖော်ပြပါ။

ဖြေ။ စစ်ကိုင်းတောင်ရိုး ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် ဘုရား၏နည်းကို ခံယူပြီး အသက်(၃၁)နှစ်ကစ၍ အားထုတ် ပါသည်။

မေး။ လှူဒါန်းခဲ့သော ထိုက်တန်သည့်ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ သီလရှင်ပြုလုပ်ပြီး လှူဒါန်းသော ဒါနများမှာ ရှေးဦးစွာ ၁၂၅၆-ခုနှစ် မန္တလေး ဘုရားဖူးသွား၍လှူဒါန်းသောဝတ္ထုငွေမှာ (၁၀ဝိ)၊ ၁၂၅၇-ခုနှစ်၊ ပထမ မန်းစက်တော်ရာဘုရားဖူးသွား၍ လှူဒါန်း သောဝတ္ထုငွေမှာ (၁၅ဝိ)၊ ၁၂၆၇-ခုနှစ် ပထမအကြိမ် စစ်ကိုင်း ဂန္ဓာရုံ၌ ရန်ကုန်ကလာ၍ တရားအားထုတ်သည်မှာ (၆)လ ကြာ၍ လှူဒါန်းရာ (၂၅ဝိ)၊ ၎င်း ဒုတိယလာ၍ ၁၂၆၉-ခုနှစ် သစ်ဆိမ့်ချောင်၌ ကမ္မဋ္ဌာန်းအားထုတ်၍ (၈)လကြာ လှူဒါန်းနေသည်မှာ (၂၅ဝိ) ၎င်းတတိယလာ၍ ၁၂၆၉-ခုနှစ် ခေမေသကချောင် ပဲခူးဂူ၌ ကမ္မဋ္ဌာန်းအားထုတ်၍ (၃)လကြာ လှူဒါန်းသည်မှာ(၁၅ဝိ)။

ဒုတိယအကြိမ် ၁၂၇၅-ခုနှစ်၊ မန်းစက်တော်ရာဘုရားဖူးသွား၍ လှူဒါန်းသောဝတ္ထုငွေမှာ (၂၀ဝိ)။ ၁၂၅၈-ခုနှစ်၊ မော်လမြိုင် တောင်ဝိုင်းကုသိနာရုံ စက်မသတ္တာဟ၌ ရပ်တော်မူဒေါင်းမြီး ကွက် ရွှေချ၍ ဆင်းတုတော်တစ်ဆူ ဝတ္ထုငွေ(၁၅ဝိ)။ ၎င်းနှင့် တစ်ကြိမ်တည်းပင် ၎င်းဘုရားအနီး မိခင်၏အရိုးကို အောက်က ထား၍ဓာတ်တော်များ ဆင်းတုတော်များ ဌာပနာပြုလုပ်ပြီး ထီးတင်၍လှူခြင်း၊ စေတီငယ်တစ်ဆူ ဝတ္ထုငွေ (၁၀ဝိ)။

၁၂၈၉-ခုနှစ်၊ ကျိုက္ခမီမြို့ ဘိုးဘွားမိခင်၏အဘက ပထမ တောခုတ်တည်ထွင်၍ စေတီတော်ကြီးကို တည်ပြီးကိုးကွယ်လာ သော ဆင်ပုံးဘုရားစေတီတော်ကြီး၌ ထုံးသုတ်လှူခြင်း၊ ၎င်း ဘုရား၏ အာရုဏ်ခံပျက်စီးနေသည်ကိုဖျက်၍ အသစ်အုတ် တိုက်အာရုဏ်ခံဝတ်ကို ပြုလုပ်၍ သွတ်အမိုးနှင့်တကွ အတွင်း အပြင် ဆေးများသုတ်ပြီး ၎င်းဘုရားအတွင်းရှိ ပလ္လင်တော်နှင့် ဆင်းတုတော်ဘုရားကိုလည်း ထပ်မံ၍ ကျောက်ရောင်တင် ရွှေချ၍လှူဒါန်းသည်မှာ ဝတ္ထုငွေ (၁၀ဝဝိ)ကျော်။

၁၂၉၃-ခုနှစ်တွင် ပုပ္ဖာရုံကျောင်းအထက်အာရုဏ်ခံတန်ဆောင် ကြီးကို သိမ်ဒကာကြီး ပြုပြင်လှူဒါန်းသည်၌ အလှူဝင်ငွေ (၅ဝိ)လှူဒါန်းသည်။

ရန်ကုန်ရွှေတိဂုံဘုရားခြေတော်ရင်း၌ နေစဉ် ၁၂၆၇-ခုနှစ် တောထွက်လို၍ ပဒေသာပင်ပြုလုပ်၍ အပေါ်ထိပ်က ထီးတင် ပြီး သက်န်းသပိတ်ပရိက္ခရာရှစ်ပါး ကော်ဇော,ကြေးစည်,ပန်းကန် လွှက်ရည်ကရားမှစ၍ အစုံ ပဒေသာပင်၌ ထီးတင်ပြီး ဘုရား ဖူးကြွလာသောသံဃာတော်များအား မဲချ၍ လှူသည်မှာ (၂၈ဝိ) ရန်ကုန် ရွှေကျင်တိုက် ဂန္ဓဝေါကျောင်းဆရာတော် ဦးဇောတိက

အရှင်မြတ်အား ပေနှင့်ရေး၍ သဒ္ဒါ၊ သဂြိုဟ် အဘိဓာန်များ၊ ပေစာတစ်ထုပ် ဝတ္ထုငွေ (၂၈ဝိ)

၁၂၇၅-ခုနှစ် စစ်ကိုင်း မိမိနေသောမြို့ချောင်၏ ဥပစာအရှေ့ဘက်တောင်ပေါ်၌ ချမ်းသာကြီးချမ်းသာရ ချမ်းသာမြတ် ဘုရားသုံးဆူ ထီးတင်ခြင်း၊ တောင်ပေါ်ကမ္မဋ္ဌာန်းကျောင်းအနီး ချမ်းသာလှစေတီတော်တစ်ဝိုက် ပျက်စီးယိုယွင်းခြင်း၊ ပန်းအိုးများ ပျက်စီးခြင်း၊ ၎င်းဂူအတွင်းရှိ ဆင်းတုတော်၏ လက်တော် နားတော်များ ပျက်စီးနေခြင်းတို့ကို အကုန်ပြုပြင်၍ထီးတင်လှူဒါန်းသည်မှာ ဝတ္ထုငွေ (၅ဝဝိ)။

မြို့ချောင် ကမ္မဋ္ဌာန်းဂူတိုက်၌ ကမ္မဋ္ဌာန်းကျောင်း(၈)ကျောင်း ဆောက်လုပ်လှူဒါန်းသည်မှာ ဝတ္ထုငွေ (၅ဝဝိ)။

၁၂၉၁-ခုနှစ်၊ မြို့ချောင် ဝန်းတံခါးပြုလုပ်သည်မှာ (၂ဝဝိ) တောင်ပေါ်ကမ္မဋ္ဌာန်းကျောင်းက ရေကန်ပျက်စီး၍ ပြုပြင်သည်မှာ (၁၅ဝ)

၁၂၈၁-ခုနှစ် အုတ်တိုက်ထပ်မံပြုပြင်အလှူဝင်သည်မှာ (၂ဝဝဝိ)

၁၂၆၅-ခုနှစ် သာသနာတော်၌ ရှင်သာမဏေ(၁ဝ)ပါး ဒါယကာ ပြုလုပ်သည်မှာ စုစုပေါင်းဝတ္ထုငွေ (၅ဝဝိ)၊

၁၂၆၆-ခုနှစ် သာသနာတော်၌ ရဟန်းဒကာ ပြုလုပ်သည်မှာ စုစုပေါင်းငွေ (၅ဝဝိ)

၁၂၈၅-ခုနှစ် သီဟိုဠ်ကျွန်း ကိုလံဘိုမြို့၌ မောင်ဖြစ်သူ ဦးဝိနယာလင်္ကာရ ဆရာတော်က ဘုရားဖူးလာသောအာဂန္တုများ တည်းခိုဖို့ရာ အုတ်တိုက်၌ အလှူပါဝင်ပါဟုနှိုးဆော်၍ တစ်ခန်းကို (၂၅ဝိ)၊ ၁၂၇၄-ခုနှစ် သီဟိုဠ်၌ သွားစရိတ်သံဃာတော်နှင့် သီလရှင်များအလှူငွေ (၇၅ဝိ)

မော်လမြိုင်မြို့ ကျိုက်သံလံဘုရားအတွက် ငွေပင်စိုက်၍ အလှူ တော်ငွေ (၁၀ဝိ) သဒ္ဓမ္မပါလစာမေးပွဲအတွက် ငွေပင်စိုက်၍ အလှူတော်ငွေ (၁၀ဝိ)၊ ကျိုက်သံလံဘုရား မြေပြိုပျက်စီး၍ ပြုပြင်ရာ၌ အလှူတော်ငွေ (၂၅ိ) ကျိုက်သံလံဘုရား ပဋ္ဌာန်း တရားပွဲမှာ သုံးနှစ်ဆက်၍ လှူသည်မှာ (၅၅ဝိ)။

ဘီလူးကျွန်း ကွမ်းသဲမုဒိကြီးဘုရားများ ပျက်စီးယိုယွင်း၍ ပြုပြင် သည့်နေရာများ၌ မုဒိကြီး၊ သစ္စာဝါဒီ သိမ်အမိုးပြုပြင်သည်မှာ ရင်းချောင်းဆုံမြို့ မြင့်မိုရ်တောင်ဘုရား ခြေတော်ရင်း မဟာ မြတ်မုနိဘုရားအာရုံခံ၌ တရားပွဲများပြုလုပ်သည်၌ အရပ်ရပ် အလှူငွေ (၅၀ဝိ)

၁၂၇၁-ခုနှစ်ကစ၍ မိမိအတွက် မွေးလ တန်ဆောင်မုန်းလပြည့် နေ့၌ နှစ်စဉ်ဘုရားကျောင်း၌ ဆွမ်းတော်ကြီးတင်ခြင်း၊ သံဃာ တော်များ ဆွမ်းကျွေးခြင်း၊ ချမ်းသာကြီး ချမ်းသာရဘုရား၌ မီးပုံးနှင့်မီးများစွာထွန်းလှူခြင်း၊ တရားပွဲပြုလုပ်ခြင်းများ၌ တစ်နှစ်ကို မိမိက အနည်းဆုံး(၅ဝိ)သာထား၍လှူဒါန်းသည်မှာ ၁၃၁၀-ခုနှစ်အထိ (၃၉)နှစ်၌ စုစုပေါင်းငွေ (၁၉၅ဝိ) လှူဒါန်း ခြင်းများဖြစ်ပါသည်။

ဤသို့ ကျွန်ုပ်ပြုပြုသမျှသော ဒါနသီလဘာဝနာကုသိုလ်အဖို့ ဘာဂကို ဝေနေယျသတ္တဝါများအပေါင်းနှင့်တကွ သမုတိသံဃာ တော်မြတ်အပေါင်းအားလည်းကောင်း၊ သိကြားမင်းနှင့်တကွ အလောင်းတော်နတ်သားမှစ၍ အထက်နတ်ဗြဟ္မာများ၊ ကိုယ် စောင့်နတ်မှစ၍ အောက်နတ်များ၊ အထက်ဆရာတော်ကြီး များ၊ ပစ္စုပ္ပန် အမိအဘဆရာများနှင့်တကွ အတိတ်က မိတ် ဟောင်းဆွေဟောင်းများ၊ သီလရှင်သူတော်ကောင်းများ၊ စတု

ပစ္စယဒါယကာများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ (၇)ရက်သားသမီးများမှစ၍ (၃၁)ဘုံနှင့်တကွ အနန္တစကြာဝဠာ၌ ရှိသောနတ်များ၊ သတ္တဝါဝေနေယျအပေါင်းတို့အား အကျွန်ုပ်နှင့်တကွ ထပ်တူထပ်မျှ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေပါ၏။ အမျှပေးဝေသည်များကို မကြားမသိ မရှိကြပါစေသတည်း။ အကျွန်ုပ်မေတ္တာအမျှရသည့်နေ့မှစ၍ သင်တို့အချင်းချင်း ညီညွတ်၍ ဝမ်းမြောက်ဝမ်းသာကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ ကျန်းမာစွာနှင့်ကြံရွယ်အားထုတ်သည့်အတိုင်း မဆုတ်ဆိုင်းဘဲ အလုံးစုံပြည့်စုံကြပါစေကုန်သတည်း။

စုစုပေါင်း အလှူတော်ငွေ (၁၁၈၂၅)ဖြစ်သည်။

---


၁၃၁၀-ခုနှစ်၌ ဒါယိကာမကြီးကိုယ်တိုင် ဖြေကြားရေးသားထားသည့်စာအုပ်မှ မူရင်းအတိုင်း ရေးကူးပေးလိုက်ပါသည်။

ဦးသုဝဏ္ဏဇောတိ

၁၃၂၁-ခု၊ တော်သလင်းလဆန်း(၁)ရက်နေ့ဟုပါရှိပါသည်။

# မယ်တော်ကြီးထံ အိတ်ဖွင့်ပေးစာ

အရှင်ဒေဝိန္ဒာဘိဝံသ(ဓမ္မအိန္ဒိယနိုင်ငံ)



သို့

ရက်စွဲ။ ၁၃၆၉-ခု၊ ပြာသိုလဆန်း(၁)ရက်(၈-၁-၂၀၀၈)

"မယ်တော်ကြီး. . . ကျန်းခန်းသာလို့ မာပါစ"

ဦးဇင်းကတော့ ဒေါင်ဒေါင်မြည်တဲ့ ပစ်တိုင်းထောင်ပါပဲ။ "နေရ ထိုင်ရတာအားလုံး အဆင်ပြေပါတယ်"လို့ မင်္ဂလာစကားနဲ့ နှုတ်ခွန်း ဆက်သရင်း မယ်တော်ကြီးထံစာရေးလိုက်ပါတယ်။ ဒီအိန္ဒိယနိုင်ငံကို ရောက်ခါစကတော့ ဈေးဝယ်တာပဲဖြစ်ဖြစ်၊ ကားငှားတာပဲဖြစ်ဖြစ်၊ လက်ဖက်ရည်သောက်ချင်လို့ပဲဖြစ်ဖြစ် အစစအရာရာ သူများကို အားကိုးရတယ်။ အခုတော့ ကိုယ့်ဟာကိုယ် ဝယ်တတ်ခြမ်းတတ်၊ သွားတတ်လာတတ်ပြီဆိုတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင် ပြီလို့ ပြောကြပါစို့။

အနေကြာလာတော့ သူများနိုင်ငံမှာနေရတယ်ဆိုပေမဲ့ ကိုယ့် နိုင်ငံမှာနေရသလိုပါပဲ။ ဒါ့ကြောင့် ဘယ်နေရာမှာမဆို ရောက်ခါစ မှာတော့ အခက်အခဲရှိပေမဲ့ ကြာလာရင် အဆင်ပြေသွားတာတိုးမဲ့ပါ။

အနေကြာလာတော့ သူများနိုင်ငံမှာနေရတယ်ဆိုပေမဲ့ ကိုယ့်နိုင်ငံမှာနေရသလိုပါပဲ။ ဒါ့ကြောင့် ဘယ်နေရာမှာမဆို ရောက်ခါစမှာတော့ အခက်အခဲရှိပေမဲ့ ကြာလာရင် အဆင်ပြေသွားတာထုံးစံပါ။ တစ်ချို့က နေရာဌာနတစ်ခုကို စရောက်ပြီဆိုရင် "ပျင်းတယ်"လို့ ငြီးတတ်ကြတယ်။ ဦးဇင်းကတော့ ကိုယ်ရည်မှန်းထားတဲ့အလုပ် အဆင်မပြေရင်သာငြီးတာ၊ အလုပ်အဆင်ပြေရင်တော့ ဘယ်လိုနေရာမျိုးမှာပဲရောက်ရောက် မငြီးဘူး။ စာသင်တိုက်ပေါင်းမြောက်မြားစွာနေခဲ့ဖူးပါတယ်။ ပျင်းတယ်ဆိုတာ မရှိခဲ့ဘူးပါဘူး။ အဆင်မပြေရင်တော့ ချက်ချင်းပြောင်းတော့တာပဲ။ ဘယ်သူ့ကိုမှ တိုင်ပင်နေတာမဟုတ်ဘူး။ ကိုယ့်စိတ်ကူးနဲ့ကိုယ်၊ ကိုယ့်သဘောနဲ့ကိုယ် လုပ်ချလိုက်တာ။ မှားတဲ့အခါလည်း မှားပေါ့။ သိပ်ပြီးတော့စဉ်းစားနေတာ မဟုတ်ဘူး။

ဒါ့ကြောင့် ဟိုပြောင်းဒီပြောင်းနဲ့ ကျောင်းတွေ တော်တော်ပြောင်းခဲ့တယ်။ ဦးဇင်းစာမေးပွဲတွေအောင်နေလို့သာ ပတ်ဝန်းကျင်က သိပ်မပြောကြတာ။ အခုလိုသာ အောင်မြင်မှုတွေ မရခဲ့ဘူးဆိုရင် "ဦးဒေဝိန္ဒ. . . စာမေးပွဲ ဘယ်အောင်မှာလဲ၊ ကျောင်းတွေ သိပ်ပြောင်းနေတာကိုး၊ သမာဓိတော်တော်အားနည်းတယ်"လို့ ဦးဇင်းရဲ့ပတ်ဝန်းကျင်ကလူတွေ အမျိုးမျိုးပြောကြမှာပဲ။

'သုံးကျောင်းပြောင်းသောရှင်'နှင့်'သုံးလင်ပြောင်းသောမိန်းမ' ဟာ အသုံးမကျဘူးဆိုပဲ။ ဒါ့ကြောင့် ဦးဇင်းအသုံးမကျတဲ့ "လူ့ဂွစာ,လူကန့်လန့်"ထဲမှာ ပါနေတယ်။ ဒီလောက်သုံးလို့ဖြစ်ရင်ကို တော်လှပြီလို့ပြောရမှာပဲ။ ဦးဇင်းကို မယ်တော်ကြီးက "ဘုန်းကံတွေ တက်နေတယ်။ ကိုယ့်ကိုယ်ကိုသိရဲ့လား"လို့ ခဏခဏပြောတယ်။ ဒီတော့ ဦးဇင်းက မယ်တော်ကြီးပြောတဲ့အတိုင်းဆိုရင် "တကယ့်လူတော်ကြီး"ဖြစ်နေပြီ။ ဒါပေမဲ့ ဦးဇင်းဝမ်းမသာပါဘူး၊ ဘာ့ကြောင့်လဲ၊ မရရှိသေးသော ဂုဏ်

ကို ရရှိအောင်ကြိုးစားခြင်းထက် ရရှိပြီးသောဂုဏ်ကို ထိန်းရတာက ခက်တယ်တဲ့။ ဟုတ်တယ်မဟုတ်လား၊ ဒါ့ကြောင့် မယ်တော်ကြီးကို ပြောချင်တယ်။ ဦးဇင်းက "လူတော်"မဟုတ်သေးပါဘူး၊ "လူတော်" ဖြစ်အောင်ကြိုးစားနေသူပါလို့။

ငယ်ငယ်တုန်းက ဦးဇင်းမှာ ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့ ဆရာလည်းမရှိဘူး၊ ဆရာကိုလည်း သိပ်အားကိုးတာမဟုတ်ဘူး၊ "အားကိုးလောက်တဲ့ဆရာ"ကိုလည်း မတွေ့တာပါလိမ့်မယ်ထင်ပါတယ်၊ အားကိုးလောက်တဲ့ဆရာကိုတွေ့သော်လည်း ဦးဇင်းကိုက မချီးမြှောက်ထိုက်တဲ့ တပည့်ဖြစ်နေလို့ ဆရာတွေက မချီးမြှောက်တာလည်းဖြစ်ချင်ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဦးဇင်းရဲ့ဘဝက တစ်ကိုယ်တော်သမားပဲ။ ခေတ်စကားနဲ့ပြောရင် "ဘဝသမား"ပေါ့။ စာမေးပွဲမြောက်မြားစွာကိုဖြေဆိုခဲ့တာလည်း ကိုယ့်သဘောနဲ့ကိုယ်ပဲ။ "မင်းဒီစာမေးပွဲကို ဖြေကိုဖြေရမယ်"လို့ဆရာတစ်ယောက်ရဲ့အမိန့်ပေးတာကိုလည်း မခံခဲ့ရဘူး။ အဲဒီတော့ ကိုယ်ကလည်း "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်"ဆိုပြီး ကိုယ်ထင်ရာ ဆိုင်းတော့တာပဲ။ အဲဒါကြောင့်မို့လားမသိဘူး။ အခု စစ်ကိုင်းရောက်လာတယ်၊ စစ်ကိုင်းကိုနေမယ်လို့ တရံတခါမှ စိတ်မကူးဖူးဘူး။

ကိုယ့်လမ်းကိုယ်ထွင်ခဲ့တယ်။ ကိုယ့်ဉာဏ်နဲ့ကိုယ် ကြံခဲ့တယ်၊ မှားတော့လည်းခံ၊ မှန်တော့လည်းစံပေါ့။ ပြီးတော့ ဦးဇင်းက အငြင်းကလည်း သန်တယ်၊ မှန်တယ်ထင်ရင် နောက်မဆုတ်ချင်ဘူး၊ ငြင်းခုံရင်းနှင့်စကားများခဲ့တာလည်း အကြိမ်ပေါင်းမနည်းဘူး၊ အသက်(၃၀) ကျော်လောက်ကျမှ "ဝိဝါဒံ ဘယတော ဒိသွာ-ငြင်းခုံခြင်းသည် အမုန်းပွား၏"ဆိုတာကို သိလာတယ်၊ ဒါတောင်မှ သိပ်မလျှော့ချင်သေးဘူး။ "အကျိုးပျောက်တော့ ဆွံ့တွန့်တွန့်"ဆိုတာလို အငွေ့အသက်လေးတော့

ကျန်သေးတယ်၊ တစ်ခါက ရန်ကုန် မလွန်ဆန်လှူအသင်းမှာ ဝါဒရေး ရာနှင့်ပတ်သက်ပြီး ဘုန်းကြီးတစ်ပါးနှင့်ဆွေးနွေးကြတယ်၊ နားထောင် နေတဲ့ဘုန်းကြီးတစ်ပါးက သီတဂူကြယ်တစ်ပွင့် ဦးပညာနန္ဒကို "မောင် ဒေဝိန္ဒရဲ့စကားလုံးတွေက နံဘေးကို ပိဿာလေးနှင့်ပစ်သလိုပါပဲလား၊ မြွေပွေးလေးဗျ၊ သီတဂူဆရာတော်ဆီ ရောက်လာလို့ တော်သေးတာ" လို့ ပြောသတတ်။ "တပည့်တော်ဟာ အခု အဆိပ်မရှိတဲ့ ရေမြွေလို ကျင့်နေပါတယ်ဘုရား"လို့ အဲဒီဘုန်းကြီးကို လျှောက်လိုက်ချင်တယ်။

အသက်(၁၉)နှစ် ကိုရင်ဘဝ(သာမဏေကျော်တတိယဆင့်)က စပြီး စာဝါလိုက်တာ မရှိသလောက်ပါပဲ။ မှတ်စုမှတ်တမ်းစာအုပ်တွေ ကိုပဲ ဆရာတင်ခဲ့တာ။ ပြီးတော့ "ပုစ္ဆာဟောင်း"တွေကို မရရအောင် ရှာဖွေပြီး အမြဲတမ်းတိုက်ကြည့်တယ်၊ "သကျသီဟစာသင်တန်း"လုပ် တုန်းကလည်း စာဝါမလိုက်ခဲ့ဘူး၊ စာချတန်းရောက်တော့ တစ်လ လောက် လိုက်ကြည့်သေးတယ်၊ အဲဒါကလည်း စာချဆရာကို အားနာ လို့ လိုက်ရတာ၊ စာဝါလိုက်တာကိုလည်း ဝါသနာ သိပ်မပါဘူး၊ စိတ်ထဲ မှာလဲ ဘာမှမထူးဘူးလို့ ထင်ခဲ့တယ်၊ အမှန်တကယ်က စာဝါလိုက်သင့် ပါတယ်၊ ဦးဇင်းကိုက တစ်ယူသန်ဖြစ်နေတာ။

အဲဒီလိုစာဝါလိုက်တာ ဝါသနာမပါပေမဲ့ တကယ့်စာတတ် ပေတတ်ကိုယ်တော်လေးတွေကို ချဉ်းကပ်ပြီး မေးမြန်းတတ်တာကတော့ ပုနပ္ပုနံ-ထပ်ချည်းတလဲလဲပဲ။ "ဒီစာမေးပွဲကို ဘယ်လိုအောင်မြင်အောင် လုပ်ရမလဲ၊ ဘယ်စာတွေကို အဓိကထားပြီး ကြည့်ရမလဲ၊ ဘယ်ဆရာ တော်ရဲ့ ပို့ချချက်မှတ်စုတွေကို ကြည့်ရမလဲ" စသဖြင့်ပေါ့။ ခဏခဏ မေးတယ်။ ဒါကြောင့် တချို့က ဦးဇင်းကို "အမေးအမြန်းထူတယ်"တဲ့။ ဟုတ်လောက်တယ်။ ဦးဇင်းကလည်း စိတ်ဝင်စားပြီဆိုရင် တဖက်လူ အမြင်ကပ်လောက်အောင် မေးတတ်တယ်။ တစ်ချို့ကတော့ မေးလွန်း

အားကြီးတော့ "ကိုယ်တော်. . . စသုံးလုံးက လာတာလား"တဲ့။

စာဖတ်တာ၊ စာကြည့်တာကိုတော့ ငယ်ငယ်ကစ ဝါသနာပါတယ်၊ တော်လှန်ရေးစာပေတွေကို ပိုပြီးတော့ ဝါသနာပါတယ်။ အသက် (၁၅)နှစ်လောက်က လယ်တီဆရာတော်ရဲ့ ပရမတ္ထဒီပနီစာအုပ်ကြီးကို တစ်လုံးစနှစ်လုံးစ ဖတ်ခဲ့တယ်၊ နိဒါန်းကိုဖတ်ကြည့်လိုက်တော့ "ဋီကာကျော်စာအုပ်ထဲမှာ အမှားတွေ ၂၀၀-ကျော်လောက် ပါတယ်ဆိုပါလား" ဆိုတာကို သိသွားပြီး စိတ်ဝင်စားသွားတယ်၊ အဲဒီတုန်းက အငယ်တန်းရောက်နေပြီဆိုတော့ ဋီကာကျော်စာအုပ်ကို ကောင်းကောင်းသိနေပြီလေ။

ပရမတ္ထဒီပနီထဲက "န သုန္ဒရံ(မကောင်း)၊ န ယုတ္တံ(မသင့်)ဆိုတဲ့ စကားလုံးတွေကို ခဏခဏဖတ်ကြည့်တယ်။ ဒီစကားလုံးရဲ့ အဓိပ္ပါယ်ကိုသိနေတာကိုး။ ဘာ့ကြောင့် ဒီလိုရေးပါလိမ့်ဆိုတာကိုလည်း သိချင်နေတယ်။ ဒါပေမဲ့ မဖတ်နိုင်ခဲ့ဘူး။ အခုချိန်ထိ အဲဒီစာအုပ်ကို မြင်ယောင်မိတယ်။ စာအုပ်က တော်တော်ဟောင်းနေပြီ။ "မဏိမဉ္ဇူဋီကာစာအုပ်ကြီး"ဟာ ဖွဲ့အိတ်ကြီးနှင့်တူကြောင်းကိုလည်း နိဒါန်းမှာ ရေးထားသေးတယ်။ အဲဒီပရမတ္ထဒီပနီစာအုပ်ဟာ "ကမ္ဘာကျော်စာအုပ်"ပဲဆိုတာကို အခုနောက်ပိုင်းကျမှ သိလာတယ်။ မြန်မာပြည်ဖြစ် "တကယ့်ဂန္ထဝင်ကျော်စာအုပ်ကြီး"ပါ။ ဒါ့ကြောင့် ဆရာတော် အရှင်နန္ဒမာလာဘိဝံသက အဲဒီစာအုပ်ကြီးကို အင်္ဂလိပ်ဘာသာပြန်ထားတယ်။

"ဘာသာဋီကာစာအုပ်"တွေဆိုရင် အသက်(၁၆)နှစ်လောက်က စပြီး မကြည့်တတ်ကြည့်တတ်နဲ့ကြည့်တယ်၊ နောက်ပိုင်းကျတော့ သဘောပေါက်သွားပြီး ဘာသာဋီကာစာအုပ်တွေကို အိပ်ရာဘေးမှာ ထားပြီး ကြည့်တော့တာပဲ။ အဲဒီစာအုပ်တွေဟာ ဦးဇင်းရဲ့ စာချဆရာတွေပဲ။

ဆက်ပြီးတော့ အခု အိန္ဒိယနိုင်ငံမှာ နေရတဲ့အခြေအနေကို ပြောပြဦးမယ်။ သာခုကံ သုဓောဟိ-ကောင်းစွာနားစိုက်ပါလော။

ဦးဇင်းတို့. . . . ဗာရာဏသီတက္ကသိုလ်မှာ အခန်းမလောက်လို့ ဗမာဘုန်းကြီး ၂၀-လောက်ဟာ အိမ်ငှားပြီးနေရတယ်။ တစ်ချို့ကလည်း ၅-ပါးပေါင်းပြီးနေကြတယ်။ တစ်ချို့ကလည်း ၃-ပါး၊ တစ်ချို့ကလည်း ၂-ပါးစသဖြင့် အဆင်ပြေသလို ကြည့်နေကြတယ်။ ဦးဇင်းက ၃-ပါး ပေါင်းပြီး နေတယ် ၁-လကို ဒေါ်လာ(၆၀)ပေးရတယ်၊ မြန်မာကျပ် ငွေနဲ့ဆိုရင် ၇၀၀၀၀(ခုနစ်သောင်း)လောက်ပေးရတယ်။ တိုက်က လေး ထပ်ရှိတယ်။ ဦးဇင်းတို့နေရတာက တတိယထပ်။ သပ်သပ်ရပ်ရပ်နဲ့ နေချင်စရာကောင်းပါတယ်။ ဦးဇင်းတို့တိုက်တန်းမှာ တိဗက်ဘုန်းကြီး တွေ အများကြီးရှိပါတယ်၊ သူတို့လည်း ငှားနေကြတာပဲ။ သူတို့က အိန္ဒိယနိုင်ငံသားလိုဖြစ်နေပြီ။ ဗာရာဏသီမြို့မှာရှိတဲ့သူတို့ "တိဗက် ကျောင်းကြီး"တွေဟာ အံ့မခန်းပါပဲ။

ကုလားပြည်မှာ နေရတာဆိုတော့ မတောက်တခေါက်ကုလား စကားတတ်အောင်တော့လုပ်ထားရတယ်။ ဒါမှလည်း အဆင်ပြေမှာ ကိုး။ ဈေးဝယ်ရင် 'ကစ်တနား"ဆိုတဲ့ကုလားစကားတစ်ခွန်းတတ်ရင် ရပြီ။ "ကစ်တနား"ဆိုတာက ဗမာလို "ဒီပစ္စည်းက ဘယ်လောက်တန် သလဲ"လို့ ဈေးမေးတာပါ။ ပါဠိလိုဆိုရင် "ကိတ္တကံ"ပေါ့။ ကုလားလို "ဧ၊ ဒိုး၊ တီ၊ ကျ၊ ပန့်၊ ချ၊ ဆ၊ အဌ်၊ နော၊ ဒ(စ်)"ဆိုတာက ဗမာ လို ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀"ကိုပြောတာပါပဲ။ ပါဠိနှင့် တူနေတော့ မခဲယဉ်းပါဘူး။ "နဟီး"ဆိုတာက မရှိဘူး၊ မဟုတ်ဘူးလို့ ပြောတာပဲ။ ဒါကိုတော့ အသေမှတ်ထားရတယ်။ "ဘူးတစ်လုံးဆောင် အိုအောင်မဆင်းရဲ"လို့ ပြောစမှတ်ရှိတာကိုး။

ကုလားဆိုတဲ့အမျိုးက အလွန်လိမ်ချင်တာ။ အလွန်ညစ်တဲ့ ကားသမား၊ ဆိုက္ကားသမားတွေကို တခါတရံ ခပ်တည်တည်နှင့် "ကပိ ကပိ အာန ဂျာနားဟဲ"လို့ ငေါက်ပစ်လိုက်ရတယ်။ ဗမာလိုဆိုရင်

"ဒီလမ်းက ငါခဏခဏသွားနေကျ၊ ငါသိတယ်"ပေါ့။ တကယ်တော့ ကိုယ်ကတစ်ခါမှ မရောက်ဖူးဘူး။ အဲဒီလို ငေါက်လိုက်ရင်လည်း ငြိမ်သွားတာပဲ။ ကုလားတွေက "ခန္တီ"တော့ တော်တော်ရှိတယ်လို့ပြော ရမှာပဲ။ အလုပ်လုပ်ရင်လည်း အေးအေးဆေးဆေးပဲ။ ပြာပြာသလဲ လုပ်တယ်ဆိုတာ မရှိဘူး။ ဈေးဝယ်တဲ့လူ ဘယ်လောက်များများ တစ်ယောက်ပြီးမှတစ်ယောက် အေးအေးဆေးဆေးမေးပြီး ဈေးရောင်းတာ။ မစောင့်နိုင်ရင်တော့ ပြန်ရုံပဲ။

မနက်ခင်းလင်းပြီဆိုရင် ကုန်စိမ်းသည်တွေ တွန်းလှည်းနဲ့ရောက် လာပြီ။ ဈေးရောင်းတာက အမျိုးသမီးတွေမထင်နဲ့။ ယောကျ်ားကြီးတွေ ကိုယ်တိုင်ရောင်းတာ။ မိန်းမဆိုတာ အိမ်တွင်းပုန်းမဟုတ်လား။ အပြင် မထွက်ရဘူး။ ရှေးတုန်းကဆိုရင် လမ်းမတွေပေါ်မှာ မိန်းမတစ်ယောက် မြင်ရဖို့ သိပ်ခဲယဉ်းတယ်တဲ့။

မနက်(၇)နာရီလောက်ဆိုရင် တိုက်အောက်ထပ်ကိုဆင်းပြီး ချက် စရာပြုတ်စရာဝယ်လိုက်ရုံပဲ။ ဈေးနှုန်းကမဆိုးပါဘူး။ မြန်မာနိုင်ငံလိုပါ ပဲ။ ခရမ်းချဉ်သီးတစ်ပိဿာ ၁၅၀-လောက်ရှိတယ်။ ဆန်တစ်ပြည် အကောင်းစား၁၂၀၀-လောက်ရှိတယ်။ ဟင်းသီးဟင်းရွက်ကတော့ ပေါ မှပေါပဲ။ ကိုယ်တိုင်ဝယ်၊ ကိုယ်တိုင်ချက်။ ဘုရားရှင်မိန့်ထားတဲ့ "အတ္တာဟိ အတ္တနော နာထော- မိမိကိုယ်ကို မိမိကိုးကွယ်ရာ"ဆိုတာ ဒါပြောတာပဲ လို့ စဉ်းစားမိတယ်။ အဲဒီလိုအချိန်မှာ ထူးထူးခြားခြား သတိရတာက မယ်တော်ကြီးနေတဲ့အဆောင်ထဲက "ဆွမ်းစားပွဲဝိုင်းလေး"ပါပဲ။ ပဲပြုတ် နှင့်ဘယာကြော်၊ ငါးကြော်နှင့်ဗူးရွက်ဟင်းချိုတို့ကို စိတ်ထဲမှာ အတွဲ လိုက်မြင်ယောင်နေမိတယ်။

ဦးဇင်း ဟင်းချက်ပြီဆိုရင်တော့ ပေါ့တဲ့အခါပေါ့၊ ငန်တဲ့အခါ ငန်ပဲ။ တစ်ခါတရံ အရည်သောက်ချက်ရင် ချိုတာလိုလို၊ ချဉ်တာလို လိုနဲ့၊ ဘာအရသာရှိမှန်းကို မသိဘူး။ ဟင်းချိုလည်း မဟုတ်။ ဟင်း

ချဉ်လဲမဟုတ်။ ဗမာပြည်မှာ "ချိုချဉ်ကြော်"ဆိုတာရှိတယ်နော်။ အဲဒါ မဟုတ်ဘူး။ အခုဟာက "ချိုချဉ်ရည်"ဖြစ်နေပြီ။ ဒါကြောင့် တချို့ ကိုယ်တော်လေးတွေက ဟင်းက စားမကောင်းဘူးဆိုရင် "ဦးဒေဝိန္ဒ လက်ရာကြီးမို့လား"တဲ့။ အဲဒီလို ဦးဇင်းကို ချီးကျူးကြတယ်။ "အော် အခုအချိန်မှာ မယ်တော်ကြီးရဲ့ စားပွဲဝိုင်းထဲက ရှယ်ဟင်းတွေကိုသာ ကျွေးလိုက်ရင်တော့ ဘသားချောတွေ လျှာလည်သွားမှာပဲ"လို့ စိတ် ထဲမှာ လျှပ်တစ်ပြက် တွေးမိပါတယ်။ ဒါပေမဲ့ ဟင်းချက်မကောင်းလို့ သွန်ပစ်ရတယ်ဆိုတာကတော့ မရှိဘူး။ ဘယ်သွန်ပစ်မှာလဲ။ သွန်လိုက် ရင် ငတ်သွားမှာကိုး။ ဒီတော့ အံကြိတ်ပြီး ဝါးကြရတာပေါ့။

အရုဏ်တက်ပြီဆိုရင် ပေါင်မုန့်ကို မီးကင်ပြီး စားတယ်။ ထော ပတ်သကြားနှင့်ရောပြီကင်တယ်။ စက်နှင့်ကင်တာဆိုတော့ သိမြန်တယ်။ စာကြည့်ကောင်းလို့ ညအိပ်ရာဝင် နောက်ကျရင်တော့ (ဟားဟား ယုံရဲ့လား) မနက်၇-နာရီလောက်မှာ စားတယ်။ ဦးဇင်းအကျင့်က အိပ်ရေးဘယ်လောက်ပျက်ပျက် နေမြင့်အောင် မအိပ်တတ်ဘူး။ တကယ် အိပ်ချင်ရင်တော့ မနက်ဆွမ်းစားပြီး ထပ်အိပ်လိုက်တယ်။

နေ့ဆွမ်းကိုတော့ ၁၁-နာရီ ဝန်းကျင်လောက်မှာ စားကြတယ်။ ပုံမှန်ဟင်းကတော့ အသီးအရွက်ပါပဲ။ တစ်ပတ်တစ်ခါလောက် အသား ဟင်းဝယ်စားတယ်။ ကိုယ်တော်လေး တစ်ပါးကတော့ ပြောဖူးတယ်။ "ငါတို့ကတော့ အဲဗရီဒေး အာလူး"ပဲတဲ့။ နေ့တိုင်း အာလူးဟင်းပဲ စားရတယ်ပေါ့။ ငါးပိငါးခြောက်ကတော့ မပြတ်ပါဘူး။ ဗမာပြည်က ဘုရားဖူးတွေ လာတော့ လှူသွားကြတယ်။

ကြက်သားစားချင်ရင် သတ္တိရှိမှ။ ဘာ့ကြောင့်လဲဆိုတော့ ကုလား တွေက ကြက်ကို အသေမရောင်းဘူး။ အရှင်ပဲရောင်းတယ်။ ကိုယ်လို ချင်တဲ့အကောင်ကို လက်ညှိုးထိုးပြရတယ်။ အဲဒီအကောင်ကို ချက်ချင်း

စားနှင့်လို့ပြီး ရောင်းလိုက်တာပဲ။ ဦးဇင်းကတော့ မဝယ်ရဲဘူး။ ဘယ်လိုအကောင်ကို ထိုးပြရသလဲလို့မေးတော့ "ခပ်မှိုင်မှိုင်အကောင်ကို ထိုးမပြရဘူး။ ထောင်ထောင် ထောင်ထောင်နဲ့ခပ်စွာစွာအကောင်ကို ထိုးပြရတယ်"တဲ့။ ဘာ့ကြောင့်လဲဆိုတော့ "မှိုင်နေတဲ့အကောင်က ရောဂါရှိချင်ရှိမှာ၊ စိတ်မချရဘူး"တဲ့။ ဒါလဲဟုတ်တယ်။ ဒါ့ကြောင့် လူ့လောကကြီးမှာ "စွာစွာ စွာစွာနဲ့ ခေါင်း(ဂေါင်း)မထောင်"ဖို့ လိုအပ်တယ်။ မောက်မောက်မာမာနဲ့ ခေါင်းထောင်တဲ့လူကတော့ လည်လှီးခံရပြီသာ မှတ်ပေတော့။

ဟိန္ဒူကုလားတွေက သက်သတ်လွတ်စားကြတာများတယ်။ "ကောင်းတယ်"လို့ပြောရမလားမသိဘူး။ ကျန်းမာရေး၊ သန့်ရှင်းရေးဘက်က ကြည့်ရင်တော့ သက်သတ်လွတ်စားတာ သိပ်ကောင်းတယ်။ ဦးဇင်းအသက်ကြီးရင် "သက်သတ်လွတ်စားမယ်"လို့ စိတ်ကူးထားတယ်။ (ဖြစ်,မဖြစ်တော့ သေချာပေါက် ပြောလို့မရဘူးပေါ့။ စိတ်ကူးကိုပြောပြတာပါ။) တက္ကသိုလ်အဆောင်မှာ နေကြတဲ့ကုလားကျောင်းသားတွေဟာ များသောအားဖြင့် အသားဟင်းမစားကြဘူး။ အသားဟင်းစားတာက ဗမာဘုန်းကြီးတွေပဲ။ တခါက ကြောင်တစ်ကောင်ဟာ ဗမာဘုန်းကြီးတွေရဲ့စားကြွင်းစားကျန်ကြက်ရိုးကို ချီသွားပြီး ကုလားတွေနေတဲ့အခန်းပေါက်ဝမှာ သွားချပါလေရော။ ကုလားကျောင်းသားတွေက အဲဒီဖြစ်စဉ်ကို မသိကော့ စိတ်ဆိုးပြီး "ဗမာဘုန်းကြီးတွေဟာ သူတို့ကို စော်ကားပါတယ်"ဆိုပြီး ပြဿနာလုပ်လို့ မနည်းရှင်းပြရတယ်။

ဘုန်းကြီးတွေကို သူတို့က "ဘန္တေကြီး"လို့ ခေါ်တယ်။ တစ်ခါတရံ "ဂုရုကြီး"လို့လဲခေါ်တယ်။ ကလေးတွေဟာ ဘုန်းကြီးတွေကို တွေ့ရင် "ဂုရုကြီး နမဿတေ"လို့ နှုတ်ဆက်ကြတယ်။ ကုလားစကားထဲမှာ ပါဠိစကားနှင့်တူတဲ့စကားလုံးတွေ အများကြီးတွေ့ရတယ်။ တူမှာ

ပေါ့။ ဘုရားရှင်က ဒီမှာပွင့်တာကိုး။ ဦးဇင်းတို့တက်တဲ့ဗာရာဏသီ တက္ကသိုလ်က ပါမောက္ခဆရာကြီးတွေဆိုရင် ပါဠိစကားကောင်းကောင်း တတ်တယ်။ ပါဠိစာပေနှင့်ပတ်သက်ရင် ဗမာဘုန်းကြီးတွေကိုလည်း အထင်ကြီးတယ်။ ဗမာဘုန်းကြီးတွေဟာ ပါဠိဘာသာကို ရေးတတ် ဖတ်တတ်ပေမဲ့ မပြောတတ်ဘူးဆိုတာကိုလည်း သိတယ်။

တခြားသော တက္ကသိုလ်တွေမှာလည်း ဗမာဘုန်းကြီးတွေဟာ "ဗမာဘုန်းကြီးတွေဟာ ပါဠိစာပေသိပ်တော်တယ်"လို့ နာမည်ရတယ်။ မသိတာရှိရင် ဗမာဘုန်းကြီးတွေကိုပဲ မေးတယ်။ ထိုင်းဘုန်းကြီးတွေ၊ ကမ္ဘောဒီးယားဘုန်းကြီးတွေ၊ လာအိုဘုန်းကြီးတွေကို မမေးဘူး။ သူတို့က ဖြေမှမဖြေနိုင်ပဲကိုး။ တက္ကသိုလ်ပါမောက္ခဆရာကြီးက "ဗမာဘုန်းကြီး တွေကို အတုယူကြ၊ မသိတာရှိရင် သူတို့ကို မေးကြ"လို့ တခြားနိုင်ငံ က ဘုန်းကြီးတွေကို ခဏခဏပြောတယ်။ စာပေနှင့်ပတ်သက်ရင်တော့ ဂုဏ်ယူစရာ သိပ်ကောင်းတယ်။

အိန္ဒိယနိုင်ငံမှာ တက္ကသိုလ်ကျောင်းတက်နေတဲ့ ထိုင်းနိုင်ငံက ဘုန်းကြီးတွေ အများကြီးပဲ။ ဗာရာဏသီတစ်မြို့ထဲမှာတင် ၁၀၀-ကျော် လောက်ရှိတယ်။ အခြားသော ဒေလီတက္ကသိုလ်၊ ပူနေးတက္ကသိုလ်၊ ဘုံဘေတက္ကသိုလ်စသည်တို့မှာ တက်နေတဲ့ ထိုင်းဘုန်းကြီးတွေလည်း အများကြီးရှိသေးတယ်။ အားကျစရာသိပ်ကောင်းတယ်။ ပါဠိစာပေနှင့် ပတ်သက်လာရင်တော့ သူတို့ဟာ ဗမာဘုန်းကြီးတွေရဲ့ခြေဖျားတောင် မမီပါဘူး။ ဒါပေမယ့် သူတို့က ဗမာဘုန်းကြီးတွေကို သိပ်မကြည်ဘူး။ ဘယ်ကြည်မှာလဲ။ အလောင်းဘုရားကြီး ဦးအောင်ဇေယျရဲ့ ဝါးရင်း တုတ်ဒဏ်ကို အလူးအလိမ့်ခံခဲ့ရတာကိုး။ "ရန်ကြီးအောင် ကုန်းဘောင်ခေါ်၊ ငါးမြည်ရ ပြည်ရွှေဘို၊ ဘေးရန်ကပြို၊ မုဆိုးဖို နာသိယ်ရယ်၊ ဘိုးတော် ဒေသ"ဆိုတဲ့ ရွှေဘိုသား ဦးအောင်ဇေယျရဲ့ အရှိန်အဝါသြဇာတိက္ကမ

ကို သူတို့ ဒူးတုန်အောင်ကြောက်ခဲ့ရတယ်။

အိန္ဒိယတက္ကသိုလ်တွေမှာ တက်နေတဲ့ ထိုင်းနိုင်ငံက သီလရှင်တွေ၊ ဗီယက်နမ်က သီလရှင်တွေကိုလည်း တွေ့ရတယ်။ ဒါတွေကိုကြည့်ပြီး "ငါတို့နိုင်ငံက သီလရှင်တွေလည်း ဒီလို ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကြီးတွေမှာ တက်နိုင်ရင် ကောင်းမှာပဲ"လို့ တွေးမိတယ်။ ဒီမှာ နေသောအားဖြင့် "နိုင်ငံတကာရဲ့ ပညာရေးစနစ်၊ အခြားသောဘာသာတရားများရဲ့ အယူအဆ၊ တခြားနိုင်ငံရဲ့လူနေမှုစနစ်နှင့် ယဉ်ကျေးမှု"စသည်များကို လေ့လာဆည်းပူးခွင့်ရတာပေ့ါ။ လေ့လာဆည်းပူးခွင့်ရမှုလည်း "အတုမြင် အတတ်သင်"ပြီး အရာရာကို တိုးတက်ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်မှာဖြစ်တယ်။ ဘာသာရေး၊ ပညာရေး၊ လူမှုရေးစတဲ့အလုပ်တွေကို လုပ်တဲ့အခါမှာ အမြင်ကျယ်ဖို့ လိုအပ်တယ်။ ရှေးရိုးရာနည်းအတိုင်းသွားလို့ကတော့ "အသီး"စားရဖို့နေနေသာသာ "အပင်"အလှဲမခံရရင်ကို တော်လှပြီလို့ ပြောရမှာပဲ။

အိန္ဒိယနိုင်ငံကြီးဟာ ကမ္ဘာ့နိုင်ငံများရဲ့ "ရှေးဟောင်းနိုင်ငံကြီးတစ်ခု"ပဲလို့ ဦးဇင်းမြင်တယ်။ ကိုးကွယ်ရာဘာသာတရားများဟာ ဒီနိုင်ငံမှာပဲ ဖြစ်ဖျားခံတယ်။ ဘာသာတရားထဲမှာ အစောဆုံး ဟိန္ဒူဘာသာက အစနောက်ဆုံးပေါ် မွတ်စလင်ဘာသာအဆုံး အယူအဆတော်တော်များဟာ ဒီမှာပဲ အခြေခံတယ်။ သူတို့ကိုယ်ကွယ်နေတဲ့ ရိုးရာနတ်တွေကလည်း ပေါလိုက်တာ။ "ပူဇာ"ပွဲဆိုတာ ရှိသေးတယ်။ ဗမာပြည်မှာဆိုရင်တော့ နတ်ကန္နားပွဲလိုပါပဲ။

ဘာသာစကားကို ကြည့်ဦးမလား။ "ကကြီး၊ ခခွေး"နှင့်ထိုင်း၊ သီရိလင်္ကာ၊လာအို၊တိဗက်၊ကမ္ဘောဒီးယား၊နီပေါစတဲ့နိုင်ငံများရဲ့အက္ခရာများဟာလည်း ဒီအိန္ဒိယအက္ခရာများကို အတုယူထားတာပဲ။ သူတို့ရဲ့ဝတ်စားဆင်ယင်မှုကိုကြည့်ဦးမလား၊ တခြားနိုင်ငံများနှင့်မတူဘူး။ တမူ

ထူးခြားနေတယ်။ "ဆာရီ"ဆိုတာ ကုလားမတွေပဲဝတ်ကြတာ။ ဒါ့ကြောင့် ဘယ်ဘက်ကကြည့်ကြည့် စိတ်ဝင်စားစရာကောင်းတယ်။

ဒါ့ကြောင့် မယ်တော်ကြီးကို အိန္ဒိယနိုင်ငံကို လာလည်စေချင်တယ်။ ဘုရားဖူးရုံသာမဟုတ်ဘဲ သူတို့ရဲ့ရိုးရာဓလေ့၊ လူနေမှုစရိုက်ကိုးကွယ်မှုတွေကိုလည်း လေ့လာဖို့ပါ။ လာချင်ရင် ဒေါ်လာများများစုထား။ "ကမ္ဘာကြီးသည် စာအုပ်ကြီးတစ်အုပ်နှင့်တူတယ်ဆိုရင် မည်သည့်နိုင်ငံကိုမှုမသွားဘဲ ကိုယ့်နိုင်ငံလေးထဲမှာပင် ငြိမ်ကုတ်ပြီးနေခြင်းဟာ စာတစ်မျက်နှာကိုပဲ ဖတ်နေတာပဲ"တဲ့။

may you be happy

သားရဟန်း– အရှင်ဒေဝိန္ဒာဘိဝံသ

ဗာရာဏသီမြို့၊ အိန္ဒိယနိုင်ငံ

## မြို့ချောင်
### ကျောင်းနှင့်သီလရှင်စာသင်တိုက်များ

၁။ ဒေါ်ထေရီ (မူလဓမ္မာစရိယ)
မဟာသန္တိသုခချောင်၊ စစ်ကိုင်းတောင်ရိုး
၂။ ဒေါ်ရူပမာလာ (ဓမ္မာစရိယ)
ချမ်းမြေ့သာယာချောင်၊ စစ်ကိုင်းမြို့
၃။ ဒေါ်ဝိမလဉာဏီ
မြေဇေယျာချောင်၊ စစ်ကိုင်းတောင်ရိုး
၄။ ဒေါ်ဥတ္တရထေရီ
ရတနာရွှေဂူ ရေကြည်တိုက်၊ စစ်ကိုင်းတောင်ရိုး
၅။ ဒေါ်ပညာသိဒ္ဓိ
ပညာရာမချောင်၊ စစ်ကိုင်းတောင်ရိုး
၆။ ဒေါ်ဇယဝတီ
ဇယမင်္ဂလာကျိုင်ချောင်၊ စစ်ကိုင်းတောင်ရိုး
၇။ ဒေါ်တေဇနန္ဒီ
တေဇရံသီချောင်၊ စစ်ကိုင်းတောင်ရိုး
၈။ ဒေါ်ဇေယျနန္ဒီ
ရန်ကုန်ပါရမီချောင်၊ စစ်ကိုင်းတောင်ရိုး
၉။ ဒေါ်ရူပမာလာ
မေတ္တာဝိဟာရီချောင်၊ စစ်ကိုင်းတောင်ရိုး
၁၀။ ဒေါ်သာကီ
မိုးကောင်းချောင်၊ စစ်ကိုင်းတောင်ရိုး
၁၁။ ဒေါ်သေဝတီ
မန်လည်ကျောင်းတိုက်၊ အင်းတော်မြို့

၁၂။ ဒေါ်ပညာရီ
မြို့ပညာရာမသီလရှင်စာသင်တိုက်၊ မအူပင်မြို့
၁၃။ ဒေါ်ဝိသုဒ္ဓိ
အမတသုခသီလရှင်စာသင်တိုက်၊ စဉ့်ကိုင်မြို့
၁၄။ ဒေါ်စန္ဒီ
ကူးဆိတ်သီလရှင်စာသင်တိုက်၊ မော်လူးမြို့
၁၅။ ဒေါ်ရူပနန္ဒာ
နန်းခွင်သီလရှင်စာသင်တိုက်၊ ဟိုပင်မြို့
၁၆။ ဒေါ်တိက္ခဉာဏီ
အတုလဝတီစာသင်တိုက်၊ မန္တလေးမြို့
၁၇။ ဒေါ်ကေသီ
ဓမ္မပါလစာသင်တိုက်၊ ရေဦးမြို့

## ဧမြို့ နှစ်တစ်ရာပြည့် ကုသိုလ်ရှင်များ

ရာပြည့်စာစောင်ကုသိုလ်ရှင်များ
၁။ ဦးခင်မောင်လေး + ဒေါ်ကြင်ကြင်မြ
သား ဦးကိုကိုနိုင် + ဒေါ်သင်းသင်းစိုး
သား ဦးနေလင်းမောင်မောင် + ဒေါ်စိုးသီတာလွင်
မြေး မောင်ပြည့်ဖြိုးနိုင်၊ မောင် ဟိန်းထူးနိုင်
သမ္မာဓိကတ္တားဆိုင်မိသားစု၊ မန္တလေးမြို့

## ဓါတ်ပုံကုသိုလ်ရှင်များ

၂။ ပါမောက္ခ ဒေါ် ခင်မိမိလွင် ၊ ဒေါ်ညိုညို
အောင်အထူးကုဆေးခန်း၊ မန္တလေးမြို့။

## အလှူကျသိုလ်ရှင်များ

၃။ ဦးဘုန်းမောင်အား ရည်စူး၍ ဒေါ်ခင်ပျို
သား ဦးကျော်ကျော်ဝင်း+ ဒေါ်မြမွန် မိသားစု
မုံတောရွာ၊ အမရပူရမြို့။
၄။ ဦးငွေလင်း + ဒေါ်ခင်မာဦးမိသားစု
မန္တလေးမြို့
၅။ ဦးသောင်း + ဒေါ်သောင်းမြင့်
(သမီး) ကိုထွန်းဇော်ထွန်း မစုစုရီ
နန်းဦးလွင်ရွှေဆိုင်မိသားစု၊ မန္တလေးမြို့
၆။ ဦးညွန့် + ဒေါ်စောလှိုင်
သင်းတောင်ကြီးရွာ၊ ကျောက်ဆည်မြို့။

## နဝကမ္မကျသိုလ်ရှင်များ

၇။ မဟာသုဗောဓာရုံတိုက်အုပ်ဆရာတော်
ဒေါက်တာနန္ဒမာလာဘိဝံသ နှင့်
အစ်မကြီးဒေါ်ကဥ္စနာ ၁၀၀၀၀၀
၈။ မြို့ချောင် ဆရာတပည့်များ ၂၃၀၀၀၀၀
၉။ ဒေါ်ပညာသိဒ္ဓိနှင့်တူမများ ပညာရာမချောင် ၅၀၀၀၀
၁၀။ ဒေါ်မေစန်းရီ မိသားစု
ကြည့်မြင်တိုင်၊ ရန်ကုန် ၁၀၀၀၀၀

| | | |
|---|---|---|
| ၁၁။ | ဦးစိုးဝင်း သမီး မမီမီဝင်း<br>အမှတ် ၁၅/၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်<br>ရန်ကုန် | ၅၀၀၀၀ |
| ၁၂။ | ဦးအောင်လွင် + ဒေါ်စိုးစိုးဦး<br>သမီး မသုန္ဒရီဦး သား-မောင်ဇွဲမြင့်မိုရ်<br>အမှတ်၁၅/၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်<br>ရန်ကုန် | ၅၀၀၀၀ |
| ၁၃။ | ကိုစောထူးအောင် + မအေးအေးခိုင်<br>သမီး-မမြခိုင်ညှာ၊ မမေစောခိုင်<br>၁၀၉-လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန် | ၅၀၀၀၀ |
| ၁၄။ | ဦးတင်ဝင်း + ဒေါ်သန်းနု<br>သား ဦးအောင်သူရနှင့်သမီးများ<br>နို့ဆီနှင့်မြေဆီရောင်းဝယ်ရေးမိသားစု<br>ရွာသာကြီးရွာ၊ ဝက်လက်မြို့နယ် | ၁၀၀၀၀၀ |
| ၁၅။ | ဦးဣဿရိယ<br>ဇေယျာသိန်ပါဠိတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၆။ | ဦးသောင်း+ဒေါ်စန္ဒာစော<br>မန္တလေး | ၁၀၀၀၀၀ |

# သက်န်းကပ်ပွဲလှူဒါန်းသူများ

၁။ မြို့ချောင် ပဓာနနာယကဆရာကြီး
ဒေါ်ကဥ္စနဝတီ သင်္ကန်းဒွိစုံ(၂၀) ၂၆၀၀၀၀
၂။ ဒေါ်စေန္ဒာ၊ ဒေါ်မာလာသိင်္ဂီ
မြို့ချောင် သင်္ကန်းဒွိစုံ(၁၀) ၁၃၀၀၀၀
၃။ မင်းကွန်း ရှားပင်တိုက်သစ်
ဒေါ်ကလျာဏစာရီ နှင့်
ဦးအောင်သင်း+ဒေါ်ချိုလှဲဦး၊
သား မောင်ကောင်းထက်
(သမ္မတစာရေးကိရိယာနှင့်ကောင်းထက်ပုံနှိပ်တိုက်)
မိသားစု၊ မန္တလေးမြို့၊ သင်္ကန်းဒွိစုံ (၁၀)စုံ ၁၃၀၀၀၀
၄။ ဦးလှမောင်အား ရည်စူး၍ ဖွားစော
သမီး မအဥ္စနဉာဏီ၊ မသုမာလာ
မြို့ချောင်၊ သင်္ကန်းဒွိစုံ(၁၀)စုံ ၁၃၀၀၀၀
၅။ ဦးမြဝင်း+ဒေါ်ခင်မေသန်း
သား ထက်အောင်သူရ သမီး ခင်ချမ်းမြေ့သူ
လှကလေးစိန်ထိုးမုန့်နှင့် ရွှေတုတ်လှောက်
မန္တလေးမြို့။ သင်္ကန်းဒွိစုံ(၁၀) ၁၃၀၀၀၀
၆။ ဦးရဲလွင်+ဒေါ်စုစုလှိုင်
သား ထင်အောင်ကျော်၊ ရဲရင့်အောင်၊ မန္တလေး
သင်္ကန်းဒွိစုံ(၁၀) ၁၃၀၀၀၀

| | | |
|---|---|---|
| ၁၇။ | ဦးတိုးဆင့် သမီး မခိုင်ခိုင် သား ကိုရဲမင်းတိုး<br>မန္တလေးမြို့။ သက်န်းဒွိစုံ(၁၁) | ၁၅၀၀၀၀ |
| ၁၈။ | ဦးလှကြည်+ဒေါ်သန်းတင်<br>သမီး မဆေကဉာဏီ၊ မင်းတုန်းမြို့<br>မိုးကောင်းရွာ ၊ သက်န်းဒွိစုံ(၁၀) | ၁၃၀၀၀၀ |
| ၁၉။ | မဓမ္မနန္ဒီ၊ မအဂ္ဂေသီ၊ မသောန္တဝတီ<br>မနန္ဒစာရီ၊ မသီရိသိဂီ<br>မြို့ချောင်၊ သက်န်းဒွိစုံ(၁၀) | ၁၃၀၀၀၀ |
| ၂၀။ | မကုလဉာဏီ၊ မသေုဝတီ၊ မရူပနန္ဒာ<br>မဥက္ကာသီ၊ မစန္ဒဝတီ၊ မသုစာရီ<br>မပညေသီ၊ မသိဂီမာလာ<br>မြို့ချောင်၊ သက်န်းဒွိစုံ (၁၀) | ၁၃၀၀၀၀ |
| ၂၁။ | ဦးကျော်သင်း+ဒေါ်ပွဲမှီ သမီး မအေးမြိုင်<br>မသုတဝတီ- သား- မောင်ကျော်စွာ<br>မန်လည်မြောက်ရွာ၊ သက်န်းဒွိစုံ(၁၀)စုံ | ၁၃၀၀၀၀ |
| ၂၇။ | ဦးအောင်ကျော်ကျော်+ဒေါ်ဝင်းစန္ဒာစန်း<br>သား မောင်အောင်ခန့်<br>စက်ာပူမြို့ သက်န်းဒွိစုံ(၁၀)စုံ | ၁၃၀၀၀၀ |
| ၂၈။ | ဒေါ်ဥမ္မာဝတီနှင့်ဆွေမျိုးတစ်စု<br>သက်န်းဒွိစုံ(၅)စုံ | ၆၅၀၀၀ |

## ရုပ်ပြည့်တံတိုင်းအလှူရှင်

နှစ်ဖက်မိဘများကို အမှူးထား၍
ဦးအောင်ကျော်ကျော် + ဒေါ်ဝင်းစန္ဒာစန်း
သား-မောင်အောင်ခန့်
စစ်ကိုင်းမြို့

## ရုပ်ပြည့်ရေချမ်းစဉ်အလှူရှင်

မြို့ချောင် ဆရာကြီးအားအမှူးထား၍
မကုမာရီ၊ မခေမာဝတီ

အမှတ်
ရက်စွဲ
သုတေသနစာကြည့်တိုက်

